www.burmeseclassic.com

# မြပုလဲခင်
# ရင်ကွဲမြုး

ဝတ္ထုတိုစုစည်းမှု



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၅၈၆၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၀၆၀၅၁၀

ပုံနှိပ်ခြင်း – ပထမအကြိမ်၊ (၅၀၀)အုပ်

ထုတ်ဝေခြင်း – ၂၀၀၅–ခု၊ နိုဝင်ဘာလ

မျက်နှာဖုံးပန်းချီ – ဉာဏ်လင်းမောင်

ဖလင် – မျိုးညွန့်နှင့်အဖွဲ့

ကွန်ပျူတာစာစီ – ဦးစိန်ဝင်း

ထုတ်ဝေသူ – ဦးဝင်းချို
ရွှေစာအုပ်တိုက်
၂၁၂၊ ၃၁–လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ – ဒေါ်ချိုချိုအေး
ရွှေပုံနှိပ်တိုက်
အမှတ် ၂၁၈၊ ၃၁–လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၈၀၀ ကျပ်




# မြယုလဲ့ခင်

## ရင်ကွဲမြူး

နှင့်

## အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | နွေးထွေးသောအချစ် | ၁ |
| ၂။ | ကြေကွဲမှုမှတ်တမ်းတစ်ပုဒ် | ၁၉ |
| ၃။ | ငိုချင်းသည် | ၃၂ |
| ၄။ | ဘီလူးဂမုန်း | ၄၅ |
| ၅။ | ရင်ကွဲမြိုး | ၅၄ |
| ၆။ | ချစ်ခြင်း၏ဘုရင်မ | ၇၂ |
| ၇။ | နှလုံးသားပဲ့ကြွေသံ | ၈၂ |
| ၈။ | ဒဏ္ဍာရီဟူ၍သာ | ၁၀၀ |
| ၉။ | အလွမ်းချောင်း | ၁၁၁ |





www.burmeseclassic.com

www.burmeseclassic.com

## မွေးလွေးသောအချစ်

ဈေးမှအပြန်တွင် ကျွန်မ၏ ငယ်သူငယ်ချင်းလှကလျာနှင့် ဆုံသည်။

လမ်းတွင်ဖြစ်သည်။

နောက်ဆုံးပေါ် ဆန်နီစူပါဆလွန်းကားပေါ်မှ ဆင်းလာပြီး အနီးရှိ သူမ၏တိုက်ခန်းသို့ အတင်းခေါ်သွားသည်။

"မင်းဟာ ကြွေရုပ်ကလေးလိုလှနေတုန်းပဲ"

"မြှောက်မနေနဲ့ စပယ်၊ မင်းဘာစားမလဲ၊ စားချင်တာပြော၊ ဒါထက်မင်းအခုဘယ်မှာနေသလဲ သူငယ်ချင်း"

"အနီးလေး - မင်းတို့တိုက်ခန်းရှေ့က လမ်းအတိုင်း အနောက်ဘက်ကို တည့်တည့်လျှောက်သွား၊ လမ်းဆုံးတာနဲ့ ညာဘက် တိုက်ကို တက်သွား၊ အပေါ်ဆုံးထပ် - ညာဘက်စွန်းက တိုက်ခန်းကျဉ်းကျဉ်းကလေးဟာ ကိုယ်တို့ရဲ့ တိုက်ခန်းပဲ၊ နေပါအုံး မင်းတို့ ဒီကိုပြောင်းလာတာ ဘယ်လောက်ကြာပြီလဲ" ကျွန်မက ဆက်စုံလိုက်သည်။

"နှစ်ပတ်လောက်ရှိသွားပြီး

"ကိုယ်အလုပ်သွား အလုပ်ပြန် ဒီရှေ့က ဖြတ်ဖြတ်သွားတာ အခုမှ တွေ့ရတာအံ့ရော"

"ကိုယ်က အပြင်မှ သိပ်မထွက်တာ၊ အိမ်ထဲမှာပဲ အနေများတယ်၊ အခုတောင် ဆေးခန်းက အပြန်မှာ အဆင်သင့်လို့ မင်းနဲ့တွေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဆေးခန်းသွားတာလဲ သူငယ်ချင်း"

"ဘာမှမဖြစ်ဘူး ကိုအောင်သူရက တစ်လတစ်ခါ မယ်ဒီကယ်ချက်ကပ် လုပ်ရမယ်ဆိုလို့"

"မင်းရဲ့မောင်တော်ရော"

"သူလားထုံးစံအတိုင်းပဲလေ၊ အလုပ်က သိပ်များတာ နုံးမှာချည်းပဲ"

လှကလျာတို့၏ တိုက်ခန်းမှာ ကျယ်ဝန်းသည်၊ အကောင်းစား ဆေးများဖြင့် ခြယ်မှုန်းထားသည်။ ကြမ်းပြင်မှာလည်း ကော်ဇော အပြည့်ခင်းထားသည်။ ဆိုဖာမှာလည်း နူးနူးညံ့ညံ့ ရှိလှသည်။ ဧည့်ခန်းထဲတွင် ရုပ်မြင်သံကြားစက်အကြီးကြီးနှင့် ဗီဒီယိုပြစက်၊ ကက်ဆက်အကြီးစား၊ တယ်လီဖုန်းစသည်တို့ကို သူနေရာနှင့်သူ သပ်သပ်ရပ်ရပ် နေရာချထားပါသည်၊ လေအေးစက်ဖွင့်ထားသည် မှာ အေးလွန်းသောကြောင့် ကျွန်မက လျှော့ခိုင်းရသည်။ အဝတ် လျှော်စက်၊ ရေခဲသေတ္တာ၊ ဂက်စ်မီးဖို စသည်တို့ကိုလည်း ကျွန်မ သည် ဧည့်ခန်းထဲမှ လှမ်းမြင်ရသည်။

လှကလျာသည် ကျွန်မအား ဧည့်ခန်းထဲတွင် ခဏထိုင် စေပြီး အိမ်နေအဝတ်အစားကို လဲလှယ်၍ အနီရောင် ဖိနပ် ပါးပါး လှလှလေးကိုစီးကာ မီးဖိုခန်းထဲသို့ သွားပြီး ပြန်ထွက်လာသည်။ သူမသည် ကျွန်မနှင့် ဘေးတိုက်လာထိုင်သည်။ သူမအသုံးပြုသော





ရေမွှေးမှာ နောက်ဆုံးပေါ် အကောင်းစား ရေမွှေးဖြစ်ကြောင်း ကျွန်မသိသည်။

"လှကလျာမင်းဟာ လှနေတုန်းပဲကွာ သူငယ်ချင်း၊ အခု ပိုပြီး လှလာတယ်လို့ ကိုယ်ထင်တယ်"

"မြှောက်မနေနဲ့ သူငယ်ချင်း ရေခဲသေတ္တာထဲမှာ ရှိတာ အကုန်ကျွေးမယ်"

သူမ စကားအဆုံးတွင် အိမ်ဖော်မလေးက နွားနို့ခွက်နှင့် တိတ်မုန့်များကို ကျွန်မရှေ့ရှိ စားပွဲငယ်တွင် လာချသည်။

"ပန်းသီးကြီးကြီးတစ်လုံးကို လှီးပြီးယူခဲ့အုံး၊ လက်သုတ် ပုဝါပါ ယူခဲ့"

"ဟုတ်ကဲ့ မမ"

လှကလျာတစ်ယောက် ဤကဲ့သို့ နေနိုင်သည်မှာ သူမ၏ ခင်ပွန်းကြောင့် ဖြစ်သည်။ သူမ၏ခင်ပွန်းဖြစ်သူ ကိုအောင်သူရ မှာ ရန်ကုန်မြို့လယ်တစ်နေရာရှိ ကုန်တိုက်ကြီးတစ်တိုက် ပိုင်ရှင်၏ တစ်ဦးတည်းသော သားဖြစ်သည်။ ကိုအောင်သရူသည် ထို ကုန်တိုက်ကြီး၏ အထွေထွေမန်နေဂျာတစ်ယောက်လည်း ဖြစ် သည်။

လှကလျာသည် ထိုကုန်တိုက်ကြီးတွင် အလုပ်လုပ်ရင်း ကိုအောင်သူရနှင့်အိမ်ထောင်ကျသွားခြင်း ဖြစ်သည်ကို ကျွန်မ ကောင်းကောင်းကြီးသိထားပါသည်။အဘယ်ကြောင့် သိထားရပါ သနည်းဆိုသော် ကျွန်မသည်လည်း တစ်ချိန်တုန်းက လှကလျာနှင့်

www.burmeseclassic.com



အတူတူ ထိုကုန်တိုက်ကြီးတွင် အတူတူ အမှုထမ်းခဲ့သောကြောင့် ဖြစ် သည်။

ကျွန်မနှင့်လှကလျာသည် ထိုကုန်တိုက်ကြီးတွင် တစ်နေ့တည်း အတူတူအလုပ်ဝင်ရောက် လုပ်ကိုင်ခဲ့ကြသည်။ ကျွန်မသည် လှကလျာ၏အလှကို မမီပါ။ သို့သော် အင်္ဂလိပ်စကားပြော၊ ကွန်ပျူတာနှင့်အတွက်အချက်တွင် ကျွန်မက လှကလျာထက် သာပါသည်။ ထို့ကြောင့် ကျွန်မအား စီမံရေးရာဌာနတွင် တာဝန်ချထားခြင်းခံရပြီး လှကလျာမှာမူ အရောင်းဌာနတွင် တာဝန်ချထားခြင်း ခံရပါသည်။

ထိုကုန်တိုက်သို့ ကျွန်မရောက်ပြီး တစ်နှစ်နီးပါးခန့် အကြာတွင် ကိုအောင်သူရက ကျွန်မ၏အချစ်ကို တောင်းခံလာပါသည်။ သူနှင့်အနီးကပ်နေပြီး အလုပ်လုပ်ရသောကြောင့် ကျွန်မသည် သူ့အကြောင်းကို ကောင်းစွာသိသည်။ သူသည် မာနကြီးသည်။ အပျော်အပါးများသည်၊ အသဲမာသူဖြစ်သည်။ ကျွန်မသည် သူ့ကိုဘယ်လိုမှ ချစ်၍မရ။ ထို့ကြောင့် ကျွန်မ သူ့အချစ်ကို ငြင်းပယ်လိုက်ပြီး အလုပ်မှလည်း နှုတ်ထွက်လိုက်ပါသည်။

ကျွန်မ၏နေရာတွင် လှကလျာကို ခန့်ထားလိုက်ကြောင်း နောက်ပိုင်းတွင် ကျွန်မသိရပါသည်။

"ဟော့ - သူငယ်ချင်း ဘာတွေစဉ်းစားနေတာလဲ၊ စားပါအုံး - သောက်ပါအုံး"





လှကလျာက ပြောလာသောကြောင့် -

"ဆောရီးသူငယ်ချင်း၊ ကိုယ်အတွေးနည်းနည်း လွန်သွားလို့ပါကွာ"ဟု ပြောပြီး ကျွန်မသည် ကိတ်မုန့် အသေးတစ်ချပ်ကို ကောက်ယူဝါးလိုက်ပါသည်။

"မင်းဟာ - အိမ်ထောင်ကျကောင်းတယ် သူငယ်ချင်း" ကိတ်မုန့်ကို ဝါးရင်း ကျွန်မက ပြောလိုက်သည်။

"အင်းပေါ့လေ - ကိုယ်လိုချင်တာကို သူ-မရ-ရအောင် ရှာဝယ်ပေးတယ်၊ နေပါအုံး၊ မင်းအလုပ်လုပ်သေးသလား"

"လုပ်တာပေါ့၊ ဦးလှချစ်ဈေးက ကုန်တိုက်ငယ်ငယ် ကလေးတစ်ခုမှာ"

"မင်းရဲ့ အမျိုးသားရော"

"သူလား --- မဂ္ဂဇင်းတိုက်မှာ လုပ်တယ်"

"အေးကွာ - မင်းတို့နှစ်ယောက်က စာပေ ဝါသနာချင်း တူတော့- မင်းတို့ရဲ့ အိမ်ထောင်ရေးဟာ သိပ်သာယာမှာပဲနော်"

"ကိုယ်တို့ အိမ်ထောင်သက် တစ်နှစ်ပြည့်တော့မယ်၊- အင်း-နှစ်လလောက်ပဲ လိုတော့တယ်။ တစ်ခါဆို တစ်ခါမှ ရန်မဖြစ်ဘူးသေးဖူးကွ"

"ဘာလဲ ရန်မဖြစ်တာက မင်းကလျှော့ပေးလို့လား၊ သူကလိုက်လျှော့လို့လား"

"ဒါကတော့ လျှို့ဝှက်ချက် သူငယ်ချင်း"

"ကိုယ့်အထင်တော့ မင်းကလျှော့မှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းထင်ချင်သလိုထင်" ကျွန်မက ပြုံးပြီးပြောလိုက်သည်။
ထိုအခိုက် လှကလျာ၏ ခင်ပွန်းကိုအောင်သူရ ရောက်
လာသည်။

ကျွန်မကို တွေ့လျှင်တွေ့ချင်း သူ့မျက်နှာသည် အုံ့ဩ
သော အသွင်သို့ ချက်ချင်းပြောင်းသွားသည်။ သို့သော် တစ်မဟုတ်ခြင်း
ဆိုသလိုပင် သူ၏မျက်နှာကို ချက်ချင်း ပြန်ပြင်လိုက်ကြောင်း
ကျွန်မတောင်းစွာ သတိပြုမိသည်။

"မောင်ရေ - စံပယ်လေ- စံပယ်မှတ်မိတယ်မဟုတ်လား"
လှကလျာက တံခါးကို မိတ်ရင်း ပြောသည်။

"အင်း - အင်း - မှတ်မိတယ်"ဟူ၍သာ ပြောပြီး
ကိုအောင်သူရသည် အိပ်ခန်းထဲ ဝင်သွားသည်။

"နွားနို့သောက်ပါအုံး သူငယ်ချင်း"

လှကလျာက ဖွတ်အတင်းတိုက်သောကြောင့် ကျွန်မသည်
နွားနို့ကို ကုန်အောင်သောက်လိုက်သည်။

"ပန်းသီးစားပါအုံးကွာ"

"တော်ပါပြီ သူငယ်ချင်း ကျေးဇူးပဲ၊ ကိုယ်ပြန်အုံးမယ်"

"ဟာကွာ - စကားတောင် သိပ်မပြောရသေးဘူး။
မင်းအားရင် လာလည်ပါကွာနော်သူငယ်ချင်း"

"အေးပါကွာ"

ကျွန်မသည် ထိုမျှသာပြောပြီး ထွက်လာပါသည်။

အိမ်အပြန်လမ်းပေါ်၌ "ကိုအောင်သူရရယ် ရှင့်အချစ်ကို





ကျွန်မငြင်းခဲ့လို့ ရှင်ကျွန်မကို ခုထိစိတ်ဆိုးနေတုန်းပဲကို၊ ပြီးတာတွေ
ပြီးပါစေတော့"ဟူ၍ စဉ်းစားလာမိသည်။

ကျွန်မ အိမ်ပြန်ရောက်သောအခါ ခင်ပွန်းဖြစ်သူ
ကိုဇေယျာဟိန်း အား လှကလျာနှင့် တွေ့သည့်အကြောင်း ၊ သူမ
ခေါ်၍ အိမ်ဝင်လည်သည့်အကြောင်းကို ပြောပြသည်။ ကိုအောင်သူရ
၏ အပြုအမူနှင့်ပတ်သက်၍ ချန်လှပ်ထားလိုက်သည်။

ကျွန်မ ထိုသို့ ပြောသောအခါ သူသည်

"အော် - သူဌေးကတော် - သူဌေးချွေးမ လှကလျာနဲ့
တွေ့ခဲ့သကိုး"ဟူ၍သာ ပြောပြီး သူကူညီနေကြအတိုင်း ချက်ရေး
ပြုတ်ရေးကို ဝိုင်းကူပါတော့သည်။

"ဟိန်း"သည် ကျွန်မတို့၏ ရပ်ကွက်မှပင် ဖြစ်သည်။
ကိုအောင်သူရ ကုမ္ပဏီမှ ကျွန်မအလုပ်ထွက်ခဲ့ပြီး အလုပ်ထပ်ရှာ
နေခိုက် "ဟိန်း"က ကျွန်မအချစ်ကို တောင်းခံလာရာ သူ့ အကြောင်း
ကောင်းကောင်းသိထားသော ကျွန်မသည် သူ့ကိုခေါင်းညိတ်အဖြေ
ပေးလိုက်သည်။ ကျွန်မသည် သူ့ကို ကိုအောင်သူရကုမ္ပဏီမှ
ကျွန်မဘာကြောင့် ထွက်ခဲ့ရသည်ကိုလည်း အပြည့်အစုံပြောပြ
လိုက်ပါသည်။

ကျွန်မတို့ ချက်ရေးပြုတ်ရေး စီစဉ်နေခိုက် လျှပ်စစ်မီး
ပြတ်တောက်သွားသည်။ ကျွန်မတို့ ရပ်ကွက်တွင် မကြာခဏ
မီးပြတ်တောက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မလုပ်ချင်ဆုံးအလုပ်တစ်ခုမှာ မီးသွေးကို မီးမွှေး ရသည့် အလုပ်ဖြစ်သည်။ ထို့ကြောင့်-

"ဂက်စ်မီးဖိုတစ်လုံးဘယ်တော့များမှ ဝယ်နိုင်ပါမလဲနော်" ဟု ရုတ်တရက်ငြီးလိုက်မိသည်။ ဤတွင် ကျွန်မခင်ပွန်းက

"ချစ်ရယ် - ဂက်စ်မီးဖိုတွေ မပေါ်ခင်တုန်းက လူတွေ ဘယ်လို ချက်ပြုတ်ခဲ့ကြသလဲ" ဟု ပြောပြီး မီးသွေးမီးဖိုကို သူကိုယ်တိုင် မီးမွှေးပါတော့သည်။

* * * * *

နောက်သုံးလေးရက်အကြာ ကျွန်မအလုပ်မှ အပြန်တွင် လှကလျာနှင့် ဆုံပြန်သည်။ ကျွန်မသူမ၏တိုက်ခန်းရှေ့သို့ အရောက်တွင် သူမဆင်းလာပြီး ကျွန်မကိုလာတွေ့ခြင်းဖြစ်သည်။

"ပျင်းလိုက်တာကွာ၊ စံပယ် မင်းလဲ ပေါ်မလာဘူး" လှကလျာက ပြောသည်။

"ပျင်းရင် တီဗွီကြည့်၊ ဗီဒီယိုကြည့်ပေါ့"

"ဟာ - မင်းကလဲ ညတိုင်း နေ့တိုင်းဒါတွေချည်းပဲ ကြည့်ကြည့်နေရတာ"

"ကက်ဆက်ရော"

"နားပူလာပြီး- ဒီအသံတွေကို နားထောင်ရတာ"

"မင်းရဲ့ချစ်ချစ် ကိုအောင်သူရရော"

"နိုင်ငံခြားက ဧည့်သည်တွေ ရောက်လို့တဲ့-ညစာ စားပွဲ





သွားလေရဲ့" လှကလျာသည် စိတ်ပျက်သော လေသံဖြင့် ပြော လိုက်သည်။

"မင်းကို ဘာဖြစ်လို့ မခေါ်တာလဲ"

"မိန်းမတွေ မပါလို့တဲ့"

"အို- သူဒီမှာရှိလဲ ကိုယ်တို့နှစ်ယောက် စကားလက်ဆုံ သိပ်မကျပါဘူး၊ သူက အချိန်ရှိသရွေ့ ငွေရဖို့ပဲ စဉ်းစားနေတာ၊ သူငယ်ချင်းရယ်- မင်းအားရင် ကိုယ့်ဆီလာလည်ပါကွာ"

"အေးပါ- လာပါ့မယ်- ခုတော့ ကိုယ့်ကို ခွင့်ပြုအုံး- ညစာ မချက်ရသေးဘူး"

ကျွန်မသည် သူမအပါးမှ ခွာလိုက်ထပါသည်။

ကျွန်မအခန်းကို ပြန်ရောက်သောအခါ "ဟိန်း" ပြန် မရောက်သေး။

လျှပ်စစ်မီးမလာပါ။

ကျွန်မသည် အိပ်ယာပေါ်တွင် စိတ်ပျက်လက်ပျက် လှဲလိုက်သည်။

ယခုရက်များအတွင်း "ဟိန်း" အိမ်ပြန်နောက်ကျလွန်း သည်။ "အလုပ်တွေ သိပ်များနေလို့"ဟု သူအကြောင်းပြသည်။ ယခင်ယခင်ကလည်း အိမ်ပြန်နောက်ကျဖူးသည်။ သို့သော် ဆက် တိုက်မဟုတ်။ ညဘက်တွင်လည်း "ဟိန်း"သည် ယခုတလော ညဉ့် နက်မှ အိပ်သည်။ စာရေးစားပွဲတွင် ထိုင်ပြီး ရေးလိုက်၊ ဟိုဟာဖြတ်၊ ဒီဟာကပ်လုပ်လိုက်နှင့် ကျွန်မသည် ဝင်မစပ်စု။



www.burmeseclassic.com

www.burmeseclassic.com



လှတာလျှာနှင့်ဖြန့်ဆုံကတည်းက ကျွန်မ အတွေးများလာသည်။ အိမ်အလုပ်ကို သိပ်မလုပ်ချင်၊ စိတ်တိုလာသည်။

ကျွန်မသည် အိပ်ရာပေါ်တွင် အတန်ကြာလှဲနေပြီး နောက်အိပ်ရာမှထ၊ အဝတ်အစားလဲပြီး ညစာအတွက် စီစဉ်နေခိုက် "ဟိန်း"ပြန်ရောက်လာသည်။ သူသည် ကျွန်မအတွက် ကျွန်မကြိုက်သော ရခိုင်မုန့်တီကို ဝယ်လာသည်။

ကျွန်မသည် သူ့ကို စကားမပြောဘဲ မီးဖိုခန်းတွင် ဟိုလုပ်ဒီလုပ် လုပ်နေသည်။

"ချစ်-နေမကောင်းဘူးလား၊ ကိုယ် အလုပ်များနေလို့ နောက်ကျသွားတယ်ကွာ။ ကိုယ်ဝယ်လာတဲ့ ရခိုင်မုန့်တီစားလိုက်၊ စားပြီးရင် သွားနား။ ကိုယ်မီးမွှေးပြီး ချက်စရာရှိတာ ချက်လိုက်မယ်"

ကျွန်မသည် ရခိုင်မုန့်တီကို မစား၊ ဗိုက်ဆာနေသော်လည်း မစားပါ။ မီးပျက်သည်ကို အကြောင်းပြု၍ စိတ်တိုနေသော ကျွန်မသည် အိမ်ပြန်နောက်ကျသော သူ့ကိုလည်း စိတ်ဆိုးမိသည်။ ကျွန်မသည် ထမင်းကြမ်းကို ပန်းကန်ပြားထဲထည့်ပြီး ငါးပိရည်ဖြင့် စားဟန်ပြင်စဉ် "ဟိန်း"က ပန်းကန်ကို ဆွဲယူလိုက်သည်။

" ချစ် - ဘာလုပ်တာလဲ၊ ဒီလိုမလုပ်နဲ့၊ ရခိုင်မုန့်တီစားပါ"

သူ့မျက်နှာမှာ နီမြန်းလာသည်။

"မစားဘူး" ကျွန်မသည် ထိုသို့ပြောပြီး ထမင်းကြမ်းပန်းကန်ကို သူ့လက်ထဲမှ လုယူရာ -





"မစပယ် ခင်ဗျား ကျုပ်ကို ရန်လုပ်နေတာလား"ဟု မေးသည်။

ကျွန်မ မဖြေဘဲ သူ့ကို စိုက်ကြည့်နေမိသည်။ ကျွန်မသည် ဒေါသမထွက်စဘူး ထွက်မိသည်။

"မင်း - ငါ့ကို ခုတလော ရန်လုပ်နေတာ ငါသိပြီ၊ မင်း - ငါ့ကို ယူမိတာ မှားလေခြင်းဆိုပြီး နောင်တရနေတယ် မဟုတ်လား၊ မင်းသူဌေးကတော်မဖြစ်လိုက်တာကို နောင်တရနေတယ် မဟုတ်လား"

"ဘာပြောတယ်၊ ငါ့ကို ဒီလိုမပြောနဲ့၊ ငါ့ကို မစော်ကားနဲ့" ကျွန်မသည် ဒေါသတကြီး သူ့ကိုအော်လိုက်ပြီး သူ့ရင်ပတ်ကို အချက်ပေါင်းများစွာ ထုရိုက်ပြီးနောက် အိပ်ရာရှိရာသို့ သွားကာ အားပါးတရ ငိုရှိုက်နေမိလေတော့သည်။ ငိုရှိုက်ရင်း ငိုရှိုက်ရင်း ကျွန်မ အိပ်ပျော်သွားသည်။

ကျွန်မအိပ်ရာမှ နိုးလာသောအခါ ခြင်ထောင်ချထားသည်ကို တွေ့ရသည်။ အိပ်ခန်းထဲ၌ ကျွန်မတစ်ယောက်ထဲသာ ရှိသည်။ "ဟိန်း"မရှိ။ "ဟိန်း"ဘယ်မှာလဲ။

ကျွန်မသည် အိပ်ရာထက်၌ပင် ဆက်လှဲနေရင်း တွေးနေသည်။ "မင်းသူဌေးကတော်မဖြစ်လိုက်ရလို့ နောင်တရနေတယ် မဟုတ်လားတဲ့"၊ "မဟုတ်ဘူး ဟိန်း ကျွန်မ လုံးဝနောင်တမရဘူး"ဟု၍ အော်ပြောလိုက်ချင်သည်။ "ရှင့်ကို ချစ်လို့ ယူတာ၊ ကျွန်မက ငွေတို့ - ဂုဏ်တို့ကို မက်တဲ့ မိန်းမစားမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



●

ကျွန်မသည် စိတ်ထဲမှ ပြောလိုက်သည်။ မျက်ရည်များသည် ဝဲပြင်ပေါ်သို့ စီးကျလာသည်။ လှကလျာကို မနာလိုဖြစ်မိသလား။ ဒီလိုဆိုရင် ကျွန်မ ခုတလော ဘာဖြစ် နေတာလဲဟု ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်မိသည်။ ဟုတ်ပြီ၊ တီဗွီတွေ၊ ကတ်ဆက်တွေ၊ ရေခဲသေတ္တာ တွေ၊ ဂက်စ်မီးဖိုတွေ - စသည် စသည်တို့က ကျွန်မခေါင်းထဲဝင်နေသည်။ ကျွန်မ အလိုမကျ ဖြစ်နေပြီး စိတ်တိုနေခြင်း ဖြစ်သည်။ လှကလျာမှာ အဲဒါတွေ ရှိသော်လည်း သူ့ဘဝဟာ အထီးကျန်ဖြစ်နေသည်။ သူ့ယောက်ျားရဲ့ အချစ်ကို အပြည့်အဝမရ။ ငါ့မှာတော့ ဟိန်းရဲ့ အချစ်ကို အပြည့်ရတယ်။ ဟိန်း အချိန်ပြည့် ငါ့အနားမှာနေတယ်။ ငါ့ကို ကူညီတယ်။ ဟိန်းရှိနေမှတော့ ဘာလိုသေးသလဲ။ မလိုဘူး။ ကျွန်မ ခေါင်းအေးအေးထားပြီး စဉ်းစားသည်။

ကျွန်မရင်မှာမလေးတော့။

ကျွန်မ လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။

အိပ်ရာမှ ထပြီး ဟိန်းကို လိုက်ရှာသည်။

မတွေ့- "ဟိန်း"ဘယ်သွားတာလဲ၊ ကျွန်မ ဝရန်တာမှ ထွက်ကြည့်သည်။ အကြာကြီး ရပ်ကြည့်နေစဉ် "ဟိန်း"ပြန်ရောက်လာသည်။

ဟိန်းဘယ်သွားနေတာလဲဟု ပြောချင်သော်လည်း သူ့အပြော၊ သူ့အခေါ်ကို အရင်ရလိုသောကြောင့် ကျွန်မ စကားမပြောဘဲ ဆက်နေလိုက်သည်။ သို့သော် သူဝယ်လာသော ရခိုင်





မုန့်တီကို ထမင်းကြမ်းနှင့်စားပြလိုက်သည်။ ကျွန်မစားနေသည်ကို "ဟိန်း"သည် ခပ်လှမ်းလှမ်းနေရာမှ ကြည့်နေသည်။

သူသည် စာရေးစားပွဲတွင် ထိုင်ပြီး စာရေးနေသည်။ ဘာမှစားရသေးဟန်မတူ။ ဟိန်းသည် အပြင်ထွက်ပြီး စားတတ်သည့် ယောက်ျားမျိုးမဟုတ်။ ထို့ကြောင့် ကျွန်မသည် သူ့အတွက် ကြက်ဥကြော်ပြီး ထမင်းစားပွဲပေါ်တွင် ဆန်ကာဖြင့် အုပ်ပြီး ထားလိုက်သည်။ ထို့နောက် သိမ်းစရာရှိသည်တို့ကို သိမ်း၊ ဆေးကြောစရာရှိသည်တို့ကို ဆေးကြောပြီး အိပ်ရာသို့ ဝင်လိုက်သည်။

ခဏအကြာတွင် သူမီးဖိုခန်းထဲသို့ ဝင်သွားသံကြားရသည်။ ခွန်းသံ ပန်းကန်သံများကို ကြားရသည်။ သူထမင်းစားနေသည်မှာ သေချာသည်။ ကျွန်မသည် တစ်ကိုယ်တည်း ပြုံးလိုက်မိသည်။ အော် . . . အချစ် . . . . . အချစ် . . . .

* * * * * *

နောက်တစ်နေ့

ကျွန်မ အလုပ်အားသောနေ့ဖြစ်သည်။

သူသည် နံနက်ခြောက်နာရီမတိုင်မီ အိပ်ရာမှ နိုးလေ့ရှိသော်လည်း ယနေ့တွင်မူ ခုနစ်နာရီကျော်မှ အိပ်ရာမှ ထသည်။

ဟိန်းနှင့် ကျွန်မသည် တစ်ယောက်နှင့်တစ်ယောက် စကားပြောကြသေး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့အပေါ် စိတ်ဆိုးပြေသွားသော်လည်း စိတ်ဆိုးချင်ယောင်ဆောင်နေပါသည်။ ဟန်ဆောင်ရခြင်းသည် ပင်ပန်းလွန်းလှပါသည်။

"ဟိန်း"သည် နံနက်စာ စားပြီးသောအခါ အပြင်သို့ ထွက်သွားသည်။

ကျွန်မသည် စိတ်ကိုအနားမပေးလိုသောကြောင့် အိမ်တွင်းသန့်ရှင်းရေးကို တစ်နေ့ကုန်ပြုလုပ်သည်။

ညနေအထိ"ဟိန်း"ပြန်မရောက်လာသေး။

သူဘယ်များသွားနေပါလိမ့်။

ကျွန်မသည် စိတ်ပူမိသည်။ ခါတိုင်းဆိုလျှင် ဤမျှ ကြာကြာမသွား။

တဖြည်းဖြည်း မှောင်ရီသန်းလာသောအခါ ကျွန်မသည် အိမ်ခန်းတံခါးပိတ်သော့ခတ်ပြီး လမ်းထိပ်သို့ ထွက်လာသည်။

အိမ်ရှေ့ဝရန်တာတွင် ရပ်နေသော လှကလျာက

"ဘယ်လဲ သူငယ်ချင်း" ဟု မေးသည်။

"ဒီနားတင်ပါ"

"ကိုယ်သိပ်ပျင်းတာပဲကွာ၊ လာလည်ကြပါအုံး"

"ယူ့ မောင်တော်ရော"

"အခုလေးတင် အပြင်ထွက်သွားတယ်၊ ကိုယ့်အတွက် ပစ္စည်းတစ်ခုလာပို့ပြီး ပြန်ထွက်သွားတယ်။ မိုးချုပ်မယ်တဲ့"





"ဘာလဲ - ညစာစားပွဲပဲလား"

"အေးပေါ့-ထုံးစံအတိုင်း" လှကလျာ၏ အသံမှာ နွမ်းလျှလျှ ပန်းလျှလျှ။

"တီဗွီကြည့် - ဗီဒီယိုကြည့် ကက်ဆက်ဖွင့်ပေါ့"

"အို - ဒါတွေကိုအမြဲကြည့်နေရတာငြီးငွေ့လှပြီ၊ ကိုယ်တော့ ဒီဝရန်တာကနေ ကြည့်ကြည့်နေတာ မင်းတို့ကို သိပ်အားကျတယ်။ ကိုဇေယျဟိန်းက အပြင်သိပ်ထွက်ပုံ မရဘူးနော်"

"ဟုတ်တယ်၊ အလုပ်က လွဲရင် အိမ်မှာပဲနေတယ်"

ကျွန်မသည် ထိုမျှသာပြောပြီး - သူမကို နှုတ်ဆက်၍ ထွက်လာပါသည်။

ကျွန်မသည် ဘတ်စ်ကားမှတ်တိုင်ကို ဖြတ်ကျော်ပြီး လမ်းမကမ်းရှိ ပန်းခြံဆီ သို့ သွားသည်။ ထိုပန်းခြံတစ်နေရာတွင် ကျွန်မနှင့်ဟိန်းချစ်သူဘဝက တွေ့နေကျနေရာတစ်ခုရှိသည်။ ကျွန်မသည် ထိုနေရာသို့ လျှောက်သွားရာ ခုံတစ်ခုပေါ်မှာထိုင်နေသော"ဟိန်း"ကိုတွေ့ရသည်။ သူသည် တစ်နေရာသို့ ငေးကြည့်နေသည်။ သူဘာကို စဉ်းစားနေပါလိမ့်။ ကျွန်မသူ့အနားသို့ လျှောက်သွားသည်။ ကျွန်မကို တွေ့သောအခါ 'ချစ်'ဟု ခေါ်သည်။ ကျွန်မမျက်လုံးများမှ မျက်ရည်များ အလိုလို စီးကျလာသောကြောင့် လက်ဖြင့် သုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ ချစ်" ပြာပြာသလဲလဲ သူက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး၊ ကျွန်မဝမ်းနည်းသွားလို့"ကျွန်မသည် သူ့အနားတွင် ထိုင်ပြီး သူ့ပခုံးကိုကိုင်၍ ပြောလိုက်သည်။

"ကိုယ်အခုပဲ ပြန်တော့မလို့ပါ၊ ဒီနေရာကို သတိရလို့ ခဏဝင်ကြည့်တာ"ဟိန်းက ဖြေသည်။

"ဟိန်း -ဘာတွေ စဉ်းစားနေတာလဲ-ဟင်"

"ဟိုးတစ်ခါတုံးက မိန်းကလေးတစ်ယောက်က 'ရှင့်ကိုပဲ ကျွန်မချစ်တယ်၊ ရှင်ကလွဲရင် ကျွန်မဘယ်သူ့ကိုမှ မချစ်ဘူး"လို့ ဒီနေရာမှ ပြောခဲ့ဖူးတာတွေကို စဉ်းစားနေတာပါ"

"ဟင်း - ဖိုးပို - ဖိုးပို ဒါမျိုးတွေ သိပ်တတ်" ကျွန်မသည် သူ့ကျောပြင်ကို ခပ်ဖွဖွကလေး ထုလိုက်သည်။

" ချစ် "

" ဟိန်း "

" ချစ် - ကိုယ့်ကို မမေးတော့ဘူးလား၊ ခုတလော ကိုယ်ရှုပ်နေတာ ကျရတဲ့အကြောင်း"

"ဟင့်အင်း - ဟိန်းကို ယုံတယ်၊ ဟိန်းမဟုတ်တာ မလုပ်ဘူးဆိုတာ"

"ကိုယ်လေ ကိုယ့်ကုန်တိုက်ကြီးနဲ့ ဟိုတယ်ကြီးတစ်ခုက မဂ္ဂဇင်းတစ်စောင် ထုတ်ဝေဖို့ တာဝန်ပေးလို့ လုံးပန်းနေတာ အဲဒီက ကိုယ်တို့ ထိုက်ထိုက်တန်တန်ပေးတယ်၊ အခု အဲဒီမဂ္ဂဇင်း ကိစ္စပြီးသွားပြီ - ကနေ့ပဲ၊ အဲဒီက ရတဲ့ငွေနဲ့ ချစ်ကို လက်ဆောင်





တစ်ခုဝယ်ပေးမယ်။ ချစ်ကို ကြိုမပြောတာက ချစ်ဝမ်းသာသွားအောင် ချစ်အတွက် လက်ဆောင်ဝယ်ပြီး လက်ဆောင်ပေးရင်းမှ ပြောမလို့၊ အခုတော့ ချစ်လဲ ကိုယ့်ကို စိတ်ဆိုးပြေသွားတော့"

"ချစ်- ဟိန်းကို စိတ်မဆိုးပါဘူး၊ ဟိန်းက အရင်ခေါ်မလားလို့ကြည့်တော၊ ခုတော့-ခုတော့"ကျွန်မ၏ အသံတိုးသွားရာသွားတာ

"ချစ် - ဝမ်းမနည်းပါနဲ့ကွာ၊ နောက်ဆိုရင် ကိုယ်ပဲ အရင်ခေါ်ပါ့မယ်"ဟု ပြာပြာသလဲလဲ ပြောသည်။

ဟင့်အင်း - နောက်ဆိုရင် နောက်ဆိုရင် ချစ်လေး ဘယ်တော့မှ စိတ်မဆိုးတော့ဘူး။ စိတ်ဆိုးချင်ယောင်လဲ မဆောင်တော့ဘူး၊ ကဲ - လာသွားကြစို့" ကျွန်မ ထိုင်ရာမှ ထလိုက်သည်။

"ကိုယ် လက်ဆောင်ကို မမေးတော့ဘူးလား"

" ဟိန်း ဘာပေးမှာလဲ . . . ဟင်"

"ဂက်စ် -မီးဖို ဝယ်ပေးမယ်"

" အို - ဟိန်းရယ် - မောင့်လက်ဆောင်ကို ကျွန်မငြင်းပါဘူး ဒါပေမယ့် အခု ချစ်လေး မီးသွေးမီးဖိုကို မီးမွှေးရမှာ ကြောက်တော့ဘူး၊ ဟိန်းအတွက်ဆိုရင် ဘာပဲလုပ်ပေးရ လုပ်ပေးရ"

"ယုံပါတယ် ချစ်ရယ်၊ ကိုယ်လဲနောက်ဆိုရင် ချစ်ကို သန့်တိုတဲ့စကားတွေ မပြောတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com




ဟိန်နတ တွျန်မလက်တိုကိုင်ပြီး ပြောလိုက်သည်။ ကျွန်မ၏လတ်များသည် သူ၏လက်ထဲတွင် နွေးထွေးသွားပါတော့ သည်။

ခေတ်သစ်မဂ္ဂဇင်း
၁၉၉၇-ခုနှစ်၊ ဧပြီ၊ မေ
အတွဲ(၂)၊ အမှတ်(၄)



# ကြေကွဲဖွယ် မှတ်တမ်း တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com

## ကြေကွဲမှုမှတ်တမ်းတစ်စုန်

နှလုံးသားကို ထိန်းချုပ်ထားခြင်းဟာ သိပ်ကို မိုက်မဲလွန်းတဲ့ အလုပ်တစ်ခုဆိုတာ ကျွန်မသိလိုက်ပါပြီမောင်။ ဒါပေမယ့် ကျွန်မအသိဟာ သိပ်ကိုနောက်ကျသွားပြီ ဖြစ်တဲ့အတွက် ကျွန်မသေ . . ကျွန်မရှူးသွပ်မတတ်ပါမောင်ရယ်။ ကျွန်မစိတ်တွေကျွန်မ အတတ်နိုင်ဆုံး ထိန်းချုပ်ပါတယ်။ ဒါပေမယ့် မရဘူးမောင်။ ကျွန်မလေ. . . ဟုတ်တယ်၊ကျွန်မရူးနေပြီ ထင်တယ်။ အချို့တွေကခဲ ဧည့်သည်တွေက ကျွန်မကို ရူးသွားပြီလို့ ပြောဆို စွပ်စွဲနေကြပြီဆိုတာ ကျွန်မသိနေသလိုလိုပဲ။

ဟုတ်တယ်၊ ဟုတ်ပါတယ်. . . ကျွန်မရူးနေပြီး ကျွန်မစိတ်တွေကို ကျွန်မထိန်းချုပ်လို့ မနိုင်နင်းတော့ဘူး။ ကျွန်မ လွှတ်ပေးလိုက်ပြီ။

* * * *

ကျွန်မလေ ကျွန်မစိတ်တွေ ဘာဖြစ်မှန်းမသိဘူး။ လေးလံထိုင်းတာ ရှုံးမသွားနိုင်သေးဘဲ ထိုင်နေမိတယ်။ ဝရန်တာ လေးကသက်လက်ကုလားထိုင်လေးမှာ ထိုင်ပြီး တွေးနေမိတယ်။ တွေးခြင်းရဲ့ နောက်ကွယ်မှာ လေးလံထိုင်းမှိုင်းခြင်းတွေ ပါနေတယ်။

“ဟဲ့ အငယ်မ ရှုံးမသွားသေးဘူးလား”

“. . . . . . .”

“ဟဲ့ အငယ်မ မေးနေတယ်လေ”

**နော်ရင်မွှေးစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . အမေ ကျွန်မကို ဘာမေးတာလဲ"

"နင်. . ရုံးမသွားသေးဘူးလားလို့"

"သွားမှာပေါ့အမေရယ်၊ ဖြည်းဖြည်းပေါ့"

အမေကို နှုတ်ကသာ တုံ့ပြန်လိုက်တယ်။ ကျွန်မ မျက်လုံးတွေက လမ်းမဆီရောက်နေတယ်။ ဟော. . . ပြန် လာကြပြီ။ ကျွန်မတို့ အောက်ထပ်က ဆရာဝန်လင်မယားပြန် လာပြီ။ ဈေးကပြန်လာကြတာ။ သူတို့ လင်မယားက ကျွန်မတို့ ထင်သလောက်တော့ အသက်လေးငါးဆယ်နှစ်ကြီးနိုင်တယ်။ သားကြီးသမီးကြီးတွေနဲ့ဆိုတော့ ။ ဒါပေမဲ့ နုပျိုတယ်။ ဟော. . . မိန်းမလုပ်သူက ယောကျ်ားလုပ်သူ့ရဲ့ လက်မောင်းကို တွဲလို့ ဆယ်တန်းအောင်ပြီးစ သမီးက အမေလက်ကိုတွဲပြီး ဈေးခြင်း တောင်းဆွဲလို့ ရယ်ရယ်မောမော စကားတပြောပြောနဲ့ ပြန်လာကြ တယ်။ ကျွန်မ မောင့်ကို လွမ်းလိုက်တာ။ မောင်ပြန် လာရင် လေ. . . ကျွန်မနဲ့မောင်လည်း အဲဒီလိုပဲ သွားမယ်နော်။ ဈေးတင် မကဘူး။ စတိုးဆိုင်တွ မီနီမားကက်တွေ၊ ပန်းခြံတွေ၊ ဘုရား အိုး. . . အစုံ အစုံလျှောက်လည်မယ်။ မောင့်လက်ကို တွဲထားမှာ ဘယ်တော့မှ မခွဲဘူးနော်။

"မေမေ. . . သမီးကျောင်းသွားတော့မယ်"

"အေးအေး"

သမီးက ကျွန်မပါးကို လာနမ်းတယ်မောင်. . . ။ ဒါ သူ့ရဲ့ အပြုအမူလေ. . . ။ ဟော မောင်ဓာတ်ပုံကို ရှိခိုးနေပြီ။ ကျွန်မ





အဲဒီမြင်ကွင်းဟာ နေ့စဉ်မြင်နေကျပါ။ ဒါပေမယ့် ဒီနေ့ကြည့်ရတာ တစ်မျိုးကြီးပဲ. . ကျွန်မရင်ထဲ မနှစ်မြို့နိုင်ပါဘူး။ ကျွန်မမြင်ချင်တာ မောင်နဲ့ကျွန်မ ယှဉ်တွဲထိုင်နေတာကို သမီးလေးက ကန်တော့တာပဲ မြင်ချင်တယ်။

သမီးလေး ကျောင်းဖယ်ရီပေါ်တက်သွားတာကိုလည်း ကျွန်မငေးနေမိတယ်။ မောင်သာရှိရင် သမီးကို ကိုယ်တိုင်ချိုပိုးပြီး ဖယ်ရီပေါ် တင်ပေးလိမ့်မယ်ထင်တယ်။

ဟော. . သားကြီး ဖယ်ရီလာပြီ။ သားကြီးလည်း ကျောပိုး အိတ်ကိုလွယ်ပြီး တက်သွားတယ်။

ကျွန်မကတော့ စိတ်လေးလံစွာနဲ့ ထိုင်နေဆဲပါမောင်. .

ကျွန်မတို့ မိသားစုဘဝကို ပြည့်စုံအောင် အဲ. . လူနေမှု အဆင့်အတန်း ပြည့်စုံအောင် မောင်ဖန်တီးပေးထားတဲ့အတွက် ကျွန်မကျေးဇူးတင်ပါတယ်။ ဒါပေမယ့် မောင်ရယ်. . . . ကျွန်မ တို့ စိတ်အာဟာရမှာ ပြည့်စုံမှုမရှိဘူး။ ခင်ပွန်းရဲ့ ယုယကြင်နာ ဂရုစိုက်မှု၊ နွေးထွေးမှု၊ လုံခြုံမှု အားလုံးလိုအပ်နေသလို့ပဲ။

သြော်. . . လေးနှစ်တောင်စွန်းပြီမောင်ရယ်၊ ပြန်လာ ခဲ့ပါတော့လို့ မနေ့က ဘာဖြစ်လို့များ ကျွန်မ မပြောမိပါလိမ့် မောင်ရယ်. . . . ကျွန်မ သိပ်ပြောချင်နေခဲ့တာ၊ ပြောချင်တာ တွေက အများကြီးပါ။ ဘာဖြစ်လို့များ မပြောမိခဲ့ပါလိမ့်. . . ။ သိန်းချုပ်မှုကြောင့် ကျွန်မ မပြောမိတာပါ နော်။ ဟုတ်ပါတယ်နော် မောင်။ တကယ်တော့. . .

* * * *



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ တနင်္ဂနွေနေ့၊ ညနေဆိုရင် မောင်ဆီက ဖုန်းလာနေကျ။ တစ်ခါတစ်ရံ ညရောက်မှ လာတယ်။

ဒါပေမယ့် ဒီနေ့ကို နေ့လယ်လာပါစေ။ အခုလာပါစေလို့ ကျွန်မဆုတောင်းနေတယ်။ ဖုန်းနားမှာ ထိုင်ပြီး ဆုတောင်းနေတာ။

ဘာဖြစ်လို့လဲ သိလားမောင်. . . အိမ်မှာကျွန်မ တစ်ယောက်တည်းရယ်၊ သားကြီးနဲ့သမီးငယ်ကို သူ့ဘကြီးတွေ ခေါ်သွားလို့ အပြင်သွားနေကြတယ်။ အမေလည်းပါသွားတယ် ဆိုတော့ ကျွန်မတစ်ယောက်တည်းပေါ့။ ဒီအချိန်မှာ မေ ာ်သံက ဖုန်းလာရင် ကျွန်မလေ ကျွန်မ မောင့်ကို နှစ်ကိုယ်ကြားခေါ်ခဲ့တဲ့ 'မောင်'လို့ပဲ သုံးလိုက်မှာ. . ။ အမြဲတမ်း ကိုခင်လှိုင်၊ ကိုခင်လှိုင် နဲ့သာ နှုတ်ကျိုးစွာ သုံးစွဲခဲ့ရတဲ့ ကျွန်မအတွက် အမေ၊ သားနဲ့ သမီးတို့မရှိတုန်း မောင့်ဆီက ဖုန်းလာမယ်ဆိုရင် 'မောင်'လို့ အသည်းလှိုက်အူလှိုက် ခေါ်ယူသုံးစွဲလိုက်မှာ ပြန်လာပါတော့ မောင်ရယ်။ ကျွန်မသိပ်လွမ်းနေပြီ။ မောင့်ကိုအရမ်းတမ်းတနေပြီ။ မောင့်လက်ကို ခေါင်းအုံးပြီး အိပ်ချင်ပြီ။ အို. . . . ကျွန်မ တကယ်ပြောတာ. . . ။ အဲဒီအခါ မောင်ဘယ်လို ပြောမလဲ။ တုံ့ပြန်မလဲ။ ဣန္ဒြေကြီးတဲ့မောင်က ကျွန်မကို "အရှုံးမ. . နောင် ရေးအတွက် မောင်နောက်တစ်နှစ်လောက်တော့ ဆ ်ပ်နေဦး ူရပေါ့" လို့ ပြောမှာ သေချာတယ်ထင်တယ်။ ဖုန်းလာပါတော့ မောင်ရယ်။ ခု ဖုန်းဆက်စမ်းပါတော့. . . ။





မောင်နဲ့ကျွန်မ အိမ်ထောင်ကျပြီးတည်းက လွတ်လွတ် လပ်လပ်နေခွင့် တစ်ခါမှ မရခဲ့ဘူးနော်။

ကျွန်မ အဖေအိမ်မှာ နေတုန်းကလည်း ကျွန်မ ညီအစ်ကို မောင်နှမအိမ်ထောင်စုံတွေနဲ့တူ၊ တူမတွေနဲ့ဆိုတော့ ညားကာစ ဇင်မယားရယ်လို့ ကြည်နူးရိပ်ကလေးတွေမှ မရယူရတဲ့ဘဝ၊ ညွှန်ငြိသိက္ခာတွေနဲ့ ထိန်းချုပ်ပြီး နေခဲ့ရတဲ့ဘဝ. . . ။

မောင့်အမေအိမ် ပြောင်းနေပြန်တော့လည်း ထိုနည်း ၎င်းကောင်းပဲဆိုတော့ ကျွန်မက မောင့်ကို နှုတ်ကျိုးစွာနဲ့ပဲ "ကိုခင်လှိုင်"လို့သာ သုံးနှုန်းခဲ့သလို မောင့်ဆီက သမီးရည်စား ဘဝတုန်းက "သက်"ဆိုတဲ့ အခေါ်အဝေါ်အစား "သက်မာ"လို့သာ ကြားခဲ့ရတာ၊ အိမ်ထောင်သက်တမ်းဆယ်နှစ်ကျော်နဲ့ ထပ်တူ သမျှပါပဲနော်မောင်. . . ။

လွမ်းလိုက်တာ မောင်ရယ်။ ရင်မှာ နင့်သီးစွာနဲ့ပဲ သမီး ရည်းစားဘဝကို သက်တမ်း ဆယ်နှစ်ကာလကိုလည်း ပြန်ပြောင်း သတိရပြန်တယ်. . . ။

*    *    *    *    *

ကျွန်မတို့ သမီးရည်းစားဘဝတုန်းက ကျိုက္ကဆံကွင်းမှာ ပြည်ထောင်စုပွဲတော်ကို မြိမ့်မြိမ့်သဲသဲ ကျင်းပလေ့ရှိတယ်နော်။ နိုးအမှုထမ်းပြီး စာပေးစာယူနဲ့ တက္ကသိုလ်ပညာကို ဆက်လက် ဆည်းပူးနေတဲ့ မောင်နဲ့ကျွန်မမှာ စုမိငွေ ဆောင်းမိငွေတိုလို့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ရှိမှာလဲ။ နှစ်ဘက်မိဘတွေကလည်း ချောင်ချောင်လည်လည်မှ မရှိကြတာဆိုတော့ မောင်နဲ့ကျွန်မဟာ နှလုံးသားအရေးထက် မိသားစုဝမ်းရေးကို ဦးစားပေးနေရသေးတဲ့ အချိန်မဟုတ်လား။ ဒါကြောင့် နှစ်စဉ် ပြည်တောင်စုပွဲတော် ရောက်တိုင် မောင်နဲ့ကျွန်မ အိမ်ထောင်ပစ္စည်းအသုံးအဆောင်လေးတွေ ဝယ်စုတဲ့နေရာမှာ စောင်တောင်မှ တစ်နှစ်မှာ တစ်ထည်ပဲ ဝယ်စုနိုင်ခဲ့တဲ့ ဘဝက စတင်ခဲ့ရတာပါနော်။

ကျွန်မ မရှုတ်ပါဘူးမောင်။ ဆယ်နှစ်ဆိုတဲ့သမီးရည်းစား သက်တမ်းမှာ တစ်နှစ်ကို စောင်တစ်ထည်၊ နောင်နှစ်မှာ စောင်တစ်ထည်ဝယ်တဲ့ အခါမှာတောင် အဆင်ကွဲမှာစိုးလို့ ပြီးခဲ့တဲ့ နှစ်က ဝယ်ပြီးသား စောင်ကို ပြန်ထုတ်ပြီး ပိုက်ပြီးအဆင်တူ ညှိုတ်ရွေးဝယ်စုခဲ့ရတဲ့ ဘဝ. .။ အို. . . မောင်ရယ်။ ချစ်ခြင်းရဲ့ ဒုက္ခခရောင်းလမ်းမှာ မောင်အပြုံးမပျက်ခဲ့သလို မောင့်မျက်နှာ အပြုံးက ကျွန်မအတွက် ကြီးမားသော အင်အား တစ်ရပ်အဖြစ် မောင်နဲ့သာဆိုရင် စကြဝဠာတံတိုင်းရဲ့ အပြင်ဘက်ကိုတောင် ထွက်ဖို့ ဝန်မလေးအောင်ပဲ အားတက်သရေဖြစ်ခဲ့ရတဲ့ ကျွန်မပါ မောင်. .။

စောင်တစ်ထည်ချင်း၊ အိုးတစ်လုံးချင်း စုဆောင်းပြီး မောင်လည်း ဘွဲ့ရ၊ ကျွန်မလည်း ဘွဲ့ရပြီး ထိုက်တန်သော ဥဒ် ဆောင်းမိငွေလေးရမှ အကြွေးကင်းသော မင်္ဂလာဆွမ်းကျွေးလေး နဲ့ ကျွန်မတို့ အိမ်ထောင်ရေးကို စခဲ့တာနော်မောင်။





ဒါပေမယ့် မောင်ရယ်။ နှစ်ကိုယ်တူတဲအိုပျက်လေးတော့ တောတ်ခဲ့ကြဘူးနော်။ နှစ်ဖက်မိဘအိမ်တွေမှာ တစ်လှည့်စီနေခဲ့ ရတဲ့ ကျွန်မတို့အတွက် “မောင်”နဲ့ “သက်” ဆိုတဲ့ အခေါ်အဝေါ် တွေ ဆိတ်သုဉ်းခဲ့ရပြီကော။ ဒါပေမယ့် ကျွန်မရဲ့ နှလုံးသားမှာ “မောင်”ဟာ အမြဲထာဝရရှင်သန်နေသလို မောင်နှလုံးသားမှာ လည်း “သက်”ဟာ ထာဝရမှုပိုင်အဖြစ် ရပ်တည်နေမယ်ဆိုတာ ကျွန်မယုံကြည်မိတယ်။

ကျွန်မအားကိုးထိုက်သူ ပီသလွန်းတဲ့ မောင်ရဲ့ ကြိုးပမ်းမှု ကြောင့် သမီးလေးမွေးပြီး အခါလည်ကျော်ကျော်မှာ မောင် ဂျပန်နိုင်ငံက ကုမ္ပဏီတစ်ခုမှာ အမှုထမ်းခွင့်ရသွားတယ်။ ကျွန်မတို့အတွက် ကံကြမ္မာမင်းက မျက်နှာသာပေးပြီထင်တယ် မောင်. . . ဒါ့အပြင် မောင့်ချစ်ခြင်းရဲ့ သစ္စာတရားရိုးသားစွာ ကြိုးစားခြင်းရဲ့ ရလဒ်ကြောင့်သာလျှင် ကျွန်မတို့ရဲ့ ဘဝတိုးတက် လာရတယ်ဆိုတာ ကျွန်မ ယုံကြည်မိခြင်းနဲ့အတူ မောင့်ကို အမြဲထာဝရလေးစားပြီး ချစ်အားကိုးနေမိတာအမှန်ပါမောင်။

ဒါပေမယ့် ဒါတွေကို ကျွန်မနှုတ်က ပြောခွင့် မသာသလို စာရေးတဲ့အခါ သားကပါ အမေ့ဘေးက ထိုင်ရေးပြီး စာ ခိုးဖတ်ပါမှာ သူ့လက်ရေးနဲ့ ရေးရမှ ကျေနပ်တတ်တဲ့ သား့ အတွက် ကျွန်မရဲ့ ခံစားချက်တွေမှာ ချွဲနွဲ့မှု၊ ဖွဲ့နွဲ့မှုဆိုတဲ့ ချစ်ခြင်းရဲ့ သတ်တလေးတွေ ဖူးပွင့်ဝေဆာမှု မရှိနိုင်ခဲ့ဘူးနော် မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထံက စာလာပြန်တော့လည်း ထိုနည်း လည်းကောင်းပါပဲ။ သားတွေ သမီးတွေအတွက်ပါ တစ်အိတ်တည်းမှာ ရောထည့်ပေးပြီး အဖေ့စာကို အမေ့ထံက အမြဲတောင်းဖတ်တတ်တဲ့ သားကြီးအတွက်ကော၊ စာတတ်စ သမီးငယ်ရဲ့ စာဖတ်လို့ရ ကြောင့်တွေကြောင့်ရောပေါ့။ စာရေးလျှင်လည်း နှလုံးသားရဲ့ လိုအင်ဆန္ဒတွေမပါတဲ့ ထိန်းချုပ်မှုရှိသော ဣန္ဒြေရရစာလေးတွေနဲ့သာ ကျွန်မတို့ ဖြေသိမ့်ခဲ့ရတယ်မောင်။

မောင်နဲ့အတူနေရတော့မှာပါ. . ။ အဲဒီအတွက် ကျောက်မြောင်း မှာ တိုက်ခန်းတစ်ခန်းဝယ်ပြီးပြီ။ ကားလည်း တစ်စီး ဝယ်ပြီးပြီ။ လူနေမှုအဆင့်အတန်းမှာ လိုလေသေးမရှိ ပြီးပြည့်စုံစွာ ဖန်တီးနိုင်အောင် မောင်ငွေတွေ ပို့ပြီး စီမံပေးတယ်။

မောင်ရယ် ဒါကိုပြည့်စုံပြီးလို့ ဆိုနိုင်ပြီလား။

ကျွန်မနဲ့မောင်ခွဲခွာခြင်းဟာ လေးနှစ်နဲ့လေးလစွန်းပြီး နှစ်ရတ်ပိုင်းကို ရောက်လာပြီနော်။

ခုမောင်ဝယ်ပေးတဲ့ တိုက်ခန်းထဲက အဲ. . . . ပရိဘောဂ အစုံအလင်နဲ့ စည်းစိမ်ရှိစွာ ထိုင်နေတဲ့ ကျွန်မဟာ တယ်လီဖုန်း ဘေးမှာ ထိုင်ရင်း မောင့်ထံက ဖုန်းကို စောင့်စားနေတယ်။ ဂျပန်က ဖုန်းသာလာခဲ့လျှင်. . . .

"မောင်လားဟင်. . . သက်ပုါ လွမ်းလိုက်တာမောင်ရယ်။ နောင်နှစ်စာဆိုတဲ့ ငွေကို သက်မလိုချင်တော့ဘူး။ မောင်ပြန်လာလို့ရရင် ပြန်လာခဲ့ပါ။ ကျွန်မအလိုချင်ဆုံးအရာဟာ မောင်ပါ





မောင်ရယ်". . ဟု အစချီပြီး မောင့်အား ဘယ်လောက် လွမ်းကြောင်း တမ်းတကြောင်း၊ တိုက်ခန်း၊ ရွှေငွေ၊ ကားနဲ့နေရလည်း ကျွန်မ အတွက် မပြည့်စုံဘူးဆိုတာ ကျွန်မသိနေပါပြီ။ ကျွန်မ ဘယ်မှ မသွားဘူး။ ဗိုလ်ချုပ်ဈေးက အင်ဒိုနီးရှား၊ ဘူး၊ ဓားကြီး၊ ဆေးရေး ချီဆိုတာ ကျွန်မနဲ့ မဆိုင်သလိုပဲ။ ကျွန်မမှာ မောင်ပို့ ပေးသော ဂျပန် ချိပွန်စလေးတွေနဲ့ ကီမိုနိုသာလျှင် မြတ်နိုးသော ဝတ်ဆင် စရာ ဖြစ်နေတယ်။ မောင်ပြန်လာမှ မောင့်လက်ကို ချိတ်ပြီး လက်ညှိုးထိုး ပူဆာမယ်။ အဲ အဲ. . ဒါပေမယ့် မောင့်အတွက်တော့ ပုဆိုးလေးတွေ၊ ရယ်ဒီမိတ် ရှပ်တွေ၊ စပို့ရှပ်တွေ အဆင်သင့် ဝယ်ထားပြီး ပုဆိုးတွေကို ကိုယ်တိုင်ချုပ်ပြီး ကျွန်မအလွမ်းတွေ ဖြေသိမ့်နေရတယ်ဆိုတာ။ နောက် မောင့်အတွက် ဆွဲကြိုးလည်း ချုပ်ထားသေးတယ်။ ဒါတွေတော့ မပြောပါဘူး။ မောင်လာမှ အံ့သြသွားအောင် ကျွန်မစိတ်ကူးလေးနဲ့ ဖန်တီးမနေတာ. . .။

လွမ်းလိုက်တာမောင်ရယ်။ တယ်လီဖုန်းကို စောင့် ကြည့်ရင်း ကျွန်မပါးပြင်တောင် စိုထိုင်းထိုင်း ဖြစ်လာတယ်။ လွမ်း ပွင့်တွေကြွေနေတာ ထင်တယ်မောင်။

တီး. . . ဒေါင်. . . . တီး. . . . ဒေါင်. . .

ဟော. . . သားနဲ့သမီးတောင် ပြန်လာပြီးမောင်ရယ်။ မျက်ရည်စကို သုတ်ပြီး တံခါးထဖွင့်ခဲ့ရတယ်မောင်။

အဲဒီအချိန်မှာမှ တယ်လီဖုန်းမြည်သံထွက်ပေါ်လာတယ်။

"ဟော. . . . ဖေဖေဖုန်းလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သားကြီးနဲ့ သမီးငယ်က အလုအယက်ပြေးကိုင်ကြတယ်။ သားကြီး အိမ်ရှေ့ခန်းက တယ်လီဖုန်း၊ သမီးငယ်က အိပ်ခန်းရှေ့က တယ်လီဖုန်း၊ အသီးသီးနဲ့ဆိုတော့ ကျွန်မမှ သူတို့ဆီက ပေါ်ထွက်လာတဲ့စကားသံတွေကိုသာ နားစွင့်ရင်း ကျွန်မ အလှည့်ကို စောင့်ရမှာပဲ။

"ဟဲလို"

". . . . ."

"ဟုတ်တယ် ဖေကြီးဖေကြီး၊ မေရေ ဖေကြီးဆီက. . ."

သမီးငယ်လေးရဲ့ ဝမ်းသာအားရ အသံက ပေါ်ထွက်လာတယ်ဆိုရင်းပဲ ကျွန်မရင်ထဲမှာ "မောင်ရယ်၊ စောစောက ဆက်ပါတော့လား မောင်ရယ်"လို့သာ မချိတင်ကဲ ရင်ထဲမှသာ ရေရွတ်ရင်း သမီးက အဖေနဲ့ဝအောင်ပြောပြီး ကမ်းပေးလာတဲ့ တယ်လီဖုန်းခွက်ကို လှမ်းယူလိုက်တဲ့ ကျွန်မ လက်တွေတောင် တုန်ရီနေခဲ့ပါတယ်မောင်ရယ်။ ဒါပေမယ့် အဖေနဲ့ စကားပြောရင်ကို မဝနိုင်ကြတဲ့ သားကြီးနဲ့ သမီးငယ်ဟာ ဖုန်းတစ်လုံးကို လုကိုင်ရင်း နားထောင်နေကြတယ်။

"သက်မာလား. . ."

"ကိုခင်လှိုင်ရယ် . . . စောစောက သားနဲ့သမီး သူ့ကြီးဒေါ်အိမ်သွားလည်ကြတယ်"

"ဟင်. . . ဟုတ်လား. . . ဟင်"

ကျွန်မ မျက်ရည်စို့ချင်ပြီ၊ မောင်ရဲ့သက်ပြင်းချသံကို





ကျွန်မနားလည်သလို ကျွန်မရဲ့ စကားလုံးတွေကိုလည်း မောင်နားလည်မှာပါနော်မောင်ရယ်. . .။ ထိန်းချုပ်မှုတွေနဲ့အတူ မောင်နဲ့ကျွန်မ စကားပြောခဲ့ရတယ်။ အဲဒီညက ကျွန်မ တစ်ညလုံး အိပ်မပျော်ခဲ့ဘူး။ ခေါင်းအုံးလေးတွေက မျက်ရည်မွှန်းနစ်လို့ဆိုပြီး ကျွန်မကို ငြူစူကြတယ် မောင်ရယ်။

* * *

"ဟဲ. . . အငယ်မ ဘယ်အချိန်ရှိပြီလဲ၊ နာရီလည်းကြည့်ဦးဟဲ့၊ ငါနှယ် သွားများသွားပြီလားလို့"

အမေပြောမှ ကျွန်မနာရီထကြည့်လိုက်တယ်။ ဟုတ်ပါရဲ့ ဆယ်နာရီတောင်ထိုးနေပြီ။ ကျွန်မ ရေထချိုးပြီး အမေပြင်ဆင်ထားတဲ့ ခြင်းတောင်းကို ဆွဲပြီး လေးလံသော ခြေလှမ်းတွေနဲ့ ထွက်ခဲ့တယ်။ ဘာကြောင့် ကျွန်မ ဒီနေ့စိတ်တွေ လေးလံပြီး မောင့်ကိုအတမ်းတကြီး တမ်းတမိတယ်ဆိုတာဟာ. . . ညဆယ့်တစ်နာရီလောက်မှာဝင်လာတဲ့ ဖုန်းကြောင့် ကျွန်မသိလိုက်ရပြီ။

ဂျပန်မှာ အမှုထမ်းနေတဲ့ ကျွန်မအစ်ကို ဝမ်းကွဲဆီက "မိသက်. . . စိတ်ခိုင်ခိုင်ထားနော်၊ တိုဘေးလျှင်မှာ မောင်ခင်လှိုင်လည်း ပါသွားရှာပြီ"

အမယ်လေးအမေရဲ့. . ., ကျွန်မ မယုံဘူး။ ကျွန်မ ဘယ်လိုမှ မယုံကြည်နိုင်ဘူး။

"ရုပ်ကလာပ်ကိုငါကိုယ်တိုင်တွေ့ရပါတယ်။ မိသက်ရယ်။

"ကျွန်မကို မောင်ထားခဲ့မှာ မဟုတ်ဘူး။ မောင်ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့အတူနေဖို့ တိုက်ခန်းသစ်လေး၊ကားသစ်လေး၊ ဟောဒီမှာ မောင်နဲ့အတူ သုံးစွဲဖို့ စုထားတဲ့ ငွေစုဘဏ်စာအုပ်ထဲက ငွေတွေ ဒါတွေ. . . ဒါတွေ မောင်လာသုံးမှာပါနော်။ လာရောက်ခံစားမှာပါနော်။ မောင်ဟာ ဆင်းဆင်းရဲရဲ ကျစ်ကျစ်လျစ်လျစ် ခြစ်ကုတ်ပြီး စုဆောင်းနေခဲ့ရတဲ့ဘဝမှာလည်း ကျွန်မရဲ့ရှေ့က ရင်ကော့ပြီး ရင်ဆိုင်ပေးခဲ့တယ်။

အခုလို မောင့်ရဲ့ ကြိုးပမ်းမှု၊ စွန့်စားမှု၊ အားထုတ်မှုတွေနဲ့ ရလာရတဲ့ စည်းစိမ်တွေကိုလည်း မောင် ကျွန်မနဲ့အတူ လက်တွဲပြီး သုံးလှည့်ပါ။ ခံစားလှည့်ပါတော့ မောင်ရယ်။ ကျွန်မတစ်ယောက်တည်း မသုံးရက်ဘူး။ နော်. . . . မောင် လာခဲ့တော့။ ဟော မောင်လာပြီထင်တယ်။

ခွေးအူသံတွေ ကြားတယ်။ မောင်ရောက်လာတယ် ထင်တယ်။

အမေရေ. . . လှေကားမီးဖွင့်ထားတယ်နော်။

အမေက သိပ်အလိုက်သိတာမောင်ရဲ့။ ကျွန်မတို့ တိုက်ခန်း တံခါးလည်း ဖွင့်ထားတယ်။ ဟောတိုက်ကြီးရဲ့ အဝင်အထွက် တံခါးတိုတောင် ဖွင့်ထားပေးတယ်။

ဟော. . . . မောင်လာပြီ. . . . ဟုတ်ပါတယ်။ မောင် လာနေပြီ. . . . ဟိုမှာ မောင် မောင်ရေ ကျွန်မလာပြီ

"စိတ်ခိုင်ခိုင်ထားစမ်း အရှုံးမ၊ နင့်သားနဲ့သမီးအတွက် နင့်စိတ်ကို တင်းထားစမ်းဟဲ့"





အမေလား၊ အစ်မကြီးလားမသိဘူး။ ကျွန်မကို မာန်တယ်။ ဝေါက်တယ်မောင်။ ဟီး. . . . ကျွန်မရှုံးနေလို့လား၊ မရှုံးပါဘူးနော်။ ကိုယ့်ယောက်ျားကိုယ်ကြိုတာ ဘာဖြစ်သလဲ။ ဗိုက်ကြီးနဲ့ နေရဦးမှာလား. . . မနေနိုင်တော့ဘူး။ ကျွန်မနှလုံးသားကို ကျွန်မ မထိန်းချုပ်နိုင်တော့ဘူး။ မောင့်ကို ကြိုမယ်။ မောင်ရေ. . . . မောင်။

"အို. . . လွှတ်. . . လွှတ် ကျွန်မကို လွှတ်၊ မောင့်ကို ကျွန်မ ကြိုမယ်. . . . လွှတ်. . . လွှတ်ကြပါ. . . . . "


* * *

ကလျာမဂ္ဂဇင်း
၁၉၉၅-ခုနှစ်၊ မေလ၊
အမှတ်-၁၂၃



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ငိုချင်းသည်

လူဆိုတာ တွန်းအားတွေနဲ့ အသက်ရှင်နေခြင်းပါမောင်။

ကျွန်မမှာ ယုံကြည်ချက်တွန်းအားတွေ အပြည့်နဲ့ အသက်ရှင်နေသူပါမောင်။

အဲဒီယုံကြည်ချက်က ဘာလဲလို့ မောင်ထပ်မေးဦး. . .။ ကျွန်မကိုယ် ကျွန်မ ယုံကြည်တယ်။ ထို့အတူပါပဲမောင်. . .။

မောင်အချစ်၊ မောင့်မေတ္တာ၊ မောင့်အကြင်နာ၊ မောင့်ထံမှ နားလည်မှုတွေကို ရာသက်ပန်ရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်က ကျွန်မအသက်ရှင်နေထိုင်မှုကို အဓိပ္ပာယ်ရှိစေပါတယ် မောင်ရယ်. . . .။

ဒါပေမယ့် မောင်ရယ်. . . . မိန်းမသားတစ်ဦးရဲ့ ဂုဏ်သိက္ခာချောက်ကမ်းပါးပေါ်မှာ ကျွန်မတစ်ယောက်တည်း ယောက်လှမ်းနေရပါလား မောင်ရယ်. . . .။

*     *     *     *

"ခင်ဝတ်မှုံဇော်ရေ. . . . လာပြန်ပြီ. . . မောင်တဲ့. . ."

ကျွန်မရင်တွေ လှုပ်ခတ်သွားတယ်။ မောင့်ကို သတိရနေချိန်မှာ "မောင်"သီချင်းကို သီဆိုပေးရဦးမှာလား မောင်ရယ်။

ဒါပေမယ့် မောင်. . . ဒါဟာ ကျွန်မရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ပဲ။ ကျွန်မအလုပ်တာဝန်ကို ကျွန်မ ကျေပြွန်စွာထမ်းဆောင်ရမှာပေါ့။ ကျွန်မ စင်ပေါ်သို့ ကြွကြွရွရွကလေး လှမ်းခဲ့ရပြီ မောင်. . .။





ကောင်းကင်ကြီးက မဟူရာ ခြုံထည်ကို သိုင်းခြုံလို့ ကြယ်ပွင့် ဘော်ကြယ်လေးများ ထိုးထားတယ်လေ။

သဘာဝတရားနဲ့ ဆန့်ကျင်ဘက်နေရာမှာ မာကြူရီ မီးရောင်စုံ ဆလိုက်ရောင်စုံအောက်မှာ. . ချွေးလေးတွေ တစိုစိုနဲ့ ကျွန်မ အလုပ် လုပ်နေတာပါမောင်။ လာကြည့်လှည့်ပြီး ကျွန်မကို နားလည်ခံစားပေးပါလားမောင်. . ။

". . . . မောင် . . . . အများပြောတဲ့ သွေးခွဲစကားတွေကို. . ."

စားတော်ဆက်တွေ၊ ဟိုတယ်တွေမှာ ကာရာအိုကေ သီဆိုနေကြတဲ့ အဆိုတော် မိန်းကလေးတိုင်းဟာ ပျက်စီးကြရ သောမလိုလို အတင်းစကားတွေကို မောင်ယုံကြည်တာ အံ့ဩမိပါရဲ့။

လူ့ဘဝအတွက် အရေးအကြီးဆုံးဟာ "စိတ်"ပါမောင်။ စိတ်ဓာတ်ခိုင်မာရင် ဘယ်အရာမဆို ရင်ဆိုင်နိုင်ပါတယ်။ ငွေဆိုတဲ့ လူသည်းခြေကြိုက် ရောဂါဆိုးကြီးကိုလည်း ကျွန်မရင်ဆိုင်ရဲပါတယ်။

ပန်းနာသည် ဖခင်၊ ကုန်စိမ်းရောင်းနေရတဲ့ မိခင်၊ ဝပ်ရှော့ဒ်အလုပ် ဝင်လုပ်ရင်း ဆယ်တန်းကို ပြင်ပဖြေဆိုဖို့ ကြိုးစားနေတဲ့ မောင်လေး။ ပြီးတော့ ကျောင်းနေကြတဲ့ ဘုစုခရု မောင်နှမလေးဦးရဲ့ တာဝန်ဟာ ကျွန်မအပေါ်မှာ စုပြုံကျရောက်နေတယ်။ ကျွန်မ ဒီတာဝန်ကို အောက်တန်း စာရေးဝန်ထမ်း လစာလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြေရှင်းရင်ဆိုင်ရမလဲ မောင်၊ ကျွန်မ အပိုဝင်ငွေ ရှာရတယ်။

မျက်မျက်ကလေးရတဲ့ ဥပဒေဘောင်အတွင်းကနေ အပိုဝင်ငွေကို ကျွန်မရှာနေတာ။

ဒါတောင်မှ အစပိုင်းမှာ ဗိုက်ဝရုံ အငယ်တွေကို ကျောင်းထားပေးနိုင်ရုံလောက်နဲ့ စတင်ခဲ့ရတာ။

ကျွန်မ ခေတ်ရေစီးကြောင်းထဲ မျောပါသွားတာ မဟုတ်ဘူး မောင်။ ရေစုန်မှာ မျှောချမိတာ။ ဒါပေမယ့် သတိ၊ ဝီရိယ၊ လုံ့လဆိုတဲ့ လှော်တက်ကိုတော့ ကျွန်မမြဲမြဲမြံမြံ ကိုင်ထားပါတယ်လေ။

စားတော်ဆက်တွေမှာ အပိုဝင်ငွေရှာတဲ့ သူတွေဟာ အလွှာစုံတယ်။ ဝမ်းစာအတွက် လာဆိုတဲ့ လူတန်းစား။ မုန့်ဖိုးအတွက်လာ လာဆိုတဲ့လူတန်းစား. . . အဲဒါက နယ်ကနေ ကျောင်းလာတက်ရင်း မုန့်ဖိုးပိုရတယ် ဆိုပြီး အပျော်သဘောဆိုကြတဲ့ ကျောင်းသူဆိုတဲ့ လူတန်းစား. . . အဲဒါက ကြေးရည်တက် လူတန်းစားပဲ။ အဲဒီအထဲမှာ အများဆုံးကတော့ ကျွန်မတို့လို လူတန်းစားပါမောင်။ အပိုဝင်ငွေရှာတဲ့ လူတန်းစား၊ အဲ. . အနယ်နယ်အရပ်ရပ်ကနေ တက်လာပြီး စီးပွားဖြစ် အသက်မွေးဝမ်းကျောင်း ပြုကြသူတွေနဲ့ ကျွန်မတို့လို လူတွေဟာ အများဆုံးပဲ။ အဲဒီထဲမှာ လူပေါ်မှုတည်ပြီး ပျက်စီးသွားကြသူတွေ ရှိသလို အလုပ်ကို အလုပ်ပီသစွာ လုပ်ပြီး သန့်ရှင်းစွာ ရပ်တည် နေကြတဲ့ ကျွန်မတို့လို လူတွေလည်း အများကြီးပါမောင်။





လောကကြီးမှာ လူသာ ပဓာန၊ လူသာ အဓိကပါ။

ကျွန်မ အခုရက်ပိုင်းအတွင်း ဆန်းထနေတယ် မောင်။ တစ်ပြည်သား ဧည့်သည်တော်တစ်ဦးက ဧည့်စဲခါနီး အချိန်ရောက်မှ ဆုတော်ငွေ တစ်သောင်းနဲ့အတူ ကျွန်မကို သီဆိုခိုင်းတဲ့ သီချင်းက "မောင်"တဲ့လေ။

"ဝတ်မှုံ ကြားပြီးပြီလား"

"ဘာကိုလဲမောင်"

". . . . . . စားတော်ဆက်က အဆိုတော် တစ်ဦးလေ. . မောင်တို့ နားက ကံထရိုက်တိုက်ခန်းတစ်ခုကို နှစ်ချုပ်နဲ့ ငှားပြီး ဘိုးတော်ကြီးတစ်ယောက်ပြောင်းလာတယ်ဆိုတာ ဝတ်မှုံကို မောင်ပြောဖူးတယ်နော်"

"အင်း. . . . ဟိုအပတ် တွေ့ကြတုန်းက ထင်တယ်"

တစ်ပတ်မှာ ပါနင်္ဂနွေနေ့ရက်လေးမှ နေ့ခင်းအချိန် အချို့သည် မောင်နှင့်အတူ ချစ်သူတို့ဘာသာဘာဝ လည်ပတ်ရင်း အနားယူ ဝတ်အတွက် ဆွေးနွေးတိုင်ပင်ရသော အချိန်လေးများ ဖြစ်သည်။

"အဲဒီ ဘိုးတော်ကြီးနဲ့အတူတူ နေကြတယ်"

"အတူတူနေကြတယ်ဆိုတာ လက်ထပ်ပြီးလို့လား"

ကျွန်မက နားမလည်၍ မဟုတ်။ ပို၍ တိကျစေရန် မေးလိုက်ခြင်း ဖြစ်သည်။

"လက်ထပ်ပြီး မဖြီးတော့ မောင်ဘယ်သိမှာလဲ။ ပြောင်းလာတာတော့ အတူတူပဲ။ ဒါပေမယ့် နှစ်ပတ်ရှိပြီ. . အဲဒီဘိုးတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အခြွမနေဘူး။ များသောအားဖြင့် နေ့ခင်းပဲ နေတယ် ဆိုတာတော့ သေချာတယ်။

ကျွန်မ သက်ပြင်းချလိုက်မိသည်။ မောင်ရှေ့ ဆက်လာမည့် စကားအတွက် ကျွန်မ ရင်လေးမိလေသည်။ မောင့်စကား ဦးတည်ချက်သည် ကျွန်မတို့ လုပ်ငန်း၏ အဆိုးသတင်းကို ဘန်းပြပြီး ကျွန်မကို ဤအလုပ် မလုပ်ဖို့ တားမြစ်မည့် ဦးတည်ချက်သာ လျှင် ဖြစ်ပေလိမ့်မည်။

"မောင်က အမြဲတမ်း စောင့်ကြည့်နေလို့လား"

"ဝတ်မှုံ"

"မျက်စိနဲ့ စောင့်ကြည့်စရာမလိုဘူး။ နားရှိတယ်ကွ၊ ပတ်ဝန်းကျင်ရဲ့ စကားတွေကို ကြားရတယ်။ မင်းဘာဖြစ်လို့ ဒီဟာမတွေဘက်က ဒီလောက် ကာကွယ်နေရတာလဲ"

"တိုးတိုးပြောပါ မောင်"

မောင်သည် အလိုလိုနေရင်း ဒေါသထွက်နေတတ်သော ရောဂါဆန်းကို ကျွန်မ ဒီအပိုဝင်ငွေရှာသော အလုပ်ကို စတင် လုပ်ကိုင်သည့် နေ့မှစတင်၍ ရခဲ့သည်ကိုတော့ ကျွန်မ မှတ်မှတ်ရရ သိရှိနေသည်။

"မင်း မောင့်ကို နားလည်းစမ်းပါ"

ကျွန်မ မောင့်ကို နားလည်ပါသည်။ သို့သော် မောင်က ကျွန်မကို နားမလည်ပါ။ ကျွန်မအတွက် စိုးရိမ်ပူပန်မှုများဖြင့် သောကဖြစ်နေသည့်မောင့်ကို ကျွန်မအားပေးနှစ်သိမ့်ပြုံးပြလိုက်





သည်။ ထိုအခါ မောင်၏ မျက်နှာပြင်၌ ထောင်ထနေသော အကြောများ ပြေရော့သွားပြီး ရေထဲသို့ ခဲတစ်လုံး ပစ်ချလိုက် သည်။ မောင်၏ ကလေးဆန်သော အပြုအမူလေးကိုလည်း ကျွန်မ စွဲမြဲအောင် ချစ်ပါသည်။

"ဆက်ပြောလေ မောင်"

"မောင် အတင်းမပြောတတ်ဘူး- ဒါပေမယ့် ဝတ်မှုံ သိအောင် ပြောပြထားရတာ။ ဝတ်မှုံ ထင်မြင်နိုင်အောင်လို့ပါ"

"ဟုတ်ကဲ့ ကျွန်မ နားလည်ပါတယ်မောင်"

"မနေ့ကပဲ. . . အဲဒီ တိုက်ခန်းမှာ ဆူညံအော်ဟစ်သံ တွေနဲ့ ဝုန်းဒိုင်းကျဲနေတာပဲ"

"ဟင်"

"မဟင်နဲ့ ဝတ်မှုံ၊ ဘိုးတော်ကြီးရဲ့သားကြီး၊ သမီးကြီး တွေ. . လိုက်လာပြီး သောင်းကျန်းလိုက်တာ. . . တစ်ရပ်ကွက်လုံး ညံသွားတာပဲ။ ရပ်ကွက်လူကြီးတွေရောက်လာမှ ဘိုးတော်ကြီးကို ခေါ်ပြီး ပြန်သွားကြတယ်လေ. . . အဲဒါတွေ မြင်တွေ့ကြား သိရလေ. . ဝတ်မှုံကို မောင် စိတ်ပူလေပဲ။ ဒီထက်ဆိုးတဲ့ အဖြစ် အပျက်တွေ ဝတ်မှုံတို့ လောကမှာ အများကြီးပဲ ရှိသေးတယ်"

ကျွန်မ သက်ပြင်းမောကို ရှိုက်ရင်း မောင့်ဝေဒနာ ခံစားမှု သက်သာစေရေးအတွက် တုန့်ပြန်မှု စကားတစ်ခုခုကို ရှာဖွေလိုက် သည်။

"မိန်းမတွေဟာ ပိုက်ဆံမရှိရင် ပျက်စီးတတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေဟာ ပိုက်ဆံရှိရင် ပျက်စီးတတ်ကြတယ်။ ဒီသဘောတရားကို ကျွန်မ နားလည်ထားတဲ့ အတွက် ပိုက်ဆံမရှိလို့ အလုပ်လုပ်နေရတဲ့ ကျွန်မဟာ. . . . . လုပ်အားနဲ့ရတဲ့ ထိုက်တန်တဲ့ ငွေကြေးကလွဲရင် လွယ်လွယ်နဲ့ရမယ့် ငွေကို ကျွန်မ မလိုချင်ဘူး မောင်. . . ကျွန်မကို စိတ်ချစမ်းပါမောင်ရယ်. . . . ကျွန်မ သန့်ရှင်းစွာနဲ့ လုပ်အားနဲ့ရင်းတဲ့ ငွေကို ကျွန်မယူနေတာပါ. . .”

“ဒါပေမယ့်. . . . မောင် စိတ်မချဘူးကွာ”

“ဒါထက်. . . . အဲဒီ မိန်းကလေးတော့ ဘာဖြစ်သွားသေးသလဲ”

“ဘာမှ မဖြစ်ဘူး။ ခပ်ပြောင်ပြောင်ပဲ. . . အဲဒီတိုက်ခန်းမှာ ဆက်နေလျက်ပဲ။ သီချင်းဆိုလျက်ပဲ။ ညနေတိုင်းလာခေါ်တဲ့ ကားပေါ် ပါသွားလျက်ပါပဲကွာ။

“ဒါကတော့ မောင်ရယ်. . . . ညနေခင်းကမှ အလုပ်ချိန်စတာကို။ ညနေဘက်မှ လာခေါ်တဲ့ကားပေါ် ပါရတာ သဘာဝပဲပေါ့။ ကျွန်မတောင် စားတော်ဆက်က စီစဉ်ပေးတဲ့ အကြိုအပို့ကားနဲ့ သွားလာနေရတာ”

“အဖော်တစ်ယောက်ယောက်လောက်တော့ ခေါ်သွားပါလား ဝတ်မှုံ”

“အမေ့ကို ခေါ်လို့ မရဘူး။ လူမမာကို ပြုစုရတာတစ်ဖက်၊ အိမ်အလုပ်က တစ်ဖက်နဲ့ ဆိုတော့ သိပ်ပင်ပန်းချာတယ်။ ဒါတောင် ဈေးရောင်းတာကို အတင်းတားမြစ်လို့ ပြီးခဲ့တဲ့





[illegible]တ်တနေ ဖြုတ်လိုက်တာ။ ဒါတောင် အိမ်ရှေ့မှာ ဈေးဆိုင်[illegible]ဖွင့်ထားသေးတယ်။ မောင်လေးကို ခေါ်ဖို့ စဉ်းစားပြန်တော့[illegible] ပစ်တော့တစ်ဖက်၊ ကျောင်းတစ်ဖက်၊ စာတစ်ဖက်နဲ့ ဆိုတော့[illegible]ပြန်ဘူး။ မိသားစုတစ်စုဟာ စားဝတ်နေရေး ပြေလည်ဖို့အတွက်[illegible]ယောက်ထဲ ရှာဖွေလို့ မရဘူး။ အားလုံး တက်ညီလက်ညီ ရှာဖွေမှ အန်ကာကျတာပါ မောင်ရဲ့”

“အခြားအလုပ် လုပ်ပါလား ဝတ်မှုံ”

“လွယ်လွယ်နဲ့ ရတဲ့ ငွေမဟုတ်ပါဘူးမောင်။ ကျွန်မရဲ့ [illegible]ညီအချင်းနဲ့ရတဲ့ လုပ်အား ပေါ့။ ကျွန်မအဲဒီငွေကို တန်ဖိုး[illegible]ပြီး. . . ရယူနေတာပါမောင်။ ကျွန်မကို နားလည်ပေးစမ်းပါ [illegible]ောင်. . . နော်။”

မောင့်ရဲ့ လက်စုံကို ကိုင်ပြီး ပြေသိမ့်တောင်းပန်လိုက်သည်။

မောင့်ကို ကျွန်မ နားလည်ပါသည်။ မိခင်အိုကြီးနှင့်[illegible]ယ်တန်းကျောင်းသူ ညီမတစ်ယောက်ကို ရှာဖွေ ကျွေးမွေးနေရသော မောင်သည်လည်း ကျွန်မနှင့် ရုံးဌာနခြင်း အတူတူမှ[illegible]ာက်တန်းစာရေး တစ်ဦးဖြစ်သည်။ မောင်သည်လည်း ကျွန်မ[illegible] အပိုဝင်ငွေ ရှာရသည်။ လက်နှိပ်စက် ကျွမ်းကျင်သော မောင်[illegible]သည် [illegible] လက်နှိပ်စက် [illegible] အပိုဝင်ငွေ ရှာရ[illegible] [illegible]ဘာနေ [illegible] ရောက်လာသောအခါ ကျွန်မ[illegible]သင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အခကြေးငွေ မတတ်နိုင်သေးသော မောင့်အတွက်လည်း အခက်အခဲ ရှိနေလေသည်။ ကျွန်မပေးသည့် ငွေကြေး အကူအညီကိုလည်း မောင်ရဲ့ ယောကျ်ားမာနဖြင့် အမြဲငြင်းဆန်ခဲ့သည်။

ကျွန်မ၏ အပိုဝင်ငွေကတော့ တဟုန်ထိုး မြင့်တက်လာသော မြင့်မားလာသော ကုန်ဈေးနှုန်းကို အမှီလိုက် ဖြေရှင်းနိုင်သဖြင့် မိသားစု ဝမ်းဝရုံမက ခါးလှနိုင်ခဲ့ပြီး ဆေးကောင်းဝါးကောင်း မှီဝဲခွင့် အဟာရရှိရှိ စားသုံးနိုင်ခွင့်ကြောင့် ဖခင်၏ ကျန်းမာရေး အခြေအနေပင် ကောင်းမွန်လာခဲ့သည်။ ကိုင်း. . . ဘာလိုသေးသနည်း။

ကျွန်မ ဤအလုပ်ကိုကောစွန့်ပြစ်နိုင်ပါမည်လား။

"ဝတ်မှုံ"

"မောင်"

"မင်း. . . အခြားလုပ်ငန်းတစ်ခုခုကို ကူးပြောင်းဖို့ စိတ်မကူးတော့ဘူးလား"

"ကျွန်မ. . . အတွက် ဒီအလုပ်ထက် ဝင်ငွေကောင်းတဲ့ အလုပ် ရှာမတွေ့သေးဘူးမောင်။ မောင်တွေ့ထားတာရှိရင် ပြောလေ"

"ကွန်ပျူတာ မင်း တတ်ထားတာပဲ။ ကွန်ပျူတာစာစီ တစ်ခုခုမှာ ဝင်လုပ်ပါလား၊ မောင့်မိတ်ဆွေရဲ့ မိုးရွှေရည် ကွန်ပျူတာမှာ မောင်ပြောပေးမယ်လေ"

"လခ ဘယ်လောက်ရမှာလဲ"

"တစ်လ နှစ်ထောင်တော့ ရလိမ့်မယ်"





ကျွန်မ ရယ်လိုက်ချင်သည်။ သို့သော် ကျွန်မ ရယ်လိုက်ချင် မောင့်အပေါ် မခန့်လေးစားနှင့် လှောင်ပြောင်ရာ ရောက်သွားမှာစိုးသဖြင့် ကျွန်မ မြိုသိပ်ထားလိုက်ရသည်။ မောင်ပြောသော တစ်လဝင်ငွေသည် ကျွန်မ၏ တစ်ရက်စာ ဝင်ငွေကိုပင် [illegible]နိုင်ပါလား။

"ကျွန်မ. . . အလုပ်က မောင်ပြောတဲ့ အလုပ်ထက် ဝင်ငွေကောင်းနေတယ်။ ကျွန်မ ဆက်လုပ်ပါရစေဦးနော်. . . မောင်"

"မင်း. . . ပျက်စီးသွားမှာ မကြောက်ဘူးလား"

"ဒါက လူတွင်ပါလို့ နွားကျားကိုက်တာပါမောင်။ ကျွန်မ [illegible]ကို ကျွန်မ နိုင်ပါတယ်။ ငွေဟာ လူ့သည်းခြေကြိုက်ဆိုပေမယ့် [illegible]လွယ်နဲ့ ရတဲ့ငွေကို ကျွန်မ မမက်မောပါဘူး။ ကျွန်မလေ. . . [illegible]ောင်ရင်ခွင်ကို အမက်မောဆုံးပါ။ ဒါပေမယ့် မိသားစု နှစ်စု [illegible]င်းစပ်ဖို့ ဝေးနေကြသေးတဲ့ အချိန်တွေကို နီးအောင် ကြိုးစား[illegible]ရတဲ့ ဒီအချိန်မှာတော့ ကျွန်မကို မောင်ခွင့်လွှတ်နားလည်ပေး[illegible]ပါမောင်ရယ်နော်. . ."

ကျွန်မ မောင့်ရင်ခွင့်ထဲ ခေါင်းထိုးဝင်ကာ မောင့်သောက[illegible]စေရေး ကြိုးမမ်းလိုက်သည်။

"မောင်က နားလည်ပေမယ့်. . . . ပတ်ဝန်းကျင်က မင်း[illegible] အပေါ် အမြင်တိမ်းစောင်းကြတယ်"

"ကိစ္စမရှိပါဘူး။ အမှန်တရားဘက်မှာ အချိန်ဆိုတဲ့ [illegible]နေ[illegible]တယ်မောင်. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒီလိုဆိုရင်လည်း မောင်ရယ်. . . ကျွန်မ သီချင်းဆိုတဲ့ဆီမှာ မောင်လည်း စားပွဲထိုးလိုက်လုပ်ပါလား။ ကျွန်မကို မောင် အနီးကပ် စောင့်ရှောက်နိုင်တာပေါ့. . . ။ ဒါပေမယ့်. . . မောင် အရက်သောက်မှာ ကျွန်မ စိုးရိမ်တယ်။"

"အရက်အတွက်တော့ မောင့်ကို ယုံကြည်စိတ်ချတယ်။ ဒါပေမယ့် မောင့်ကို မောင်စိတ်မချတာ တစ်ခုပဲရှိတယ်"

"အဘာလဲမောင်"

"မြော်. . . မင်းကို ယစ်မူးနေတဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတဲ့ အကြည့်တွေရယ်။ ထိပါးရိကာပ်။ လုပ်ပြီး ပန်းကုံးစွပ်နေကြတဲ့ လက်တွေရယ်. . . ဒါတွေ. . . ဒါတွေကို ကြည့်နိုင်တဲ့ အင်အားသည် မောင့်မှာ မရှိဘူး. . ."

"ကျွန်မရဲ့ အနုပညာနဲ့ အလုပ်ကို နားလည်ခံစားပေးပါလား မောင်. . ."

"အိုကွာ. . အနုပညာမျက်စိမရှိဘူးလို့ပဲ ပြောပြော ဘာပဲပြောပြောကွာ. . မောင့်အနေနဲ့တော့ မင်းကို ဒီအလုပ်မျိုး မလုပ်စေချင်ဘူး"

"မောင်ရယ်"

ကျွန်မသည် မောင့်ကို စေ်မံ ရှင်းပြနိုင်သော အကြောင်းများ ကုန်ဆုံးသွားသည်။





"မင်းရဲ့ အလုပ်ဟာ မင်းနဲ့မောင် လက်ထပ်ရေးမှာ အနှောက်အယှက်တစ်ခု ဖြစ်နေတယ်ဆိုရင်ကော"

ဒီတစ်ခါ တည်ငြိမ်နေသောကန်ရေးပြင်ထဲသို့ ခဲတစ်လုံး ပြစ်ချလိုက်သူမှာ ကျွန်မကိုယ်တိုင်ဖြစ်သွားသည်။ ကျွန်မရင်ထဲသို့ မောင်သည် မီးစတစ်စနှင့်ထိုးနှက်လိုက်လေပြီ။

"မောင်. . . ."

". . . . ."

"ကျွန်မကို နားလည်စမ်းပါလို့သာ ကျွန်မပြောပါရစေတော့"

မောင်က သက်ပြင်းချလိုက်သည်။ ထို့နောက် ကျွန်မကို ခိုးစွာ ကြည့်လျက်က ဦးစွာထလိုက်ပြီး ကျွန်မကို လက်ကမ်းပေးလိုက်သည်။

"ပြန်ကြရအောင်. . ဝတ်မှုံ"

ကျွန်မ မောင့်လက်ကို အားပြုလိုက်သည်။ ကျွန်မလက်ကို မောင်အမြဲတမ်း တွဲသွားနိုင်ပါစေဟုသာ စိတ်ထဲက ကြိတ်၍ ဆုတောင်းရင်း ချစ်သူနယ်မြေ အင်းယားကန်ဘောင်မြေကို ကျော်ခိုင်း လိုက်သည်။

*  *  *  *

ထိုင်ဝမ်းမှာ ညှိသည်တော်တစ်ဦးက ဆုတော်ငွေ အစ်သောင်းနှင့်အတူ ပန်းမြတ်မာလာ၏ ပင်တိုင်အဆိုတော် ခင်ဝတ်မှုံအား "မောင်" သီချင်းကို သီဆိုပေးပါရန်. . . .



www.burmeseclassic.com

www.burmeseclassic.com



လတ်ခုပ်ဩဘာသံများ၏ ကြိုဆိုမှုက ကျွန်မ၏ ဗီဇ ဝါသနာ သွေးကြောထဲသို့ စိမ့်ဝင်သွားသည်။ ကာရာအိုကေ ထီးလုံးသံများက ကျွန်မ၏ ခံစားမှုကို ဆူပွက်သွားစေရန် ဖန်တီး လိုက်သည်။

တစ်ပတ်နီးပါးရှိပြီ ထင်ပါသည်။ ဆုတော်ငွေ တစ်သောင်း နှင့်အတူ "မောင်"သီချင်းကို သီဆိုခိုင်တတ်သော ထိုင်ဝမ်မှ ညှော့သည်တော်က "မောင်"နှင့် ပတ်သက်၍ မည်သည့် ခံစားမှု ရှိသည်ကို ကျွန်မ မသိနိုင်သော်လည်း ကျွန်မ၏ "မောင်" ခံစားချက် တတော့. . . .

xxx မောင် xxxx စက္ကန့် မလပ် မေ့လို့မရပါတယ် xxx xxx မောင် xxx နီးရက်နဲ့ဝေးလို့သွားမှာကို xxx မောင်xxx xx တွေးတွေးပြီး ဝမ်းနည်းလို့လာတယ်xxx xxxမောင် xxxx အတူတူနေကြရအောင်လား xxx

မောင်နှင့်ပတ်သက်၍ ခံစားမှုအဝဝတို့သည် တိုက်ဆိုင်မှု ရှိသော ဤသီချင်းကို အသည်းလှိုက်အူလှိုက် သီဆိုရင်းဖြင့် သာ. . .

၉-၈-၉၄
ပွင့်ဦးရုပ်စုံမဂ္ဂဇင်း
၁၉၉၄၊ အမှတ်(၁)





www.burmeseclassic.com

www.burmeseclassic.com

## သိချင်းရုံးနိုး

"ဟိုတက်ခြံက လင်မယားရန်ဖြစ်နေကြပြန်ပြီထင်တယ်"

"ဟုတ်တယ်ဖွားဖွား၊ သူတို့ ညနေတိုင်း ရန်ဖြစ်ကြလို့ သမီးတို့တော့ ရိုးနေပါပြီ"

"ဖွားဖွား ဒီကိုရောက်တာ တစ်ပတ်ရှိသွားပြီ၊ ညနေတိုင်း ရန်ဖြစ်သံကြားရတယ်. . . ဒင်းတို့ ရန်မဖြစ်တဲ့နေ့မရှိဘူးလား"။

"ရှိတယ်ဖွားဖွား. . . လခထုတ်တဲ့ရက်ဆိုရင် ရန်ဖြစ်သံမကြားရဘူး"

"ဟော. . . ဒီလိုလား"

ဖွားဖွားပျားသည် နေ့ဒုက်ထပ်စကားမဆက်တော့။ တော်လမြိုင်မြို့တွင် နေထိုင်သော ဖွားဖွားပျားသည် ရန်ကုန်မြို့နေ မြေးဖြစ်သူ ကျောင်းဆရာမ မခင်ခင်ထံ ခေတ္တအလည်လာစဉ် အိမ်နီးနားချင်း လင်မယားရန်ဖြစ်သည်ကို မေးမြန်းနေခြင်း ဖြစ်သည်။ ခင်ခင်ကဖြေ၏။

ခဏအကြာတွင် ဖွားဖွားပျားက "အဖွားညောင်းတယ် ကွယ်. . . ခြံထဲလမ်းလျှောက်ဦးမယ်"ဟု ပြောပြီး အိမ်အောက်သို့ ဆင်းသွားသည်။

"အား. . . . အား. . . . အား"

နော်ရှင်ရွှေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျီးကန်းနှစ်ကောင်က ဖွားဖွားပျား၏ ခေါင်းပေါ်မှ ဝဲပျံ
အော်နေခြင်းဖြစ်သည်။

"သမီးရေ. . . . ကျီးကန်းတွေ ဖွားဖွားကို လိုက်ထိုးနေပြီ
ထင်တယ်. . . လိုက်မောင်းပေးလိုက်ဦး"

ခင်ခင်က သမီးချိုချိုကို ပြောလိုက်သည်။

ချိုချိုသည် ခြံထဲဆင်းပြီး ဖွားဖွားပျား နောက်လိုက်သွား
သည်။

"ဖွားဖွား. . . . ခြံထောင့်က အုန်းပင်ပေါ်မှာ ကျီးသိုက်
ရှိတယ် ကျီးကန်းကလေးတွေ ပေါက်နေတယ်"ချိုချိုက ပြောသည်။

"အော်. . . ဒါကြောင့်ကိုး။ ကျီးကန်းကလေးတွေကို
ကာကွယ်တဲ့အနေနဲ့ ကျီးဖိုနဲ့ကျီးမက အဖွားကို ရန်လုပ်နေတာ
. . . ကိစ္စမရှိပါဘူးကွယ်. ."

ဖွားဖွားပျားသည် ကျီးကန်းများကို မမှုဘဲ ခြံထဲရှိ
အပင်များကို ကြည့်ရင်း တစ်ဖက်ခြံစည်းရိုးနားသို့ ကပ်သွားသည်။
ချိုချိုက ဖွားဖွားပျားနောက်မှ လိုက်သွားသည်။

ကျီးကန်းနှစ်ကောင်သည် အုန်းလက်ပေါ်တွင်နားရင်း
"တအားအား"အော်မြည်ကာ အုန်းလက်များကို ထိုးဆိတ်နေကြ
သည်။

"ဟိုဘက်ခြံမှာလဲပဲ၊ ပန်းပင်တွေ တော်တော်စုံတယ်နော်"

"ဟုတ်တယ်ဖွားဖွား. . . ဂမုန်းပင်တွေက ပိုများတယ်"
ချိုချိုက ပြောသည်။





"ဂမုန်းပင်တွေက စိုက်တိုင်းမကောင်းဘူး။ တစ်ချို့
နှုန်းတ လူကိုခိုက်တတ်တယ်"

"မေမေတောင် ဂမုန်းတစ်မျိုးကို ကြိုက်လို့ ဟိုဘက်ခြံက
တောင်းယူပြီး စိုက်ထားသေးတယ်. . ."

"ဘယ်လိုဂမုန်းလဲ"

"သမီးတို့အိမ်ရှေ့မှာ အိုးသေးသေးလေးနဲ့ စိုက်ထား
တယ်၊ အရွက်မရှိဘူး၊ ဆူးနဲ့၊ အမွှေးတွေနဲ့"

"ဘာဂမုန်းလဲ"

"သမီးလည်း နာမည်မသိဘူး"

"လာ. . . သွားကြည့်ရအောင်"

ချိုချိုသည် ဖွားဖွားပျားကို ခေါ်ပြီး သူ့မေမေ စိုက်ထား
သော ဂမုန်းကို ပြလိုက်သည်။

"ဟာ. . . ဒါ. . . ဒါ ဘီလူးဂမုန်းလို့ခေါ်တယ်"

"ရှင်"

"ဘီလူးဂမုန်းကွဲ. . . . အိမ်မှာမစိုက်ကောင်းဘူး"

"ရန်များတယ်၊ ရန်ဖြစ်တတ်တယ်၊ အိမ်ပူတယ်လို့
လူကြီးတွေ ဖြောကြတာပဲ"

"ဒီဂမုန်းကို ဟိုဘက်ခြံကရတာလား။"

"ဟုတ်တယ်ဖွားဖွား. . . . ဟိုဘက်ခြံမှာ အဲဒီဂမုန်းတွေ
များကြီး "ချိုချိုက အားပါးတရပြောလိုက်သည်။

. . . . ဟုတ်ပြီ. . . . ဟုတ်ပြီ. . ဒါကြောင့်. . . ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဟိုအက်ခြံက လင်မယားအမြဲရန်ဖြစ်တာ ဒီဂမုန်းကြောင့်... မစိုက်နဲ့... မစိုက်နဲ့ ဒီဂမုန်းကို"

"မေမေ့ကို ပြောဖွားဖွား"

"အေး... အေး... ဒီဂမုန်းမစိုက်ဖို့ ခင်ခင့်ကို ပြောရမယ်"

အိမ်ပေါ်သို့ရောက်သောအခါ ချိုချိုက ဘီလူးဂမုန်းအကြောင်းကို မိခင်ဖြစ်သူအား ပြောပြလိုက်သည်။

"ဟုတ်တယ်.... မြေး အဲဒီဂမုန်းကို အိမ်တွေမှာ မစိုက်ကောင်းဘူး"

"သမီးတို့အိမ်မှာတော့ ရန်မဖြစ်ပါဘူး"ချိုချိုက ပြောလိုက်သည်။

"အဲဒါ... သမီးတို့က ကလေးကောင်းနေတယ်.... နောက်ပြီးတော့ ဘုရားတရားကို မမေ့ဘူး။ ဒါကြောင့်.... ဒါကြောင့်"

"ဒီလိုဆိုရင်... ဒီဘီလူးဂမုန်းကို ဘယ်လိုလွှင့်ရမလဲ" ချိုချိုက မေးလိုက်သည်။

"တစ်နေရာရာကို ပို့လိုက်ပေါ့"

"အဲဒီတစ်နေရာရာမှာ ရန်ဖြစ်ရင်ကော"

"ဘုန်းကြီးကျောင်းကို ပို့လိုက်ကြတာပေါ့ သမီးရယ်" ခင်ခင်က ဝင်ပြောသည်။

"ဟိုအက်ခြံကို ဒီဘီလူးဂမုန်းအကြောင်းပြောပြရင်ကောင်းမလားပဲ" ချိုချိုက ပြောသည်။





"မေမေ.. ကျွန်မသလိုပြောပြလိုက်ပါမယ်"ခင်ခင်က ပြောလိုက်သည်။

*   *   *   *   *

နောက်တစ်နေ့နံနက်တွင် မင်းခင်၏ ညီမငယ်သန်းသန်း ခင်ခင်တို့ထံ ရောက်လာသည်။

"ဖွားဖွား... သမီးဖွားဖွားကို လာခေါ်တာ... သမီးတို့အိမ်မှာ လိုက်နေဖို့ ဖွားဖွားပျော်သလောက်"

"အေး... အေး... ငါ့မြေးတွေနဲ့ တွေ့ချင်တယ်... လိုက်ခဲ့မယ်။ ဖေဖေတို့ကို ဘာလို့ခေါ်မလာတာလဲ"

"အဖွားရယ်... ဘတ်စ်ကားစီးရတာမလွယ်ဘူး။ အခု... သမီးဖွားဖွားကို တက္ကစီငှားပြီး ခေါ်သွားမှာပါ"

"ခင်ခင်... အဖွား... သန်းသန်းနဲ့လိုက်သွားဦးမယ်၊ သုံးလေးရက်လောက်"

"ဟာ.... သုံးလေးရက်မကနေပါ... ဖွားဖွားပျော်သလောက်" သန်းသန်းက ပြောသည်။

"ဖွားဖွား... အန်တီသန်းယောကျ်ားက သဘောကောင်းရှိ ဖွားဖွားကို ဟင်းကောင်းကောင်းတွေနဲ့ ကျွေးမှာ" ချိုချိုက ပြောသည်။

"အောင်မာ... ဒီမှာရော ဟင်းမကောင်းလို့လား" ခင်ခင်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပါတယ်ဟယ်. . . ဖွားဖွားက အစားအသောက်ဒီဇာမကြောင်ပါဘူး ငါ့မြေး ငါ့မြစ်တွေနဲ့တွေ့ရရင် ကျေနပ်လှပါပြီ"

သန်းသန်းသည် အဖွားပျားကို ခေါ်သွားသည်။ ခင်ခင်အိမ်က ထွက်ခါနီးတွင် ဘီလူးဂမုန်းကို သန်းသန်းတွေ့သွားရာ. . .

"ဒီဂမုန်းကိုယ့်ကိုပေးလိုက်ပါလား"ဟု ပြောရာ-

"မယူနဲ့. . . မယူနဲ့. . . ဒါဘီလူးဂမုန်းလို့ ဖွားဖွားက ပြောတယ်။ ဒီဂမုန်းစိုက်ရင် အိမ်ပူတယ်၊ ရန်ဖြစ်တယ်တဲ့"ချိုချိုက ပြောသည်။

သန်းသန်းသည် ဂမုန်းကို မယူဖြစ်တော့. ။

* * * * *

လေးရက်အကြာတွင် အဖွားပျား ခင်ခင့်အိမ်သို့ ပြန်ရောက် လာသည်။

"ကိုယ့်တို့ တိုက်ခန်းက ကျဉ်းပြီး လေးထပ်မှာဆိုတော့ ဖွားဖွားက အနေကျဉ်းကျပ်တယ်တဲ့၊ ယူတို့ဆီကိုပဲ ပြန်ပို့ပေးပါ ဆိုလို့ ကိုယ်လာပို့တာနော်. . . . ."

သန်းသန်းက အစ်မဖြစ်သူ ခင်ခင်ကို ပြောခြင်းဖြစ်သည်။ သန်းသန်းပြန်သွားသောအခါ ဖွားဖွားပျားက-

"ငါ. . လေးရက်တောင် မနည်းအောင့်အီးနေရတာ သူတို့ လင်မယားက ဘုန့်ဘောက်တဲ့၊ နေ့တိုင်းလိုလိုပဲ ဆိုပါတော့ တစ်ချိန်မဟုတ်တစ်ချိန် ဘုဘောက်ကြ၊ စကားနိုင်လုကြနဲ့"

"ရန်ဖြစ်ကြတာလား"ချိုချိုက မေးသည်။





"ရန်ဖြစ်တဲ့သဘောပေါ့၊ တစ်ယောက်တစ်ခွန်း အော်ကြသယ်၊ ပြီးတော့ ပြန်တည့်ပြန်ရော"

"အဲဒီမှာရော. . . ဘီလူးဂမုန်းတွေ့ခဲ့လား"။

"ဘာဂမုန်းမှမတွေ့ဘူး. . . ချိုချို"

"ဒီလိုဆိုရင် ဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေကြတာလဲ" ခင်ခင်ကမေးသည်။

"နေ့နံမသင့်ဘူး ထင်ပါရဲ့ကွယ်"

ဖွားဖွားပျားသည် ထိုမျှသာပြောသည်။ ခင်ခင်နှင့်ချိုချိုသည် ဖွားဖွားပျားကို ဘာမှ ထပ်မမေးတော့။

ထိုနေ့ညနေစာစားပြီးချိန်တွင် ဖွားဖွားပျားသည် အစ်ဖက်ခြံဘက်သို့ ကြည့်ရင်း. . .

"ဟိုဘက်ခြံက တိတ်လို့ပါလား"ဟု ပြောလိုက်ရာ. . . ခင်ခင်က-

"တိတ်မှာပေါ့ဖွားဖွားရဲ့၊ သူတို့မရှိကြတော့ဘူး"ဟု ပြောလိုက်သည်။

"ဟော. . . ဘယ်ရောက်ကုန်ပြီလဲ"

"သူတို့ အိမ်ရောခြံကိုပါ ရောင်းပြီး တစ်ခြားတစ်နေရာကို ပြောင်းသွားကြပြီ၊ ချိုချိုတောင် ပွဲခရလိုက်သေး"

"အောင်မယ်. . . ငါမြစ်က တယ်ဟုတ်ပါလား၊ ပွဲခဘယ်လောက်ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မများပါဘူး ဆောင်းဂဏန်းလောက်ပါ။ ဒါတောင် ပွဲခတို့ ဈေးဆစ်သေး။ ချိုချိုက ဘယ်ရမလဲ၊ ထုံးစံအတိုင်း ပေးရမယ်လို့ ပြောတာပေါ့ နောက်ပြီး ဝယ်တဲ့သူက၊ ချိုချိုသူငယ်ချင်းရဲ့ အမေလေ ဟိုး . . ရွှမ်းပြည်နယ်က" ချိုချိုကဝင်ပြောသည်။

"နေပါဦး . . . ဟို . . . ဘီလူးဂမုန်းရော သူတို့ယူသွားသေးလား၊ ချန်ထားသလား"

ဖွားဖွားကမေးရာ-

"အောင်မယ်လေး . . . ဖွားဖွားရယ်၊ ပန်းပင်တွေဟို အကုန်မသွားတယ်၊ ဂမုန်းပင်တွေလဲ မကျန်ပါဘူး။ ဘီလူးဂမုန်း အကြောင်းတောင် မပြောလိုက်ရဘူး" ချိုချိုက ပြောရာ-

"ဟယ် . . . ဖင်းတို့ ဟိုမှာ ရန်ဖြစ်ကြအုန်းမှာပဲ"

"ဖြစ်ချင်မှဖြစ်မှာ . . . . ပိုက်ဆံရှိရင် လင်မယား ရန်ဖြစ်မှာ မဟုတ်ပါဘူး" ခင်ခင်က ပြောလိုက်သည်။

"အော် . . . ဒါနဲ့ ငါ့မြေးတို့ရဲ့ ဘီလူးဂမုန်းရော"

"မရှိတော့ဘူးဖွားဖွားရဲ့၊ သမီးရဲ့သူငယ်ချင်းအမေ အခု ဟိုဘက်ခြံကို ဝယ်တဲ့သူက ဂမုန်းတိုးတွေ့တော့ လိုချင်တယ်ဆိုလို့ ပေးလိုက်ပြီ" ချိုချိုက ပြောလိုက်ရာ "ဟယ် . . . . သူတို့အိမ်မှာ ရန်ဖြစ်နေဦးမယ်"ဟု ဖွားဖွားများက မျက်လုံးအပြူးသားဖြင့် ပြောသည်။ ခင်ခင်က-

"အဖွားရဲ့ . . . သမီးလည်း ဘီလူးဂမုန်းအကြောင်း ပြော





ပြီတော့ ချိုချိုသူငယ်ချင်းအမေက ဖြစ်ချင်ဖြစ်ပါစေ၊ လင်မယား ချင်းချင် ရန်ဖြစ်လော့ တာဆိုရှိတယ်တဲ့ . . . အိမ်က သူယောက်ျား က အေးတော့ ရန်မဖြစ်ဘူးတဲ့၊ ဒါကြောင့် ရန်ဖြစ်ချင် တယ်လို့ ပြောပြီး ယူသွားလေရဲ့ဖွားဖွား"ဟု ပြောလိုက်ရာ ဖွားဖွားပျား၏ ထံမှ-

"ဟော-တော့"ဟု အသံထွက်သွားလေတော့၏။

မင်းလှမဂ္ဂဇင်း

ဇန်နဝါရီလ ၂၀၀၀



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ရင်တွဲမြှုံး

အောင်မြင်ကျော်ကြားသော အနုပညာရှင်များ၏ နှလုံး
အိမ်ဝယ် အငုံစိတ်ကိုယ်စီရှိကြလေသည်ထင်ပါသည်။ တစ်ခါ
တစ်ရံ ထိုအငုံစိတ်က သူတို့၏ အောင်မြင်ကျော်ကြားမှုကို တွန်းအား
ပေးလှုံ့ဆော်နိုင်စွမ်းရှိသကဲ့သို့ တစ်ခါတစ်ရံတွင် တော့လည်း
သူတို့၏ ဝိညာဉ်စိတ်ကိုပါ စိုးမိုးချုပ်ကိုင်ခြယ်လှယ်နိုင် စွမ်းရှိ
ကြောင်း ကိုတော့ဖြင့် . . . .

**********

ကျွန်မဝယ်စဉ်က နှစ်သက်ခဲ့သော အိပ်ရာဝင်ပုံပြင်များ
အနက် 'စနိုးဝှိုက်'ပုံပြင်ကလေးကို အလွန်နှစ်သက်ခဲ့သည်
အားလျော်စွာ စနိုးဝှိုက်မင်းသမီးလေး ပုံရိပ်အငွေ့အသက်များက
ကျွန်မ၏ နှလုံးအိမ်သို့ တိုင်အောင် ဝင်ရောက် ပူးကပ်နိုင်လိမ့်
မည်ဟု ကျွန်မ တစ်စေ့လေးမျှတွေးထင်မထားမိခဲ့ပါချေ။

သို့သော် နှစ်ပေါင်းကာလအတော်ကြာသည့်တိုင်အောင်
အမုန်းဆိပ်သင့်ကာ မှေးမှောနေခဲ့သော ကျွန်မ၏ နှလုံးသားသည်
ရုတ်တရက်လှုံ့ဆော်မှုများကြောင့် တရေးနိုးထလာခဲ့လေသည်
"နှောင်း" ဟုမောင့်ခေါ်သံ ပီပီသသကို ကြားလိုက်ရခြင်း
ဖြင့် လည်းကောင်း။

ညာလက်ခုံပေါ်၌ ထင်ကျန်ရစ်သောနွေးထွေးမှု အငွေ့





အသက်က မောင်၏နမ်းရှိုက်သွားမှုကြောင့်လည်းကောင်း။

မျက်ဝန်းဝယ်စွန်းထင်းထင်ဟပ်ကျန်ရစ်ခဲ့သော မောင့်
အရိပ်ကြောင့် လည်းကောင်း။

ကျွန်မ လန့်ဖျတ်ကာ တရေးနိုးလာခဲ့လေပြီ။ နိုးနိုးခြင်း
ရှာဖွေမိလိုက်သည်က မောင့်ကို ဖြစ်သည်။ သို့သော် စက်ကရိယာ
တွေနှင့် ပိုက်တန်းလန်းတွေ ရှုပ်ထွေးနေသော ကိုယ့်ခန္ဓာကိုယ်၊
ကိုယ်ပြန်လည်မြင်တွေ့လိုက်ရသည့်အပြင် အသက်ကို ခက်ခက်ခဲ
ခက်ဆစ် ရှူရှိုက်နေရသော ကိုယ့်ကိုယ်ကို သတိပြုမိလိုက်မှ . .
ဆေးရုံ ငါဆေးရုံသို့ ရောက်ရှိနေပါလားဟု နားလည် လိုက်သည်။

သို့ဆိုလျှင် စောစောက မောင်အသံ၊ မောင့်အနမ်း၊
မောင့်အရိပ် . . . . ဒါတွေဟာ အိမ်မက်ပေပဲလား။

မောင့်ကို ရှာဖွေမိသည်။ မျက်နှာစိမ်းများအလယ်၌ မောင့်ကို
ရှာဖွေ၍ မတွေ့နိုင်ပြီမို့ စိတ်ကို လျှော့ချလိုက်သည်။ ထိုစဉ်
နှလုံးသား အက်ကွဲကြောင်းထဲမှ ယိုစီးထွက်လာသော သွေးစိမ်း
ရှင်ရှင်တ မျက်ဝန်းသို့ အရောက်တွင် မျက်ရည်အဖြစ် ပြောင်း
လဲကာ စိမ့်ထွက်လာခဲ့လေသည်။ လဲကျနေသော ကျွန်မခန္ဓာ
ကိုယ်ကြီး ပြန်မတ်ဖို့ အရေးတကြီးလိုအပ်လာပြီဟု ကျွန်မကိုယ်
ကျွန်မ နားလည်လိုက်လေပြီ။

*******

နှင်းဆီရောင်စုံ ပန်းစည်းကို ပွေ့ပိုက်ကာဝင်လာခဲ့သော
မောင်း"ကိုပင် ခပ်ကြောင်ကြောင်ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်သာရဲ့လားနှောင်း"

မင်းမင်းမေးခွန်းကို ကျွန်မနှုတ်ခမ်းလေး တွန့်တယ်ဆိုရုံသာ ပြုံး၍ အဖြေပေးလိုက်မိသည်။ မပီပြင်သော အပြုံးသည် အပြုံးတုဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

လူနာစောင့်အဖြစ် ကျွန်မအားစောင့်ပေးနေသော ညီမဝမ်းကွဲက ပန်းစည်းကို ကမ်းယူကာ ပန်းအိုး၌ စိုက်ပေးရင်း

"ကိုမင်းလာတုန်း . . ကျွန်မအညောင်းပြေ လမ်းလျှောက်ရင်း အချဉ်ထုတ်လေးသွားဝယ်လိုက်ဦးမယ်နော်" ဟုပြောကာ ရှောင်ထွက်သွားလေသည်။ ငှားထားသော သူနာပြုကလည်း ညီမနှင့်အတူ လိုက်ထွက်သွားသည်။

သြော် . . . ညီမတို့ကဲ့သို့ပင် အားလုံးက အသိအမှတ်ပြုထားကြသည်။ ချစ်သူစုံတွဲလေးတစ်တွဲအဖြစ် ကျွန်မနှင့်မင်းမင်းကို သိနေကြသည်။

အဆိုတော်မင်းဘုန်းကံနှင့် အဆိုတော်ရှင်နှောင်းတို့ လက်ထပ်ဖို့ရက်၊ နေရာတို့ကိုပင် စာနယ်ဇင်းလောကမှ တဆင့် အတိအလင်းဖွင့်ဟကြေညာပြီး ဖြစ်သည်။

"မင်းမင်းအခွေအခြေအနေက ဘယ်လိုလဲဟင်"

"ကောင်းတယ်၊ အရမ်းကိုကောင်းတယ် Live show ပွဲ အောင်မြင်သလို၊ အခွေလည်းပေါက်မှာပဲ။ အဲဒါတွေက အရေးမကြီးပါဘူး။ အရေးကြီးတာက နှောင်းအမြန်နေကောင်းလာဖို့ပဲ . . ."





အနုပညာသက်တမ်း(၁၅)နှစ်တာကာလ အသက်က (၁၅)နှစ်ဆိုတော့ အသက်အရွယ်ကလည်း ကျခါနီးပြီ။ အိမ်ထောင်လည်း ပြုတော့မည်။ အိမ်ထောင်ပြုလိုက်ပြီဆိုသည်နှင့် အိမ်ထောင်တာဝန်က အနည်းနှင့် အများဆိုသလို ဖိစီးလာတော့မည်။ သားသမီးရတနာကိုလည်း သူတို့ ရယူဦးမည်ဆိုတော့ "ရှင်နှောင်း"နာမည်တက်နေတုန်းတစ်ကိုယ်တော် Live show ပွဲလေးကို မင်းမင်း၏အကူအညီနှင့်လုပ်ဖော်ကိုင်ဖက် ဂီတအောင်နှမများ၏ အကူအညီတို့ဖြင့် ဖြစ်မြောက်အောင် လုပ်ပြီးစီးသွားသည့်ညမှာပင် ကျွန်မ (Heart attack)ရကာ ရန်ကုန်ဆေးရုံကြီး၏ အရေးပေါ်ကုသမှုကို အချိန်မီခံယူလိုက်နိုင်သဖြင့် သောတကြီးနှင့် ခွဲခွာဖို့ကိစ္စ မဖြစ်မြောက်တော့။

ကျွန်မ"ရှင်နှောင်း" ကျွန်မချစ်ပရိသတ်အတွက် သီချင်းတွေ အများဆုံးသီဆိုပေးနိုင်ဦးမည်လား။ သို့တည်းမဟုတ်- ကျွန်မတို့၏ အနုပညာမျိုးဆက်ကို ခံယူမည့်သားသမီးတွေအတွက် ကျွန်မဘဝ၏ ကျန်ရှိသော သက်တမ်းကို ကုန်ဆုံးရတော့မည်လား။ တွေးလိုက်ရုံနှင့် ရင်ဝယ်နာကျင်မှုဝေဒနာကို တမြေ့မြေ့ ခံစားလိုက်ရသည်။

"နှောင်း . . . လက်တွေအေးစက်နေတုန်းပါပဲလား"

"ဟင် . . ."

ကျွန်မ၏ ပိုက်တန်းလန်းတပ်ထားသောညာလက်ကို မင်းမင်းက အုပ်မိုးဆုပ်ကိုင်လိုက်သောအခါ . . . ကျွန်မ တုန်လှုပ်သွားပြီး . . . ။ လက်ကိုလည်း ဆတ်ကနဲ ရုန်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်တာ မောင့်နမ်းသွားခဲ့သော ကျွန်မ၏ ညာဘက် လက်ဖမိုး လေး။ မောင်အနမ်းအငွေ့အသက်ကြောင့် ကျွန်မ ဂီတာကြိုး များကို ကိုယ်တိုင်တီးခတ်သံစဉ် ရှာနိုင်ခဲ့သည်။ မောင့်ရဲ့ အချစ်ကြီးလွန်း၍ အမျက်ကြီးခဲ့သော ကျွန်မအတွက် ဂီတသံစဉ် သီချင်းများကို အားပါတရ ရင်ကွဲမတတ်ဟစ်အော် သီဆိုနေရခြင်း ဖြင့် ဖြေသိမ့်ကျေနပ်နိုင်ခဲ့သည်။ မေ့ပျောက်နိုင်ခဲ့သည်။

ယခုမှ. . . . အိပ်မက်ထဲတွင်မောင်နမ်းသွားခဲ့သော ညာဘက် လက်ဖမိုးလေးပေါ်မှ မောင့်အငွေ့အသက်လေး ပျောက်ဆုံး သွားမှာစိုးသဖြင့် မင်းမင်းဆုပ်ကိုင်လိုက်မှုကို ထိတ်လန့်တကြား ဆတ်ကနဲရုန်းဖယ်လိုက်သည်။

ထိုအခါမှ ကျွန်မ နှလုံးသားကို ကျွန်မသတိပြုမိ လိုက် သည်။ ကျွန်မနှလုံးသားက ကျွန်မ၏ အချစ်ဦး"မောင်" ကြောင့် အစိတ်စိတ်အမြွှာမြွှာ ပျက်စီးနေခဲ့သည်။ ထိုပျက်စီး နေသော နှလုံးသားအက်ကြောင်းများက ပေါ်ထွက်လာသော သံစဉ်များ၏ တွန်းအားက ကျွန်မကို အောင်မြင်သော အဆိုတော်တစ်ယောက် ဖြစ်အောင် ပို့ဆောင်ပေးနေသည်။ နောက်. . . ကျွန်မအား အမြဲကူညီဖေးမပေးတတ်သော . . . ကျွန်မ၏ကျောင်းနေဖက် သူငယ်ချင်း "မင်းမင်း"ခေါ် "မင်းဘုန်းဂဲ"နှင့် အနုပညာ လောက ဇာတ်ခုံပေါ်၌ ပြန်ဆုံမိကြသည်။ မိဘချင်းတလည်း ရင်းနှီးပြီးသား ဆိုတော့ ကျွန်မတို့ နှစ်ဦးကို လက်ထပ်ပေးရန် စေ့စပ်ကြောင်း လမ်းပေးထားကြသည်။ ကျွန်မ "မင်းမင်း"ကို ချစ်နိုင်မချစ်နိုင်





ကျွန်မနှလုံးသားကို တစ်ခါမှ မမေးကြည့်ခဲ့။ မင်းမင်း မေးလာတုန်း ကလည်း "ကိုယ်မသိဘူး. . . . အချစ်ဆိုတာကြီးကို ကိုယ်မယုံချင် ဘူး. . .။ ဒါပေမယ့် ယူနဲ့လက်ထပ်ပြီးရင်တော့ ယူ့အတွက် ရိုးကောင်း သားသမီးတွေအတွက် မိခင်ကောင်းဖြစ်ဖို့ ကိုတော့ ကိုယ်ဦးစားပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်။"

"အဲ ကိုယ့်အဖြေကို ယူမကြိုက်ဘူးဆိုရင် ကိုယ်နဲ့လက်ထပ်ဖို့ သူငြင်းဆန်နိုင်တယ်နော် မင်းမင်း"ဟု ကျွန်မဖြေခဲ့ဖူးသည်ကို တော့ ကျွန်မအမှတ်ရခဲ့နေတတ်သလို။ မင်းမင်းကလည်း ကျွန်မ အဖြေကို ကျေနပ်သွား၍ပဲလား၊ မကြားလိုခြင်းကြောင့်လားမသိ။ နောက်ထပ်အချစ်နှင့်ပတ်သက်သော ဆွေးနွေးမှုမျိုးမပြုလုပ်တော့ ချေ။

"နှောင်း . . . ဘာဖြစ်လို့လဲ လက်နာနေလို့လား"

မင်းမင်းက အလန့်တကြားလက်ကို ရုပ်သိမ်းလိုက်ပြီး တုန်လှုပ်စွာဖြင့် မျက်ရည်များပင် ရစ်ဝဲလာသော ကျွန်မကို တအံ့တဩကြည့်ကာ မေးလိုက်လေသည်။

ထိုအခါမှ. . . လက်ရှိ အခြေအနေအရပ်ရပ်ကို ကျွန်မ သဘောပေါက်လိုက်ပြီး ခေါင်းခါလိုက်သည်။ စိမ့်ထွက်နေသော ခြေကွဲပွင့်တို့က လွင့်စင်သွားလေသည်။

"နှောင်း. . . . ဘာဖြစ်လို့လဲ ဘာခံစားနေရလို့လဲ. . ဆရာဝန်သွားခေါ်ပေးရမလား. . "

"[illegible]မင်း. . . ကိုယ်နားပါရစေ" ထိုစကားကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ . . ပီပီသသပင် ပြောလိုက်ပြီး မျက်ခွံတံခါးကို ပိတ်ချလိုက်လေသည်။

"အိပ် . . . အိပ်လိုက်ပါ။ အိပ်ပျော်အောင်အိပ်လိုက်၊ ကိုယ်မပြန်သေးဘူး။ ယူ့ ညီမပြန်လာတဲ့အထိ ယူ့ကို စောင့်ပေးနေမယ် . . ."

မင်းမင်း၏ အလိုက်သိတတ်မှု၊ ကျွန်မအပေါ် ငဲ့ညှာမှု၊ ကူညီဖေးမမှုများက ကျွန်မ၏ အနုပညာသက်တမ်းနှင့်အတူတကွ ရှင်သန်နေခဲ့ပါလျက်၊ ကျွန်မနှလုံးသားက မင်းမင်းအပေါ် ဘာကြောင့် မတုန့်ပြန်နိုင်ရသနည်း။

မင်းမင်းကို အနားမှာထားလျက် သူ၏စောင့်ရှောက်မှုကိုလည်း ခံယူနေပါလျက်က လွင့်မျောသွားရသည်ကတော့ "မောင့်" ထံသို့ပင်။ "မောင့်"ကို ကျွန်မတွေ့ချင်လာမိသည်။ တမ်းတမ်းတတကို တွေ့ချင်စိတ်ဖြစ်ပေါ်လာမိသည်။

ကျွန်မ ပြန်လည်နေကောင်းလာဖို့ အရေးကြီးသည်။ ဒါမှ "မောင့်"ကို တွေ့ဆုံနိုင်မည်။ "မောင့်"ကိုတွေ့လျှင် . . ကျွန်မ မေးစရာတွေရှိသည်။ နောက်ဆုံးတောင်းဆိုစရာ တစ်ခုရှိသည်။

အတိတ်က မောင်သည် ကျွန်မအား တွေ့ဆုံဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ဂုမ္ဘာန်တစ်ထောင်လို စောင့်ကြပ်ကာဆီးထားသော ကျွန်မ၏အသိုင်းအဝိုင်းထဲ မောင်ဖောက်ထွင်းဝင်ရောက်ခြင်းကို မစွမ်းဆောင်နိုင်သည့်အဆုံး မောင်လက်လျှော့သွားခဲ့ပြီထင်ပါသည်။ ကျွန်မဘဝမှာ မောင်သည် အရိပ်အယောင်ပင်





သမ်းတော့ပဲ အပြီးတိုင် ပျောက်ဆုံးသွားခဲ့ လေသည်မှာ . . ယနေ့တိုင်အထိပင်။ ကျွန်မအား မောင်နာကျည်းသွားခဲ့ပြီ ထင်ပါသည်။

မောင်ဘယ်ရောက်နေသနည်း။ ရပ်လုရပ်ခင်ဖြစ် နေသော ကျွန်မနှလုံးအိမ်ကို အိပ်မက်ထဲကနေ ဝင်ရောက်ကာ နှုတ်ခတ်လှုပ်နှိုးသွားခဲ့သော "မောင့်" အတွက် ကျွန်မသည် လူ့လောကသို့ ပြန်လည်ရောက်ရှိလာခြင်းကဲ့သို့ပင် ဖြစ်နေပြီလားဟုပင် ထင်ယောင်ထင်မှားတွေးနေမိသည်။

အမှန်တကယ်လည်း မေ့လျော့နေရာမှ သတိပြန်လည်လာသည့် အချိန်ကစ၍ စက္ကန့်မလပ် မောင့်အား သတိရတမ်းတနေမိသည်မှာ အမှန်စင်စစ် ဖြစ်လေသည်။

************

ချစ်တတ်စအရွယ်မှာပင် စတင်ကာ မောင့်ကို ချစ်ခဲ့သည်ဖြစ်ရာ . . မောင်သာ ကျွန်မ၏ အချစ်ဦးဖြစ်သလို . . အချစ်ဆုံးလည်း ဖြစ်သည်ကိုတော့ ယခုမှ ကျွန်မသိလိုက်ရပြီ . . ။

ကျွန်မ . . . မောင့်ကို ချစ်လိုက်ပုံမှာ . . ရိုးရိုးကလေးနှင့်ပင် ဆန်းကြယ်လေသည်။ မြင်မြင်ခြင်းစိတ်လှုပ်ရှားကာ မောင့်ကချိုပိုးစလုပ်တော့ လက်ခံခဲ့သည်။ ချစ်သူဖြစ်သော မောင့်တို့ ကျွန်မ . . ချစ်သည်ကလွဲ၍ မောင့်အကြောင်းသိရန် ကျွန်မ မကြိုးစားခဲ့။ အကြွင်းမဲ့ယုံကြည်စွာဖြင့် ချစ်ခဲ့ခြင်းကြောင့် ကျွန်မ မောင်နာမည်၊ မောင့်ပညာအရည်အချင်း၊ မောင့်နေအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖူးသည်ကလွဲ၍ ဘာမှမသိ။ မောင့်အပေါ် နှလုံးသား တစ်ခုတည်းနှင့်သာကြည့်တတ်သော ရိုးသားမှုပေလား၊ မိုက်မဲမှု ပေလားဟု ယနေ့ထက်ထိ ကျွန်မမခွဲခြားနိုင်ခဲ့။ မျက်ကန်း အချစ်မျိုးထင်ပါသည်။

မျက်ကန်းအချစ်မျိုးဖြစ်သော်လည်း နားမကန်းခြင်း ကြောင့် ရိုးစားများသော မောင်သည် ကျွန်မထက် ကျွန်မမိဘ ဂုဏ်ကို ချစ်ခြင်းဟု ကြားသိလိုက်ရရုံနှင့် မောင့်ကို ခွင့်မလွှတ် နိုင်အောင် နာကျည်းမုန်းတီးသွားခဲ့သည်။ အဖြူရောင်သက်သက်- ကျွန်မနှလုံးသားက မောင့်တစ်ယောက် တည်းကိုသာ ပုံပြီး ချစ်ခဲ့ခြင်းဖြစ်သောကြောင့် မောင့်နှလုံးသား၊ မောင့်ဘဝတစ်ခုလုံး ကိုလည်း ကျွန်မတစ်ဦးတည်းသာမှုပိုင် ဖြစ်ချင်ခဲ့သည်။ ထိုအချစ် မျိုး ကျွန်မ- မရရှိခဲ့ပါလားဟု သိလိုက်ရသည်နှင့် အချစ်ကြီးကာ အမျက်ကြီးသွားခဲ့သည်။ မောင့်အား ဖြေရှင်းခွင့် လုံးဝ မပေးပဲ. . မောင့်ကို ချစ်သူအဖြစ်မှ စွန့်လွှတ်ခဲ့သည်။ ချစ်ခြင်း၌ လည်း လောဘရှိသော ကျွန်မ၏ အတ္တပေလားဟု ကျွန်မကိုယ် ကျွန်မ မဆန်းစစ်ခဲ့သလို မောင့်ကို မေ့ပျောက်နိုင်ရန် ကြိုးစားရင်းမှ နှလုံးအိမ်တွင် တည်လျက်ရှိသော အနုပညာဗီဇစိတ်က ကျွန်မကို အောင်မြင်သော အဆိုတော်ဘဝရောက်အောင် ပို့ဆောင် ပေး လိုက်လေသည်။ စိတ်ကို အားလပ်ခွင့်မပေးပဲ အောင်မြင်မှု သက်တမ်းအမွန့်ရှည်ကြာရေးအတွက် ကြိုးပမ်းနေခြင်းဖြင့် ကျွန်မ





နှလုံးအိမ်ကို ကျွန်မ၏ ဝါသနာအလုပ်က (၁၅)နှစ်ကြာအောင် ကြိုးကိုင်နိုင်ခဲ့လေသည်။

မည်သို့ဆိုစေကာမူ ဟဒယနှလုံးအိမ်နှင့်ခံစားမှု စိတ် အသွင် ပဋိပက္ခကြား၌ (Heart attack) ဟူသော ရောဂါဆိုး ဝင်ရောက်လာချိန်တွင် နှလုံးအိမ်၌ တည်ရှိနေသော အငုံစိတ် အခွဲအလန်းက ပြန်လည်ဦးမော့လာသည်။ ထိုအခါမှ ကျွန်မသည် မောင့်အား အစားထိုးမရနိုင်သော ချစ်ခြင်းနှင့် ချစ်ခဲ့ခြင်းပါလားဟု သိရှိလိုက်ရသလို ကျွန်မ၏ နောက်ဆုံး ထွက်သက်အထိ ကျွန်မမောင့်အား ချစ်သွားနိုင်မည် ဖြစ်ကြောင်းကို ကောင်းစွာ သိရှိလိုက်ခြင်းပင် ဖြစ်သည်။

* * * * * * *

မိဘမောင်နှမ၊ ဆွေမျိုး၊ သူငယ်ချင်း၊ အနုပညာအသိုင်း အဝိုင်းမည်သူကိုမှ အသိမပေးပဲ အိမ်ထဲမှ တိတ်တဆိတ် ထွက်ကာ ကားကိုကိုယ်တိုင်မောင်းပြီး ကျွန်မသည် ချစ်သူပျောက် ရှာပုံတော် ခရီးဖွင့်ခဲ့လေသည်။

အချစ်သည် တစ်ခါတရံ ရူးသွပ်စေတတ်သည် ထင်ပါ သည်။

နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် အိပ်မောကျနေခဲ့ သော ကာလနဂါး၏ ရုတ်တရက်နိုးထလာပုံမျိုး အချစ်ကို အမျက် ထွက်သော အဆိပ်မိဇ်ဝဒနာနှလုံးသားကြောင့် အိပ်မောကျနေခဲ့ သော ကျွန်မသည် (၁၅)နှစ်ကြာကာလမှ နိုးထလာပုံမျိုးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ယောင်တီး ယောင်တနှင့် မောင်နေထိုင်ခဲ့ရာ လမ်းကလေးဆီးသို့ ရောက်လာခဲ့သည်။ ဘုရားရေ. . . စီမံကိန်းအိမ်ရာ တိုက်ခန်းသစ်တွေ အစီအရီ နှင့် နေရာသစ်တစ်ခုကို ရောက်ရှိနေ သကဲ့သို့ ပါလား စတစ်ကာကပ်ထားသော ကားမှန်ကို အသာချပြီး ရောင်မျက်မှန်ကို မချွတ်ပဲ. . လမ်းဘေးကွမ်းယာဆိုင်၊ ဈေးဆိုင်များကို မောင့်လမ်းနာမည်ပြော၍ မေးကြည့်သည်။ "ဟုတ်ပါတယ် ဒီလမ်းပါ။ ဒါပေမယ့် ဖျက်သိမ်းပြီး တိုက်ခန်းတွေပေါ် ရောက်သွားပြီဆိုတော့ လ. ဝ. ကရုံးမှာ လိပ်စာဟောင်းနဲ့ သွားစုံစမ်းရင် ရနိုင်ပါတယ်"ဟု ရည်မွန်သောသူတစ်ဦး၏ အဖြေကို ကြားလိုက်ရတော့ ရင်ဝယ်စူးစူးရှရှနာကျင်သွားသည်။

ကျွန်မ ချစ်သူ ပျောက်ရှာခြင်းက သမုဒ္ဒရာကြမ်းပြင်သို့ ကျဆင်းထားသော ကျောက်ခဲတစ်လုံးကို ရှာဖွေခြင်းနှင့်အလား သဏ္ဍာန်တူနေလေပြီ။ ကျွန်မ မောင့်အားချစ်ခဲ့စဉ်က မောင်သည် တက္ကသိုလ်ကျောင်းသားသာရှိသေးရာ မောင့်မိဘနာမည်ကိုပင် မသိသော မောင့်အိမ်လိပ်စာကိုလည်းမသိသော ကျွန်မသည် တကယ်ကိုပင် ရူးသွပ်မိုက်မဲလွန်းသည့်အချစ်ရူးမလေး မပျော လက်သစ် ဖြစ်နေပါလား။ ဆရာဝန်တွေက ကားမောင်းခွင့်မပြု သီချင်းဆိုခြင်းကိုလည်း မလုပ်ပါနဲ့ဦး။ စိတ်ကိုအလုပ်မပေးဘဲ နားနေပါဦးဟူသော စကားကိုလည်း နားမထောင်မိဘဲ ကျွန်မ မောင့်ကို ရှာဖွေနေမိသည်။

မောင့်ကို မတွေ့နိုင်သည့်အဆုံး. . မောင်နှင့်ကျွန်မ





ချစ်သူဘဝက စတင်တွေ့ဆုံခဲ့သော၊ လည်ပတ်ခဲ့သော နေရာဟူသမျှကို ကားတစ်စီးနှင့်လှည့်ပတ်သွားလာကာ ရှာဖွေမိခဲ့လေသည်။ ရောင်မျက်မှန်အောက်မှ စီးဆင်းလာသည့် ကြေကွဲခမ်းချောင်းတို့ကိုလည်း မဟန်ထားမိ၊ ငိုပါရစေတော့၊ မောင့်အတွက် ခွဲခွာကာစက ကျခဲ့သောမျက်ရည်က နာကျည်းမှု မျက်ရည်။ ယခုကျသော မျက်ရည်က မောင့်ကို ချစ်၍ တမ်းတလွမ်းဆွတ်ပြီး ကျသော မျက်ရည် ဖြစ်သည်။ သည်မျက်ရည်သည် ကျွန်မဘဝ၌ မောင့်အတွက် နောက်ဆုံးကျသော မျက်ရည်သာဖြစ်ခြင်းကြောင့် ကျွန်မတားဆီးပိတ်ပင်ဖို့ပင် မကြိုးစားတော့။

အံ့ဩစရာကောင်းသော ကျွန်မနှလုံးသားအိမ်က မောင့်၏အတိတ်ခြေရာဟူသမျှတို့ကို ပုံရိပ်ထင်ဟပ်ကာ မောင့်ကို မြင်တွေ့နေရသည်။

မောင်ဘယ်ရောက်နေတာလဲ။ အောင်မြင် ကျော်ကြားနေသော ကျွန်မကို မောင်ဘာကြောင့် မဆက်သွယ်တာလဲ။ မောင်နှင့်ကျွန်မ ကြားမှာ လူမှုရေးစည်း ခြားသွားပြီလား။ သို့တည်းမဟုတ် မောင့်ကျွန်မကို ခါးခါးသီးသီး နာကျည်း မုန်းတီးသွားပြီလား။ ချစ်ခြင်း၌တည်ရှိနေသော အမြုတေစိတ်မှာ တစ်ခုတည်းသာ တည်ရှိလေသည်။ ထိုအမြုတေမှာ "ခွင့်လွှတ်ခြင်း"ပင်ဖြစ်သည်။

မောင်နှင့်ကျွန်မချစ်သူဘဝက တက္ကသိုလ်ကျောင်းသားကျောင်းသူအနေဖြင့်ဆိုတော့ မိဘဆွေမျိုးဂုဏ်ရှိ အသိုင်းအဝိုင်းကြီးသော ကျွန်မကို မောင် ချစ်ခြင်းကလည်း အချစ် သက်သက်



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်နိုင်သည်ကို အောင်မြင်ကျော်ကြားလူသိထင်ရှားဖြစ်သော ကျွန်မအား မောင်မဆက်သွယ်ခြင်းကလည်း သက်သေပြသကဲ့သို့ ဖြစ်နေသည်။ မည်သို့ဆိုစေကာမူ မောင်ကျွန်မကို ဘာအတွက် ချစ်ခဲ့ချစ်ခဲ့ ကျွန်မမသိချင်တော့သလို အရေးလည်းမစိုက်တော့။ ကျွန်မ သိသည်က ကျွန်မနှလုံးသား၌ ကျွန်မသည် မောင်တစ်ယောက်တည်းကိုသာ နက်ရှိုင်းစွာ ချစ်ခြင်းဖြစ်ကြောင်း ကိုပင်။

ကျွန်မဘဝကို ကျွန်မပိုင်စိုးသော ဒီနေ့တစ်နေ့တာ နောက်ဆုံးအချိန်အထိ အတိတ်က မောင့်ခြေရာလေးများ၌ မောင့်အရိပ်ကလေးများကို ပုံဖော်ရင်း လွတ်လွတ်လပ်လပ်တို့ မောင်နှင့်စိတ်ခြင်းစကားပြောတမ်းတကာ ငိုကြွေးပစ်လိုက်သည်။

နေဝင်ချိန်မှ အိမ်သို့ ပြန်ခဲ့သည်။ မပြန်၍မဖြစ်၊ မနက်ဖြန် ကျွန်မအတွက် ဘဝတစ်ခုကို ထူထောင်ရတော့မည်။

မနက်ဖြန် "မင်းမင်း"နှင့် ကျွန်မလက်ထပ်ရတော့မည် ဖြစ်သောကြောင့်ပင်။

***********

သူ့ခွဲစိတ်ကုသမှုခံယူရတော့မည်။ ဝေဒနာခံစား ရလွန်းသဖြင့် လေသံကိုပင် ဟဟမပြောနိုင်လောက်အောင် ဖြစ်နေချိန်၌ မိဘနှစ်ပါးကို သတိရခြင်းနှင့်အတူ ထူးထူးခြားခြားတစ်ရက်မှ မေ့မရနိုင်ခဲ့သော "နှောင်း"ကို ပို၍ပင် တမ်းတမ်းတတ တွေ့ခုင် လာသည်။





"နှောင်း"သူ့နှုတ်က အားအင်ချိနဲ့စွာဖြင့် ထွက်ပေါ်လာသော တမ်းတမှုကို အတွင်းသိ အစင်းသိဖြစ်သော သူငယ်ချင်းက ကြားရှုကာဒေါသနှင့်

"မင်းကွာ. . ကိုယ့်အပေါ် ဒီလောက်ဒုက္ခပေးခဲ့တဲ့ မိန်းမတစ်ယောက်ကို ဒီအချိန်အထိ တမ်းတနေတုန်းပဲလား". .

ပြောပေတော့ သူငယ်ချင်းရယ်။ ချစ်ခြင်းမှာ သာခြင်း၊ နာခြင်းမှ ရှိလေပဲ။ ချစ်ခြင်းဆိုတာ သူ့ဖာသာသူဆိုလျှင် အင်မတန် သိမ်မွေ့နူးညံ့ပြီး ချစ်စရာကောင်းလွန်းလို့ "အချစ်" ဆိုတာ ဖြစ်ပေါ်လာတာပါ။ ဒါကိုလူတွေရဲ့ စိတ်တွေက လောဘ၊ ဒေါသ၊ သံသယတွေနဲ့ အရောင်ဆိုးကြလို့သာ ချစ်ခြင်းမှာ ပြောင်းလဲခြင်း တွေဖြစ်ပေါ်လာတာပါ။ "နှောင်း"ဟာ မောင့်ကို ချစ်တမ်း စားသွားလည်း မောင်ခွင့်လွှတ်နိုင်ပါတယ်။ "နှောင်း"ကို မောင်ချစ်တာကိုး။ ချစ်လွန်းလို့ မောင့်အား ရက်စက်စွာ အကြောင်း ပြချက်တစ်စုံတစ်ရာမှ မပေးပဲ စွန့်ခွာသွားတဲ့ "နှောင်း"။ မောင်၏ ဆက်သွယ်မှုတွေကို လက်မခံပဲ စိမ်းကားစွာ ဖြတ်တောက်ခဲ့တဲ့ နှောင်းရဲ့ ဥပေက္ခာစိမ်းများရဲ့ ဒဏ်ကို မောင်မခံ နိုင်လွန်းလို့ ဂျပန်နိုင်ငံသို့ သူငယ်ချင်းနှင့်အတူ စွန့်စား ထွက်ခွာခဲ့ပြီး ခန္ဓာကိုယ်ရော စိတ်ပါ မနားတမ်း ဒလစပ် အလုပ်တွေ လုပ်ခဲ့ရာမှ နောက်ဆုံး သွေးအန်ပြီး ဆေးရုံရောက်တော့မှ အသည်းက ကျွမ်းလောင် နေပြီတဲ့။

"မင်းကသာ တမ်းတနေ သူကတော့ မနက်ဖြန် ဆိုဒိုးနား



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာ အဆိုတော်မင်းဘုန်းကျံနဲ့ လက်ထပ်တော့မယ့် သတင်း ဂျာနယ်တွေထဲမှာပါလာပြီ။ မင်းစွဲလမ်းနေလည်း အလကားပဲ . . . မင်းခေါင်းထဲကကော နှလုံးသားထဲကပါ ထုတ်ပစ်လိုက်တော့. . .”

နှလုံးသားထဲက တစ်ခုတည်း အချစ်ကိုထုတ်ပစ်လို့ ရနိုင်ကောင်းတယ်တဲ့လား။ ယောက်ျားတန်မဲ့ကျဆင်းလာသော မျက်ရည်ဟာ မောင့်နှလုံးသားက သွေးစိမ်းရှင်ရှင်ပါ“နှောင်း” မောင်တားစီးလို့ မရနိုင်ဘူး၊ ဝေဒနာသေလုမျှော့ပါး အချိန်မှာတောင် “နှောင်း”ကိုပဲ မောင်တမ်းတမိရင်း မောင့်ရဲ့ နောက်ဆုံး ထွက်သက်လေးအထိ“နှောင်း”ကို ပဲ မောင်ချစ်မြတ်နိုးစွာ တမ်းတ သွားပါရစေတော့ “နှောင်း”ရယ်။

*** *** ***

ညက အိပ်မက်မက်သည် “မောင်”ရောက်လာသည်တဲ့ အိပ်ရာမှ နိုးထထခြင်း ကျွန်မရင်ထဲ ကြည်နူးပျော်ရွှင်နေမိ သော် လည်း စက္ကန့်တန်လေးရွေ့လျားခြင်းနှင့်အတူ မိတ်ကပ် မာမီစံက ကျွန်မအား စနိုးပိုက်မင်းသမီးလို လှပနေအောင် ခြယ်မှုန်း ပြင်ဆင်နေတော့မှ “ဪ. . . မင်းမင်းနှင့်လက်ထပ်ဖို့ အချိန် နီးကပ်လာပါပြီကော”ဟု လက်ရှိအခြေအနေကို သုံးသပ်မိ လိုက် သည်နှင့် ရင်မှာ မောဟိုက်လာသည်။

“အေ. . . သတို့သမီးကလည်း မျက်ခွံတွေက မို့အစ် နေလိုက်တာ၊ မလှမှာစိုးလို့ မှောက်အိပ်ထားတာလား. . . .”





“ညည်း အသားအရေကလည်း အေးစက်လို့ သတို့သမီး တွေရဲ့ စိတ်လှုပ်ရှားတုန်လှုပ်မှုလား၊ ရင်ခုန်မှုလားအေ” မိတ်ကပ် မာမီစံဘာတွေပြောပြော ကျွန်မမတုန့်ပြန်နိုင် အသက်ရှူရှိုက်ပင် . . .ခြင်တော့။ ခြေဖျားလက်ဖျားတို့ အေးစက်ထုံကျင်လာသည်။

မင်္ဂလာခန်းမထဲသို့ မင်းမင်းလက်ကို ချိတ်တွဲပြီး ဝင်သွား . . .တော့လည်း ကျွန်မခြေထောက်သည်ပင်လျှင် ကြမ်းပြင်နှင့် . . .တွေ့ခြင်း ရှိမရှိကို ကျွန်မမသိတော့။ အားတင်းကာ သံပတ်လေး . . .ရုပ်ကလေးတစ်ရုပ်နှယ် အလိုက်သင့်လှုပ်ရှားရင်း စင်မြင့် . . .၌ ထိုင်နေစဉ် ဘိသိက်ဆရာကလည်း မင်္ဂလာ ဩဘာစာကို . . .ကြားနေလေသည်။ ထိုအချိန်တွင် ကျွန်မ နားစည်သို့ ခေါ်သံ . . .သဲ့ ရိုက်ခတ်လာသည်။

“နှောင်း” တဲ့။ မောင့်ခေါ်သံ။ ကျွန်မ မျက်ဝန်းအစုံက . . .ဝန်းလာသည်။ မောင်ရောက်လာပြီလား. . . ခန်းမအတွင်း . . .မိသည်။ ဟင်. . . “မောင်” ။ ကျွန်မအံ့အားသင့်လွန်း . . .ဖြင့် အသံပင်ထွက်သွားသည်။ မင်းမင်း ကြားသွားပြီလားဟု . . .တလန့်တဲ့စောင်းကြည့်မိလိုက်သည်။ မင်းမင်းက လှုပ်ရှားမှု . . .သဖြင့် တော်ပါသေးရဲ့ မင်းမင်းမကြားလို့။

ဟင်. . . မောင်ဝင်လာတာ ဘယ်သူမှ မတွေ့ကြဘူး . . . မောင်ကို နေရာပေးကြလေဟု စိတ်ထဲက လှမ်းပြောနေမိ . . .။

အို. . . . မောင့်နေရာက ကျွန်မ၏လက်ယာဘေးက



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းနေရာပဲ ဖြစ်သင့်တာပါ. . . .။ မောင့်ကို ဘယ်သူ မကြိုက်လျှင် ကျွန်မပဲ ဆီးကြိုလိုက်တော့မည်။ မင်းမင်းနေရာ မောင်ထိုင်ခွင့်မရနိုင်ဘူးဆိုရင်. . ကျွန်မ. . မောင့်လက်ကို တွဲ မိုးအဆုံးမြေအနှံ့ လျှောက်သွားပစ်လိုက်တော့မည်ဟု ဆုံးဖြတ် ကျွန်မထိုင်နေရာမှ ဆတ်ကနဲ ထလိုက်သည်။. . "မောင်"။

မောင့်မျက်နှာပြုံးရွှင်သွားပြီး ကျွန်မထံ ပြေးလာသည် "မောင်"။

အို စင်ပေါ်က ပြေးဆင်းသွားသော ကျွန်မကို မင်းမ လည်းမတား၊ ဘယ်သူမှ မတားကြပါလား။ ပရိသတ်တွေကလည် ဩဘာစာဖတ်ကြားနေသော ဘိတ်သိက် ဆရာ၏ အသံထဲ အာ နှစ်ထားကြလို့လားမသိနိုင်။ ကျွန်မမောင့်ထံ ပြေးသွားမှု ဟန့်တားမည့်သူ မရှိချေ။

"မောင်"

"နှောင်း"

မောင်နှင့်ကျွန်မဆုံဆည်းမိကြပြီ။ မောင့်လက်ကို တွဲချိတ် ခန်းမထဲမှ ကျွန်မတို့ ပြေးထွက်ရင်း ခန်းမအဝရောက်၍ မင်းမ အပါအဝင် ကျွန်မအား ဟန့်တားခြင်းမရှိသော မိဘဆွေမျိုး သူငယ်ချင်း ဧည့်ပရိသတ်ဟူသမျှကို ကျေးဇူးတင်သော အနေဖြင့် ကျွန်မလှည့်ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက်. . .

"ဟင်. ."





ကျွန်မအလွန်အမင်း အံ့အားသင့်သွားရလေသည်။ တို့သား မင်းဘုန်းကံ ဘေးမှာ သတို့သမီးကျွန်မတစ်ယောက်ရှိ နေပါသေးလား. . .။

**************

အောင်မြင်ကျော်ကြားသော အနုပညာရှင်များ၏ အိမ်ဝယ်အင်္ဂုံစိတ် ကိုယ်စီရှိကြလေသည် ထင်ပါသည်။ တစ်ခါ စ်ရံ ထိုအင်္ဂုံစိတ်က သူတို့၏ အောင်မြင်ကျော်ကြားမှုကို အားပေးလျှို့ဆော်နိုင်စွမ်းရှိသကဲ့သို့။ တစ်ခါတစ်ရံတွင်တော့ သည်း သူတို့၏ဝိညာဉ်စိတ်ကိုပါ စိုးမိုး ချုပ်ကိုင်ခြယ်လှယ်နိုင်စွမ်း ရှိလေသည်ဟု. . . . . . .။

Beauty Max magazine

၂၀၀၄-ဒီဇင်ဘာလ၊ အတွဲ-၁၂



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ခြင်း၏ ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ခြင်း၏ ဘုရင်မ

မိဖုရားအဖြစ်ကို မလိုလားပါဘူး။ ကိုယ်တိုင်ပဲ ဘုရင်မအဖြစ်ကို ခံယူချင်တယ်လို့ အပြောကြီးခဲ့တဲ့ ကျွန်မကို ရှင်ထို့ဟားတိုက် ရယ်မောနေကြပြီပေါ့နော်။

ကောင်းတယ် အပြောကြီးတဲ့ မိန်းမ၊ ခံလိုက်ရပြီလို့ ကျေနပ်နှစ်သိမ့်အားရမှုတွေ ဖြစ်နေကြပြီးပေါ့နော်။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ကျေနပ်စွာနဲ့ ခံယူထားမိတာက ကျွန်မဟာ ဘုရင်မပါပဲ။ အဲ တိတိကျကျပြောရရင် ချစ်ခြင်းရဲ့ ဘုရင်မ။ ဟုတ်တယ် ချစ်ခြင်း၏ ဘုရင်မပါပဲလို့. . .။

ကျွန်မဘဝတစ်သက်တာမှာ ဘယ်သောအခါမှ မမေ့ထို့မရမှာ မဟုတ်တဲ့နေ့များရဲ့ နေ့ထဲက ပထမနေ့ပေါ့နော်။

ဘီအီးဒီမှာ ပညာသင်ယူနေတဲ့ ကျွန်မဟာ တစ်နေ့တာ စာသင်ချိန်ပြီးဆုံးသွားတာနဲ့ ပြည်ဆောင်ကို ပြန်ဖို့ ပြည်လမ်းဘက်ကို ထွက်အလာမှာ. . . .

နှလုံးသားကို ဆွဲကိုင်လှုပ်လိုက်နိုင်တဲ့ မြင်ကွင်း တစ်ရပ်နဲ့ တန်းကနဲ့ သွားတိုးတယ်။ ကားအက်အီးဒင့် တစ်ခုပါပဲ။ တီတူးသောင်ဇင်တစ်စီးနဲ့ ဖယ်မလီယာ ကြက်သွေးရောင် လေးတစ်စီး တိုက်မိကြတဲ့ မြင်ကွင်းပါ။





"ဟာ တိုက်ကုန်ပြီ"

"လာ သွားကြည့်ရအောင်"

"အို သွေးသံရဲရဲနဲ့ မကြည့်ချင်ပါဘူးကွာ"

" ဘာပဲဖြစ်ဖြစ်လိုအပ်တဲ့ အကူအညီပေးရအောင် သွားသင့်တယ်"

"မကြည့်ရဲတဲ့သူတွေနေခဲ့ တို့တော့သွားပြီ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် အပြောဟာ ကျွန်မနားထဲမဝင်တစ်ချက် ဝင်တစ်ချက်နဲ့ ရှိနေတယ်။ ဒါပေမယ့် ကျွန်မခြေလှမ်းတွေဟာ အားလုံးထက် စောစီးစွာ ယာဉ်တိုက်မှုနေရာရောက်သွားတယ်။

စိတ်ထဲ ထင့်ကနဲ စိုးရိမ်တစ်ကြီးဖြစ်သွားတဲ့အတိုင်းပါပဲ။ ဖယ်မလီယာခေါင်းခန်းထဲမှာ သွေးသံရဲရဲနဲ့ မေ့မျောနေတာလား၊ ဝိညာဉ်ကင်းမဲ့နေတာလားလို့ ရုတ်တရက်မသိနိုင်တဲ့ အနေအထားနဲ့ လူသားနှစ်ဦးကို တွေ့လိုက်ရတယ်။

"ဟင် ဦးအောင်နိုင်ကြီး"

ဖေဖေတို့ ဌာနက အင်ဂျင်နီယာဦးအောင်နိုင်နဲ့ လွန်ခဲ့သော ရက်သတ္တပတ် ၃ ပတ်ကမှ လက်ထပ်လိုက်တဲ့ ဇနီးချော ဒေါ်ဝါဝါပါ။

ဦးအောင်နိုင်ဟာ ဒေါ်ဝါဝါရဲ့ ဘက်ကို စောင်းပြီး ညာလက်ဟာ ဒေါ်ဝါဝါရဲ့ဘယ်ဘက်လက်ကောက်ဝတ်ကိုအားကြပ်နေအောင် ဆုပ်ကိုင်ထားလျက်။



www.burmeseclassic.com

www.burmeseclassic.com



ချတ်စိတစ်မှိတ်လျှပ်တစ်ပြက် အတွင်းမှာတောင် သူ့ရဲ့အသိတရားမှာ ဒေါ်ဝါဝါ ရှိနေတယ်လား။ ဒီအထိအောင်ပဲ ဒေါ်ဝါဝါကို ချစ်ရသလား ဦးအောင်နိုင်ရယ်။

"ဦးအောင်နိုင်ကြီးတော့ ဒုက္ခပါပဲ. . . . . သူ. . . . ဒေါ်ဝါဝါကို သိပ်ချစ်တာ"

ကျွန်မနှုတ်က သူငယ်ချင်းတွေကို ပြောသလိုလိုနဲ့ ညီးတွားလိုက်မိခဲ့တယ် ထင်ပါရဲ့ ဦးအောင်နိုင်ရယ်. . ။ ကျွန်မရင်ထဲမှာဆို့နစ်မွန်းကြပ်နေတာတော့ အမှန်ပဲ။

နောက်အမှတ်တရနေ့များရဲ့ နေ့ထဲက ဒုတိယနေ့ပါ ဦးအောင်နိုင်။

လာသမျှသော အသုဘ ပို့ပရိတ်သတ်တွေကို လုံးဝစကားမပြောနိုင်ပဲ ဒေါ်ဝါဝါရဲ့ ရုပ်ကလာပ်ကိုသာ မျက်ရည်တွင်တွင်ကျ ပြီးငေးစိုက် ကြည့်နေတဲ့ ဦးအောင်နိုင်ရဲ့ ရင်ကို ဖောက်ထွင်းပြီး ကျွန်မမြင်နေရတယ်။ ဦးအောင်နိုင်ရဲ့ အသည်းနှလုံးတွေဟာ တစ်စစီတစ်စစီ မွမွကြေအက်ကွဲပြီး လွင့်မျောနေတယ်။ တွယ်ရာမဲ့စွာ ဆောက်တည်ရာမဲ့စွာ ခံစားနေရတယ်ဆိုတာ ကျွန်မမြင်နေရတယ် ဦးအောင်နိုင်။

ဦးအောင်နိုင်ဖေဖေတို့ ဌာနကိုရောက်လာတုန်းက မွန်ဟာ ငါးနှစ်သမီးပဲ ရှိသေးတယ်နော်။ မွန့်ကို ချီပိုးလာခဲ့တဲ့ ဦးအောင်နိုင်ဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်ဥပတ်ကမှ ဒေါ်ဝါဝါနဲ့ လက်ထပ်ခဲ့တာ မွန်တောင် အဲဒီလက်ထပ်ပွဲကို လိုက်ခဲ့သေး





ယ်နော်။ ဒေါ်ဝါဝါဟာ အဝါရောင်ဝတ်စုံနဲ့ သိပ်လိုက်ဖက်တာပဲ. . . ။

အခုလည်း အဝါရောင်ဝတ်စုံပါပဲ။ နှင်းဆီပန်း အဝါလေးတွေတာ ဒေါ်ဝါဝါရဲ့ တစ်ကိုယ်လုံး ဖုံးအုပ်ထားတယ်။ ဒါ ဦးအောင်နိုင်ရဲ့ မေတ္တာပန်းတွေပဲပေါ့နော်။ ဦးအောင်နိုင်ရဲ့ တ်ထဲမှာလည်း ဆူးသင်ထားတဲ့ အဝါရောင်နှင်းဆီစည်းလေး နေတယ်။ ဩော် ဝိညာဉ်မဲ့တဲ့ ရုပ်ကလာပ်ကိုတောင် နှင်းဆီ စူးမှာ ကြောက်တယ်တဲ့လား ဦးအောင်နိုင်ရယ်။ ဒီလောက် ထိအောင် ဒေါ်ဝါဝါကို ချစ်ရတယ်လား။

ကျွန်မရဲ့ အာရုံ ဟူသမျှကို ဦးအောင်နိုင်နဲ့ ဒေါ်ဝါဝါရဲ့ တွင်းက ဖမ်းစားထားတယ်။

အို. . . ကြည့်စမ်း. . . . ဦးအောင်နိုင်ရယ် ရှင်ကြီးဟာ ချစ်တတ်တဲ့ အသည်းနှလုံးပိုင်ရှင်ပါလား။

အခေါင်းကို ပိတ်ခါနီးမှ ရှင်ဟာဒေါ်ဝါဝါရဲ့ မျက်နှာကို ခဲ့နှင်းဆီစည်းလေးကို ထည့်သွင်းရင်းနဲ့ ဒေါ်ဝါဝါရဲ့ မဟာနွယ် လေးကို ငုံနမ်းလိုက်တယ်နော်။

ပရိတ်သတ်တွေ ဟာကနဲဟင်ကနဲ အံ့အားသင့် အာမေဋိတ် တွေ ထွက်သွားတယ်။

ကျွန်မကတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျသွား ဦးအောင်နိုင်ရဲ့ မျက်လုံးအိမ်အတွင်းမှ တစ်ဆင့် နှလုံးသားရဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်စွမ်းအားကို တအံ့တသြငေးမောရင်း. . . . ကျွန်မ ရင်ထွေး တလှုပ်လှုပ်နဲ့ မခုန်စဖူး ခုန်နေခဲ့ပါတယ် ဦးအောင်နိုင်. . . ။

နောက် ကျွန်မဘီအီးဒီ ပြီးတဲ့နှစ်မှာပဲ ဦးအောင်နိုင် ဖေဖေ့ဌာနကနေ အခြားဌာနကို ပြောင်းရတော့မယ်တဲ့၊ အဲဒီ အချိန်မှာ ကျွန်မကို ဦးအောင်နိုင် လက်ထပ်ခွင့်တောင်းတယ်။

ကျွန်မ. . . ဘာကိုဆုံးဖြတ်ချက်ချမှာလဲ။ ကျွန်မအနားမှာ ဝိုင်းဝိုင်းလည်အောင် ရှိနေသော ဂုဏ်သရေရှိ အမျိုးကောင်းသား တို့ကိုတောင် အရေးမစိုက်ဘဲ ကိုယ်တိုင်ပဲ ဘုရင်မဘဝကို ယူတော့ မယ်ဆိုတဲ့ ကျွန်မဦးနှောက်မှာ စဉ်းစားခြင်း ဆိုတဲ့ အလုပ်တွေပိတ် နေတယ်။

ဒါပေမယ့် ကျွန်မဟာ မိဘဆွေမျိုး၊ သူငယ်ချင်းမိတ်ဆွေ အသိုင်းအဝိုင်းဟူသမျှတို့ လုံးဝသဘောတူညီချက်မပါပါဘဲလျက် မုဆိုးဖိုဦးအောင်နိုင်ကို လက်ထပ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆို တော့. . . ။

ဒေါ်ဝါဝါကို ချစ်တဲ့အချစ် အစား ကျွန်မကို အစားထိုး ချစ်တယ်လို့ ဆိုဦး၊ ဦးအောင်နိုင်ရဲ့ အချစ်ထုထည်ဟာ ကျွန်မ အပေါ်မှာ ဒေါ်ဝါဝါလောက် မဟုတ်တဲ့တိုင်အောင် ဒေါ်ဝါဝါနီးပါး ချစ်နိုင်ပြီး ကျွန်မသေဆုံးသွားတဲ့အခါမှာ ဒေါ်ဝါဝါကို ပြုမူသကဲ့သို့ ကျွန်မကိုလည်း ပြုမူခဲ့ရင် ကျွန်မ. . . . ကျွန်မဝိညာဉ် ဟာ. . . . ။

" အာ. . . ကိုကို. . . . ကိုကို"





ကျွန်မထိတ်လန့်တကြားနိုးထလာတယ်။ "ဘာလဲ မွန် ဘာဖြစ်လို့လဲ ရေသောက်လိုက်ဦး"

ဦးအောင်နိုင်က ရေတစ်ခွက် တိုက်လိုက်တယ်။ ဒါပေ မယ့် ကျွန်မရင်ခုန်မှု တုန်လှုပ်မှုအရှိန်ဟာ ပျောက်ပြယ် မသွား သေးဘူး ဦးအောင်နိုင်. . . ။

"ဘာဖြစ်လို့လဲ မွန်လေး"

"ကျွန်မ. . . . ကျွန်မ အိမ်မက်မက်တယ်ကိုကို"

ဦးအောင်နိုင်က တအံ့တသြနဲ့ ကျွန်မမျက်နှာကို ငေးကြည့်ပြီး ငူငူကြီးထိုင်နေတယ်။ သူ့မျက်နှာက ညိုမှိုင်းနေတယ်။ ကျွန်မကို ဘာအိမ်မက်လဲလို့ မမေးဘူး. . . ။ တစ်နေရာရာကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေတယ်။ အိမ်ရှေ့တံခါးဝဆီကိုလား ဦးအောင်နိုင်. . . . ။

"ကျွန်မအိမ်မက်ကို . . . ကိုကိုမမေးလဲပြောတော့မယ်"

ကျွန်မတို့ အိမ်ကို ဒေါ်ဝါဝါရောက်လာတယ်. . . ။

"မွန်လေးနဲ့ အတူတူ နေချင်တယ်။ နေရမလား"လို့ ကျွန်မကို ကြည့်ပြီး မေးတယ်။ ကျွန်မက ဒေါ်ဝါဝါကို မကျေနပ်စွာ ကြည့်ရင်းနဲ့ပဲ. . . . ။ "နေချင်နေပေါ့ အိမ်က အကျယ်ကြီးပဲလို့" စိတ်မပါတပါနဲ့ ဝတ္တရားတစ်ရပ်လို ဖြေလိုက်မိတယ်။ "ကောင်းပြီ" လို့ ပြောပြီး ဒေါ်ဝါဝါဟာ ကျွန်မကို ပြုံးကြည့်တယ်။ အဲဒီအချိန်မှာ ကျွန်မသတိထားလိုက်မိတာက ဒေါ်ဝါဝါပွဲချင်းပြီး သေဆုံးစဉ်က အသားထဲမှာ ဝတ်ထားတဲ့ငုဝါရောင်ဝမ်းဆက်ကလေးနဲ့ နှင်းဆီဝါ

www.burmeseclassic.com



လေး ပန်ထားသလိုဘဲ။ ကျွန်မလန့်လာတယ်။ ရှင်ပြန်တော့လို့ ပါးစပ်ကအားယူလိုက်တယ်။ ဒါပေမယ့် မရဘူး။ အဲဒီအချိန်မှာ ကျွန်မ လန့်နိုးလာခဲ့တယ်လို့ ဦးအောင်နိုင်ကို ကျွန်မပြောပြတော့ ဦးအောင်နိုင်က သက်ပြင်းချပြီး . . . ။

"မွန်လေး မကြောက်နဲ့နော် ကိုကိုလည်း ခုနကအိပ်မက် မက်တယ် ဝါဟာ အိမ်ရှေ့တံခါးပေါက်ကနေ ဝင်လာတာကို ကိုကို လှမ်းတွေ့လိုက်ရတယ်။ မွန်ပြောသလို ငုဝါရောင်ဇလေးနဲ့"

"အို . . . ကိုကိုရယ်"

လောကကြီးရဲ့ ဆန်းကြယ်မှုကို ကျွန်မ မယုံကြည်နိုင် အောင်ပဲ ဖြစ်ရတယ်၊ ဦးအောင်နိုင်ဟာ သူ့ရဲ့ သေတ္တာထဲမှ တယ တယသိမ်းဆည်းထားတဲ့ ဒေါ်ဝါဝါရဲ့ ငုဝါရောင်ဝတ်စုံလေးနဲ့ နောက်ဆုံးဝတ်ဆင်ခဲ့တဲ့ လက်ဝတ်ရတနာထုတ်ကလေးကို ထုတ်ကြည့်တယ်. . . ။

"အဲဒါတွေကြောင့်များလားကိုကို. . . ."

ကျွန်မမဝံ့မရဲပြောလိုက်မိတယ်။ ကျွန်မဟာ- ဒေါ်ဝါဝါ ပတ်သက်လို့ ဦးအောင်နိုင်အပေါ်မှာ လုံးဝကို ဝန်တိုတတ်ထဲ စကားမပြောခဲ့ဖူးဘူးနော်။ ဝန်တိုခြင်းကို သေးသိမ်တဲ့အလုပ် တစ်ခုလို့ ကျွန်မခံယူထားတယ်။ ကျွန်မဟာ မိုက်မဲစွာနဲ့ ဦးအောင်နိုင်. . . ဒေါ်ဝါဝါကို သိပ်ချစ်မှန်းသိရက်နဲ့ လက်ထပ်ခဲ့တာပဲ။ ဒီအတွက် လိုက်ဝန်တိုရမယ်ဆိုရင် ကျွန်မဘဝရဲ့ နောက်ဆုံးအချိန်အထိ





ဦးအောင်နိုင် ဒီနိုင်ပါမလား. . . ။

. . . နေတဲ့ ဦးအောင်နိုင်က အတန်ကြာမှ ကျွန်မ အမေးကို ဖြေတယ်။ "ဟုတ်တယ်. . . ကိုကိုလည်း ဒါကို တွေးမိ သို့ တစ်ခုခုလုပ်ချင်တယ် မွန်လေးဘာလုပ်ချင်သလဲ. . . ။"

"မွန်လေး. . . လုပ်ချင်တာကို . . . ကိုကိုလက်ခံမလား"

ဦးအောင်နိုင်က လေးတွဲ့စွာနဲ့ ခေါင်းညိတ်လိုက်တယ်။ ကျွန်မ ရင်ထဲမှာ အတန်ငယ် လန်းဆန်းပေါ့ပါးသွားတယ်. . . ။

ဒေါ်ဝါဝါရဲ့ လက်ဝတ်ရတနာအချို့ကို ဘုရားဌာပနာ ထည့်ရန် လှူဒါန်းလိုက်ပြီး။ အချို့ကို ထုခွဲပြီး အိမ်မှာ. . . ဘုန်းကြီး ဆယ်ပါးပင့် ဆွမ်းကျွေးပရိတ်ရွတ်တရားနာလိုက်တယ်. . . ။ . . . ဒေါ်ဝါဝါရဲ့ ငုဝါရောင်ဝတ်စုံလေးကိုလည်း. . . . ကျွန်မကိုယ်တိုင်. . . နေကထိုင်ချုပ်ပြီး လှူလိုက်သေးတယ်နော်။

မိန်းမသားများရဲ့ အာဝေဏိကဝေဒနာများထဲက ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်းဆိုတဲ့ ဝေဒနာရပ်တွေကို ခံစား ပြီး အဆုံး၌-

"ဘာလေးလဲ ကိုကို"

"သားလေး. . . "

ကျွန်မစိတ်ထဲပေါ့ပါးသွားသလိုပဲ။ ဒါပေမယ့် ကျွန်မ မျက်ခွံင်တို ရောက်လာတဲ့ နီတာရဲသားလေးကိုကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်ထဲတမျိုးဖြစ်လာတယ်။ သားလေးအသားဖြူမှာပဲ. . . မျက်ခုံး၊ မျက်တောင်ရှည်ကြီး၊ နှာတန်းစင်း. . . ၊ နှုတ်ခမ်း ပါးဝါး. . . အိုး . . . . မိန်းမချော ချောမယ့်သားလို့. . . ကျွန်မ အလိုလို သိလာတယ်. . . ။

ရင်ထဲမှာ ထင့်ကနဲ ဖြစ်ပြီး ဘယ်လက်ဘက်ကောက် ဝတ်ကို အနီးထဲကနေ အသာလှပ်ကြည့်လိုက်တော့. . . ။

"အို"

ကျွန်မ. . . ကျွန်မမျက်လုံးတွေမှာ ချို့ယွင်းချက်များ နေပြီလား။ သားရဲ့ ဘယ်ဘက်လက်ကောက်ဝတ်မှာ လက်မ လိုလို အမှတ်သေးသေးက ကြီးလာလျှင်တော့ ဦးအောင်နိုင်ရဲ့ လက်မရာနဲ့ ထပ်တူဖြစ်လာလိမ့်မယ်လို့ ကျွန်မမျက်ရည်ကြား ပြုံးလိုက်မိတယ်။ ကျွန်မသားလေးကို မြတ်နိုးစွာနဲ့ပဲ ရင်ခွင်မှာ ပိုက်ပြီး နို့ချိုတိုက်ကြွေးလိုက်ရပြီကော ဦးအောင်နိုင်. . . ။

ကျွန်မရဲ့ အချစ်ကို ဦးအောင်နိုင်က ဒေါ်ဝါဝါကို ချစ် အချစ်ထက် အချစ်ပေါင်းများစွာ သာလွန်းတယ်လို့ ကျွန်မကို ကျွန်မ ခံယူလိုက်ပါပြီ။

တစ်ချိန်ချိန်မှာ. . . . ဦးအောင်နိုင်တို့ သားအဖဟာ ခွဲ အောင်တို့ ချစ်နေကြလိမ့်မယ်. . . ။ သားကို ကျွန်မက သွန် ဆုံးမမိတဲ့အခါမှာ ဦးအောင်နိုင်ဟာ မျက်နှာ ညှိုးပြီး သားရှေ





ဆီးလာလိမ့်မယ်။ အဲဒီ အရာခပ်သိမ်းကို ကျွန်မအပြုံးမပျက် လွှားနိုင်အောင် ကျွန်မကြိုးစားရလိမ့်ဦးမယ်။

ဒါကြောင့် ကျွန်မလေ. . . . ကျွန်မကိုယ်ကျွန်မ ည်သစ်နဲ့ ခံယူလိုက်ချင်ပါတယ်. . . . ။


ချစ်ခြင်းရဲ့ ဘုရင်မလို့ပါ။ ။

နှင်းဆီမဂ္ဂဇင်းနှစ်ပတ်လည်
တွဲ-၁၊ အမှတ်(၁၂)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## နှလုံးသားပွဲကြွေသံ

ကျွန်မဘဝတစ်သက်၌မေ့မရနိုင်သော အိပ်မက်ဆိုး တစ်ခုက ခြောက်လှန့်မှုကို မည်သည့်ကာလသက်တမ်းအထိများ ခံစား နေရဦးမည် မသိ။ ကျွန်မ နောက်ဆုံး ထွက်သက်အထိပေပဲလား ဖြစ်ကောင်းဖြစ်နိုင်သည်။ နှလုံးသားလေး ပွဲကြွေသံကို ဆန့်ကျင် ကာ လူအများအတွက် နှလုံးသားကို စတေးခံခဲ့ရသောအဖြစ်တို့ ကျွန်မမှတစ်ပါး အခြားမည်သူမျှ မသိရှိခဲ့ကြပေ။

*     *     *     *     *

'ဆရာမ၊ ဖလိုက်တော့ရနိုင်မှာ မဟုတ်ဘူး၊ ဒီလို ရာသီဥတု အခြေအနေမျိုးအရဆို သုံးလေးရက်တောင် ဆင်းနိုင်မယ် မထင်ဘူး။ ဒါကြောင့် ကားကြုံနဲ့ပဲ ကျွန်တော်တို့ စီစဉ်ပေးပါမယ်။ လိုင်းကားတွေရဲ့ဒဏ်နဲ့ ကြန့်ကြာမှုကိုလဲ အရေးပေါ် ကိစ္စဆိုတော့ ခဏသာစောင့်၊ ကျွန်တော်မြို့ထဲ တစ်ပတ်လောက် လှည့်ပြီး စုံစမ်းပေးမယ်'

မိဝေးဖဝေးလည်းဖြစ် ဝေးသီခေါင်းဖျား ဒေသဖြစ်သော 'တောင်တန်းသာ'လို ကားလမ်းနှင့်လေယာဉ်လမ်းကိုသာ အားပြု သွားလာနေ ရသော နေရာမျိုး၌ အထက်တန်းပြဆရာမတာဝန် လာရောက် ထမ်းဆောင်နေသော ကျွန်မထံသို့ "မိခင် အသည်း အသန် ဖြစ်နေသဖြင့် အမြန်ပြန်လာပါ"ဟူသော သံကြိုးကြောင့်





ကျွန်မ ခွင့်တင်ကာ ကျောင်းအုပ်ဆရာကြီးထံ လေယာဉ်လက်မှတ် အတွက်ပါ အကူအညီတောင်းခံမိရာ ဆရာကြီးက ရှင်းပြပြီး ထွက်ခွာ သွားသည်။

ဆရာကြီးက ဤဒေသခံမဟုတ်သော်လည်း တာဝန်ထမ်း ဆောင်နေသည်မှာ သုံးနှစ်နီးပါးရှိပြီ ဖြစ်သောကြောင့် ဒေသခံ အားလုံးနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးပြီးသား ဖြစ်နေလေပြီ။

ပစ္စည်းများကို သိမ်းဆည်းရင်း မိခင်အတွက် ဆုတောင်း ဆနေစဉ် သူငယ်ချင်းလီလီက

'အေးကွာ၊ ကျောင်းအခက်အခဲနဲ့ တာဝန်ချိန် ဖြစ်နေ သို့သာ ရှင့်ကို တစ်ယောက်တည်း လွှတ်ရမှာ၊ စိတ်မချဘူး ဟလာရာ။ ကားလဲ မူးတတ်ပါဘိနဲ့၊ အလာတုန်း ကလိုများ ဖြစ်ခဲ့ရင် ဖွဟဲ့၊ လွဲပါစေ ဖယ်ပါစေ။

ရှေ့ကျင့်ခန်းစာအုပ်လေးငါးအုပ်ယူလာပြီး သူ့အနီး ထိုင်ကာ စစ်ဆေးရင်းမှ စကားစလိုက်သည်။

'အင်း လေယာဉ်မဆင်းနိုင်ဘူးဆိုတော့ ကားနဲ့ပဲ သွားရမှာ ပေါ့။ မတတ်နိုင်ဘူးလေ'

လီလီအို စကားပြန်ပြောနေရသည်။ အလာတုန်းက အဖြစ်အပျက်ကို မြင်ယောင်မိတော့ အိပ်မက်လေလား ဝိုးတဝါးပင်။

*     *     *     *

'တောင်တန်းသာမြို့' နာမည်နှင့်လိုက်ဖက်စွာပင် အကွေ့ အကောက် ပေါများပြီးတောင်စဉ်တောင်တန်းများစွာကို ဖြတ်ကျော်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားသော တောင်တန်းတစ်နေရာတွင် တည်ရှိနေသည်။ မြို့ပေါ်မှ ဆီးကြည့်လိုက်လျှင် စိမ်းညို့ညို့တောင်စဉ် တောင်တန်းများက မြွေလိမ်မြွေကောက်သဖွယ် ဖြစ်နေသည်။

တာဝန်ထမ်းဆောင်ရန် စိတ်တူသဘောတူ သူငယ်ချင်း လီလီနှင့် တောင်တန်းသာသို့ လိုင်းကားဘီအမ်ဟီးနိုးဖြင့် လာခဲ့ကြသည်။ အပင်ကြီးများက မိုးထိမြင့်ကာ စိမ့်ညို့ညို့မှိုင်းမှိုင်း၊ ချောက်ကမ်းပါးယံများကလည်း ဘွားကနဲ ဘွားကနဲ တောင်တက်၊ တောင်ဆင်း၊ မြွေလိမ်မြွေကောက်လမ်းများကြောင့် ကားတောက် တတ်သော ကျွန်မ ထိုးအန်လေသည်။ ပလတ်စတစ်အိတ်ပါးများ တစ်လုံးပြီး တစ်လုံး၊ နောက်ဆုံး လူပါ မူးဝေပျော့ခွေကာ လီလီကိုမှီလျက် မှိန်းနေရသည့်အဖြစ်။

မှိန်းတော့ မှိန်းနေတာပါ။ ဒါပေမယ့် တဒင်္ဂအတွင်း တုန်လှုပ်ချောက်ချားဖွယ်ရာ အိပ်မက်ဆိုးတစ်ခုကို ကျွန်မမြင်မက်လိုက်ရလေသည်။

ကားသည် ရုတ်တရက် ရပ်တန့်သွားသည်။ အရှိန်ကြောင့် လီလီပခုံးထက်မှ ကျွန်မခေါင်းသည် ဆတ်ကနဲ ဖြစ်သွားသည်။

'ဘုရားသခင်'

လီလီ၏ အာမေဋိတ်သံနှင့်အတူ ကျွန်မခေါင်းကို နောက်မှီသို့ မှီစေလိုက်သည်ထင့်။ ကျွန်မခေါင်းသည် နောက်မှီနှင့် ကားမှန်ထောင့်၌ ကပ်ကာ ရှိနေသည်။ နားထဲသို့ ငှက်ဆိုးထိုးသံ အလားအသံဆိုးများ ဝင်ရောက်လာသော်လည်း ကျွန်မ ခေါင်းမထူနိုင်။





'အကုန်ဆင်း တစ်ယောက်မျှမလှုပ်နဲ့၊ တန်းစီထိုင်'

တုန်လှုပ်မှု၊ ရွံ့ရှာမှု၊ ကြောက်ရွံ့မှုက ရောထွေးနေသည်။ တ်ကို ရုန်းကန်၍ကလည်း မရနိုင်၊ အားမတန်၍ မာန်လျှော့ ည့် အနေအထား။ ရွံ့ရှာမုန်းတီးသော မျက်ဝန်းဖြင့်တော့ မူးဝေ သည့်ကြားမှ ကြည့်မိပြီး နှုတ်ခမ်းကို တင်းတင်းစေ့ ထားလိုက် ည်။

ထိုအခါ ကျွန်မလက်ကို ကိုင်ကာ ကျွန်မမျက်ဝန်းကို ကြည့်နေသော စူးရှတောက်ပြောင်သည့် မျက်ဝန်းတစ်စုံက န်းငှက်တစ်ကောင်အလား အလစ်ထိုးသုတ်တော့မည့်ပုံ။

'ပင့်ကူနက် အားလုံးပြီးပြီ'

'ကျွတ်'

သွားကြားမှ ထွက်သောလေသံနှင့် စုတ်တစ်ချက်သပ် တ်ပြီး ဘယ်လက်ကို နောက်ဘက်သို့ မြှောက်ကာ ကားပေါ်မှ တို့လည်း ဆင်းရန် အချက်ပေးလိုက်သည့်သဘော ဖြစ်သည်။ စ်ဆက်တည်း ခေါင်းကိုလည်း ဆတ်ကနဲ မော့ကာ မေးဆတ် တ်ပြီး ချာကနဲ လှည့်ဆင်းသွားလေသည်။ အရပ်အမောင်း ောင်းကောင်း၊ ကြံ့ခိုင်သော ကိုယ်ထည်နှင့် မားပြသည် ခေါင်းဆောင် ဖြစ်ပေမည်။ လူက လှုပ်၍ မရသော်လည်း ကျွန်မ တ်ဝန်းကတော့ ပုံရိပ်ထင်ကျန်ခဲ့လေသည်။ လီလီ ပြန်တက် တော့

'မင်းဘာမှ. . . . . .'



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါရင်း လီလီကိုသာ ဖက်ကာ တုန်လှုပ်မှု ဖြေဖျောက်လိုက်ရလေသည်။ အိပ်မက်ဆိုးကတော့ ပြီးဆုံးသွား လေပြီထင့်။

*　*　*　*　*　*

'ဆရာမ၊ ကားကြုံရပြီ၊ နာရီဝက်အတွင်းရောက်လာလိမ့်မယ် အသင့်ပြင်ထားဖို့ ဆရာကြီးက မှာလိုက်ပါတယ်'

ကျောင်းမှ ရုံးလုလင်လေး လာပြောလေသည်။ ကျွန်မ ဝမ်းသာသွားသည်။ လီလီကလည်း ကျောင်းသွားဖို့ ပြင်ဆင်နေ လေပြီ။

'ယူ ကံကောင်းတယ်၊ ဘုရားမတာပဲ' ဟုပြောလိုက် လေသည်။

ဦးနောင်လတ်၏ ကားပါလား။

တောင်တန်းသာမြို့၏ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် မြို့မျက်နှာဖုံးတစ်ဦးဖြစ်သော ဦးနောင်လတ်၏ ကားဖြစ်နေပြီ ဦးနောင်လတ်ကိုယ်တိုင် ကားပေါ်မှ ဆင်းလာပြီး

'ဆရာမတစ်ဦးဆိုလို့ ဘယ်သူများလဲလို့ ဆရာမ ဒေါ်မာလာကိုး'

မြို့၏ ဆွမ်းကျွေး ကွမ်းကျွေး မွဲလမ်းသဘင်များ၌ ဆုံ ကြုံဖူးကြသည်။ မြို့ခံများ၏ မိတ်ဆက်ပေးမှုကြောင့် သိပြီးဖြစ် သော်လည်း ကျွန်မ ဤမြို့ကို ရောက်သည့် သုံးလပိုင်းသို့ မပြည့်တတ်သေးတော့ အကျွမ်းတဝင် ခင်မင်ခြင်း အဆင့်ကိုတော့





မရောက်ကြသေးချေ။ လူပျိုလူလွတ်ဖြစ်ပြီး ဥယျာဉ်ခြံလုပ်ငန်း သစ်သီးဖျော်ရည်ပုလင်း ထုတ်လုပ်ခြင်းလုပ်ငန်းတို့ဖြင့် ကြီးပွား နေသော ခေတ်ပညာတတ်လူငယ်ဖြစ်သူ ဦးနောင်လတ် ကိုယ်တိုင် သည် အလုပ်နှင့်အချိန် အလုအယက် ကြိုးစားနေသူ ဖြစ်ပုံရ သည်။ မင်္ဂလာဆွမ်းကျွေးပွဲတစ်ခု၌ နောက်ဆုံး ဆုံစဉ်က 'ဆရာမဆီ ကျွန်တော် လာလည်လို့ ရပါသလား၊ လာလည် ချင်ပါတယ်' ဟု သို့မျက်ဝန်းနှင့်ကြည့်ကာ တောင်းဆိုခဲ့ဖူးသည်ကို သတိရတော့ ရင်ခုန်သံနှုန်း မြန်လာသည်။ ဦးနောင်လတ်က

'ဆရာမအိမ်ကို ကျွန်တော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီနော်၊ ဒါပေမယ့် ဆရာမ ညှိမခံပါနဲ့တော့၊ ကျွန်တော်ပဲ ညှိခံပါ့မယ်၊ ကြွပါဆရာမ'

ကားနောက်ခန်းတံခါး ဖွင့်ပေးလေသည်။ ကားရှေ့ခန်း၌ ဒရိုင်ဘာနှင့်အသက်ကြီးကြီး လူတစ်ဦးပါလေသည်။ သို့ဆိုလျှင် ဦးနောင်လတ်နှင့် ကျွန်မ နောက်ခန်း၌ ယှဉ်တွဲထိုင်၍ လိုက်ပါရ တော့မည်ပင်။ မတတ်နိုင်တော့၊ ဦးနောင်လတ် ဖွင့်ပေးသော နောက်ခန်း၌ ဝင်ထိုင်လိုက်သည်။ ဒရိုင်ဘာက ကျွန်မ၏ ခရီး ဆောင်အိတ်ကို နောက်ခန်းဖွင့်ကာ တင်ပေးလိုက်သည်။

'မိခင်ကျန်းမာရေးကြောင့်သာ ကျွန်မခုလို လိုက်ရတာ၊ ကားလမ်းခရီးကိုတော့ လန့်သွားပြီ'

'ဘာဖြစ်လို့လဲ ဆရာမ'

'အလာတုန်းက မားပြတိုက်လို့လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ခဲ့ပါတယ်ဆရာမရယ် ကျွန်တော်ဆို တစ်ခါမှ မကြုံဖူးသေးဘူး။ စိတ်ချပါ ကျွန်တော်က ကံကောင်းတတ်ပါတယ်'

ဟက်ကနဲ ရယ်သွေးသွမ်းလိုက်ပြီး ပြောလိုက်သော သူ့ကို ကျွန်မ လှမ်းကြည့်လိုက်မိသည်။ ညီညာသော သွားစွယ်တန်း လေးများက ဝင်းလက်စွာ ထွန်းလင်းတောက်ပသွားပြီး ပါးချိုင့်ဝါ ပေါ်လွင်သွားသဖြင့် ကျက်သရေရှိသော ယောက်ျားတစ်ဦးအဖြစ် တဒင်္ဂမှင်ဆက်ကာ ငေးမောလိုက်မိသည်။ ချက်ချင်းပဲ ဦးနှောက် ၏ သတိပေးမှုကြောင့် အကြည့်ကို လွှဲဖယ်လိုက်သည်။ ပြီးမှ ....

'ခဲမှန်ဖူးတဲ့ စာသူငယ်မို့ ကြောက်မိတာပါပဲ'

'ခွင့်ပြုပါနော်၊ ရှေ့ခန်းမှာ နှစ်ယောက်ထိုင်လို့ မရလို့ပါ'

ကျွန်မ၏ ဘေးဘက်နေရာသို့ ဝင်ထိုင်ရင်း သူက ယဉ်ကျေးစွာ တောင်းဆိုလိုက်လေရာ ကျွန်မက

'ကျွန်မကသာ တောင်းပန်ရမှာပါ၊ ကျွန်မကြောင့် အနေ မကျို့စေချင်ဘူး၊ သွားနေကြအတိုင်း လွတ်လွတ်လပ်လပ်သာ သွားကြပါ၊ ကျွန်မကို ငဲ့စရာမလိုဘူးနော်'

'ဆရာမကိုကသာ ကျွန်တော်က အားနာနေရတာပါ၊ လမ်းခရီးတလျှောက်မှာ ကျွန်တော်ကို ဆရာမရဲ့သူငယ်ချင်းလို့ပဲ သဘောထားပါ၊ မိန်းမဖော်မပါတဲ့အတွက် အနေကျို့မှာကို ကျွန်တော်ကသာ ပူပန်နေရတာပါ'

အလိုက်သိတတ်လွန်းသော သူပါကလား။ မြွေလိမ်





ကောက် လမ်းအဆင်းအတက်တွေက ကျွန်မအား မူးဝေမှုကို င်လာစေပြီ။

'ဆရာမ ကားတောက်တတ်သလား၊ ကားမှန် ဖွင့်ထားရင် မ်းအေးမှာဆဲ စိုးရသေးတယ်'

သူ့အတွက် ကျွန်မသည် မှန်တစ်ချပ်လို ဖြစ်နေပါလား၊ ိုပ်တကြည့်ကြည့်နှင့် ကျွန်မ၏မျက်နှာပြင်ပေါ်၌ ဖြစ်ပေါ် သော ပုံရိပ်တို့ကို တွေမြင်နေရဟန်တူသည်။

'ဟုတ်တယ်၊ ခေါင်းနည်းနည်းမူးလာလို့ပါ'

'ဒါဆို ကျွန်တော်ကိုယ်တိုင် ထုတ်ထားတဲ့ ဂရိတ်ဖရု ်ရေလေး သောက်လိုက်ပါလားဆရာမ၊ ခေါင်းမူးပြေသွား ပါ'

သူက ရေသန့်ပုလင်းဆိုက်သေးဖြင့် ထည့်လာသော ်ရည်ပုလင်းကို ပိုက်တံလေးတပ်ကာ ကမ်းပေးလိုက်လေ ည်။ ကျွန်မလည်း သူစိမ်းယောက်ျားများအကြား မူးမော် ာအန်ပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်မှာကို စိုးကြောက်မိသဖြင့် သောက်လိုက်သည်။

'နည်းနည်းတော့ သက်တယ်ဆရာမ၊ ဒါပေမယ့် အမူး ော်ပြေပြီး အစာပါကြေတယ်၊ ဆရာမ အန်တော့မှာ မဟုတ်ဘူး'

'ကျေးဇူးပါပဲ ဦးနောင်လတ်ရယ်၊ ကျွန်မက ခရီးကြုံလဲ ်တ်သေးတယ်၊ လမ်းမှာလဲ ဒုက္ခပေးမိသလိုဖြစ်နေပြီးသား ဘူး၊ အားနာလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ အားမနာပါနဲ့၊ ကိုယ့်ဒေသမှာ တာဝန်ယူ ထမ်းဆောင်တဲ့ ဆရာမတို့ကို ကူညီစောင့်ရှောက်ပေးရမယ့် ဝတ္တရား ကျွန်တော်တို့မှာ ရှိပါတယ်။ ဆရာမလို လေးစား ဂုဏ်ယူ ဖွယ်ကောင်းတဲ့သူကို ခုလို ကူညီခွင့်ကြုံရတာကိုကပဲ ကျွန်တော် ကံကောင်းခြင်း မင်္ဂလာတစ်ရပ်လို့ ယူဆ ကျေနပ်နေရသူပါဗျာ'

သူ၏ စကားလေးတွေက ချိုမြိန်လှလေသည်။ ထို့အတူ ကျွန်မ၏ ခေါင်းထဲမှာကော ရင်တွင်းမှာပါ ခံစားမှု လှိုင်းကြက် ခွပ်လေးများ ထလျက်ရှိချေပြီ။

'ဆရာမနဲ့ အကျွမ်းတဝင်ဖြစ်ချင်လို့ ဆရာမနားလာတိုင်း ဆရာမအနားမှာ ဝိုင်းနေတတ်တဲ့ တပည့်တွေကြောင့် အခွင့် မသာခဲ့ဘူး။ ခုတော့ ကံကြမ္မာက ကျွန်တော့ကို မျက်နှာသာ ပေး လာပြီ၊ ကဲ ကဲ ဆရာမ အမူးအမော်ပြေအောင် သုံးဆောင် လိုက်ပါဦး ခင်ဗျာ၊ ကျွန်တော့်ခြံထွက်သီးနှံပါ'

ပတ္တမြားသီး၊ သွေးသီးဟုခေါ်သော တောင်တန်းသ... မှ — သူ့ခြံထွက် အသီးအနှံလေးများကလည်း သူ၏စကားများ ကဲ့သို့ပင် ချိုမြိန်လှပေသည်။ ထို့အတူ ကျွန်မ ရင်တွင်း၌လည်း သူနှင့်ထပ်တူ ခံစားချက်များရှိနေကြောင်းကိုတော့ ကျွန်မ မထုတ် ဖော်သာပြီ။ မိန်းမဟူသော ဂုဏ်သိက္ခာအပြင် ကျောင်းဆရာမ ဟူသော ဂုဏ်သိက္ခာကပါ ထပ်ဆင့်နေလေတော့ ကိုယ် နှုတ် နှလုံး သုံးပါးစလုံး စောင့်စည်းကာ သူ့အပြောနှင့် သူ၏ယုယသော ဂရုစိုက်မှုအပေါ် မသာယာမိစေရန် ကြိုးစားနေရသည်။





သည်ကြားထဲ ရီဝေကာ အိပ်ချင်လာပြန်သည်။ ဘယ်လို ဖြစ်ပါလိမ့်။ မိခင်အတွက် စိုးရိမ်စိတ်ဝင်ကာ စိတ်တွင် ဘုရားစာများ ရွတ်ဖတ်သရဇ္ဈာယ်နေမိသည်။ သူစိမ်းယောက်ျားများ အလယ် အထူးသဖြင့် ကိုယ်စိတ်ဝင်စားမိသော ယောကျ်ား တစ်ယောက် ၏ရှေ့ဝယ် ငိုက်မြည်းမိပါက ရုပ်ပျက်ဆင်းပျက် ဖြစ်မှာကို စိုးရွံ့မိနေသည့်ကြားက ကျွန်မ၏ မျက်ခွံတခါးတို့၏ လေးလံမှုကို တွန်းကန်ဖယ်ရှား၍ မရနိုင်တော့ဘဲ အိပ်ပျော်ခြင်း ကမ္ဘာဆီသို့ ရောက်ရှိသွားလေတော့သည်။

* * * * *

ကျွန်မ နိုးလာချိန်၌ ခေါင်းသည် အုံခဲနေသည်။ ရီဝေဝေ ဖြစ်နေဆဲ။

ဘုရားရေ ကျွန်မ ဘယ်ရောက်နေသလဲ၊ ဘာတွေဖြစ် နေသလဲ။

နွေးထွေးသော ရင်ခွင်တစ်ခုဝယ် ကျွန်မ အိပ်စက်ခိုနား ခဲ့တာပါကလား။ အုံခဲလေးလံနေသောခေါင်းကို ထောင်မတ်ရန် ကြိုးစားစဉ်

'ကျွ'

ကျွန်မ ယိုင်ထိုးသွားသော်လည်း ဂရုတစိုက်ဖက်တွယ် ထားသော လက်များကြောင့် ကျွန်မ ဘာမှမဖြစ်လိုက်။

ကားဘရိတ်အုပ်ကာ လမ်းဘေးသို့ ထိုးရပ်သွားလေ သည်။ တစ်ခုခုကို ရှောင်ရှားလိုက်စဉ် ဖြစ်ပေါ်သွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွတ်၊ သတ်ထားစမ်း အမှားခံလို့ မဖြစ်ဘူးကွ'

ခက်ထန်မာကြောပြီး သြဇာသံပြည့်ဝသော အသံရှ
သည် ကျွန်မ ခေါင်းမှေးဝင်နေသော ရင်ခွင်ကျယ်ထက်မှ ပေါ်ထွ
လာခြင်း ဖြစ်သည်။

'စက်နိုးလို့ မရတော့ဘူးဆရာ'

'ကျွတ်'

သွားကြားက ထွက်မလာသော စုတ်သပ်သံနှင့်အတူ
ကျွန်မ ခေါင်းကို အသာလေး ကားနောက်မှီ၌ မှေးတင်သွားပြီး
ကားပေါ်မှ ဆင်းသွားသော သူ၏နောက်ကြောပြင်ကို ကြည့်ရင်း
ကျွန်မစိတ်ထဲ မြင်ဘူးသလိုလို ဝိုးတဝါးအရိပ် ထင်မြင်လာသည်
ခေါင်းထောင်လာနိုင်သည်။ သူသည် ကားစက်ဖုံးကို ဖွင့်ပြီး
စစ်ဆေးလိုက်ပြီး

'နိုးကြည့်စမ်း'

ကားစက်နိုးသံ ကောင်းသွားလေသည်။ သူက ကားစက်ဖုံး
ကို ပိတ်လိုက်ပြီး အဖော်တစ်ဦးကမ်းပေးသော အဝတ်ဖြင့် လက်ကို
သုတ်လိုက်သည်။ နောက်လက်ကိုမြှောက်၊ ခေါင်းကိုငုံ့ ချာတ
လှည့်ကာ အချက်ပြလိုက်ပြီး

'သွားကြမယ်'

ကျွန်မ မျက်ဝန်းဝယ် ထင်ယောင်ထင်မှားဖြစ်ခဲ့သော
ပုံရိပ် သည် ဝိုးတဝါးအသွင်မှ ပီပြင်လာသည်။ ဦးနောင်လတ်၏





ပုံရိပ် သည် ကျွန်မ မျက်ဝန်းဝယ် ထင်နေသော အိပ်မက်ဆိုး၏
ပုံရိပ်ဖြစ် လေသည်။

'နိုးပြီးလား ဆရာမ'

သူက အားထဲဝင်ထိုင်ပြီး ကျွန်မကို နှုတ်ဆက်လိုက်သည်။
ကျွန်မခေါင်းကိုသာ ညိတ်ပြနိုင်သည်။ နှုတ်မှာ အာစေးထည့်ထား
သလို လေးလံနေလေသည်။ ပတ်ဝန်းကျင် ကြည့်လိုက်တော့
မြေပြန့်သို့ပင် ရောက်နေလေပြီ။ နာရီကြည့်လိုက်တော့ ဘုရားရေ
ကျွန်မသည် လေးနာရီကျော်ကျော်ကာလအထိ အိပ်စက်ခဲ့တာ
ပါတာလား။ ကျွန်မခရီးသွားလျှင် မအိပ်တတ်ပါ။ ကားတောက်စဉ်
ကာလ မူးမော်နေပါကလည်း မှေးကနဲ လေးငါးဆယ်မိနစ်မျှ
လောက်သာ။ ယခုတော့ အင်း ကျွန်မ့အတွက် တစ်ခုခုတော့
အားလွှင်းမှု ဖြစ်နေသည်။ တစ်စုံတစ်ရာကို တွေးမိလေတော့ ကျွန်မ
တုန်လှုပ်ချောက်ချားမိလေသည်။ သို့သော် ပြဿနာကြုံလာပါက
သွေးအေးဖို့ လိုအပ်သည်ကို ကျွန်မ နားလည်သဖြင့်

'ကျွန်မ အိပ်ပျော်သွားတယ်'

'ကောင်းပါတယ် အိပ်လိုက်တော့ မမူးဘူးပေါ့။ အိပ်ချင်
အိပ်ဦးလေ'

'ဟင့်အင်း၊ ကျေးဇူးပါပဲ'

တုန်လှုပ်မှုကို ထိန်းချုပ်ရင်း အိပ်ပျော်နေစဉ်ကာလကို
ဆော ဝိုးတဝါးအိပ်မက်တို့ တစ်စိမ့်စိမ့် ပြန်ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်တစ်ခုကို ဖြတ်ကျော်စဉ်က

'ဒါ ကျွန်တော့် မှတ်ပုံတင်။ ဒါက ကျွန်တော့်ဇနီး၊ ဝန်ထမ်းကဒ်နဲ့ ခရီးသွားခွင့်ပြုချက်ပါ။ သူ နေမကောင်းဖြစ်နေလို့'

ကျွန်မ နားခိုအိပ်စက်ရာ ရင်ခွင်ရှင်၏ စကားသံများလေလား။ ကျွန်မအတွက် အိပ်မက်လိုပင်။ ကျွန်မသည် အသုံးချခံလိုက်ရလေပြီ။ ခြေဖျားလက်ဖျားတို့ အေးစက်လာသည်။ ကျွန်မဘာလုပ်ရမည်နည်း၊ ဆင်ခြေရာကို တွေးနေမှတော့

'ဦးနောင်လတ်'

'ဟုတ်ကဲ့ ပြောပါ ဆရာမ'

'မန္တလေးရောက်ခါနီးပြီထင်တယ်၊ ရောက်ရင် ကျွန်မကို လီယိုဂိတ်ရှိတဲ့ နေရာ ပို့ပေးရင် ရပါပြီ'

'မဟုတ်တာ ဆရာမရယ်၊ ပို့မယ်ပို့ ကူးတို့ရောက်အောင် ပို့ချင်ပါတယ်၊ ဆရာမ ရန်ကုန်သွားမှာ မှတ်လား၊ ကျွန်တော်လဲ ရန်ကုန်သွားမှာပါပဲ၊ ဒါပေမယ့် ခုလောလောဆယ်တော့ မန္တလေးမှာရှိတဲ့ ကျွဲဆည်ကန်က ကျွန်တော့အိမ်မှာ နေ့လယ်စာစား အညောင်းအညာဖြေပြီး ခရီးဆက်ကြတာပေါ့'

'ရပါတယ် ကျွန်မ သူငယ်ချင်းအိမ်မှာပဲ ကျွန်မကို'

'ဆရာမ စိတ်ချပါ၊ ဆရာမကို ကူညီချင်တဲ့ စေတနာသက်သက်ပါ၊ ဆရာမဆီက အကူအညီ ပြန်မတောင်းပါဘူး ကျွန်တော့် စေတနာကို လက်ခံပေးပါ။ ကျွန်တော့်အိမ်မှာ ဆရာမအတွက် မိန်းမဖော်တွေ ရှိပါတယ်။





သူက သည်လောက်ပြောဆိုနေသည်ဆိုတော့ ကျွန်မအတွက် ငြင်းဆန်ရန် မကောင်းတတ်တော့။ ကျွန်မ စဉ်းစားသည်။ သမျှ အကြံဉာဏ်တို့ကို ဖျစ်ညစ်သုံးရပေတော့မည်။ ကျွန်မ တ်ဉာဏ်အရဆိုလျှင်' ကျွန်မတောင်တန်းသာသို့ လာစဉ်က တွေ့ရသော အိပ်မက်ဆိုးထဲမှ လူ၏ပုံရိပ်နှင့် ယခု သူ၏ တိလက်လွှတ်ပုံရိပ်တို့သည် ထပ်တူထပ်မျှ ဖြစ်နေသည်။

မန္တလေးဝင်ခါနီး လမ်းခွဲ၌ ကျွန်မနှင့် ဘီအီးဒီတက်စဉ်က သူငယ်ချင်းဖြစ်သူ၏ ထမင်းဆိုင်ရှိသည်ကို သတိရကာ

'ဦးနောင်လတ်'

'ပြောပါဆရာမ'

'ရှေ့နားက ထမင်းဆိုင်မှာ ကားခဏရပ်ပေးလို့ရမလား၊ ကျွန်မ ဝိတ်လျှော့'

'ဟာ ရတယ် ရတယ်၊ ဟေ့ မောင်မဲရှေ့နား ရပ်လိုက်'

ကျွန်မ ရှက်ရွံ့မနေနိုင်။ ထမင်းဆိုင်ထဲ တန်းဝင်ခဲ့သည်။ ချုန်သံ မြန်လွန်းသဖြင့် ကျွန်မ နှလုံးအိမ်ပေါက်ကွဲလွင့်စင် သွားမလား ထင်မှတ်လိုက်ရသည်။

'ဟယ် မာလာဘယ်က ဘယ်လို'

'လာ နီနီ၊ ကိုယ့်ကို ရေအိမ်လိုက်ပို့ပေးစမ်းပါ'

နီနီ၏ တအံ့တသြ မေးမှုကို မဖြေနိုင်သေးဘဲ လက်ဆွဲ ရင်း ပြောလိုက်သည်။ နီနီက ခရီးသည်သုံး အိမ်သာမဟုတ်ဘဲ သားသုံး အိမ်သာရှိပုံရသော အိမ်ထဲသို့ ခေါ်လာသည်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပို၍ အခွင့်အရေးရလေသည်။

'နီနီ၊ အရမ်းအရေးကြီးတယ်၊ ကိုယ်စီးလာတဲ့ကားနံပါတ် အမျိုးအစားကို မှတ်ပြီး ရဲစခန်းကို နောက်ယောင်ခံလိုက်ဖို့ ပြော ကွဲဆည်ကန်ကို ဦးတည်မယ်ပြောပါ။ မကြာခင်က တောင်တန်းသ အတက် မားပြတိုက်တဲ့ မားပြခေါင်းဆောင် ပင့်ကူနက် ဆိုသူ တိုက်ရာပါပစ္စည်းနဲ့ ပါလာတယ်လို့ ပြော၊ ဒါပဲနော်၊ သေသေ ချာချာ မှတ်၊ အမူအယာ မပျက်စေနဲ့'

'ဟင် အင်း အင်း၊ မာလာရယ်၊ နင့်ဟာက'

'လာ လာ၊ နင်ဟာတွေ ဘာတွေ မလုပ်နဲ့၊ သွားကြ ထပ်ပြောမယ်၊ ကားနံပါတ်မှတ်ဖို့ မမေ့နဲ့၊ ယောကျ်ားသုံးယောက် မိန်းမတစ်ယောက်ပါတယ်လို့ပြော'

'အင်းပါ၊ အင်းပါ၊ စိတ်ချပါ'

ကျွန်မ ဆိုင်ထဲက ထွက်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် ကျွန်မ တက်ရန် ကားတံခါးကို စောင့်ဖွင့်ပေးလို သော သူ့အတွက် ကျွန်မရင်ထဲမှာတော့ မကောင်းနိုင်ပါ။ ကျွန်မ တွက်ဆချက် မှားယွင်းသွားသည်ဆိုပါကလည်း ကျွန်မသည် ဝတ္တရားနှောက်ယှက်မှုအရ အပြစ်တင် အရေးယူခြင်းခံရလျှ ခံရပါစေတော့။ ကျွန်မ ဆုံးဖြတ်ချက်ချပြီး လုပ်ဆောင်ခဲ့သော အလုပ်အတွက် နောင်တမရမိချေ။ သို့သော်

* * * * *

ကွဲဆည်ကန်ရပ်ရှိ ဦးနောင်လတ်၏ အုတ်တံတိုင်း ဝန်းခြံပေါ





အတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ခြံဝန်းအတွင်း အသင့်စောင့်နေသော ပြည်သူ့ရဲကားနှစ်စီးနှင့်ရဲများကို တွေ့လိုက်ရလေသည်။

'ကျွတ်၊ မုန်တိုင်းနောက်က လေပြေညင်းရှိတတ်သလို လေပြေညင်းနောက်က မုန်တိုင်းလဲ ထန်တတ်ပါလား'

ဦးနောင်လတ်က ကွန်ရွှေမပျက် ခပ်ပြုံးပြုံးပင် ဒုရဲအုပ်ထံသို့ သူ၏ လက်ဆွဲအိတ်ကို လှမ်းပေးလိုက်သည်။

ကျွန်မ ရင်ခုန်သံတို့က မြင်းရိုင်းတစ်အုပ် ဖြတ်သန်းသွားသည့်အလား ရင်တွင်းပွက်လောရိုက်ခတ်နေ လေတော့သည်။

ဦးနောင်လတ်အိတ်အတွင်း၌ တိုက်ရာပါ ပစ္စည်းများကို တွေ့ရှိဖမ်းလိုက်လေပြီ။ လွန်ခဲ့သော နှစ်ရက်ကျော်က ကျွန်မတို့ သာနာအပြီး နောက်တစ်ကြိမ်အဖြစ် တောင်တန်းသာအတက် သည် ဘတ်စ်ကားကို ပင့်ကူနက်အဖွဲ့ မားပြတိုက်သွားကြောင်း တင်းကိုလည်း ကျွန်မတပည့်များနှင့် ဒေသခံများထံမှ ကြားသိခြင်းနှင့် ကျွန်မ တောင်တန်းသာသို့ အမှုထမ်းရန်အလာ မားပြတိုက်ခံခဲ့စဉ်က ကားတောက်၍ မူးမော်နေသော ကျွန်မ၏ တ်ဝန်း၌ ပင့်ကူနက်၏ မျက်ဝန်း၊ အရပ်အမောင်းကိုယ်နေဟန် ားသည် မည်မျှပင် သတိထားစေကာမူ စိတ်လွတ်ကိုယ်လွတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့်အခါ ပင်ကို စရိုက်ဟန်ပန်ကို မည်သူမှ ဖုံးကွယ်ခြင်းငှာ မစွမ်းဆောင်နိုင်ကြချေ။

'ဆရာမ ဒေါ်မာလာထင်ပါတယ်' ကျွန်မကို စခန်းမှူး သတင်းပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပြပြီးသည်နှင့် ဝတ္ထုရားအရ လုပ်ဆောင်စရာရှိသည်များကို လုပ်ဆောင်နေစဉ် ကျွန်မ မျက်ဝန်းသည် သူ့ထံသို့ ရောက်သွားလေသည်။

သူ၏ သိန်းငှက်အလား စူးရှတောက်ပြောင်သော မျက်ဝန်းအစုံနှင့် ရင်ဆိုင်လိုက်ရသည်။ သူသည် နှုတ်ခမ်းကို တွန့် လောက်လေး ကွေးညွှတ်သွားရုံ ပြုံးပြလိုက်ပြီးနောက်-

'ကျွန်တော့်ဘဝမှာ ဘယ်မိန်းမကိုမှ အထင်မကြီးခဲ့ဖူးဘူး ဒါပေမယ့် ဆရာမရဲ့ အံ့ဖွယ်ကောင်းလောက်တဲ့ မှတ်ဉာဏ် ရဲရင့်ပြတ်သားမှုကို ချီးကျူးပါတယ်၊ ကျွန်တော်လေးစားသွားပြီ လုပ်ရဲရင် ခံရဲပါတယ်။ အထူးသဖြင့် ဆရာမကြောင့် ကျွန်တော့် ဘဝ ပြောင်းလွဲသွားခြင်းအတွက် ကျွန်တော်ဘဝတစ်သက် အမှတ်တရ နောင်တအဖြစ် ရင်ထဲမှာ တန်ဖိုးထား သိမ်းဆည်း ထားလိုက်ပါပြီ ဆရာမ၊ ခွင့်ပြုပါ၊ သွားလိုက်ပါဦးမယ် ဆရာမ'

လက်ထိတ်တန်းလန်းနှင့် ရဲကားအတွင်းလိုက် ပါသွား သော သူ့ကို ငေးကြည့်ရင်း ကျွန်မ မျက်ဝန်းအစုံထဲမှ ဝိုးတဝါးပုံရိပ် သည် ဝေး၍ ဝေး၍ သွားလေပြီ။





ကျောက်ဆစ်ရုပ်သဖွယ် ရပ်ကျန်ရစ်သော ကျွန်မ၏ ဦးနှောက် ဆ ကျေနပ်မှုကြောင့် အပြုံးကို နှုတ်ခမ်းသို့ တွန်းပို့လေသည်။


သို့သော် ကျွန်မရင်ဘတ်ထဲက စူးအောင့်လာသည်။ ငဲ့ကြွေသံလေး သဲ့သဲ့ကို ကြားလိုက်မိလေသည်။ နှလုံးသားသို့ ချွတ်စီလည် တိုးဝင်ရောက်လာသော အချစ်ဟူသည့် အပိုင်းအစ တလေး၏ ပဲကြွေသံပေလောဟု။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
နိုဝင်ဘာလ ၂၀၀၃
အတွဲ-၁၊အမှတ်(၅)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## "ဒဏ္ဍာရီထဲ၌ သာ"

တီ . . . တီ . . . တီ . . . ။

ကားဟွန်းသံ ကြားလိုက်ရသည်နှင့် သူလာပြီ ဟူသော အသိဖြင့် ရင်ခုန်သွားသည်။ ထိုးလက်စ သိုးမွေးကို ချပြီး ထကြည့်လိုက်ပါသော်လည်း အနား၌ မေမေရှိနေသည်။ ထကြည့်လိုက်လျှင် မေမေ ရိပ်မိသွားနိုင်သည်။ စူးစမ်းသော မျက်လုံးနှင့် မျက်စောင်းဝင့် ကြည့်သည်။ အမေးအမြန်းထူတော့မည်။ သို့ဆိုလျှင် မိမိအနေအထိုင် ကျဉ်းကျပ်သွားလိမ့်မည်။

ထို့ကြောင့် လူမထသော်လည်း မျက်လုံးကတော့ ဝေ့သီကြည့်လိုက်သည်။ ထုံးစံအတိုင်း တစ်စောင်းမျှသာ မြင်လိုက်သည်။ မေး သား စိမ်းဖန့်ဖန့်နှင့် နက်မှောင်သော ဆံပင်ထူထဲထဲကို ခပ်တိုတိုညှပ်ထားသဖြင့် စတစ်ကော်လံကတုံးနှင့် ဆံပင်ကြား လစ်ဟာနေသော ဇက်သားတောင် စိမ်းဖန့်ဖန့် ဖြစ်နေသည်။ တော်တော် အသားဖြူမည့်လူ။ သို့သော် သူ့မျက်နှာကို ရှင်းလင်းစွာ မမြင်ရချေ။ လှည့်ကြည့်ဖော်ပင် မရသောကြောင့် ဖြစ်သည်။

'တီ . . . တီ . . . တီ . . . .'

'ဒီကားနှယ် . . . . ဒီလောက် ရှင်းတဲ့လမ်းမှ ဟွန်းတီးရတယ်လို့'

မေမေက မသက်မသာစိတ်ဖြင့် မိမိအား ဝေ့ဝဲကြည့်လာပြီး





တစ်ယောက်တည်း ပြောသည့်နှယ် ပြောလိုက်သည်။

စိတ်ထဲက ကြိတ်ပြုံးနှင့်သာ နေလိုက်သည်။ ပြောချင်လိုက်သည်။

'အဲဒါ မေမေ့သမီးကို လာရစ်တာလေ၊ ဒီလောက်တော့ တီးမှာပေါ့'

ဟူ၍၊ သို့သော် ရင်ခုန် နွေးနွေးလေးဖြင့် ခပ်အေးအေးသာ နေလိုက်တာပေါ့ ကိုလူစိမ်းရယ်။ သူကမှ ဒီထက်ပို၍ မလှုပ်ရှားသေးဘဲ။

ယုန်က မတိုးတော့ ပိုက်ကတိုးရန် ခက်သည်ပင်။

* * * * *

'လာ ဆရာမကြီး'

မျက်စောင်းထိုးအိမ်မှ ဦးမြင့်ဆွေ အိမ်ပေါ်သို့ တက်တက်ချင်း ဦးမြင့်ဆွေက နှုတ်ဆက်လိုက်သည်။

'ပိုစတင်တွေ ဘယ်တော့ချမှာလဲလို့'

'ထိုင်ပါဦး . . . ဖြည်းဖြည်းပေါ့ ညည်းတော့ အသက်ရှည်ဦး မှာပဲ ခုပဲ ညည်းအကြောင်းပြောနေသေးတယ်'

'ဘာအကြောင်းလဲ'

ဦးမြင့်ဆွေဇနီး မမလှိုင်က ကြားဝင်၍ . . . .

'ညီမ အသက်ဘယ်လောက်ရှိပြီလဲ'

'၁၈ နှစ်'



www.burmeseclassic.com

www.burmeseclassic.com



'အရွယ်ရောက်ပြီပဲ၊ ပီအေတီ အလုပ်ကို လုပ်နေမယ့် အစား ဘဝတစ်ခုလုံး အားထားရမယ့် အလုပ်တစ်ခု လုပ်လိုက်ပါလား'

'ရှင်. . .'

မမလှိုင်၏ ဆိုလိုရင်းကို ရုတ်ခြည်း နားလည်လောက်အောင် မရင့်ကျက်သေး။ ထို့ကြောင့် အိုးတိုးအတ ဖြစ်သွားသည်။ မမလှိုင်က ရယ်မောလျက်. . . .

'အိမ်ထောင်ပြုလိုက်ရင် မကောင်းဘူးလားလို့ ပြောတာ'

'အို. . . . . မပြုချင်ပါဘူး၊ ဘွဲ့တစ်ခုခုတော့ယူဦးမယ်။ မိဘကို လုပ်ကျွေးဦးမယ်၊ မာလာငယ်သေးတာပဲ"

'ငယ်တယ်ထင်နေ၊ ညည်းကို လိုချင်တဲ့လူတွေ အများကြီး ငါ့ကို နားပူနားဆာလုပ်နေကြတယ်'ဟု ဦးမြင့်ဆွေက ပြောပြန်သည်။

'ဒီကြားထဲ အတူးက အကဲဆုံးမဟုတ်လား'

သူတို့လင်မယားလိုက်ဖက်သည်။ အတိုင်အဖောက် ညီညီ နားသွင်းနေကြသည်။

"အတူး' ရင်တွင်းမှတ်မှတ်သားသားလေးဖြစ်သွားသည်။ 'အတူးဆိုတာ ဘယ်သူလဲ'ဟု မေးချင်စိတ်ကို မျိုသိပ်လိုက်ရသည်။

'ဒီကောင်က တဂျိဂျိနဲ့ ငါတို့ကို ကြားဝင်ခိုင်းတယ်လေး ငါတို့ကလဲ ညည်းတို့ အမေကို လန့်တာနဲ့ မဝင်ရဲဘူး။ ပြီးတော့ ညည်းသဘောကလဲ မသိသေးဘူးမှတ်လား'





'မာလာက မြင်တောင်မမြင်ဖူးဘူး၊ စိတ်လဲဝင်မစားဘူး ရာမလုပ်ချင်သေးတယ်၊ စာပေးစာယူနဲ့ ဘွဲ့တစ်ခုလောက်တော့ လိုက်ဦးမယ်'

တောင်ငူဆရာအတတ်သင်မှ ပီအေတီ တစ်နှစ်သင်တန်း ပြီးကာစ ပူပူနွေးနွေးလေးဖြစ်၍ တက်ကြွကာ ဆရာမလုပ် နေသည်။ လူ့လောက အသိုင်းအဝိုင်းထဲကို ဆရာမတစ်ဦး နေဖြင့် တိုးဝင်ကြည့်ချင်သည်။

မေမေကလဲ အသက်အစိတ်ကျော်မှ ဘွဲ့တစ်ခုလောက် မှ စဉ်းစားတာ အကောင်းဆုံးဟု ပြောဆိုဆုံးမထားသည် ပါသည်။ မေမေသည် အမြော်အမြင်ကြီး၏ အစွမ်းကုန် ကြီးလှလာသော သမီးအတွက် ဆုံးမစကားအမျိုးမျိုးနှင့် ဆီးချုပ်နှောင်ထားသည်။ အတူးဆိုတာ ကိုကိုဟွန်းသံရှင်ပဲ ' သိချင်စိတ်ကို ရင်တွင်းလျှို့ဝှက်ထားရင်း. . . .

'မာလာပြန်ဦးမယ်ဟု' နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

သူက ထုံးစံအတိုင်း ကားထည်လဲပြောင်းစီးကာ ရှေ့ရပ် ကားဟွန်းသံပေးဆဲ၊ ဟွန်းသံကြား၍ ချောင်းကြည့် တိုင်း ဘေးတစောင်းအနေအထားနှင့် ကျောပေး အနေ မှအပ မျက်နှာကို ထင့်ထင်ရှားရှားမမြင်ရ။ ထို့ကြောင့် "ကိုကို"ဟု တိတ်တခိုး ကင်ပွန်းတပ်မိသည်။ ကိုကို ဘယ်သူ ကားအမျိုးမျိုးပြောင်းစီးပုံထောက်ရင် ဝပ်ရှော့အလုပ်သမား တူ၍တောင် တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးမြင့်ဆွေတို့အိမ်ကတော့ဟော့ တရားရေး ကိုင်လို့ယ
တော့မသိဘူး။ လာလိုက်တဲ့ကားတွေ သစ်ကုန်သည်တွေ
ထောင်ပိုင်တွေရော၊ ကုန်သည်တွေရော ရှုပ်နေတာပဲ၊ အသော
ပိုင်းလဲပါတယ်နဲ့ တူပါတယ်'

ဟု မေမေက ကားဝင်ကားထွက်များကို ကြည့်ပြီး ကော
ချက်ချသည်။ ဖေဖေက ရှေ့တန်း၌ အနေများသူဖြစ်သဖြင့် သား
များ၏ ပညာရေး၊ ကျန်းမာရေး အစရှိသည်တို့ကို မေမေသာ
နိုင်နင်းစွာ ချုပ်ကိုင်ခဲ့သည်။

မေမေသည် ယခုတလော ဆုံးမစကားတွေ မကြာခ
ပြောတတ်၏။ မေမေဘာတွေများကြားထား၍ ဤမျှစကားေ
ဆိုနေသနည်းဟု သံသယဝင်ခဲ့ရသည်။

'လောကကြီးမှာ မှီခိုသူအဖြစ်ထက် ကိုယ့်ခြေထောက်
ကိုယ်ရပ်တည်နိုင်တာဟာ အကောင်းဆုံးပဲ သမီးကြီး၊ မေ
ကတော့ မေမေ့သမီးကြီးကို မိဖုရားထက် ဘုရင်မပဲ ဖြစ်
ချင်တယ်၊ ဒီတော့ ဘွဲ့မရမချင်း အချစ်ရေးကို လုံးဝမစဉ်းစား
စဉ်းစားရင်လဲ မေမေ့ကို သူငယ်ချင်းတစ်ဦးလို့ တိုင်ပင်နိုင်တယ်
ဘာမှ ကြောက်လန့်စရာ မလိုဘူး၊ ဒါဟာ ဓမ္မတာပဲ သမီးကြီး'

'သမီးတို့အရွယ်မှာ ယောက်ျားလေးတွေနဲ့ ပတ်သက်
စိတ်လှုပ်ရှားတာ ရင်ခုန်တာတွေကို အချစ်လို့ ထင်ရင် မှားယ
မယ်သမီးကြီး၊ အဲ့ဒီစိတ်လှုပ်ရှားတာတို့ ရင်ခုန်တာတို့ဟာ
ဆယ်ကျော်သက်အရွယ်တွေရဲ့ စိတ်ကစားမှုတစ်မျိုးပဲ၊ အဲဒါ





ချစ်လို့ မယူဆလိုက်နဲ့နော် သမီးကြီး'

ပျားပိတုန်းတွေ ဝိုင်းဝိုင်းလည်နေသော သမီးကြီးအတွက်
မေ့စကားများသည် ဒိုင်းသဖွယ် အကာအကွယ်ပေးနိုင်ခဲ့သည်။
လှိုင်က. . .၊

'ဘယ်လိုလဲမာလာ၊ အိမ်ထောင်ပြုဖို့ စဉ်းစားပြီးပြီလား'

'မာလာမစဉ်းစားတတ်ဘူး၊ မေမေတို့ သဘောတူရင်တော့
ဲ မာလာငြင်းမိမှာ မဟုတ်ဘူးထင်တယ်'ဟူ၍ သမီး အလိမ္မာ
သစွာ အဖြေပေးလိုက်မိသည်။

'ကာယကံရှင် အချင်းချင်းတော့ မညှိနှိုင်းကြတော့ဘူး
ား၊ အတူးက နားပူနားဆာလုပ်လွန်းလို့ပါ'

'အတူးဆိုတာ ဘယ်သူလဲမမလှိုင်'

'ဟင်. . . . မာလာမသိဘူးလား၊မမလှိုင်က သိတယ်မှတ်လို့
. . . လေ. . . ကားအမျိုးမျိုးနဲ့လာနေတဲ့ ကောင်လေးဟာ
တာ၊ အသက်ကတော့ အစိတ်လောက်ရှိပြီ သစ်ကန်ထရိုက်
ိုင်တယ်၊ ဘွဲ့ရပြီးသားပဲ'

ကိုကိုနှင့်ပတ်သက်၍ ရင်၌ ကျေနပ်နှစ်သိမ့်မှုများ
ပြည့်အဝခံစားလိုက်ရသည်။

'သူက ညီမကို တွေ့ချင်လို့တဲ့'

'တွေ့ချင်ရင် အိမ်လာလည်ပေါ့'

'ဖြစ်ပါ့မလား၊ အစ်မကြီးက ဘာပြောမလဲ'

'ဖြစ်တယ်၊ မေမေက မာလာတို့ကို မှာထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်ဖြစ် ရည်းစားဖြစ်ဖြစ် တွေ့ချင်ရင် အိမ်မှာလာတွေကြ၊ မိဘအရိပ်မှာ တွေ့ဆုံခြင်းဟာ အမှားကင်းနိုင်တယ် မေမေတို့လဲ ပိုင်းအဲကဲခတ်ပေးမယ်တဲ့လေ. . . .'

'ဒါဖြင့် လွှတ်လိုက်မယ်နော်'

'လာရဲရင် လွှတ်ပေါ့'

ကြည်မွေ့စွာဖြင့် စကားဆိုခဲ့မိသည်။

ကိုကို တကယ်လာမှာလား။ တကယ်လာရင် မိမိတို့ ဘာတွေ ပြောကြမလဲ။ အို. . . . ကိုကိုမေးတာတွေ ဖြေလိုက်မှာပေါ့။ ခြေဖျားလက်ဖျားတွေ အေးစက်နေမှာလား။ ရင်ခုန်သံစဉ်တေးတွေ ကျယ်လောင်စွာ မြည်ဟီးနေမှာလား။ အတွေးအမျိုးမျိုးဖြင့် ကြည်မွေ့မိကာ သီချင်းတစ်ပိုင်းတစ်စကို ဟစ်ဝင်လိုက်မိသည်။

'ကိုကိုလာမယ်ဆိုလို့၊ ကော်ဖီရည်တွေကျိုလို့'

* * * * *

ရေချိုးမှားသွားသည် ထင်ပါသည်။ နှာစေးကာ ခေါင်းကိုက်လာသဖြင့် ဘာမိတွန်နှင့် ပါရာစီတမော တစ်ပြားစီ သောက်ကာ စောစီးစွာ အိပ်ယာဝင်ခဲ့သည်။ ယခင် စာစဉ်များကို ဖြေဆိုနေရသဖြင့် ဆယ့်တစ်နာရီနောက်ပိုင်းမှ အိပ်ဖြစ်သည်။ ယနေ့တော့ ဆေးအရှိန်ဖြင့် ရှစ်နာရီကတည်းက အိပ်ပျော်သွားခဲ့သည်။

မြားနတ်မောင်က မြားစိမ်းဖြင့် တမင်ပစ်ခွင်းကာ မိမိအား လှည့်စားခဲ့သည် ထင်ပါသည်။ ထိုည အိပ်မက်ဆိုးက မိမိဘ





တစ်ခုလုံးကို အထိးကျန်အောင် ပြုစားသွားသည်။ ဟုတ်ပါသည်။ အလွန် ခါးသီးမုန်းတီးဖွယ် ကောင်းလွန်းသော အိပ်မက်ဆိုးတစ်ခုပါ။ ထိုထိုင်း ရီဝေနေသော အိပ်မှုန်စုံမွှား အာရုံဖြင့် ညည်ခန်းမှ အသံများကို နားစွင့်နေမိသည်။

'မာလာ နေမကောင်းလို့ စောစော အိပ်ရာဝင်သွားတယ်၊ ကိစ္စရှိပါသလား ဦးမြင့်ဆွေ'

"ကိစ္စတော့ မရှိပါဘူး။ သူက မာလာမိတ်ဆွေပါ။ မာလာဆီ လာလည်တာ'

'လာလည်တာ'ဟု မေမေက သံယောင်ပြုရင်း. . . .

'ဒါထက် ဘယ်အချိန်ရှိပြီလဲ ဦးမြင့်ဆွေ'

'ကိုးနာရီခွဲပါ'

'ကျွန်မတို့ကတော့ စောစောအိပ်ရာဝင်တတ်လို့လား မသိပါဘူး၊ ညကိုးနာရီခွဲဆိုတာ အိမ်လည်တဲ့အချိန် မဟုတ်ဘူး ထင်ပါတယ်'

အသံများ တိတ်ဆိတ်သွားသည်။ တစ်ခဏနေမှ မေမေ့အသံ ထွက်ပေါ်လာပြန်သည်။

'မာလာ့မိတ်ဆွေဆိုလဲ နေ့လယ်နေ့ခင်း လာလည်လို့ရပါတယ်ကွယ်'

'ဟုတ်ကဲ့၊ ကျွန်တော့်ကို ခွင့်ပြုပါဦး အစ်မကြီး'

'ကောင်းပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



တံခါးပိတ်သံ၊ အိမ်ရှေ့ခန်း မီးခလုတ်ပိတ်သံ။ ထို့နောက် မေမေ့ ခြေသံဖွဖွသည် မိမိအခန်းဆီသို့ ဦးတည်လာကြောင်းကို ရင်တထိတ်ထိတ်နှင့် ကြားနေရသည်။ အမှောင်ထုအတွင်း၌ ငြိမ်သက်စွာ လဲလျောင်းနေသော မိမိကို အိပ်ပျော်နေသည်ဟု မေမေ ယူဆသွားဟန်တူသည်။ သက်ပြင်းတစ်ချက်ချသံနှင့်အတူ ပြန်လည်ထွက်သွားသော ခြေသံကိုပါ ကြားလိုက်ရသည်။

ဘာကြောင့်ရယ်မသိ၊ ရင်မှာ ဆို့နင့်မောဟိုက်လာသည်။ မိုးလင်းလာလျှင် မေမေပြောလာမည့် စကားများကို နှလုံးသားနှင့် နားထောင်ရပေဦးတော့မည်။

ထင်သည့်အတိုင်း မိုးလင်းသည်နှင့် မေမေ၏ ခုံရုံး၌ အစစ်ဆေးခံရသည်။

'ရုပ်ကတော့ အတော်ဖြောင့်တဲ့ကောင်ပဲ၊ သူ ဘယ်သူလဲ သမီး'

'သိဘူးလေ'

'ဟင်. . . . . မသိဘဲ လာလည်တယ်'

'သူကတော့ မီးကိုသိလို့ နေမှာပေါ့'

'ထားပါတော့လေ၊ အညီရှိရာ ယှဉ်အုံ့တာ သဘာဝကျ တယ်၊ ဒါပေမယ့် အချိန်မတော် လာလည်တာကတော့ လွန်လွန်း အားကြီးတယ်၊ နောက်ပြီး ဦးမြင့်ဆွေတို့က သောက်ထားကြတယ်





ထင်တယ်၊ ကောင်လေးကတော့ သောက်ထားသလား ရှက်နေ တာပဲလားတော့ မသိဘူး၊ မျက်နှာတော့ ရဲနေတယ်၊ အသားကလဲ ဖြူ ရုပ်ကလဲ ချောနဲ့ မေမေမြင်ဖူးသမျှ ယောက်ျား တွေထဲမှာတော့ အလှဆုံးပဲ၊ ဒါပေမယ့် လောကကြီးမှာ ရုပ်လှတာထက် စိတ်အလှ၊ အကျင့်စာရိတ္တအလှက အရေးအကြီးဆုံးပဲ၊ နောက်ကို သမီး ဘဝထဲ ယောက်ျားတော်တော်များများ ဝင်လာကြဦးမှာပဲ၊ လေ့လာ အကဲခတ်ဖို့ အများကြီး ဖြစ်ဦးမှာပါ၊ အိမ်ကိုလဲ နေ့လယ်ဘက် အလည်လာခွင့်ပေးထားသားပဲ၊ မေမေ ပြောတာနားလည်လား သမီးကြီး'

'ဟုတ်'ဟု ဖြေရင်း သူရောက်လာမည့်အချိန်ကို တစိမ့်စိမ့် တွေးကာ မျှော်လင့်ရင်း ပျော်ရွှင်ကြည်မွေ့မိသည်။ ဘာလုပ်လုပ် ဟွန်းသံလေးကိုလည်း နားစွင့်မိသည်။ သို့သော် အခြား ကားဟွန်းသံများနှင့်မတူဘဲ တမူကွဲပြားသော သူ့ ကားဟွန်းသံကို ထိုနေ့မှစ၍ မကြားရတော့။ ရှက်သွားသည် ထင်ရအောင်လည်း ရှက်လောက်သော အပြစ်မျိုးမဟုတ်၊ ခရီးထွက်သွားသည် ထင်ပါရဲ့ ဟူသော အတွေးဖြင့် ရှာကြံ ဖြေသိမ့်မိသည်။

စာပေးစာယူ အနီးကပ် ရက်တိုသင်တန်းနှင့် စာမေးပွဲ ဖြေဆိုရန်အတွက် ရန်ကုန်သို့ ထွက်ခဲ့ရသည်။ စိတ်အစဉ်က တောင်ငူ၌ ကျန်ရစ်ခဲ့သည်။ ရန်ကုန်မှာ နှစ်လကြာပြီ တောင်ငူ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်သည်နှင့် ဖေဖေ ပရိုမိုးရှင်းဖြင့် ရခိုင်သို့ ပြောင်းရသည်။ ပြောင်းသွားသည်အထိ သူ့ကို အရိပ်အယောင် မမြင်တွေ့ခဲ့ရတော့။

ပါရမီဖြည့်ဖက်အဖြစ် ဘဝတစ်ဆက်တာ လက်တွဲချင်သည်ဟုလည်း ဆိုသေးသည်။ မိန်းမသားအိမ်ကို ညဘက်ရဲရဲ ဆေးတင်ပြီးမှ လာသည်။

ထို့နောက် ပျောက်ဆုံးသွားသည်။ ထိုသူ၏ မေတ္တာတရားကို မိမိ မည်ကဲ့သို့ နားလည်ရမည်နည်း။

ရင်ခုန်ပန်းလေး ဖူးငုံစ ကာလမှာပင် အချစ်မီးခိုးငွေ့ဟပ်မှုကြောင့် ရင်ခုန်ဖူးလေးတွေ မပွင့်လာနိုင်တော့ပါလား။

နောက်နောင် တွေ့သူတွေထက် အရင်ဦးဆုံး ရင်ခုန်စေသူ ကိုကို့ ကို ဒဏ္ဍာရီတစ်ပုဒ်ထဲက ရွှေမင်းသား ကိုယ်ထင်ပြသွားသည်ဟု၍သာ။ ။

ရင်ခုန်ပွင့် မဂ္ဂဇင်း
ဇူလိုင်လ၊ ၁၉၉၁။



# အလွမ်းချောင်း



www.burmeseclassic.com

www.burmeseclassic.com

## အလွမ်းချောင်း

ပသီချောင်းရေကို ချိုးဖူးသူသည် ပသီချောင်းသို့ ခုကြိမ်ညှိ့အောင် ရောက်ရှိတတ်သည် ဟူသော အစွဲအလန်းအဆိုကို ကျွန်မ ရင်ထဲမည်သူ ထည့်သွင်းပေးလိုက်သည်ကိုတော့ ကျွန်မ မှတ်မိ။

သို့သော် ကျွန်မက ထိုအဆိုကို ကိုယ်တွေ့ ခံစားချက်ဖြင့် ညှိ့စွက်ကောက်ချက် ချလိုက်ချင်သည်။

ပထမအကြိမ် ပသီချောင်းရေနှင့်ထိတွေ့စဉ်က ဖြစ်ပေါ် ခံစားရချက်တို့သည် ဒုတိယအကြိမ်နှင့်တတိယအကြိမ်တို့ တိုင်အောင် တူညီသော ခံစားချက်ကိုသာ ဖြစ်ပေါ်စေတတ်သည်ဟု။

* * * *

ကျွန်မ မောင်နှင့်ချိန်းဆိုထားရာ ပသီချောင်း၌ သူငယ်ချင်းနင်ဦးနှင့်အတူ ရေစိမ်ရင်း စောင့်စားနေမိသည်။ တောပန်းလေးများကိုခူး. . . . ပသီချောင်းရေ အလျဉ်ထဲမျှောရသည့် အရသာများကို ကျွန်မ နှစ်သက်စွာ ခံစားရင်း မျက်နှာစိမ်းတစ်ဦးက လာပေးသည်။

အဏ္ဏဝါ

မောင် အရေးပေါ်ကိစ္စနှင့် ရုတ်တရက် ခရီးထွက်သွားရတယ်. . . . မောင်ပြန်လာမှ ဆက်သွယ်မယ်. . . .

မောင်

**နော်ရင်မွေးစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်ဖြစ်ရာ. . . ကိုကိုသည် ကျွန်မအား တစ်နေ့မဟု တစ်နေ့ ခေါ်မှာစိုးသဖြင့် ကိုကိုဆီတော်ရုံနှင့်လည်း မသွား ဖြစ်ခဲ့. . . ကိုကိုကိုယ်တိုင်ရောက်လာပြီး သီတင်းကျွတ် ကျောင်း ပိတ်ရက်အတွက် နယ်ထွက်ခွင့်စာကို ကိုကိုကိုယ်တိုင် ကျောင်းအုပ် တင်ပေးပြီး ကျွန်မအား ခေါ်ဆောင်သောအခါ၊ ကျွန်မ မချိုး ဖြင့်. . . အမှတ်တွေကို ကိုကိုကူပေါင်းရမှာနော်. . . . . မှား ကိုကိုက ကျွန်မကို ဟင်းချက်ကျွေးရမှာ”ဟု နှဲ့လိုက်မိသည် ကြီးရင်မှီ ငယ်ရင်ချီ ကိုယ်ချစ်ကို မရှာနဲ့ သူချစ်ကိုရှာဟု ဆို မိဘများ ရွေးချယ်ပေးခဲ့သော ကိုကိုသည် ကျွန်မအတွက် တကယ် ကို မှီခိုအားထားရာ ခင်ပွန်းကောင်း တစ်ယောက်ဖြစ်လေသည်

* * * *

ကျွန်မ မလာချင်သော ပသီချောင်းဆီသို့ ကိုကိုနှင့်အတူ လိုက်ပါလာခဲ့ရလေသည်။ ကျွန်းပင်များ ရော်ဘာပင်များနှင့် တောင်ကမ်းပါးနံရံများ တွယ်ကပ်ပေါက်နေသော ကျောက်ခက်ပန်း ခြောက်လေးများသည် ကားလမ်းဘက် ဝဲယာ ဘေးနှစ်ဖက်သို့ ရောင်စုံအလှတန်ဆာဆင်ပေးနေလေသည်။

ကျွန်မရင်ထဲတွင် ပတ်ဝန်းကျင်၏ စိမ်းညို့ညို့အလှတရား တို့သည့်လည်း ကြည်နူးအေးချမ်းမှုကို မပေးစွမ်းနိုင်။

ဝါ. . . ဘာဖြစ်သလဲ မျက်နှာလည်းမကောင်းပါလား သားနဲ့သမီးကို လွမ်းလို့လား။





ကိုကိုက ငြိမ်သက်နေသော ကျွန်မအား မေးလေသည် ဆယ်ကျော်သက်အရွယ် အဖော်မင်သော သားနှင့်သမီးက နယ်မှ ရောက်လာသော ဝမ်းကွဲညီအစ်ကိုမောင်နှမများနှင့် လည်ပတ်ရန် ဟူဆိုကာ အဘိုးအဘွားတို့အိမ်၌ သွားနေခဲ့သည်ကိုတော့ ကိုကိုက လိုက်လိုက်လျောလျောပင် ခွင့်ပြုခဲ့လေသည်။ ဘာဖြစ်လဲကွာ ဒီအရွယ်တွေက ဒီလိုပဲ ရွယ်တူအဖော်ကို သိပ်မက်မောကြတယ်။ သားနဲ့သမီးမပါတော့ ဝါနဲ့ကိုကိုအတွက် ဒုတိယဟန်းနီးမွန်း ပေါ့ကွာ” ဟု ကိုကိုက ကြည်နူးစွာပင် နှစ်သိမ့်ခဲ့လေသည်။

မြို့အနေအထားက တောင်စခန်းမြို့ အဖြစ်ပြောင်းလဲ ဖွင့်ဆင်နေပြီဖြစ်ရာ ပိုမိုသာယာပြီး ပို၍နေချင်စဖွယ်ကောင်းလေ သည်. . . တကယ်ကို အပန်းဖြေချင်စရာကောင်းလှသည်။

ပသီချောင်းသို့ ရောက်သည်နှင့် ကိုကိုလက်ကို တွဲထား လိုက်သည်။ ထိုအခါ အေးစက်နေသော ကျွန်မလက်ကို ကိုကိုက ခပ်တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်သည်။

ပသီချောင်းကို ဖြတ်တော့ ကြိုးတံတားလေးပေါ်သို့ ကိုကိုနှင့်ယှဉ်တွဲလျှောက်လာစဉ် တစ်ဘက်မှာ တုတ်ကို အားပြုကာ လျှောက်လာသော သူ့ကို တွေ့လိုက်ရသည်နှင့် ကျွန်မ တစ်ကိုယ် လုံး သွေးကြောများရပ်ဆိုင်းသွားသလား ထင်မှတ်လိုက်ရလေ သည်။

“မောင်”



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စာလေးတစ်စောင်သာ ရရှိလိုက်စဉ်တွင် မောင့်အပေါ် မကျေမနပ်စိတ်နှင့် လွမ်းစိတ်ရောကာ ပသီချောင်း ရေနှင့် ကျွန်မမျက်ရည်ရောထွေးခဲ့ရသည်။

မောင့်ကို သေချာစွာ အကြောင်းကြားထားပါသည်... မောင်ရေ မေမေတို့ ကျွန်မကို သူတို့သဘောတူတဲ့လူနဲ့ လက်ထပ် ပေးဖို့ နားချနေတယ်။ တိုင်ပင်ရအောင် တွေ့နေကျ ပသီချောင်း လေးမှာပဲ တွေ့ကြရအောင်”ဟု စာရေးကာ ချိန်းဆိုထားပါလျက် မောင်က ပျက်ကွက်သွားရက်သည်။

သံတောင်တွင် တာဝန်ကျသော နိုင်ငံဝန်ထမ်း မောင်နှင့် ကျွန်မဌာနချင်းကတော့မတူ မောင့်တာဝန်ကို ကျွန်မနားမလည်ခဲ့

ချစ်သူမောင့်ကို မကျေနပ်စိတ်လွမ်းစိတ်တို့ဖြင့် ပထမ အကြိမ်၊ ပသီချောင်းထဲ ကျွန်မ မျက်ရည်ရောထွေးပါသွားခဲ့ သည်ကို ကျွန်မသာလျှင် သိခဲ့သည်။

အချစ်ဦးမို့ မောင့်ကို ကျွန်မသိပ်ချစ်ခဲ့တာကိုလည်း ကျွန်မ ကိုယ်ကျွန်မသာလျှင် အသိဆုံးပါ....။

* * * *

ဒုတိယအကြိမ်

ကျွန်မ တာဝန်အရ သံတောင်မှ ပြောင်းရွှေ့ရတော့မည်။ တိ ရန်ကုန်သို့ ပြောင်းရမည်။ ရန်ကုန်ရောက်သည်နှင့် မိဘများ သဘောတူသောသူနှင့် လက်ထပ်ရတော့မည်။ နောက်ဆုံးအခွင့် ရေးအနေနှင့် မောင့်ထံသို့ မောင်နဲ့ ကျွန်မတရားရုံးမှာ လက်ထပ်





တ်ကြအောင် မောင်ဟု ဆိုကာ ပသီချောင်းမှာပင် ချိန်းဆို ခဲ့လေသည်။

သို့သော်.... ချိန်းဆိုထားသော အချိန်ထက် ၃- နာရီ လွန်သည့်တိုင်အောင် မောင်ရောက်မလာသောအခါ ကျွန်မခူးထားသမျှ တောပန်းတို့ကို ခြေမွရင်း ပသီချောင်းထဲ ဆင်းကာ ပန်းကြွေများကို ပြန့်ကျဲချလိုက်သည်။ ထိုအထဲသို့ ကြေကွဲပွင့် မျက်ရည်စက်တို့ပါ ခုန်ချဆင်းလိုက်ပါသွားခဲ့လေ သည်ကို....ကျွန်မသာလျှင် အသိဆုံးပင်။

* * * *

ကျွန်မခင်ပွန်း “ကိုကို”က တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး သို့ တာဝန်ကျလေသည်။ ယောင်နောက်ဆံထုံးပါ ကျွန်မလိုက်ပါရ သည်ဖြစ်သောကြောင့် ကျွန်မကို ကိုကိုက ထရန်စဖာတင်ခိုင်း သသည်။

ကျွန်မက ကိုကိုလည်း နေရလှ နှစ်နှစ်ပဲဟာ ကျွန်မ ကျောင်းပိတ်ရက်တွေမှာ လိုက်လာမှာပေါ့....ကိုကိုရယ်”ဟု ခင်ပွန်းကို လေပြေလေးနှင့် ချွေးသိပ်ခဲ့သည်။

ကျွန်မ-ရင်ထဲက အပူကို ကိုကိုမသိစေချင် တောင်ငူမြို့နှင့် ဝေးကွာသောနေရာရှိ မြတ်စောညီနောင်ဘုရားနှင့် တောင်ပေါ် ခန်းမြို့လေးဖြစ်သည့် သံတောင်ရှိ ပသီချောင်းကို တောင်ငူမြို့သို့ လည်အပတ်နှင့် ဘုရားဖူး ရောက်လာသူတိုင်း မသွားဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား၌ ပဲ့တင်ထပ်မြည်းဟီးသွားလေသည့် နာကျင်ခြင်း ဝေဒနာရပ်က ရင်ဝယ်ဖြစ်ထွန်းလျက်။

"ဟော- အတာ"

"ကိုလတ်"

ကျွန်မလက်ကို ဖြုတ်ကာ ကိုကိုက မောင့်ပခုံးကို ဖက်ကာ ရင်ချင်းအပ်လိုက်ချိန်၌ မောင်နှင့်ကျွန်မအကြည့်ချင်း ဆုံမိကြ သည်။

မပြောင်းလဲသော မျက်ဝန်းကို ကျွန်မရင်ဆိုင်လိုက်ရစဉ် ကျွန်မနှလုံးသားအက်ကြောင်းမှ ချော်ရည်ပူတို့ စီးထွက် ကုန်လေပြီ။ မဖြစ်သင့် မပေါ် ပေါက်သင့်သော ခံစားမှုကို ကျွန်မ ဖွတ်မိုက်ကာ မောင်းနှင်ထုတ်လိုက်သည်။

"အတာ. . . ဒါ မင်း မရီးကိုတို့ဇနီး အဏ္ဏဝါပဲ၊ မင်း တူတွေ တူမတွေကတော့ ရန်ကုန်သီတင်းကျွတ်ကိုပဲ သဘောကျ ကြလို့ လိုက်မလာကြဘူး မင်း ဒီကို တာဝန်နဲ့လား။

"မဟုတ်ပါဘူး သက်သက်လာတာပါ"

"တစ်ယောက်တည်းလား ခုထိအဖော်မရှာသေးဘူးလား"

"သိသားနဲ့ ကိုလတ်ရာ သွားမယ်ဗျာ၊ မန္တလေးသွားရင်း ဝင်လာတာ"

"ခရီးသွားတာလား ကိုလတ်အိမ်မှာ တည်းပါလား အတာရာ၊ ဘာကိစ္စအရေးကြီးလို့လဲ"





"သွားမယ် ကိုလတ်ရာ. . . သွားပါဦးမယ်. . . ခွင့်ပြုပါ"

မောင့်မျက်ဝန်းရိပ်ညိုညိုက ကျွန်မကို နောက်ဆုံး အကြိမ် စိုက်ကြည့်ပြီး တုတ်ကောက်ကို အားပြု ကျောခိုင်း ထွက် သွားလေသည်။ မောင်၏ ညာဘက်ခြေထောက်သည် ပေါင်ရင်းမှ ၍ အတုတပ်ဆင်ထားခြင်းဖြစ်ကြောင်းကို မှန်းဆ တွေမြင်လိုက် ရတော့ ကျွန်မရင်ဝယ် နာကျင်သည်ထက် နာကျင် လာလေသည်။

"ကိုကို့ညီဝမ်းကွဲလေး ကိုကိုတို့ မင်္ဂလာဆောင်ခါနီးမှာပဲ စစ်မြေပြင်အတွက် သူ့ခြေထောက် တစ်ဘက်စွန့်လိုက်ရတယ်လို့ သတင်းကြားတယ်၊ ဒီကောင်က ခုထိ အိမ်ထောင်မပြုသေးဘူး၊ သူ့ရည်စားက ဒုက္ခိတဘဝရောက်လို့ စွန့်ပစ်လိုက်သလား၊ မသိပါ ဘူးကွာ. . . . . မိန်းမတွေကိုပဲ စိတ်နာတာလား။ ချစ်သူ နေရာ အစားမထိုးနိုင်အောင် အစွဲအလမ်း ကြီးသလားဆိုတာ ကိုကိုလည်း မသိပါဘူးကွာ၊ ခုကြည့် ရန်ကုန်-မန္တလေးခရီးသွားတဲ့ လူက ဒီကို ဘာ့ကြောင့်လာတာက လာစရာလိုလို့လား. . . ဒီမှာများ. . . ။

ကျွန်မ ကိုကို့စကားများကို ဆက်မကြားတော့ချေ။ ကျွန်မ "မောင့်"ကို ကောင်းစွာ နားလည်သွားလေပြီ။ ချစ်သူကို စွန့်လွှတ် ရန်စိတ်နာခံခြင်းဖြင့် နှလုံးသားကိုလည်း စတေးသွားနိုင်ခဲ့သော "မောင်"ကို ကျွန်မသည်. . . . .

ကိုကိုနှင့် ဝေးရာသို့ရွှေ့လျားပြီး ရေထဲစိမ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် မျက်ဝန်းအိမ်မှ ကြွေလွင့်လာသောကြေကွဲပွင့်တို့ဖြင့် ပသီချောင်းရေနှင့် ရောထွေးပစ်လိုက်သည်။

ထိုစဉ်. . . . . . ရေစီးထဲမျောလာသော ပန်းတစ်ပွင့်က ကျွန်မရင်သို့ လာရောက်ထိမှန်လေသဖြင့် ကျွန်မဆယ်ယူထား ရေဆန်အရပ်ကို ကြည့်လိုက်လေသည်။

ကိုကိုက ကျောက်တုံးတစ်ခုပေါ် ထိုင်ကာ ဆပ်ပြာတိုက် ရင်း ကျွန်မအား ပြုံး၍ လက်ပြလိုက်လေသည်။

ကျွန်မ ခေါင်းညိတ်ကာ လက်ပြန်ပြရင်း ကိုကိုမျှောလိုက် သည့် မေတ္တာပန်းလေးကို ငုံ့နမ်းရှိုက်လိုက်သည်။

ထိုစဉ် ကျွန်မ မျက်ဝန်းအိမ်မှ နောက်ဆုံး ကြေကွဲပွင့် လေးတစ်ပွင့်သည် ပသီချောင်းထဲသို့ ခုန်ဆင်းသွားလေတော့ သည်။

အထက(၁)
တောင်ငူ အထိမ်းအမှတ်
မင်းကြီးညို
ရွှေရတုမဂ္ဂဇင်း



# မြမေနှင်း

## ဆိုးမွေးဆိတ်မြေး

နှင့်

## အခြားဝတ္ထုတိုများ


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| | | စာမျက်နှာ |
| ၁။ | ပန်းခြွေလက် | ၁၁၉ |
| ၂။ | သိုးမွေးအိမ်လေး | ၁၃၅ |
| ၃။ | ခေါင်းခါခြင်း၏အဘိဓမ္မာ | ၁၅၆ |
| ၄။ | အနားမှာခနပါကွယ် | ၁၇၂ |
| ၅။ | ပန်းကြွေမလေးအမုန်း | ၁၉၄ |
| ၆။ | အနီးစွမ်း | ၂၀၂ |


# ပန်းခြွေလက်



www.burmeseclassic.com

www.burmeseclassic.com



## ပန်းခြွေလတ်

"ဒက်ဒီ ဘယ်လို လုပ်လိုက်တာလဲ၊ ဒက်ဒီလက်ခံလို့ ...ခေါ်လာခဲ့တာ၊ သမီးကို အရှက်ခွဲတာလားဟင် ဒက်ဒီ"

"တော်စမ်းနွဲ့ဝင်း၊ နင် ငါ့ကို တစ်ခွန်းမှ မပြောနဲ့ နင် ...ောင်နဲ့ အဆက်အသွယ်ဖြတ်ရမယ် ဒါပဲ"

ပြင်းထန်သော မိုးခြိမ်းသံကြောင့် နွဲ့ဝင်း တစ်ကိုယ်လုံး ...ခါသွားသည်။ လှည့်ထွက်သွားသော ဖခင်၏ နောက်ကျောကို ...ကြည့်နေရင်းက အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ထား ...တ်မိသည်။ ထို့နောက် မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ ...စီးကျလာလေ၏။ အနားတွင် ရပ်နေသော မောင်ငယ်လေး ...ယောက်က သူမကို ကြောက်ကြွစွာ ကြည့်နေကြသည်။ အစ်ကို ...ယောက်မှာလဲ ဘယ်လိုမျှ ဖြေရှင်းမရသည့်ဟန်နှင့် အားလျော့ ...မလှုပ်မယှက် ထိုင်နေကြဆဲဖြစ်သည်။

"အင့်. . ."

ရှိုက်သံကို လက်ဖဝါးနှင့်ပိတ်ထိန်းပြီး အိပ်ခန်းထဲသို့ ...ဝင်လာခဲ့သည်။

မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားသော ...ပြောင်းအလဲတစ်ခုအတွက် မည်သူမျှ မကူညီနိုင်တော့ပေ။ ...အိမ်လုံးကို တိတ်ဆိတ်မှုက ကြီးစိုးသွားတော့သည်။

xxxxxxxx



www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစောက ပျော်ရွှင်ကြည်နူးမှုများမှာ ဝုန်းခနဲ ပြိုကျသွားပြီးနောက် မြူငွေ့လေးမျှပင် မကျန်တော့ပါ။

စေ့ပိတ်ထားသော အိပ်ခန်းတံခါးကြားမှ နွဲ့ဝင်း၏ ကြိတ်၍ ငိုရှိုက်သံလေး ပျံ့လွင့်လာသည်။ နွဲ့ဝင်း၏ အစ်ကို သုံးယောက်နှင့် မောင်နှစ်ယောက်တို့မှာလည်း နွဲ့ဝင်းကဲ့သို့ပင် အားပါးတရ ဟစ်ငို၍-

"ဒက်ဒီ မတရားဘူး၊ ဒက်ဒီမတရားဘူး"ဟု အော်ဟစ် လိုက်ချင်နေကြသည်။ သို့သော် ဖခင်ဘာလုပ်လုပ် မည်သူမျှ မပြောရဲမဝေဖန်ရဲကြပါ။

တစ်စုံတစ်ခုအတိုင်းအတာ အထိတော့ ဖခင်ကို နားလည် ကြပါသည်။ သို့သော် ဖခင်ရှိသောမီးက ပူလောင်လွန်း လှသည်။

အချိန်တန်အရွယ်ရောက်၍ သီးပွင့်လာကြသော ပန်းကို ဖခင်က ဟန့်တားထားသည်။ သားသမီးများ၏အချစ် အထူးသဖြင့် သမီးနွဲ့ဝင်း၏အချစ်ကို အတင်းအကျပ် ပိတ်ပင်တားမြစ်ခဲ့သည်။

အစ်ကိုများက အချစ်ကို ဖွတ်အတင်းဆုပ်ကိုင်၍ ဖခင် အရိပ်အောက်မှ ရုန်းထွက်လာသော်လည်း ချစ်တတ်သော လူသားမလေး နွဲ့ဝင်းသည် အသက်၃၅နှစ်တိုင်အောင် အချစ် မျက်စိကို အတင်းမှိတ်ကာ အိပ်ဟန်ဆောင်ခဲ့၏။

ချစ်သူနောင့်ကို နွဲ့ဝင်းချစ်သည်။ အထက်တန်း ကျောင်းသူ ဘဝကတည်းက တွယ်တာလာရသည်။ တက္ကသိုလ် တတိယနှစ် ရောက်သောအခါမှ နောင့်ကို အဖြေပေးလိုက်၏။ မလုပ်နဲ့ဟု





တားမြစ်လျှင် ပိုလုပ်ချင်သောလူ့သဘာဝအတိုင်း ဖခင်၏ သံမဏိလှောင်အိမ်စည်းကို တိတ်တခိုး ချိုးဖောက်ကာ နောင့်ကို ချစ်ခဲ့ရပါသည်။ နောင်နှင့်ချစ်ခဲ့သည်မှာ ဆယ်နှစ် ဆယ်မိုးကြာခဲ့ လေပြီ။

နွဲ့ဝင်း အသက်၂၇-နှစ်ခန့်က နောင့်မိဘများ လာတောင်း စဉ်အခါကလည်း ဖခင်က သိမ်မွေ့ညင်သာစွာ ငြင်းဆန်လွှတ်ခဲ့ သည်။

"သမီးငယ်ပါသေးတယ်၊ ပြီးတော့ သမီးမောင်လေး နှစ်ယောက်ကလဲ ကျောင်းပြီးသေးတာမဟုတ်ဘူး။ သူတို့ကို ဘယ်သူစောင့်ရှောက်မှာလဲ သမီးရယ်"

မောင်ငယ်နှစ်ယောက်ကျောင်းပြီးအောင် နောင်စောင့် နေခဲ့ပါသည်။ ကျောင်းပြီးသွားကြတော့လည်း အလုပ်ရအောင် စောင့်နေကြပြန်သည်။ အလုပ်ရတော့လည်း ဖခင်ကြီးမမာမကျန်း ဖြစ်ကာ ရောဂါဝေဒနာ ထူပြောလွန်း၍ ဖခင်အား ပြုစုနေရသည်။

နွဲ့ဝင်းကို ချစ်လွန်းသော နောင်၊ သစ္စာရှိလွန်းသော နောင်သည် ဆယ်မိုးဆယ်နွေစောင့်နေဆဲဖြစ်၏။

ဖခင်နေကောင်းလာသောအခါ အစ်ကို သုံးယောက် အကူအညီနှင့် ဖခင်ကို မဝံ့မရဲလေး ခွင့်ပန်ခဲ့သည်။

"အင်းလေ လူကြီးစုံရာနဲ့လာစေ့စပ်ကြပေါ့။ ဒက်ဒီတို့ ဘာသာညီယူလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က နွဲ့ဝင်းသည် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးနှင့် အပျော်ဆုံးမိန်းကလေးတစ်ဦးဖြစ်ခဲ့ပါသည်။

(၂)

အစဉ်အမြဲ တိုက်ထား၍ ပြောင်လက်နေသော ကြမ်းပြင်ကို ကြည့်၍ နွဲ့ဝင်းကျေနပ်မိသည်။ ချစ်သူနောင်၏ မိဘများသည် နွဲ့ဝင်း၏ သိမ်မွေ့သောဟန်၊ မိန်းကလေး ပီသသော စရိုက်တို့ နှစ်သက်၍လား နောင်အတွက် နွဲ့ဝင်းနှင့်သာဆိုလျှင် အချိန်ဘယ်လောက်ကြာကြာစောင့်ရ စောင့်ရ စောင့်နေပါသည်။ နွဲ့ဝင်းကို နောင်ချစ်သကဲ့သို့ နောင့်မိဘများကလည်း ချစ်ကြသည်။

သို့ဖြစ်၍ ယောက်ခမလောင်းကြီးများ အမှတ်တိုးပေးရေးအတွက် နွဲ့ဝင်း အစွမ်းကုန်ကြိုးစားခဲ့၏။

မနေ့ညက စိတ်လှုပ်ရှားလွန်းလို့ အိပ်မရသော နွဲ့ဝင်းသည် မျက်တွင်းလေး နည်းနည်းညိုနေသည်က လွဲလို့ လန်းဆန်းပျော်ရွှင်နေလေပြီ။

အဖြူရောင်စားပွဲခင်းအသစ်နှင့် ပန်းအိုးပြာလေးကို ဆက်တီစားပွဲပေါ်တွင် အလှဆင်ထားသည်။ အိမ်ရှေ့ရှိုးကေ့စ်ပေါ်တွင် ပန်းအိုးပြာလေးရှိသည်။ ဧည့်ခန်းထောင့် စားပွဲပေါ်တွင်လည်း ပန်းအိုးကြီးကြီးထားထား၏။ ပန်းအိုးများထဲတွင် အဖြူရောင် သစ္စာပန်းလေးများကို လှပစွာထိုးစိုက်ထားသည်။ သစ္စာရှင်နောင့်ကို ဂုဏ်ပြုလိုက်ခြင်းပင် ဖြစ်၏။





"ဟာ - မမ"

"ဘာလဲ"

"လုပ်ပါဦး သားတို့လုံချည်ဖြန့်မဝတ်ရဲအောင်ဖြစ်နေပြီ"

"ကြည်စမ်း ကောင်ရှုပ်လေး"

အစ်မ ကြမ်းပြင်ကို ကြည့်၍ မောင်ငယ်လေးက နောက်ကာသည်။ ကြည်နူးစိတ်နှင့်ရယ်မောရင်း မောင်ငယ်လေး ခေါင်းကို ဆိတ်လိုက်၏။

"မမရေ မမ ဟင်းချိုအိုးကြီး ဆူနေပြီဗျ၊ လာပါဦး"

မီးဖိုခန်းထဲမှ လှမ်းအော်လိုက်သော မောင်လေးအကြီးသံကြောင့် နွဲ့ဝင်း ပြေးဝင်သွားသည်။

"ဆူပါစေလေ၊ ထားလိုက် ကျက်ကျက်ဆူမှကောင်းတာ"

မလေးရှားဟင်းချိုအဉ်စပ်လေးနှင့် မလေးရှားခေါက်ဆွဲကြော်ကို နွဲ့ဝင်းကိုယ်တိုင်ချက်သည်။

"ဟော မမရေ ဒီကောင်အသားဖတ်တွေနှိုက်စား နေတယ်"

"ကောင်လေးတွေနော် ဦးဦးဖျားဖျား"

မောင် နှမ သုံးယောက်စလုံး ပျော်နေကြသည်။ ထမင်းဝိုင်းတွင် ပန်းကန်များ အကျအနပြင်ဆင်ထားပြီး အလုပ်ရှုပ်ကြ၏။

"မမ ဒီနေ့ သိပ်လှတာပဲ"

"မဖားနဲ့ကွာ ပုံမှန်အတိုင်း ဆက်ဆံပါ"

"ဟုတ်တယ် ညီလေးရ အချစ်နဲ့တွေ့ရမယ့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



အချစ်နဲ့အတူ နေရမယ့် မျက်နှာက အလိုလိုလှ,နေတယ်
မင်းမကြားဖူးလား'

"ဟုတ် မဟုတ် မမ, လှည့်စမ်းပါ ဒီဘက်ကို"

"သေတော့မှာပဲ ဒါနောက်စရာလား"

အတိုင်အဖောက်ညီညီနှင့် စ,နောက်နေ၍ အပျိုကြီး
ရှက်ရှက်နှင့်မောင် နှစ်ယောက်လုံးကို လိုက်ထုသည်။

"ဆူညံနေတာပဲ"

ရုတ်တရက် ဖခင်၏ လှမ်းမာန်လိုက်သောကြောင့် သုံး
သား ငြိမ်သွားကြသည်။ ဖခင် မျက်နှာမကြည်မသာဖြစ် နေသ
ကို သတိထားမိ၍ စကားကျယ်ကျယ် မပြောဝံ့တော့ပေ။

"ကက်ဆက်သံ ကလဲ နားငြီးလိုက်တာ"

တိုးတိုးလေး ဖွင့်ထားသော ကက်ဆက်ခလုတ်ကို ဆော
ပိတ်ချလိုက်သည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည်
ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် အစ်ကိုများ ရောက်လာ၍ အန
ငယ် အသက်ရှူချောင်သွားပြီး၊ စောစောကအတိုင်း ပြန်လည်
ပျော်ရွှင်သွားကြသည်။ ဖခင်က အိပ်ခန်းထဲတွင် ဆိတ်ငြိမ်
သက်သာရာရကာ အသက်ရှူချောင်ရတော့၏။

"နင့်ဟာက ဟုတ်ပ့ါမလား နွဲ့ဝင်းရာ၊ ဒယ်ဒီကြည့်ရ
တစ်မျိုးပဲ၊ သိပ်မကြည်သလိုကြီးပဲ"

"အစ်ကိုကြီးကလဲ သူ့သမီးကို သိပ်ချစ်တာ၊ ဒီလေ
တော့ ရှိမှာပေ့ါ"





အစ်ကိုလတ် စကားကို နွဲ့ဝင်းထောက်ခံမိသည်။
ခင်သည် နွဲ့ဝင်းအား မျက်စိအောက်က အပျောက်မခံနိုင်အောင်
ချစ်သည်။ အရိပ်တကြည့်ကြည့်နှင့် ယုယကြင်နာတတ်သည်။

မိခင်ဆုံးစဉ်က နွဲ့ဝင်း အသက်၁၅နှစ်သာသာရှိသေး
သည်။ မိခင်နှင့် မရှေးမနှောင်းမှာပင် နွဲ့ဝင်း၏ အမကြီးဆုံးသွား
သည်။ ထိုစဉ်က သမီးကြီးမို့ အချစ်ပိုခဲ့သော ဖခင်သည် ဖြေမရ
အောင် သောကရောက်ခဲ့၏။ သို့ဖြစ်၍ နွဲ့ဝင်းတစ်ဦးတည်း၌
ချစ်များ ပို၍ စုပုံလာခဲ့ရား ဤကဲ့သို့ အိမ်ထောင်ပြုမည်ဆိုတော့
ခင်အနေနှင့်နှမျော နေလိမ့်မည်။ ဝမ်းနည်းနေပေလိမ့်မည်။

သို့သော် နွဲ့ဝင်းသည် နောင့်ကိုချစ်မိလေပြီ။ ပြီးတော့
ဝင်းသည် ပုထုဇဉ်ပင်ဖြစ်ပါသည်။

(၃)

"မမရေ လာကုန်ကြပြီ"

ဌာနဆိုင်ရာ လေးဘီးကားလေးတွင် လူများအပြည့် တင်
ဆောင်လာပြီး နွဲ့ဝင်းတို့ တိုက်ရှေ့သို့ ထိုးရပ်လိုက်၏။

မောင်ငယ်လေး နှစ်ယောက်၏ အပြုံးမျက်နှာပေးကို
မျက်စောင်းထိုးဟန့်တားလိုက်ပြီး အစ်ကိုများနှင့်အတူ အိမ်ဝမှ
ဆီးကြိုလိုက်၏။ ရင်ထဲမှာ တသိမ့်သိမ့် လှုိက်ဖိုမောဟိုက်နေသည်။
ပျော်ရွှင်နေသော ချစ်သူနောင့်မျက်နှာကို ဖျပ်ခနဲ ခိုးကြည့်လိုက်ပြီး
ရှင်ဖိုစွာ မျက်လွှာချမိ၏။



www.burmeseclassic.com

www.burmeseclassic.com



နောင်တို့ မိသားစု၏ အဓိကဖြစ်သော ကြီးဒေါ် ဝဝကြီး၏ ဦးစားပေးကာ ကြိုဆိုလိုက်သည်။

ဧည့်သည်များကို နေရာချထားပြီးသောအခါမှ ဖခင်ကြီး၏ အိပ်ခန်းထဲမှ ထွက်လာ၏။ ဖော်ဖော်ရွေရွေနှုတ်ဆက် စကားပြော လိုက်၍ နွဲ့ဝင်းတို့ မောင်နှမ စိတ်အေးရလေပြီ။

“သမီးရေ စားစရာတွေ အရင်ပြင်ကွယ်၊ စားသောက်ပြီးမှ စကားပြောကြတာပေါ့”

နွဲ့ဝင်းက ပေါ့ပါးသွက်လက်စွာ ထ,သွားသည်။ ပြေပြေ လည်လည် ဖြစ်သွား၍ နွဲ့ဝင်းရင်အေးရသည်။ စိတ်ချမ်းသာရ သည်။

အသင့်ပြင်ထားသော စားပွဲဆီသို့ ဖိတ်ခေါ်လာပြီး အနားမှာ နေ၍ လိုအပ်သည်များကို ဖြည့်ပေးကြသည်။ အစ်ကိုများနှင့် ဖခင်ကြီးက ဧည့်သည်များနှင့်အတူ ဝင်စားကြ၏။ အားလုံး ပြေပြေ လည်လည်နှင့် အလိုက်သင့် အလျားသင့် စကားပြောဆို နေကြ သည်။

တူနှစ်ကိုယ် နီးရန်အရေးတွေးပြီး ပျော်ရွှင်နေကြသော နွဲ့ဝင်းနှင့်နောင်သည် မကြာခဏအကြည့်ချင်းဆုံ၍ စကားပေါင်း မြောက်မြားစွာပြောမိကြ၏။

စားသောက်ပြီးသောအခါ ရေခဲစိမ်စပျစ်သီး၊ လက်ဖက် ချင်းသုပ်နှင့်ရေနွေးကြမ်းလေးများဖြင့် ဧည့်ခန်းတွင် အချိုဝိုင်းထိုင် ကြသည်။





နွဲ့ဝင်းက မျက်နှာပူစွာရှောင်လွှဲရင်း မီးဖိုချောင်ထဲမှာသာ ကုတ်နေ၏။ ဒီလိုတော့လဲ နွဲ့ဝင်းရှက်တတ်သည်။ ချောင်းနား ထောင်နေသော မောင်ငယ်လေးတွေကိုတော့ မဟန့်တားမိပေ။ နွဲ့ဝင်းကိုယ်တိုင် ဘာတွေပြောကြသလဲ သိချင်ဝေမယ့် နားမထောင်ရဲ။

“မမ၊ မမဘာတွေဖြစ်ကုန်လဲ မသိဘူး”

“ဟင်-”

အလန့်တကြားလာခေါ်သော မောင်ငယ်နောက် ထ, လိုက်လာပြီး ဧည့်ခန်းဝ လိုက်ကာ နောက်မှနေ နားစွင့်မိ၏။

“ဒီခေတ်ကြီးက အရာရှိလစာလေးရှာင်းဆယ်နဲ့ဆိုတာ ဘာစားလောက်လို့လဲ၊ ကျွန်တော်တို့ စီးပွားရေးသမားတွေအတွက် တစ်ပတ် သုံးစာမရှိပါဘူး”

“ဒါပေမယ့် ဦးဝင်းမောင်ရယ်၊ စီးပွားရေးသမားဆိုတာက နွားသမားလိုပဲ ပိန်လိုက် ဖောင်းလိုက်နဲ့၊ ပုံမှန်ဝင်ငွေမရှိပါဘူး။ ကျွန်မတို့က ပုံမှန်ဝင်ငွေရတယ်။ ဘဝအာမခံချက်လဲရှိတယ်၊ ကိုယ်လုပ်နိုင်တုန်းတော့ ဟုတ်ပါရဲ့၊ မလုပ်နိုင်တဲ့အခါ အသက်ကြီး မှ သောကရောက်ရတာပေါ့။”

“ပြီးတော့ ဦးဝင်းမောင်ကြားဖူးမှာပေါ့။ ကံမရှိ ဉာဏ်ရှိတိုင်း နှဲ့ဆိုတာလေ စီးပွားရေးသမားတွေအတွက် ကံကလဲလိုသေးတယ်”

ပင်စင်စားကြီးဒေါ်ကြီးက အချက်ကျကျ ဝင်ပြော လိုက် သည်။ နောင့်မိဘနှစ်ပါးနှင့်အဒေါ် ငယ်ကမူ အနည်းငယ် မျက်နှာ ပျက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ စီးပွားရေးသမားပဲ ကြိုက်တယ်၊ သမီးကလဲ အဖြစ်မရှိဘူး၊ စီးပွားရေးအလုပ်ကို နားမလည်တော့ ရုံးအလုပ်ပဲ လုပ်နေရတာ၊ ကျွန်တော်က သူ့ကို စီးပွားရေးသမားနဲ့ပဲ ဖြစ်စေချင်တယ်။ အခုတော့ မွဲပေါက်တိုးနေသလိုပဲ၊ ဒီလခနဲ့ သူဘယ်လိုစားလောက်မလဲ၊ ကျွန်တော်ကပဲ ထောက်ရမှာ"

"ဒက်ဒီ၊ ဒက်ဒီ ညှော်သည်တွေ မုန့်စားပါစေဦး ပြီးတော့ ဒါတွေနောက်မှပြောပါ။ အရေးကြီးတာ ရက်သတ်မှတ်ဖို့ပဲ မဟုတ်လား ဒက်ဒီ၊ ကျွန်တော်ကတော့ ဒီဝါကျွတ်ရင် ဖြစ်စေချင်တယ်၊ ညီလေးတို့ ညီမလေးတို့ကလဲ အသက်ကြီးနေပြီ"

အစ်ကိုကြီးက ကြားထဲမှနေဝင်ဖာထေးလိုက်သော်လည်း နောင့်မိဘများက အတော်လေးမကျေမနပ်ဖြစ်နေပုံရသည်။ နောင်သည် ဘာလုပ်ရမှန်းမသိအောင်တုန်လှုပ်နေပြီး နွံ့ဝင်း အစ်ကိုများ၏ မျက်နှာကို အားကိုးတကြီးနှင့် လိုက်ကြည့်နေ၏။

"ရှင်းရှင်းပြောပါဦးဝင်းမောင်၊ ရှင့်သမီးနဲ့ကျွန်မသားကို သဘောမတူဘူးပေါ့"

ကြီးဒေါ်အပျိုကြီးက မာနသံနှင့်အော်မေးလိုက်၏။ ဖခင်ကလဲ အားကျမခံပြန်အော်လိုက်သည်။

"ဟုတ်တယ်၊ မတူဘူး"

"ဒါဆို ကျွန်မတို့ကို ဘာလို့ခေါ်နေသလဲ။ ရှင်ညိပ်ရိုင်းတဲ့ လူ၊ လူကြီးမဆန်ဘူး၊ လာဟော့သား ဒင်းသမီးထက်သာတာကို





ကြီးကြီးရှာပြီးပေးစားမယ်၊ ဒင်းသမီးက ဘာမို့လို့လဲ"

ရုတ်တရက်ထရပ်လိုက်ကြသည်။ နောင်က တုန်ယင်သောအသံနှင့်လက်ကလေးကာရင်း

"မလုပ်နဲ့ဦး ကြီးကြီးရယ်၊ ဖြေဖြေလည်လည်ညှိကြပါဦး၊ သားတို့ချစ်ခြင်းကို မခွဲပါနဲ့ဗျာ"

"မရှည်နဲ့ ငနောင်၊ မိန်းမမရှားဘူး လာစမ်း"

ကြီးဒေါ်ကြီး ဆွဲခေါ်ရာနောက် ရုန်းကန်ရင်းပါသွားသော နောင့်ကို ကြည့်၍ နွံ့ဝင်း တုန်လှုပ်စွာ ပြေးထွက်လာမိသည်။ နွံ့ဝင်းသည် ဣန္ဒြေတို့ သိက္ခာတို့ကို မထိန်းနိုင်တော့ပေ။

"နွံ့ဝင်း တောင်းပန်ပါတယ်၊ ဒက်ဒီ ဘာဖြစ်သွားလဲ မသိဘူး။ ဒက်ဒီက နွံ့ဝင်းကို ပြောပြီးသားပါ၊ ဒက်ဒီဘာဖြစ်လဲ မသိဘူး၊ နေကြပါဦး၊ နွံ့ဝင်းတောင်းပန်ပါတယ်"

ဒေါသငွေ့မသေသေးသော မျက်လုံးများက နွံ့ဝင်း နှလုံးသားကို ပူလောင်စေသည်။

"မလိုပါဘူးအေး၊ ညည်းအဖေလိုစိတ်ဓာတ်မမှန်တဲ့ လူတစ်ယောက်အကြောင်း စောစောစီးစီးသိရလို့ ကံကောင်းသွားတယ်လို့ မှတ်ပြီး ကျုပ်တို့က ဝမ်းသာရမှာပါ"

ထူးခနဲမောင်ထွက်သွားသော ကားနောက်သို့ သဘိလက်လွှတ် လိုက်ဟန်ပြင်ပြီးမှ အိမ်ပေါ်သို့ပြန်ပြေးတက်လာပြီး တစ်ခါမှ အော်မပြောဖူးသော လေသံနှင့်ဖခင်ကို အော်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ဘယ်လိုလုပ်လိုက်တာလဲ၊ ဒက်ဒီ လက်ခံလို့ သမီးခေါ်လာခဲ့တာ၊ ဒက်ဒီ့သမီးကို အရှက်ခွဲတာလားဟင်"

ပဋ္ဌာစာရီအရူးမီးဝိုင်းဖြစ်ပြီး ဆောက်တည်ရာမရအောင် လှုပ်ရှားလွန်း၍ ဒူးများကွေးညွတ်လာသည်။

ဖခင်၏သဘောထားကို ဘယ်လိုမှ နားမလည်တော့ပါ။

(၄)

"ကိုကိုကြီးသိတယ် ညီမလေး ဒက်ဒီဟာ ညီမလေးကို ချစ်လွန်းလို့ ဒီလိုပြောလိုက်တာပဲ"

"ဩော်. . . ချစ်လွန်းလို့တဲ့-"

အော်ဟစ်ရယ်မောပစ်လိုက်ချင်သည်။ အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားရာမှ-

"ဒါဆို အစကတည်းက သဘောမတူဘူးပြောလိုက်ပါလား၊ ခုတော့ ခေါ်လာပြီးကာမှ-"

"ညီမလေးရယ်၊ သဘောမတူဘူးပြောလိုက်ရုံနဲ့ ညီမလေးတို့က အဆက်အသွယ်ပြတ်သွားမှာလား၊ မျှော်လင့်ချက်လေးနဲ့ စောင့်နေကြမှာပဲ၊ အခုလို တစ်ခွေလုံး တစ်မျိုးလုံးကို အိမ်ခေါ်ပြီး ကလန်ကဆန်လုပ်လိုက်တော့ ငါ့ညီမကို စိတ်နာပြီး ဘယ်တော့မှ အဆက်အသွယ်မလုပ်တော့ဘူးပေါ့"

"ရက်စက်လိုက်တာဒက်ဒီရယ်၊ နွဲ့ဝင်းနဲ့ နောင့်မှာ





ဘာအပြစ်ရှိလို့ ဒီလောက်ရက်ရက်စက်စက်လုပ်လိုက်ရတာလဲ ဟင် ကိုကိုကြီး၊ နွဲ့ဝင်းမသိတော့ဘူး၊ နားမလည်တော့ဘူး"

"ညီမလေးတို့က ငယ်သေးတော့ ဘာမှမသိဘူးပေါ့၊ ငယ်ငယ်က ဒက်ဒီဟာ မိန်းမကိစ္စနဲ့ပတ်သက်ပြီး သိပ်ရှုပ်ခဲ့တယ်၊ သူများသားသမီးကို အာတည်တကျ မယူဘူး၊ မာမီဆိုအမြဲ စိတ်ဆင်းရဲနေရတာ ညီမလေး"

"ဘုရား ဘုရား"

မယုံကြည်နိုင်လောက်အောင် အံ့ဩမိသည်။ နွဲ့ဝင်း ချစ်မြတ်နိုးလှစွာသော ဖခင်ကြီးတွင် ဤကဲ့သို့ အကျင့်ရှိမှန်း နွဲ့ဝင်းလုံးဝ မသိခဲ့ပါ။

"အငယ်အနှောင်း နှစ်ယောက်ရှိတဲ့အပြင် မယူဘဲ ပစ်ထားတဲ့ အမျိုးသမီးတွေလဲ မနည်းတော့ဘူး။ နောက်မှ မာမီဆုံးခါနီးမှာ ဒက်ဒီကို တောင်းပန်ခဲ့တယ်၊ သမီးလေးတွေ မွေးထားပြီး ဝဋ်လည်နေပါ့မယ်လို့ ပြောခဲ့တယ်၊ မာမီဆုံးပြီး သိပ်မကြာလိုက်ဖူး မဟုတ်လား၊ မမကြီးလဲ ခိုးရာလိုက်ပြေးပြီး ယောကျ်ားက နှိပ်စက်လို့ ကိုယ်ဝန်ပျက်ကျပြီး ဆုံးခဲ့ရတာပဲ။ အဲဒီကတည်းက ဒက်ဒီ အကျင့်တွေ အကုန်လုံးပျောက်သွားပြီး ဝဋ်ကို သိပ်ကြောက်သွားတာပေါ့"

နွဲ့ဝင်းသည် ရှေးကြောင်ကာ အစ်ကိုကြီးအား စူးစူးစိုက်ကြည့်နေမိသည်။ ငို၍မရ ရှိုက်၍မရအောင်ပင် ရင်ထဲ၌ ဆွေးတျော့ ပူလောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သူသိပ်ချစ်ရတဲ့ သမီးတွေကို သူ့လိုလူနဲ့တွေမှာ သိပ်စိုးတယ်။ ယောကျ်ားတိုင်းကို ကိုယ့်စိတ်နဲ့နှိုင်းပြီး သံသယ ဖြစ်နေတယ်၊ အထူးသဖြင့် နောင်ဟာ ညီမလေးထက် အသက် ငယ်ပြီး ရုပ်ကလေးကလဲ လှ၊ ရာထူးလေးကလဲ ရှိနေတော့ ပိုစိုးရိမ်ပြီး စိတ္တဇဖြစ်နေရတာပေါ့၊ ဒက်ဒီကနောင့်ကို မယုံဘူးလေ"

ဖခင်၏ စိတ်အစွဲအလမ်းကို သိရသောအခါ ယူကျုံးမရ ဖြစ်မိ၏။ အပြစ်တင်ရမှာလဲ အခက်တွေ့နေမိသည်။

"အဲဒါ ညီမလေးကို သိပ်ချစ်လို့ သူ့ဝင့်ကြွေးတွေ ညီမလေး ဆပ်နေရမှာစိုးလို့ပေါ့"

"တော်ပါတော့ ကိုကိုကြီးရယ်၊ နွဲ့ဝင်းမကြားပါရစေနဲ့ တော့"

ဆို့နစ်ကြေကွဲစွာအော်လိုက်ပြီး အစ်ကိုကြီးရင်ခွင်ထဲ၌ သည်းအူပြတ်မျှ ငိုကြွေးလိုက်သည်။

အစ်ကိုကြီးမချော့ရက်တော့ပေ။ နွဲ့ဝင်းရင်ထဲတွင် တောက်လောင်နေသော အပူမီးက သူတို့ညီအစ်ကိုများထံ ကူးစက်ကြပြီး မျက်ရည်များရစ်ဝဲနေကြ၏။ နွဲ့ဝင်းအားရအောင် ငိုစေရန် လွှတ်လိုက်ကြသည်။

"အစကသိရင်ကောင်းတာပေါ့၊ အခုတော့ ဆယ်နှစ် ကျော်ကျော် ချစ်လာပြီးမှ မျှော်လင့်နေတဲ့နောင့်ကို နွဲ့ဝင်း သနား တယ်၊ သိပ်သနားတယ်၊ နွဲ့ဝင်းအပေါ်မှာ သစ္စာရှိရှိ စောင့်နေတာ ဒက်ဒီအသိပါ၊ နောင့်သစ္စာတရားကို နွဲ့ဝင်းတို့ သားအဖက ဆုပေးလိုက်တာပေါ့လေ"





ပြောလည်းပြောငိုလည်းငိုသည်။ အစ်ကိုငယ်က တောက် တစ်ချက်ခေါက်လိုက်ပြီး. . .။

"ခိုးပြေးကြဟာ ငါတို့ကူမယ်"

"ဟုတ်တယ် သားတို့ဖွက်ပေးမယ်"

နွဲ့ဝင်းငိုင်သွားသည်။ နွဲ့ဝင်းလိုက်မည်ဆိုလျှင် ချစ်သူ နောင်က အချိန်မရွေးခေါ်မည်သာ ဖြစ်သည်။ နောင့်အချစ်ကို နွဲ့ဝင်းယုံကြည်ပါသည်။သို့သော် နောင့်မိသားစုထဲ ဝင်လျှင် နွဲ့ဝင်း ဖခင်ကြီးကို အပြီးပိုင်ခွဲခွာစွန့်လွှတ်ရပေတော့မည်။ နောင့် မိသားစုက ဖခင်ကို အမုန်းကြီးမုန်းနေလေပြီ။

အတိတ်က ပြုမူခဲ့သောအပြုအမူအတွက် ဝဋ်လည်မှာ ကြောက်ရွံ့နေရှာသည့်ဖခင်တွင် ရောဂါဝေဒနာပေါင်း မြောက်မြား စွာ ရှိနေလေပြီ။ ဤသို့သော ဖခင်ကို နွဲ့ဝင်းပစ်မထားရက်ပါ။

ဒက်ဒီသည် တစ်ပါးသူခြံထဲမှ ပန်းကို ခူးသည်။ ချွေသည်။ ခြွေသည်။ ပြီးတော့ သူ့ခြံထဲမှပန်း သူစိုက်ထားသည့် ပန်းကိုတော့ တစ်ပါးသူ ခူးမှာခြွေမှာ စိုးသည်။ သို့ဖြစ်၍ သူ့ရင်ခွင်နှင့် ဖိကပ်ကာ ပန်းလေးကို ဖွက်ထား၏။ သို့သော် ရင်ခွင်ထဲမှ ပန်းလေး ညှိုးကြေ မည်ကို သူမမြော်မိခဲ့ပေ။

"ဟင်. . . ညီမလေး ကိုယ် နောင့်ကို ရှင်းပြမှာပေါ့"

ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်သောအခါတွင် ချစ်သူ နောင်သည် နွဲ့ဝင်းနှလုံးသားထဲမှ ရုတ်ခနဲ ထွက်ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ အချစ်နှင့် နွဲ့ဝင်းတည်ဆောက်ထားသော နှလုံးသားမှာ တစ်စစီအက်ကွဲကြေမွသွားလေပြီ။

အချစ်အတွက် ပူသောသောကမီးများကို ဖခင်ကြီး၏ အတ္တစွဲ မေတ္တာရေဖြင့် ငြိမ်းသတ်ရန် ကြိုးစားရပေဦးမည်။ တင်းထားသော စိတ်များကို လျှော့ချလိုက်၏။


"ရှုပါစေတော့ ကိုယ်ရယ်၊ ဒက်ဒီ စိတ်ချမ်းသာစေဖို့ နွဲ့ဝင်းရဲ့ နှလုံးသားကို စတေးလိုက်ပါတော့မယ်၊ ဒက်ဒီဟာ သူများ သားသမီးတွေရဲ့ အသည်းကို ခွဲခဲ့ဖူးရှုမကဘူး ကိုယ်သမီးရဲ့ အသည်းကိုလည်း ခွဲချေပစ်လိုက်ပြီနော်၊ နွဲ့ဝင်းလေ နွဲ့ဝင်း စိတ်မချမ်းသာချင်နေပါစေ၊ ဒက်ဒီစိတ်ချမ်းသာပါစေ"

ကိုယ့်နှလုံးသားကို ကိုယ့်ဘာသာ ဖွဲ့ခြွေလိုက်၏။ နောင့်ကို မတောင်းပန်တော့ပါ။ နောင့်မိဘအသိုင်းအဝိုင်းနှင့် နောင့် အမုန်းကို ခွန်အားမဲ့စွာ ခံယူရင်း ဖခင်၏စိတ်ချမ်းသာမှုကို ဖန်တီးသော သမီးလိမ္မာအဖြစ် ခံယူပါတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်ရင်း.....

"မုန်းလိုက်ပါတော့ နောင်ရယ်....."

စကားပွင့်ဂေဇင်း
၁၉၈၇-ခုနိုဝင်ဘာလ

နော်ရှင်မွှေးစာပေ



www.burmeseclassic.com

www.burmeseclassic.com

## သိုးမွေးအိမ်လေး

"သိုးမွှေးထိုးတာကို ခဏရပ်ထားလိုက်ပါဦး"

ရုတ်တရက် အရှိုက်ကို အထိုးခံလိုက်ရသကဲ့သို့ 'အင့်' ခနဲဖြစ်သွား

"မင်းကို ကျန်းမာရေးစချင်လို့ပြောတာပါ။ သိုးမွှေးမျှင်လေးတွေဟာ မင်းနဲ့မတည့်ဘူး။ ရပ်ထားလိုက်ရင် အကောင်းဆုံးပါပဲ"

"ဟုတ် ဟုတ်ကဲ့"

ဆရာဝန်စကားကို 'ဟုတ်ကဲ့'လိုက်ရသည်မှာ လူနာ၏တာဝန်ပင် ဖြစ်သည်။ သို့ရာတွင် စောလဲ့၏ဘဝကို သိုးမွှေးများဖြင့် တည်ဆောက်ထားရသည်မို့ သိုးမွှေးထိုးခြင်းအလုပ်ကို ဘယ်ကဲ့သို့ ဆုပ်ဆိုင်းထားရမည်နည်း။

အကယ်၍ စောလဲ့သည် သိုးမွှေးမထိုးတတ်ခဲ့ပါလျှင် မျှော်လင့်ချက်ဖြင့် အိမ်ကလေးတစ်လုံးကိုပင် စိတ်ကူးမယဉ်နိုင်တော့ဘဲ မောင်နှင့်နီးရန်ကိုပင် မတွေးနိုင်တော့ပေ။

အိမ်ထောင်ပြုတဲ့သားသမီးတွေ မိဘအိမ်မှာမနေရဟု မောင့်မိဘနှစ်ပါးက မောင်တို့ညီအစ်ကိုမောင်နှမ ခုနစ်ယောက်အတွက် စည်းကမ်းထုတ်ထားခြင်း ဖြစ်သည်။ ဆယ့်နှစ်ပေနှင့် ငါးဆယ်သာကျယ်သော အိမ်လေးတွင် မောင်တို့မိသားစုမှာ သူ့ပိုအတွက် ကျောတစ်နေရာစာပင် မပေးနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ဘုစုခရုများနှင့်အတူ တိုးတိုးခွေခွေ အိပ်နေရသော စောလှဲ၏ အဒေါ်မိသားစုအတွင်းသို့လည်း လူပိုခေါ်လာ၍ မရပေ။ တစ်လသုံးရာသာ ထမင်းစရိတ်ထဲထည့်နိုင်သော စောလှဲအား အဒေါ်ကပင် မနက်စောစော ပဲပြုတ်ရောင်းကျွေးနေရသေးသည်။ စောလှဲ၏ရုံးလစာ ကားလမ်းစရိတ်နှင့်မုန့်ဖိုးကိုပင် ခြစ်ခြုတ်သုံးနေရ၏။ ဤသို့ဆိုလျှင်

သာမန် ရုံးစာရေးမျှသာဖြစ်သော မောင်နှင့်စောလှဲတို့ ဘဝနှစ်ခုမှာ နီးစပ်ရန်လမ်းစမရှိခဲ့ပေ။ သို့ဖြစ်၍ ကျောင်းတုန်းက အပျော်အထိုးသင်ထားသည့် သိုးမွေးထိုးခြင်း အတတ်ကို ဝမ်းရေးနှင့်ဘဝတည်ဆောက်ရေးအတွက် အသုံးချပြီး ဒီဇိုင်းသစ်များကို ရှာဖွေကာ လက်ထိုးထိုးခြင်းဖြင့် လူကြိုက်များကာ အပ်ထည်များလာသဖြင့် စောလှဲ၏ဝင်ငွေသည် တစ်လနှစ်ထောင်ကျော်ရလာလေ၏။

ထိုအခါ အဒေါ်ကို ငါးရာအထိ တိုးပေးပြီး ပိုသည့်ငွေများကို ကျစ်ကျစ်ပါအောင် စုထားပြီး ချစ်သူနှစ်ဦးဘဝ ထူထောင်နိုင်ရန် ကြိုးစားနေရသည်။

သိုးမွေးအင်္ကျီကို တစ်လတစ်ထည်၊ တဘက်ကိုနှစ်ထည်နှုန်းဖြင့် အိပ်ချိန်ကို ချွေတာကာ စောလှဲအလုပ်လုပ်ခဲ့သည်။

ပုရွက်ဆိတ်ကလေးများက သူ့ပါးစပ်နှင့်အစားကို ကိုက်ချီ၍ ရသလောက် အခေါက်ခေါက်အခါခါသယ်ပြီး စုနေသကဲ့သို့ ခွန်အား

ရှိသရွေ့ တစ်စစစုထားရင် ပြည့်စုံနိုင်လိမ့်မည်ဟု မျှော်လင့်ချက်များစွာဖြင့် ပျော်ရွှင်နေခဲ့သည်။

ချစ်သူမောင်ကလည်း ရာထူးတိုး၍ နယ်ရောက်နေသည်မှာ တစ်နှစ်နီးပါးရှိနေလေပြီ။

"စောလှဲ အိပ်တော့လေ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်လေးပြီးပါပြီ။ ဒီတစ်တန်းတည်းပါ"

မီးဖိုချောင်တွင် ခြောက်ဆယ်အားရှိသော မီးမှိန်ကလေးအောက်၌ ခြင်များကို အခွေအရံထား၍ တကုပ်ကုပ်နှင့် သိုးမွေးထိုးနေသည့် တူမကို မကြည့်ရက်နိုင်သော ဒေါ်ဒေါ်လေးက တစ်ရေးနိုးတွင် ထ၍ သတိပေးလိုက်ခြင်း ဖြစ်၏။

"သူ့လင်စာရှာနေတာ မင်းက ဘာလို့ ဟန့်ရတာလဲ"

အဒေါ်ယောကျ်ားက တိုးတိုးကျိတ်၍ ပြောသည်ကို ထိတ်ဆိတ်သောညကြောင့် ကြားလိုက်မိသည်။ ဒေါ်လေးထံမှ သက်ပြင်းချသံကို ကြားလိုက်ရ၏။

သို့ရာတွင် စောလှဲမနာနိုင်။ မျှော်လင့်ချက်နှင့်ကြိုးစားနေသည်မို့ မမောနိုင်မပန်းနိုင်။ ပန်းတိုင်နားနီးပြီဖြစ်၍လည်း ခြေလှမ်းများ ပို၍သွက်လာသလိုလို။

"စောလှဲတို့ ပန်းတိုင်ရောက်ခါနီးပါပြီမောင်ရယ်"

သိုးမွေးထိုးရင်း မောင့်အကြောင်း စဉ်းစားနေလျှင် မိုးလင်းသည်အထိ အိပ်မရတော့ပေ။ တစ်ခါတစ်ရံ မပြုတ်ရန်





www.burmeseclassic.com

www.burmeseclassic.com



လေးနာရီထသော ဒေါ်လေးက အတင်းအိပ်ခိုင်းမှပင် အိပ်တော့သည်။

* * * * *

"အိမ်လခက နှစ်ရာ စပေါ်ငွေက တစ်သောင်းတဲ့။ အိပ်ခန်းက ဆယ်ပေ ပေနှစ်ဆယ်ပဲရှိတာ။ နှစ်ယောက်တော့နေလို့ ရပါတယ်။ အိမ်ရှင်အဘိုးကြီးလင်မယားက အေးအေးဆေးဆေး ပဲ။ အိမ်ငှားက ဝါကျွတ်မှ ဆင်းမှာတဲ့။ အတော်ပဲပေါ့ဟယ်။ အဲဒီအချိန်ဆို စပေါ်ငွေပြည့်ပြီပေါ့"

လက်က သိုးမွေးကို မပြတ်ထိုးပြီး ပါးစပ်က အတွတ်တွတ် ပြောနေသည့် သူငယ်ချင်းစောလဲ့ကို အိအိခင် ငေးကြည့် နေမိသည်။ သိုးမွေးထိုးရဖန်များသောကြောင့် လည်ညိုးထိပ်၊ လက်မထိပ် နှင့် လက်သူကြွယ်အဆစ်နားကလေးမှာ ညို၍ ချိုင့်ဝင်နေသည်။

သို့ရာတွင် သေးသွယ်၍ အကြောပေါ်နေသော လက်ချောင်း ကလေးမှာ အားမာန်အပြည့်နှင့် အဆက်မပြတ် လှုပ်ရှားနေဆဲ ဖြစ်သည်။

"ဟိုက မလာသေးဘဲနဲ့ နင်က တစ်ယောက်တည်း နေမှာလား"

"သွားနေမှာပေါ့။ ငါနေလို့ရပြီပဲ။ ငါ့ဘာသာ ငါချက်စား မယ်။ အဘိုးကြီးအဘွားကြီးရှိနေတော့ ဘာမှပူစရာမလိုဘူး။ မောင်ကလည်း ပြန်ပြောင်းရအောင် လျှောက်ထားတယ်"

နော်ရင်မွေးစာပေ



အိအိခင်က ဘာမှမပြောဘဲ သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်သည့်အတွက် စောလဲ့က မျက်လွှာလေး ပင့်ကြည့် တာ ပြုံးလိုက်ရင်း-

"နင်ကလည်း ဒေါ်ဒေါ်လေးလိုပဲ ငါ့ကိုကြည့်ပြီး မော နေလား သူငယ်ချင်း။ မမောပါနဲ့ဟာ။ ချစ်သူအတွက် သူများတွေလို ညောင်ညိုပင်အရိပ်ကြီးကြီးမားမားနဲ့ အေးမြတဲ့အရိပ်ကို မပေး နိုင်ပေမယ့် နွေပူပူမှာ ခေတ္တလေး အေးသွားအောင်လို့တော့ ထနောင်းပင်ရိပ်ကလေးတော့ ပေးနိုင်တဲ့ ငါ့ကို ဂုဏ်ယူစမ်းပါ သူငယ်ချင်းရယ်"

"သွားစမ်းပါ။ ငါတစ်ခါမှ မမြင်ဖူးတဲ့ အစွမ်းအစမရှိတဲ့ နင့်ရည်စားအတွက် ကျွန်းမာရေးအထိခိုက်ခံပြီး အလုပ်လုပ်နေ ရတဲ့ သူငယ်ချင်းလုပ်ရပ်ကို ငါက ဂုဏ်ယူရဦးမှာလား။ လုံးဝပဲ။ ဘဲ သွေးပေါင်ချိန်မယ်။ အဲဒါတွေ ထားထားစမ်း"

"နေဦး နေဦး ဒီတစ်ကွက်လေး ဒါလေးပြီးမှ"

အိအိခင် မျက်စောင်းထိုးလိုက်သည်။ စောလဲ့နှင့်ငယ်သူ ချင်းဖြစ်သော်လည်း ဝေးကွာသွားပြီးမှ စောလဲ့နာခကာခဏ ချေ၍ အိအိခင်တို့ဆေးခန်းကို လာပြစဉ်တွင် အဆက်တန်း ကတည်းက ကွဲကွာနေသည့် သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ကြ ပြီး စောလဲ့၏ ကျန်းမာရေးကို အစစအရာရာ တာဝန်ယူ၍ ဂရုစိုက် ပေးနေခြင်း ဖြစ်သည်။

နော်ရင်မွေးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် စောလဲ့က အိအိခင်၏စကားကို နားမထောင်ဘဲ သိုးမွေးကိုသာ ဆက်ထိုးနေသဖြင့် အိအိခင်မှာ လက်မြှောက်ထားရပြီး သွေးပေါင်ချိန်ပေးရုံ၊ အားဆေးကျွေးရုံအပြင် ဘာမျှမတတ်နိုင်တော့ပေ။

သူတို့ သူငယ်ချင်းနှစ်ဦးပြန်တွေ့သည်မှာ လေးငါးလခန့်သာရှိသေးသောကြောင့် စောလဲ၏ချစ်သူကို အိအိခင် မမြင်ဖူးခဲ့ပေ။

"ဟင် သွေးပေါင်တွေ သိပ်ကျနေပါလားစောလဲ့ရယ်။ ညဘက်မအိပ်ဘူးလား"

"ဒီအင်္ကျီပိုင်ရှင်က နိုင်ငံခြားသွားရမှာမို့ အချိန်မီလိုလို့ပါကွာ။ ပြီးတော့ အပ်ကြီးကြီးနဲ့ နှစ်ပင်လိမ်ထိုးပေးရတာမို့ မပင်ပန်းပါဘူး။ ထိုးခက ကိုးရာတောင်ရတာ။ သိုးမွေးဈေးပေမယ့် ကိုယ်က လျှော့ယူတော့ ကိုယ့်ကို ပိုအပ်ကြတာပေါ့"

အိအိခင်သည် ယုန်မွေးများကိုကြည့်ကာ ခေါင်းကို လေးတွဲ့စွာ ခါလိုက်မိသည်။

"ဒီယုန်မွေးတွေက ပိုဆိုးတယ်စောလဲ့ရယ်"

"အိမ်စပေါ်ငွေပြည့်ရင် မထိုးတော့ပါဘူးအိရယ်"

"တော်စမ်းပါ။ အိမ်စပေါ်ငွေပြည့်တော့ရော ခန်းဝင်ပစ္စည်းအတွက် မင်္ဂလာဆောင်ဖို့အတွက် လိုဦးမယ်မဟုတ်လား။ အိမ်ထောင်ပစ္စည်းဆိုတာ ဘယ်တော့မှ ပြည့်စုံသွားတယ်ဆိုတာ မရှိပါဘူးဟာ။ အမြဲလိုအပ်နေတာပဲ"





"အော် အေး ဟုတ်သားပဲ။ အိပြောမှ စောလဲ့လည်း သတိရလာတယ်။ ဒါပေမယ့် ကျန်းမာအောင်နေပါ့မယ်အိရယ်။ ကျန်းမာမှ ဆက်ကြိုးစားရမှာပေါ့။ မောင်ကလည်း စုထားတယ်လို့ ပြောတယ်။ 'အော် အဝတ်ကလေးနဲ့ နှာခေါင်းစည်းပြီးတော့ သိုးမွေးထိုးရင် သက်သာမယ်ထင်တယ်နော်' ဟွတ် ဟွတ် ဟွတ်"

စကားပြောရင်း ရယ်မောလိုက်သောကြောင့် ချောင်းဆိုးသာသဖြင့် ပြတင်းပေါက်ဘက် ထလာလိုက်သည်။ တံတွေးထွေးတာပဲဖြစ်ဖြစ်၊ စကားပြောတာပဲဖြစ်ဖြစ် ချောင်းဆိုးတာပဲ ဖြစ်ဖြစ် သည်ချောင်းတွေက သိပ်နာနေတာပဲဟု အိအိခင်ကို ပြောချင်သော်လည်း ထိုးလက်စလေးများ မပြတ်သေးသောကြောင့် မပြောဝံ့ပေ။

အိအိခင်သည် ပိန်လှီလွန်းသော သူငယ်ချင်း၏ ခန္ဓာကိုယ်ကိုကြည့်ကာ အချစ်စွမ်းအားရှင်မလေးအား သနားရမလိုလို၊ ဒေါသဖြစ်ရမလိုလိုနှင့် သက်ပြင်းသာ အခါခါ ချနေမိတော့သည်။

"ဖြစ်ရလေ သူငယ်ချင်းရယ်"

* * * * *

နှာခေါင်းကို လက်ကိုင်ပုဝါနှင့်စည်း၍ သိုးမွေးထိုးလျှင် ချို့မွန်းကျပ်လာသဖြင့် မစည်းတော့သည့်တိုင်အောင် အသက်ရှူ ချင်ပေ။ လည်ချောင်းမှာ တစ်ခုခုနင်နေသလိုလိုနှင့် နှာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကလည်း နေ့စဉ် ပိတ်ကာ နှပ်ညှစ်လိုက်သည့်အခါတိုင်း နှာကျင်ပြီး သွေးများပြည်များပါလာသည်ကို မည်သူ့ကိုမျှ မပြောဝံ့သေး။ ဆေးခန်းပြလျှင် ငွေကုန်ပြီး ဆရာဝန်က သိုးမွေးမထိုးရန်သာ ပြောလိမ့်မည်ဖြစ်၍ ဆေးခန်းမပြဘဲ ပေတေနေပြီး ရုံးမသွားနိုင်သောအခါမှ ဒေသန္တရဆေးခန်းပြကာ ဆေးခွင့်တစ်လယူလိုက်ရ၏။

"နား နှာခေါင်း လည်ချောင်းဆေးရုံကို သွားပြပါ"ဟူ၍ ဒေသန္တရဆေးခန်းက ညွှန်လိုက်သည့်တိုင်အောင် လက်ခံလက်စ အပ်ထည်နှစ်ထည်ကို အပြီးထိုးနေသည်မှာ နှစ်ပတ်ပင်ပြည့်တော့မည်ဖြစ်၏။ နောက်တစ်ရက် နှစ်ရက်ဆိုလျှင် နှစ်ထည်လုံးကို ပြီးသွားနိုင်မည်ဖြစ်၏။ ဒီအထည်များ ပြီးလျှင် စပေါ်ငွေပြည့်ရုံမက ဆေးဖိုးဝါးခတစ်ထောင်နီးပါးပင် ပိုထွက်လာမည်မို့ သေသေချာချာ ဆေးကုတော့မည်ဟု ဆုံးဖြတ်ချက်ချထားလိုက် သည်။

ဆေးခွင့်တစ်လတင်ထား၍ မောင်များ ရုံးကိုဖုန်း ဆက်လေမလား။ စာများရောက်နေမလားဟု တွေးပူကာ ဒေါ်ဒေါ်လေးအား ရုံးမှ ဆီဆန်ထုတ်ရန် လွှတ်လိုက်ရင်း မောင့်စာရောက်မရောက် စုံစမ်းခိုင်းရပေမည်။

အခုတလော မောင့်ထံမှ စာမလာ ဖုန်းမဆက်သည်မှာ ကြာပြီမို့ မောင်များ နေကောင်းရဲ့လား၊ ခရီးများထွက်နေသလား ဟူ၍ တွေးနေမိသည်။





"မောင့်အတွက် ရေကန်အသင့် ကြာအသင့်ဖြစ်အောင် စောလဲ့ကြိုးစားထားတာကို သိရင်တော့ မောင်အံ့သြသွားမှာပဲ။ မောင်လာမှ ကိုယ်တိုင်ပြောနိုင်အောင်လို့ ဒီတစ်ထည်ပြီးရင် ဆေးကောင်းကောင်းကုမှပဲ"

"မမ မီး မုန့်စားမယ်"

"ဟင်း"

ဒေါ်ဒေါ်လေး၏ အငယ်ဆုံးသမီး နိုးလာသောအခါ အမေ မရှိ၍ စောလဲ့ထံ မုန့်ဖိုးတောင်း၏။ စောလဲ့က စိတ်မရှည်စွာ မျက်စောင်းထိုးပြီး ကျပ်တန်တစ်ရွက်ကို ဖျာအောက်ထဲမှ ထုတ်ယူကာ ပစ်ပေးလိုက်၏။

"ငှက်ပျောကြော်ပဲစားမယ်။ သုံးကျပ် မမကြီးရဲ့"

"ဟာ"

စိတ်မရှည်စွာအော်ပြီးမှ လည်ချောင်းထဲမှ မခံမရပ်နိုင်အောင် နာကျင်သွားသည်။ မူးစု ပဲစုမို့ သွေးသားများကိုပင် မသဒ္ဒါချင်တော့။

စောလဲ့တို့ ရုံးလုပ်သည်မှာ မုန့်မစားဘဲ အားချိန်၌ သိုးမွေးထိုးနေသည်။ ဆာလာလျှင် ရေသောက်လိုက်သည်မို့ တစ်ကျပ်နှစ်ကျပ်ကိုပင် ဖွဲ့မပေးချင်။ ဒီတစ်ယောက်ကိုပေးလျှင် နောက်က ကလေးများကိုပါ ပေးရမည်။

သို့ရာတွင် သူ့အမေက ကိုယ်ကိုစွန့်ရုံးသွားနေသည့် အပြင် အိမ်အလုပ်ကို ဘာမျှ ဝိုင်းကူမလုပ်နိုင်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများကိုသာ မုန့်ဖိုးပေးကာ စည်းရုံးနေရသည်မို့ အငယ်မအလိုကျ ငွေနှစ်ကျပ်ကို ထပ်ထုတ်ပေးပြီးသည်နှင့် မိမိထံမှ မုန့်ဖိုးကို မျှော်လင့်နေကြသော ကလေးလေးယောက်တို့ လက်များ ဖြန့်လာကြသည်။

တစ်ယောက် သုံးကျပ်နှင့် ဆယ့်ငါးကျပ် သွားပြီ။

"ဒီနေ့ပဲရမယ်"

စကားသံက လည်ချောင်းဝမှ ထွက်မလာသောကြောင့် ထပ်ပြောသော်လည်း အသံထွက်မလာ လည်ချောင်းဟန့်ကြည့်သည်။ မခံမရပ်နိုင်အောင် နာကျင်လာသဖြင့် ရေသောက်ကြည့်သောအခါ

"ဘုရား. . . ဘုရား. . . ရေမျိုလို့တောင်မရတော့ပါလား"

* * * * *

"ဘုရား ဘုရား စောလဲ့ဦးရယ် ဘယ်လိုဖြစ်လာတာလဲ"

မိမိအိမ်သို့ ဒေါ်လေးအား မှီတွဲပြီးလာသော စောလဲ့ကို အိအိခင်က မျက်လုံးအပြူးသားနှင့် ငေးကြည့်နေသည်။

"ဆေးရုံပို့ပေးစမ်းပါ အိရယ်. နင့် သူငယ်ချင်း သေတော့မယ်"

ဒေါ်ဒေါ်လေးက မျက်ရည်တစမ်းစမ်းနှင့်ပြောနေသည်ကိုပင် စောလဲ့သည် တစ်ခွန်းမျှမပြောနိုင်တော့ဘဲ အိအိခင်ကိုသာ





မျက်လုံးအပြူးသားနှင့်ကြည့်နေ၏။ စောလဲ့၏ မျက်သားများတွင် သွေးကြောများ ဖြာယှက်နေသည်။

"နင့် သူငယ်ချင်း စကားပြောလို့ မရတော့ဘူး အိ။ ဒီမှာ စာရေးထားတယ်။ ဒီနေ့ မနက်ပဲ အပ်ထည့်ပြီးလို့ လာခဲ့တာပေါ့။ ပြီးမချင်းထဦးမှာ မဟုတ်သေးဘူး"

အိအိခင်သည် ဒေါ်ဒေါ်လေးပေးထားသောစာကို အမန်းကတန်း ဖတ်လိုက်ရာ

"ငါလည်ချောင်းတွေ သိပ်နာတယ်၊ စကားပြောလို့ မရဘူး။ ငါ့မျက်လုံးတွေကလည်း ဝါးနေတယ်။ ငါ့ကို ဆေးရုံပို့ပေးပါ။ ပြီးတော့ ဒီမှာ ဘဏ်လွှဲနဲ့ ငွေရှစ်ထောင်ထုတ်ပေးပါ။ ငါ့ဆီမှာ သုံးထောင်ငါးရာရှိပါတယ်။ သာကေတက ငါ ငှားမယ့်အိမ်ကို သွားပေးပါနော်။ အိမ်လိပ်စာလည်း ပေးလိုက်ပါတယ်။ ခုဆိုရင် အိမ်ငှားဆင်းလေခက်ရောပေါ့။ စပေါ်ငွေတစ်သောင်းပေးပြီး အိမ်လခတစ်လစာနဲ့ ပွဲစားခကို တစ်လစာပေးလိုက်ပါ။ ကျန်တာတော့ ငါဆေးကုပါ့မယ်။ နင့်ကို ငါအားကိုးပါတယ် သူငယ်ချင်းရယ်။ မောင့်ကိုတော့ သူ့အိမ်ကို အကြောင်းကြားခိုင်းလိုက်ပါနော်။ ရောက်လာရင် အိမ်လေးကိုလိုက်ပြပေးပါနော်"

"အေးပါသူငယ်ချင်းရယ်။ ငါအားလုံးလုပ်ပေးပါမယ်။ အခု ဆေးရုံသွားစို့နော်"

သူငယ်ချင်းအား တယုတယနှင့် အားပေးစကားပြောလိုက်ရင်း ကားငှားပြီး ဆေးရုံခေါ်သွားနိုင်ရန်အတွက် အိမ်



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ဆင်းလိုက်သည်။ အကယ်၍ စောလွဲဦး၏ချစ်သူ မောင်လာလျှင် လက်ညှိုးထိုးကာ ပြောလိုက်ချင်သည်။

"မိန်းမတစ်ယောက်ရဲ့ ကြိုးစားအားထုတ်မှုအပေါ် ရှင်တ အဝေးကနေ အေးအေးဆေးဆေးနေနိုင်ရက်တယ်လား"

* * * * *

ဒေါ်ဒေါ်လေးသည် စောလွဲ၏ချစ်သူစာကို အိအိခင်ကို ပေးကာ အိအိခင်၏ လက်မောင်းကိုတို့လိုက်ရင်း စာကို မေးထိုး ပြပြီး မျက်နှာကိုမဲ့ လက်တို့ခါနှင့်အမူအရာဖြင့် စကားပြောနေ သည်ကို စောလွဲသည် ဘာမျှ မမြင်တော့ပေ။ သွေးကြောများ ယှက်ကာ နီရဲနေသော မျက်လုံးအစုံတို့က ချစ်သူစာအား မျှော်လင့်ကြီးစွာဖြင့် မှန်းကြည့်နေသည်။

အစာမဝင် ရေမဝင်တော့ဘဲ နောက်ဆုံးအလင်းရောင် လေးကိုသာ ငံ့လင့်နေဟန်တူသည်။

"စောလွဲ မောင့်ကိုခွင့်လွှတ်ပါတဲ့။ အင်း မောင်နေကောင်း ပါတယ်။ ခရီးလွန်နေလို့ပါ။ စောလွဲရော နေကောင်းလား ကျန်းမာရေးကို ဂရုစိုက်ပါ။ အင်း စောလွဲကို သိပ်လွမ်းတာပဲတဲ့ ဒီလကုန် အလုပ်ပါးရင် ပြန်လာမယ်တဲ့။ ပြန်လာမှ စကားတွေ တဝကြီးပြောတော့မယ်တဲ့။ စောလွဲနဲ့မောင်နဲ့အတူနေဖို့ မောင် စုဆောင်းထားပါတယ်တဲ့။ ဝမ်းသာစရာပဲ စောလွဲရေ။ ကဲ ... အိပ်တော့နော်။ ဒီမှာ စာလေးကိုင်ထား"

**နော်ရှင်မွေးစာဝေ**



အိအိခင်ထည့်ပေးလိုက်သော စာလေးကို ဆုပ်ကိုင် ထားရင်းက စောလွဲ၏မျက်နှာလေးမှာ ကျေနပ်စွာ ပြုံးနေသည်ကို တွေ့လိုက်ရသောကြောင့် ဒေါ်ဒေါ်လေးနှင့်အိအိခင်တို့သည် ကျိတ်၍ငိုရှိုက်နေသည်ကို စောလွဲမမြင်ရပေ။

ဆရာဝန်က သိုးမွေးချည်မှုန်များနှင့် မတည့်ပါဟု သတိ ပေးနေလျက်ပင် နေ့နေ့ညညအဆက်မပြတ် ထိုးနေသည့်အပြင် အညောင်းထိုင်နေသဖြင့် စောလွဲ၏လည်ချောင်းမှာ အနာ ဖြစ် နေပြီး ထိုအနာများသည် ခေါင်းထက်သို့ အမြစ်ဖြစ်ကာ နှာခေါင်း နှင့်မျက်လုံးများဆီသို့ပင် ပျံ့နှံ့နေသဖြင့် ကု၍မရသော ကင်ဆာ ရောဂါကြီးဖြစ်နေလေပြီ။ နဂိုက ကိုယ်ခံအားမကောင်းသည့်အပြင် သိုးမွေးထိုးသည့်လက်များမှာ အထူးသဖြင့် ညာလက်မှာ အကြော သေသလိုဖြစ်သွားသည်။

စောလွဲအား ပင်ပင်ပန်းပန်းနှင့်သေမင်းလက်ထဲသို့ သျှင်မြန်စွာ မကျရောက်အောင် ကုသနေဆဲမှာပင် စောလွဲ၏ ချစ်သူမောင်ရဲ့စာသည် စောလွဲ၏စိတ်ကို အားမာန်အပြည့်နှင့် ဖြည့်ပေးခြင်းသာ ဖြစ်ပါစေဟု အိအိခင် ဆုတောင်းမိသည်။

* * * * *

"ရော့ စောလွဲရေ။ နင်သိပ်ချစ်ပြီးသိပ်ယုံကြည် သိပ်မျှော် လင့်နေတဲ့ နင့်မောင်ရဲ့စာကို နင့်ဘာသာနင် တမလွန်ရောက်မှ ဖတ်တော့ဟေ့"

**နော်ရှင်မွေးစာဝေ**

www.burmeseclassic.com

www.burmeseclassic.com



အိအိခင်က စောလွဲ ချစ်သူ၏နောက်ဆုံးစာလေးကို အခေါင်းထဲသို့ ဝစ်ချလိုက်သကဲ့သို့ ဒေါ်ဒေါ်လေးကလည်း သိုးမွှေး ချည်လုံးကလေးများကို အခေါင်းထဲသို့ ထည့်ပေးလိုက်၏။

"ဒီသိုးမွှေးက သမီးတို့ ချစ်သူနှစ်ဦးနီးစပ်အောင် ဖန်တီး ပေးတဲ့ ကျေးဇူးရှင်တွေဆို။ ယူသွားတော့သမီးရေ။ ကျေးဇူးရှင် တွေကို ယူသွားတော့"

ဒေါ်ဒေါ်လေးနှင့် အိအိခင်တို့မှာ စောလွဲအတွက် ယူကျုံး မရ ဖြစ်ကာ တရှုံ့ကာဒေါသဖြစ်မိ၏။ မကြာမီ မီးသင်္ဂြိုလ်ဂက်ထဲ ဝင်ရမည့် စောလွဲ၏ နောက်ဆုံးခရီးအတွက် စောလွဲမြတ်နိုးသည့် ပစ္စည်းများကို ထည့်ပေးနေကြသည်။

စောလွဲ ဖတ်မသွားရသောစာကို စောလွဲ တမလွန် ရောက်မှ ဖတ်မည်ဆိုပါလျှင်

"မောင့်ကိုခွင့်လွှတ်ပါ စောလွဲရယ်။ ချစ်သူနှစ်ဦးနီး ရအောင် ရာထူးတိုးတာကိုလက်ခံပြီး နယ်ကိုထွက်သွားရတာ စောလွဲ့အတွက်ပါ။ ငွေပိုစုမိပြီး ထမင်းစရိတ်သက်သာအောင်လို့ အိမ်တစ်အိမ်မှာထည့်စားရင်းက အဲ့ဒီအိမ်က အိမ်ရှင်သမီးနဲ့ မောင်မှားသွားပါတယ် စောလွဲရယ်။ မောင်မူးသွားလို့ ဖြစ်ခဲ့တဲ့ အမှားပါ။ မောင့်ကို ခွင့်မလွှတ်ပါနဲ့တော့။ နာကြည်းမုန်းတီးနိုင် ပါတယ်။ မောင်ပြန်ပြောင်းလာလို့ မရတော့ပါဘူး"ဟူ၍ ရေးထား သောစာကို အိအိခင်က သူငယ်ချင်းစိတ်မကောင်းမည်စိုး၍





လိမ်ညာပြီး ဖတ်ပြခြင်းပင်ဖြစ်သည်။ ထိုအခါတွင် ချစ်သူ၏ စာထဲမှာပါတဲ့ အတိုင်းဟုထင်ကာ ယုံကြည်စိတ်ချစွာဖြင့် ပြုံးနေ သော စောလွဲ၏ အပြုံးကို အိအိခင် ရင်နာ၍မဆုံးတော့ပေ။

စောလွဲ၏ ချစ်သူမောင်သည် စောလွဲကျိုတ်၍ ကြိုးစားနေ သည်ကိုမသိဘဲ ဦးဆောင်ရမည်ကိုကြောက်၍ ရေကန်အသင့် ကြာအသင့်ရှိသည့် အရိပ်ကလေးအောက်သို့ အေးချမ်းစွာ ခိုဝင် သွားသည်ကို တမလွန်မှ စောလွဲသိလျှင်မူ မည်သို့ ခံစားရမည် နည်း။

ဖောက်ပြန်ချင်သည့် ယောကျ်ားအဖို့ မူးလို့ မှားသွားတာပါ ဟူသောအကြောင်းပြချက်နှင့်အမှားကို ရဲရဲဝံ့ဝံ့ကျူးလွန်ကြသော အခါတွင် ကျန်ခဲ့သော မိန်းကလေးစောလွဲဦးမှာတော့။

ကလျာမငွေဇင်း

၁၉၉၅-ခု၊ ဇန်နဝါရီလ



www.burmeseclassic.com

www.burmeseclassic.com

ဖော့ဒါမြင့်၏

# ဘဂိဝဏ္ဍ



www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းခါခြင်း၏ အဘိဓမ္မာ

"ဟယ်. . . . ပိုင်"

နှုတ်ဖျားမှ အလန့်တကြားအော်လိုက်မိသည်အထိ အံ့ဩ
ဝမ်းသာသွားသည်။

ရင်ထဲမှာ အစဉ်အမြဲ တမ်းတမ်းတတခေါ်နေသော
အခေါ်အဝေါ်လေးကို သတိလက်လွတ်ခေါ်လိုက်မိ၏။

ပိုင့်မျက်ဝန်းနှင့်တွေ့ဆုံနေရစဉ် တဒင်္ဂ အချိန်လေးတွင်
ဝင်းလက်သွားသည်ကို တွေ့လိုက်ရပြီး တဖြည်းဖြည်းနှင့် မှေးမှိန်
သွားကာ အစိမ်းရောင်ပြောင်းသွားသည်ကို သတိထား လိုက်မိ၏။

"ဟင်း. . . . . ."

ပိုင့်နှုတ်ခမ်း ထောင့်စွန်းလေးကွေးသွားပြီး လှောင်သ
လိုလို အပြုံးနှင့် မထီလေးစား အထင်သေးသော မျက်လုံးဖြင့်
တစ်ချက် ကြည့်ကာ လှည့်ထွက်သွားသောအခါ ထွေးနှလုံးသား
တစ်စစီကြေမွအောင် နင်းချေသွားသလို ခံစားလိုက်ရသည်။

ထွေးအား ကျောခိုင်းထွက်သွားသော ပိုင့်နောက်ကျော
ကို သတိလက်လွတ်ငေးကြည့်နေရင်းက ထွေးနှင့် ထာဝရ ဝေးကွာ
သွားပြီဖြစ်ကြောင်း နားလည်လိုက်သလို ထွေးမခံစားရဲသော
ပိုင့်အမုန်းကို ခံစားလိုက်ရသောအခါ ကြိုတင် မှန်းဆထားသော
ခံစားမှုထက် အဆမတန် ပြင်းထန်လွန်းလှသည်။





ရပ်တည်နေတဲ့ ကမ္ဘာမြေကြီး ကွဲအက်ကြေမွသွားလေပြီ။

သတိလက်လွတ် ပိုင့်ကို ငေးကြည့်ရင်းက လမ်းမပေါ်မှာ
ကျက်ရည်မကျစေရန် အနိုင်နိုင်ထိန်းချုပ်ရင်း မျှော်လင့်ခြင်းတို့သည်
အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားတော့သည်။

ထွေးစိုးရိမ်သလို ပိုင့်ရဲ့ အထင်သေးတဲ့အကြည့်ကို
ခံစားလိုက်ရတဲ့ ထွေးရဲ့ ခန္ဓာကိုယ်လေးဟာ အဆမတန်သေးငယ်
သွားပြီး အခိုးအငွေ့အသွင်နဲ့ ဤကမ္ဘာလောက မြေပြင်မှ လွင့်စင်
ပျောက်ကွယ်သွားချင်ရဲ့ပိုင်ရယ်။

ဒီမျက်ဝန်းအကြည့်ကို ထွေး ကြိုမြင်ခဲ့တယ်လေ။

ထွေးခေါင်းခါခဲ့တာကို ပိုင်နားမလည်ဘူးနော်။

အစဉ်အမြဲ အားငယ်စိုးရိမ်နေတဲ့ မိန်းကလေးဟာ
ခေါင်းပဲခါတတ်တယ်ပိုင်ရယ်။

မိန်းမသားတွေရဲ့ အားငယ်စိတ်ပျော့ညံ့စိတ်ကို ပိုင်
နားလည်ခဲ့ရင်လေ ထွေး ခေါင်းခါလိုက်တာကို ခွင့်လွှတ်ပြီး
ထွေးနှလုံးသားထဲက ချစ်တဲ့အရိပ်အယောင်လေးကို ပိုင်မြင်လာ
မှာပေါ့နော်။

ခုတော့ပိုင်ရယ် စိမ်းကားခြင်းဆိုတာထက်တောင်
စိမ်းကားရက်စက်ခဲ့ပါလားဟင်။



www.burmeseclassic.com

www.burmeseclassic.com



(၁)

မိုးဖွဲဖွဲလေးကျလာတာမို့ ခေါက်ထီးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်ပြီး နံပါတ်၉-ကားလာရာသို့ ငေးမျှော်ကြည့်နေမိသည်။

စနေနေ့မို့ ကားအလာကျဲတာလား၊ ရုပ်ရှင်လွှတ်ချိန်မို့လားမသိ ကားမှတ်တိုင်းတွင် လူအများပြည့်ကျပ်နေ၏။

"ဟင်း . ."

သက်ပြင်းရှည်ကြီးကို တစ်ကိုယ်တည်းကြားအောင် ချလိုက်ရင်းက မိုးမရွာတော့သဖြင့် ခေါက်ထီးလေးကို ပြန်ပိတ်ထားလိုက်သည်။

အဝေးဆီမှ ဟီးနိုးကားတစ်စီးလာသည်ကို တွေ့လိုက်ရ၍ ထီးလေးကို လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်မိ၏။

"ဟင် . . . . . ဟုတ်လဲဟုတ်ဘဲနဲ့"

တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်ပြီး နံပါတ်၉-ကားမဟုတ်ဘဲ ၈-ကား ဖြစ်နေသဖြင့် သက်ပြင်းလေးချလိုက်ရင်း ၈-ကားပေါ်သို့ လူများများ တက်သွားကြပါစေဟု ဆုတောင်းနေမိသည်။

အကယ်၍ အေးအေးနေသာ ပါလာလျှင် ဤကဲ့သို့ ကားမှတ်တိုင်တွင် တစ်ကိုယ်တည်းရပ်စောင့်နေရခြင်းသည် ငြီးငွေ့ဖွယ်ရာ၊ စိတ်ပျက်ဖွယ်ရာကောင်းလိမ့်မည်မထင်။

ခုတော့ ထွေး တစ်ယောက်တည်း။





"ဟင်- မိန်းမကိုက အားအားရှိ ကျောင်းပဲပျက်နေတာ"

မကျေမနပ်နှင့် တီးတိုးရေရွတ်လိုက်ပြီး လူအပြည့်တင်ဆောင်သွားသော နံပါတ်၈-ကားကို ငေးကြည့်နေမိသည်။

"ဟော် . . . မိုးကျလာပြန်ပြီ"

လွယ်အိတ်ထဲမှထီးကို ပြန်ထုတ်၍ ဖွင့်ဆောင်းလိုက်၏။

နည်းနည်းလေးမိုးမိလျှင် နှာစေးတတ်သော အကျင့်ဆိုးကြောင့် ထီးမဆောင်း၍ မဖြစ်ပေ။

"ကျူရှင်လွှတ်တဲ့အချိန်နဲ့ ရုပ်ရှင်လွှတ်တဲ့အချိန်က အမြဲတိုက်ဆိုင်နေတာပဲ။"

ဆရာ့ကို အချိန် နည်းနည်းတိုးရွှေ့ပေးဖို့ ပြောဦးမှာပဲ။

ဆယ့်ငါးမိနစ်လောက်ကြိုလွှတ်ပေးလည်း မဆိုးဘူး။

ကားချောင်ချောင် စီးရတာပေါ့။

ခုတော့ ဗိုက်တောင်ဆာလာပြီ။

တစ်ယောက်တည်း တွေးမိပြီး ဗိုက်ထဲမှလေများ လှုပ်ရှားအော်မြည်သံကို အနားမှလူအများကြားသွားမည်ကို စိုးမိ၏။

"မိုးတိတ်သွားပြန်ပြီ ထင်တယ်"

ကားလာလျှင် အသင့်ဖြစ်စေရန်အတွက် ထီးကို ပိတ်ထားလိုက်ပြန်သည်။

သို့သော် မိုးမှုန်ကလေးများက ကျနေဆဲ။

ပေရပ်နေစဉ် မှုန်မွှားသော မိုးစက်များကြောင့် စို ထိုင်းထိုင်းဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်သေးဘူး၊ မိုးမိလို့နှာစေးပြီး မနက်ဖြန် ကျူရှင်မလာနိုင်ရင် ဆရာက သူပေးတဲ့စာကို မလုပ်ချင်လို့ မလာဘူး ထင်နေဦးမယ်"

ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ချက်ချလိုက်ပြီး ထီးကို ပြန်ဖွင့်ဆောင်းလိုက်၏။

သို့သော် ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်သောအခါ တစ်ဦးတစ်ယောက်မှ ထီးမဆောင်းကြဘဲ တစ်ယောက်သာ ထီးဆောင်းနေ၍ ကြောင်စီစီ ဖြစ်လာသဖြင့် ရှက်ရှက်နှင့်ထီးကို ပြန်ပိတ်လိုက်၏။

"ဟင်း ဟင်း"

ရုတ်တရက် နောက်နားဆီမှ ရယ်သံသဲ့သဲ့ကို ကြားလိုက်ရ၍ မလုံမလဲနှင့်နောက်လှည့်ကြည့်လိုက်သောအခါ ထွေးအား ပြုံးစေ့စေ့နှင့် ကြည့်နေသူကို တွေ့လိုက်ရသည်။

"သူ"

ဘယ်သူလဲမသိ။ ထွေးတို့ ကျူရှင်က မှန်းတော့သိသည်။

သို့သော် နာမည်မသိ။

ရုပ်ချော၍ စာတော်သောသူကို ထွေးသတိထားမိသည်။

မျက်နှာတစ်ခုလုံး ပူရှိန်းသွားပြီး နှုတ်ခမ်းစူကာ ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်းက

"ဟင်း၊ သူရယ်စရာလား"





နှုတ်ဖျားမှ တီးတိုးရေရွတ်လိုက်မိသည်။

"ဒီတစ်ခါတော့ ဘယ်လောက်ကျပ်ကျပ် တိုးတက်မှာပဲ"

ကားစောင့်နေရင်းက ရင်ထဲတွင် အလိုလိုလှိုက်ဖိုလာ၏။

သူ့ရှိရာသို့ မသိမသာ ငဲ့ကြည့်လိုက်သောအခါ စူးစူးရဲရဲ ကြည့်နေသော သူ့အကြည့်ကို တွေ့လိုက်ရ၍ ဖျပ်ကနဲ မျက်လွှာချလိုက်စဉ် မခံစားဖူးသော ရင်ခုန်လှိုက်မောမှုကို ခံစား လိုက်ရသည်။

သူ့ခြေထောက်ဖြူဖြူတွင် စီးထားသော ကတ္တီပါ သည်းကြိုးနီလေးကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး အကြည့်လွှဲလိုက်၏။

အစဉ်အမြဲ သန့်ရှင်းသပ်ရပ်နေသော သူသည် ပိုသိပတ်သီနှင့် ယောကျ်ားလေးရုပ်အင်္ကျီကို ဝတ်ပြီး မျက်နှာပြောင်နှင့် အလှမခြယ်တတ်တဲ့ မိန်းကလေးကို သူက လှောင်ချင်၍ကြည့်နေတာလား။

ရင်ထဲမှာ အောင့်သက်သက်နှင့် မကြည့်ဘဲလည်းမနေနိုင်။

သူ့ထံသို့ မျက်လုံးလေးဝေ့ပြီးခိုးကြည့်မိတော့-

"ဟော့ သူခိုး"

သူ၏လှောင်ပြုံးများက ထွေးကို တုန်လှုပ်ချောက်ချားစေသည်။

သူ့ကို ခိုးကြည့်ရင်း ထွေးရင်ခုန်ရတာ သူ့ကို ကြောက်လို့လား၊ ဘာလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ထွေးကို ဘာလို့ စိုက်ကြည့်နေရတာလဲ၊

ထွေး လှလို့လား။

မလှပါဘူး။

ထွေးကရော သူ့ကို ဘာလို့ ခိုးကြည့်နေချင်တာလဲ။

(၂)

"အမယ်၊ မဆိုးဘူး၊ လှသားပဲ"

မှန်သားပြင်ပေါ်တွင် ပေါ်လာသော ကိုယ့်မျက်နှာကို ကြည့်ပြီးရယ်ပြလိုက်သည်။

မျက်လုံးဝိုင်းဝိုင်း နှာတံပေါ်ပေါ်နဲ့ နှာခေါင်းရဲ့ ဘယ်ဘက်ထိပ်ဖျားမှာ ကပ်နေတဲ့ မှဲ့နက်ကလေးက စကားပြောလိုက်တိုင်း ရယ်လိုက်တိုင်း လှုပ်ရှားသွားသည်။

သွယ်လျသောမျက်နှာတွင် နှုတ်ခမ်းဖူးဖူးလေးကို ဖွင့်ဟ ရယ်လိုက်လျှင် အထက်သို့ အနည်းငယ် ပင့်တက်သွားပြီး စီတန်းသော သွားရှည်လေးများ ပေါ်လာသည်မှာ တစ်မျိုးလှနေသည်ဟု ထင်မိ၏။

"ဟင်း"

ရယ်လျှင်ပိုလှသည်ထင်၍ မှန်ကြည့်ကာ ခဏခဏ ရယ်ပြနေမိ၏။





ဘယ်တော့မှ သနပ်ခါးမလိမ်းသော အသားညိုညက်ညက်နှင့် အလှမပြင်ဘဲ ဖြစ်သလို နေတတ်တဲ့ မိန်းကလေးကို ဘာလို့ ခဏခဏခိုးကြည့်နေရတာလဲ။

ထွေးကရော သူနဲ့ အကြည့်ခြင်းဆုံပြီး ဘာလို့ ရင်ခုန်နေရပါလိမ့်။

'ပိုင်စိုး'ဟူသောအမည်နှင့်လိုက်အောင် ထွေးနှလုံးသားကို ပိုင်နိုင်စွာ စိုးမိုးနေလေပြီ။

ဆယ်ကျော်သက်နှလုံးသား အရိုင်းမလေး ရင်ခုန်တတ်လာအောင် သူပုတ်နှိုးနေတာလား။

မည်သို့ပင်ဖြစ်စေ ကျူရှင်ပျက်ရက်မရှိသော ကျောင်းသူကျောင်းသားအနေဖြင့် ထွေးတို့ နှစ်ဦးကိုဆရာကပင် ချီးကျူးခဲ့သည်။

"ဟင်း- မသိရင်ခက်မယ်"

အေးအေးနုရဲ့ မလိုတမာပြောစကားကို ထွေးကျေနပ်စွာ ခံယူလိုက်သည်။

ထွေးတို့နှစ်ဦးလုံး မျက်လုံးချင်းစကားပြောပြီး ရင်ခုန်သံချင်း ဖလှယ်နေတာကို အေးအေးနုအသိ။

ထွေးကို မတွေ့လျှင် ကြီးကန်းတောင်းမျှော် ရှာဖွေတတ်သော ပိုင့်မျက်လုံးများကိုလည်း အေးအေးနုသိသည်။

ထွေးနောက်ကျမှ လာသည်ဖြစ်စေ၊ စော၍ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်စေ အာနန်းထဲသို့ သူရောက်ရောက်ခြင်း ထွေးထိုင်တတ်သည့်နေရာသို့ အမြဲလှမ်းကြည့်တတ်၏။

တစ်ခါတလေ ပိုင့်ထက်ဦးအောင်လာပြီး ပိုင့်အလာကို စောင့်နေမိ၏။

ပိုင်လာသည်ကိုတွေ့လျှင် တံခါးကြားထဲမှ သောက်ရေအိုးစင်တွင် ရေသောက်သလိုလိုနှင့် ပုန်းကွယ်နေပြီး ပိုင့်ရဲ့ ရှာဖွေနေတဲ့ မျက်လုံးများကို ခိုးကြည့်ရင် ပီတိဖြစ်နေမိ၏။

ထွေးက ပုန်းနေရာမှ ထွက်လာတော့ ဝင်းလက်သွားသော ပိုင့်မျက်လုံးလေးကို ထွေးအမြတ်တနိုးသိမ်း ဆည်းထားမိသည်။

ပြီးတော့ ထွေးပြန်လျှင် နောက်နားမှ မသိမသာလိုက်ပြီး ထွေးစီးနေကျ နံပါတ် ၉ ကားလာပြီး ထွေးတက်သွားမှ သူစီးနေကျ နံပါတ် ၈ ကားပေါ် တက်သွားတတ်သည်။

ထွေးမသွားခင်သေးဘဲ သူ အရင်မသွားပေ။

နံပါတ် ၈ ကားတွေ ဘယ်လောက်ချောင်ချောင် သူမတက်သေး။

တစ်ခါက ထွေးလည်း သူ့အားစချင်၍ နံပါတ် ၉ ကားလာသော်လည်း တက်မလိုက်သေးဘဲ ပေရပ်နေမိ၏။

၉ ကားတွေ တစ်စီးပြီး တစ်စီးလွှတ်လိုက်သလို သူကလည်း ၈ ကားတွေ တစ်စီးပြီးတစ်စီးလွှတ်လိုက်၏။





နောက်ဆုံးတော့ မှောင်ရီသန်းလာလို့ ထွေးပဲ အလျှော့ပေးလိုက်ပြီး အရင်သွားရတော့သည်။

ဤမျှအထိ ထွေးကို ဂရုတစိုက်စောင့်ကြည့်တတ်သော သူ့ကို ထွေးနားလည်ပေမယ့် နှုတ်ဖျားမှ ဘာမျှ မပြောသော သူ့ကို ထွေးအားမရချင်။

မျက်လုံးက စကားပြောသော်လည်း နှုတ်ဖျားက မပြောသော သူ့ကို ထွေးဘယ်လို နားလည်ရမှာလဲ။

"ဟင်း-မိန်းကလေးက စရမှာလား၊ မစသေး"

မိန်းမသားတို့ ရှိသင့်ရှိအပ်သော မာနထက် ပိုရှိသော ထွေးက နှုတ်ခမ်းကို တင်းတင်း စေ့ပြီး ခေါင်းခါလိုက်စဉ် ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။

စားစားသွားသွား စိုးမိုးနေဆဲပါလား ပိုင်စိုးရယ်။

ထွေးကို တမင် လှောင်ချင်လို့လားဟင်။

သံသယအတွေးများ ဝင်လာမိသည်။

ထွေးရဲ့ ညိုသောအသားရောင်အတွက် အလိုလို အားငယ်မိ၏။

သပ်ရပ်စွာ နေတတ်သော ပိုင့်အတုယူ၍ ထွေး အလှအပကို ဂရုတစိုက်ပြင်လာတာရော ပိုင်သိရဲ့လား။

ပိုင့်အကြောင်းစဉ်းစားရင် အချိန်တွေကုန်သွားတာလည်း ပိုင်သိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ထွေးရင်ထဲက လေလွင့်နေတဲ့စိတ်ကို ထွေးကိုယ် ထွေး မသိပေမယ့် ပိုင်တော့သိသလားပဲ'

"သူ စာကြိုးစားနေ"

အမှတ်မထင် ကပ်ပြောလိုက်တဲ့ ပိုင့်ကြောင့် ထွေး နှုတ်ခမ်းသားများ အလန့်တကြား ထခုန်သလို မေ့နေသော အကြောင်းအရာလေ တစ်ခုကို သတိရလာမိသည်။

ဟုတ်သားပဲ။

ထွေးနဲ့ပိုင်က ဆယ်တန်းကျောင်းသူ ကျောင်းသားတွေပဲနော်။ ပိုင့်စိတ်ကြောင့် ခြေသံမပေးဘဲ နီးကပ်လာတဲ့ စာမေးပွဲကို ထွေးဥပေက္ခာပြုထားမိတယ်လေ။

ပိုင်ကတော့ သူ့ရည်မှန်းချက်ကို အတိမ်းအစောင်း မခံနိုင်သူပီပီ စာကြိုးစားနေဆဲပေါ့။

"နင်ကတော့ ဒါနဲ့ပဲ ကျန်ခဲ့တော့မှာပဲ မိထွေးရယ်။ သူတာအမ်စီကို မှန်းထားတာပဲ့ ဒီလောက်အရေးကြီးနေတဲ့အချိန်မှာ နင့်ထို့စိတ်ကစားမလား၊ နင်အရူးပဲ၊ နင်သာ စာမကျက်တဲ ရူးနေတာ"

ထွေးတုန်လှုပ်သွားမိ၏။

စာကြိုးစားပြီး စာတော်သော ကျောင်းသားက ထွေးရဲ့ လေနေတဲ့စိတ်ကို သတိပေးလိုက်မှ ထွေးဟာ စာမေးပွဲအတွက် ဘာမှမပြင်ဆင်ရသေးဘူးဆိုတာ သတိရလာသည်။

"တော်ကြာ သူအောင်သွားပြီး နင်ကျကျန်ခဲ့ဦးမယ် အရူးမရဲ့"





"အင်း-ဟုတ်တယ်၊ ငါစာကြိုးစားမှပဲ။ ဒါမှ အတူတူအောင်ပြီးကျောင်းအတူတူတက်ရမှာ. . ."

"ဟင်-ကြီးမားလိုက်တဲ့ ရည်ရွယ်ချက်ကြီး"

ထွေးအားငယ်စွာ ရယ်မောမိသည်။

စာတော်သော သူ့ခြေလှမ်းများကိုအမီလိုက်နိုင်ပါ့မလားဟု ထွေးရင်း ရင်မောမိ၏။

ပိုင်ကလည်း ထွေးကိုတွေ့သည့်အခါတိုင်း စာကျက်ရန်၊ စာကြိုးစားရန်သာ တိုက်တွန်းသည်ကလွဲလို့ အခြား ဘာမှမပြောပေ။

စာတော်မှ စာမေးပွဲအောင်မှ ချစ်မှာလား ပိုင်ရယ်။

(၄)

ထွေးစိုးရိမ်သကဲ့သို့ စာမေးပွဲဖြေသောအခါ ကျန်းမာရေးက နှောင်ယှက်လာလေ၏။

စာမေးပွဲဖြေနေစဉ် စတုတ္ထနေ့၌ အိပ်ရာထဲ ဘုံးဘုံးလဲကာ စာမေးပွဲကျခဲ့ရသည်။

စာမေးပွဲကို အောင်အောင်ဖြေရန်ထက် ဂုဏ်ထူးများများရအောင်ကိုသာ ဂရုတစိုက်ကြိုးစားခဲ့သောပိုင်သည် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခွေးအေးနုကလည်း ဂုဏ်ထူးတစ်ဘာသာဖြင့် သက်သတ်သာသာလေး အောင်သွားသည်။

ကျန်ခဲ့သည်က ထွေးတစ်ယောက်တည်း. . . ။

ထိုစဉ်က နှလုံးသား ကွဲကြေလုမတတ် သည်းအူပြတ်ငိုကြွေးခဲ့၏။

စာမေးပွဲကျရုံနှင့် လူ့ဘဝကြီးသည် အဓိပ္ပာယ်ကင်းမဲ့၍ အရာရာတိုင်းမှာ စိတ်ပျက်ဖွယ်ရာ၊ ဝမ်းနည်းဖွယ်ရာများဖြင့်သာ စိုးမိုးနေခဲ့သည်။

ကံကြမ္မာ၏ ကြမ်းတမ်းစွာ တွန်းဖယ်လိုက်ခြင်းကြောင့် ပိုင်နှင့်ဝေးကွာသွားသော်လည်း ထွေးနှလုံးသားထဲက ပိုင့်ကိုမူ မည်သူကမျှ ဆွဲထုတ်ပိုင်ခွင့် ခွဲထုတ်ပိုင်ခွင့် မရှိပေ။

မိန်းမသားထွေးသည် ပိုင့်သတင်းကို နားစွင့်ရုံကလွဲ၍ မည်သို့မျှမစွမ်းဆောင်နိုင်ပေ။

ပိုင်က စာတော်ကြောင်း ရုပ်ချောသလောက် မာနကြီးကြောင်း မည်သည့်မိန်းကလေးကိုမျှ စိတ်မဝင်စားကြောင်းများကိုကြားရသောအခါ ထွေးဖာသာထွေး စိတ်ကြီးဝင်မိ၏။

"ထွေးကိုပဲ ချစ်တယ်မဟုတ်လား ပိုင်ရယ် နော်"

စိတ်ကူးတွေးယဉ်ပြီး ပိုင့်နောက်ကို အမီလိုက်မလို့ ထွေးလေ စာတွေ အရမ်းကြိုးစားနေတာပိုင်မသိဘူး။

ပိုင်သိအောင်လို့ မိန်းကလေးတန်မဲ့ ကြိုက်မရှက်ဆိုသလို





မိန်းမရာဇဝင်ကို ပြောင်းပြန်လှန်ပြီး မိန်းကလေးသိက္ခာကို ချတယ်ပဲဆိုဆို ပိုင့်ဆီကို ထွေးစာရေးမိတယ်။

ရိုးရိုးကလေးပါ ထွေးပိုင့်ကိုသတိရကြောင်း ပိုင့်နောက်ကို အမီလိုက်ဖို့ စာကြိုးစားနေကြောင်းပါပဲ. . . . ။

ပြီးတော့. . . . ရှက်စိတ်နဲ့ ပိုင့်ထံက ပြန်စာကို လက်ချိုးရေတွက်ရရင်း အားငယ်မိတယ်ပိုင်။

ထွေး စာထည့်ကာ နှစ်လတောင်ရှိပြီတဲ့ ပိုင်စာပြန်ဖို့ ဆောင်းတာပေါ့။

ခုတော့ ပြန်စာမလာတော့ အလိုလို အားငယ်မိသည်။

တကယ်ပဲ ဝမ်းနည်း အားငယ်တာပါပိုင်-

ဒါပေမယ့် ဒီအားငယ်စိတ်တွေဟာ ပိုင့်အတွက် နာကျည်းစရာ၊ ရွံ့မုန်းစရာ ဖြစ်သွားလိမ့်မည်လို့ ထွေးဘယ်တုံးကမှ မမျှော်လင့်မိပါဘူး ပိုင်ရယ်. . . . ။

ပိုင်တို့ လှိုင်နယ်မြေ ၂ က ပျော်ပွဲရှင်ပွဲတွေလုပ်တော့ ထွေးလာဖို့ ဆုံးဖြတ်လိုက်မိ၏။

ဝမ်းသာခြင်း၊ ကြည်နူးခြင်းတို့ဖြင့် အလှတွေပြင်ပြီး ပိုင့်ကို တွေ့ချင်ဇောနဲ့ထွေးလာခဲ့ပြီလေ။

ထွေးရင်ထဲမှာတွေဝေခြင်း ဆုတ်ဆိုင်းခြင်းတို့ မရှိပါဘူး

ပိုင့်မျက်နှာကို တခဏလောက်မြင်တွေ့လိုက်ရချင်တို ထွေးမှာ အားမာန်အပြည့်နဲ့ ပိုင့်နောက်ကို လိုက်လာဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။ ပိုင်နဲ့တွေ့ရင် ထွေးဘယ်လို နေမလဲဆိုတာ ကြိုတင်စိတ်ကူးယဉ်ခဲ့တယ်။

ပိုင်က ထွေးကို ဂရုတစိုက်ပြုံးပြရင် ထွေးပြုံးမှာလား စကားပြောရင်ကော ထွေး ဘာပြန်ပြောမှာလဲဟင်။

ပိုင့်မျက်နှာကို စိတ်ကူးအရိပ်ထဲမှာ ပုံဖော်ကြည့်ပြီး တစ်ညလုံး အိပ်မရဘူး၊ ပိုင်တို့ကျောင်းကို ရောက်လာတဲ့အထိဘဲ ရင်ခုန်သံက ကျယ်လောင်နေဆဲ။

(၄)

"ဟင်း. . . . မာနမင်းသားလေး၊ သိပ်မာနကြီးတဲ့ အမျိုးသားပဲ၊ ဘယ်မိန်းကလေးမှ မရောဘူး"

"ဟုတ်တယ်၊ ရုပ်လှတာရော စာတော်တာရော၊ သူ့အပြင် ဘယ်သူမှလိုက်မမီဘူးဆိုပြီး မာနကြီးနေတာ အဖက်မတန်သလိုဘဲ တစ်ခါတလေ စာတော်လို့ သူ့ကို မသိတဲ့စာကို မေးချင်တာတောင် အထင်သေးတဲ့ အပြောမျိုး၊ အကြည့်မျိုးနဲ့ ကြည့်သွားတာ"

"အမယ်. . . စာတော်တဲ့ လူတွေနဲ့ ကျတော့ ရွှန်းရွှန်းဝေလို့ပါနော်၊ သူ့လိုစာတော်မှ အပေါင်းအသင်းလုပ်တယ် ထင်ပါရဲ့၊ စာမတော်တဲ့လူဆို သိပ်အထင်သေးတာဘဲ"

စာမေးပွဲအောင်သွားကြသော သူငယ်ချင်းများက ပိုင့်အကြောင်း တစ်ယောက်တစ်ပေါက်ပြောနေကြ၏။





ထိုအခါတွင် ထွေးကိုယ်လေးမှာ အဆမတန် သေးငယ်သွားပြီး ဒေသ(၂)ရဲ့ ကျောင်းနံရံ အုတ်နီနီကြီးများကို ကြည့်တာ အလိုလိုကြောက်ရွံ့လာမိ၏။

စာကြိုးစားဖို့ တဖွဖွမှာနေရက်က စာမေးပွဲကျကျန်ခဲ့တဲ့ ထွေးကို ပိုင်သိပ်ပြီးအထင်သေးသွားမှာပေါ့။ ဒါကြောင့် ထွေးရေးတဲ့ စာကို မပြန်တာဖြစ်မယ်။

ထွေးဆာမိတာ မှားသွားပြီ ပိုင် သာ ထွေးကိုတွေ့ရင် သိပ်အထင်သေးသွားမှာပဲ။

စာမတော်တဲ့ ကျောင်းသူတစ်ဦးက သိက္ခာမဲ့စွာနဲ့ သူ့ထံ စာထည့်ပြီး မျှော်လင့်ချက်ထားသော မိန်းကလေး။ ဤမိန်းကလေး-သည် ယခုလည်း သူ့ထံသို့ စိုက်စိုက်ရောက်လာခဲ့လေပြီ၊ သူ သူ. . သိပ်အထင်သေးမှာပေါ့။

"ဟင်"

ပြန်လှည့်ရန် ဆုံးဖြတ်ချက်ချလိုက်စဉ် ဒေါင့်ချိုးအကွေ့လေးတစ်ခုမှာ ဘွားခနဲပေါ်လာသော ပိုင့်ကို တွေ့လိုက်ရ၍ ထွေး ဘာလုပ်ရမှန်းမသိဖြစ်သွားပြီး ပြုံးခဲ့ရသော ကျောက်ရုပ်သဖွယ် ရုပ်လျက်ငေးနေ၏။

"ဟင် ထွေးထွေး"

ရုတ်တရက် တွေ့လိုက်ရသောကြောင့် ပိုင်က အံ့ဩ[illegible] ဟန်ဖြင့် သူ့ သွားတက်ကလေးများပေါ် အောင်ပြုံးလိုက်[illegible] တစ်စုံတစ်ခု လှမ်းပေးလိုက်တာကို သတိထားလို[illegible]



www.burmeseclassic.com

www.burmeseclassic.com



"ထွေး ထွေးပါလား၊ အင်း ထွေးအတွက်."

"သူ - သူလျှောင်ပြုံးပြုံးတာ ငါက သူ့ကို အတင်းလိုက်နေတယ်ထင်သွားပြီ။ သူ့ဆရာဝန်ဖြစ်တော့မှာမို့ ငါက အတင်းလိုက်နေတယ်ထင်သွားပြီ ဟုတ်သားပဲ ငါ့ဆယ်တန်းမှမအောင်သေးတာ"

ဘာမျှဆုံးဖြတ်ချက်မရမီ ဦးခေါင်းကို သွက်သွက်ခါရမ်းလိုက်ပြီး ပိုင့်ရှေ့မှ ချာခနဲလှည့်ထွက်လာမိသည်။

မြေကြီးနှင့်ခြေထောက်ထိပင်မထိ။ ရှက်စိတ် အားငယ်စိတ်များနှင့် တစ်ကိုယ်လုံး တစ်ဆတ်ဆတ် တုန်ရီနေ၏။

"ထွေးထွေး ဘယ်လိုလုပ်လိုက်တာလဲ ဟိုမှာ ရှက်သွားပြီ"

သူငယ်ချင်းတစ်ယောက်က လှုပ်ကိုင်သတိပေးလိုက်မှ ထွေး သတိဝင်လာ၏။

ချက်ချင်း ထွေးမှားသွားကြောင်း သိလိုက်သည်။ ရှက်တတ်တဲ့ ပိုင်ဟာ သူ့ သူငယ်ချင်းတွေ အလယ်မှာ သိပ်ရှက်သွားမှာပဲ။

တကယ်ဆို ထွေး တစ်ယောက်တည်း အားငယ်စိတ်နဲ့ တဘက်သတ်ဆုံးဖြတ်ခဲ့တယ်။

ပိုင်ရယ် ပိုင်က ထွေးကို တွေ့လို့ ဝမ်းသာအားရ နှုတ်ဆက်ပြီး တစ်စုံတစ်ခု လှမ်းပေးလိုက်ကတည်းက ထွေးသိဖို့ ကောင်းပါတယ်။ ပိုင့်ရင်ထဲမှာ ထွေးရှိသေးတယ်ဆိုတာလေ။





ဒါကိုထွေးက ခေါင်းခါပြီးလှည့်ထွက်လာခဲ့တာ ဘာလို့လဲ ထွေးအားငယ်လို့ ရှက်လို့ပါ ပိုင်ရယ်၊ ဘာမှ မစဉ်းစားမိဘဲကြောက်ရွံ့ အားငယ်စိတ်နဲ့ ခေါင်းခါမိတဲ့ ထွေးကို ပိုင် စိတ်ဆိုးသွားပြီ။

ချက်ချင်း ပိုင့်ကို ပြန်ပြီး ရှာဖွေသော်လည်း မတွေ့ရတော့ပေ။

ခွင့်လွှတ်ပါ ပိုင်ရယ်၊ နိဒါန်း မစလိုက်ရသေးတဲ့ အချစ်ကို ခေါင်းခါပြီး နိဂုံးချုပ်လိုက်တာကို ခွင့်လွှတ်ပါ ပိုင်ရယ်လို့ မျှော်လင့်ချက် ကင်းစွာနဲ့ တောင်းပန်မိပါတယ်။

(၅)

ဆုံးရှုံးခြင်းသောကထဲတွင် ထပ်မံပြီးကြေကွဲလာအောင် သူကျုံးမရဖြစ်လာအောင်လို့ လောကကြီးက ထပ်မံဒဏ်ခတ်ပြီး နှိပ်စက်လိုက်ပြန်ပြီ။

"ရင်မှာပွင့်လန်း မေတ္တာပန်းကို မပန်ဘဲနဲ့ ခူးနဲ့ကွယ်"

တူမလေးချယ်ရီက ရှုတ်တရက်ကောက်ကာငင်ကာ ရွတ်ဆိုလိုက်သောကဗျာလေး တစ်ပုဒ်ကြောင့် အံ့အားသင့်သွား၏

"အမယ် ဘယ်ကကဗျာတွေရွတ်နေတာလဲ၊ မေတ္တာပန်းတွေ ဘာတွေနဲ့"

ဆယ့်နှစ်နှစ်အရွယ် တူမလေးကို ချစ်စနိုး စလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်-လေးလေးကလည်း ကိုယ်ဆီလာတဲ့ ရည်းစားစာတွေကို အမှတ်မထားမိဘူးလား၊ မီးကတော့ အဲဒီကဗျာလေးကြိုက်လွန်းလို့ ခဏခဏရွတ်နေတာ"

"ဟင်- နင့်ပဲ အဲဒါတွေဖတ်၊ ငါတော့ ပျင်းလွန်းလို့ အလကား အပို့ခဲ့တဲ့ဟာတွေ၊ ဟုတ်တာလဲမဟုတ်ဘဲနဲ့"

"အမယ် လေးလေးဆီလာတဲ့ စာတွေထဲမှာ မီးက အဲဒီစာ အရေးအသားကို သိပ်ကြိုက်တာ၊ အရေးအသားကလည်းကောင်း လက်ရေးကလည်းလှ လေးလေးကို ချစ်ပေမယ့် သူ့ရှက်လို့ သူ့ရှည်ရှယ်ချက်မအောင်သေးလို့ ဖွင့်မပြောတာတဲ့ လေးလေး စာမေးပွဲအောင်ရင် သူနဲ့အတူတူ တွေ့ဆုံနိုင်အောင် စာကြိုးစား ရေးထားတာ၊ သိပ်ပြီးယဉ်ကျေးတဲ့ စာလေးပဲ"

ထွေးမျက်လုံးပြူးလာ၏။ ထိုစာကို မိမိတစ်ခါမျှ မဖတ်ဘူးပေ။

"ဟင် ဘယ်သူပါလိမ့် ငါလည်းမသိပါလား"

"လေးလေး သိပါတယ်၊ လေးလေးကတောင် သူ့ဆီ စာရေးသေးသလားပဲ နာမည်က ပိုင်စိုးတဲ့"

"ဟာ"

ရင်ထဲမှာ ဟာခနဲ ဖြစ်သွား၏။ တူမလေးက သူသိမ်းထား သော စာရွက်အနွမ်းလေးကို ထုတ်ပြ၏။

ကဗျာတစ်ပိုဒ် တစ်စနှင့် ပိုင့်ဆိုင်းလေးကို တွေ့လိုက်ရသည်။





ရေးထားသည့် စာများကိုမူ မတွေ့ရဘဲ ပျောက်ဆုံးနေ၏။

ပိုင့် ဆိုင်းအောက်မှာ ရေးထားသော ရက်စွဲကို ကြည့်ခြင်း ခြင်း ထွေးထံမှ စာရရခြင်း ပြန်ထားမှန်းသိလိုက်ရသည်။

"ဒါ-ဒါ ဘယ်ကရတာလဲဟင်"

တုန်လှုပ်ချောက်ချားနေသော ထွေးကြောင့် တူမလေးက အားသင့်သွားပြီး။

"မီးလုပ်တာ မဟုတ်ဘူးနော်၊ ဟို ချုံနားမှာ တွေ့တာ၊ ရွှံ့တွေ ပေလို့၊ မီးက လေးလေးဖတ်ပြီး လွှင့်ပစ်တာထင်လို့၊ ပြောတာ"

စာထည့်သည့် အိတ်ကလေးဘေးမှ ဇီဇဝါချုံလေးကို ကြီးကြီးစွာ ကြည့်ရင်း မျက်ရည်များတွင်တွင် စီးကျလာ၏။

"ဖြစ်ရလေ ပိုင်ရယ်"

စာရွက်အပိုင်း နွမ်းလေးကို တယုတယ ရင်မှာ ပိုက်ထား ပြီး အားပါတရ ရှိုက်ငိုမိ၏။

အကယ်၍ ဒီစာသာ ထွေးရပါလျှင် ပိုင်တို့ ကျောင်းက ဆော်ပွဲရှင်ပွဲမှာ ပိုင်ရောထွေးပါ သိပ်ပျော်ကြမှာပါနော်။

ချက်ချင်း ပိုင့်ကို ရှာဖွေပြီး တောင်းပန်ချင်ရဲ့ပိုင်ရယ်။

ဒါပေမယ့် . . .

သုံးနှစ်တောင်ကျော်ခဲ့ပြီပဲ ထွေးဘာများတတ်နိုင်ဦးတော့ မှာလည်းပိုင်ရယ်။

ထွေး ခေါင်းခါမိတာကို ခွင့်လွှတ်ပါပိုင်၊ ထွေးခေါင်းခါ မိတာ မှားသွားတယ်ပိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ပိုင်ရယ် ခေါင်းခါတတ်တဲ့ မိန်းကလေး တစ်ယောက်ရဲ့ ရင်ထဲကို ဝင်ကြည့်ရင်လေ၊ ပိုင် ခွင့်လွှတ်မှာပါ။

(၆)

မျက်လုံးစိမ်းနှင့်ကြည့်ပြီးကျောခိုင်းထွက်ခွာသွားသော ပိုင့်နောက်ကျောကို ငေးကြည့်နေရင်းက ပိုင့်စာကို မတွေ့ခဲ့ရ၍ ပိုင့်အား ခေါင်းခါမိကြောင်းကို ဘာလို့ လိုက်မပြောရတာလဲဟု တွေးနေရင်းကိုယ့်ကိုယ်ကို ဒေါသဖြစ်မိသည်။

သို့သော်-ခနဲ့တဲ့တဲ့ ပြုံတီတီနှင့် မထီလေးစားအပြုံးက ထွေးနှုတ်ကို ဆွံ့အစေ၏။

“ရင်မှာပွင့်လန်း မေတ္တာပန်းကို မပန်ဘဲနဲ့ ခူးနဲ့ကွယ်”

လို့- လှည့်စားတတ်သူ တစ်ယောက်ကို ပိုင်က တောင်းပန်ထားရက်နဲ့ ပိုင့်ကို ခေါင်းခါလှည့်စားသွားသူ ထွေးကို ပိုင်နာကျည်းထိုက်ပါရဲ့။

ထွေးအားငယ်လို့ ခေါင်းခါမိတာကို ပိုင်နားလည်ရင် ကျေနပ်ပါပြီ၊ နောင်တွေ့တဲ့အခါ အားငယ်စွာနဲ့ မော်ကြည့်မိတဲ့ ထွေးကို အပေါ်စီးကနေ မျက်လုံးစိမ်းနဲ့ ကြည့်ပြီး လှောင်ပြုံး မပြုံးပါနဲ့လားပိုင်ရယ်။

ဆရာဒေါင်းနွယ်ဆွေရဲ့ ခေါင်းခါခြင်း အဘိဓမ္မာ ကဗျာလေးကို မိန်းမသားတွေ ခေါင်းခါတတ်တာကို ပိုင်မသိဘူး၊ နားမလည်ဘူးနော်။





ခေါင်းခါတတ်လေ့ရှိတဲ့
ချစ်ဦးသူရဲ့ မာယာနိမိတ်ပုံကို မရိပ်စားမိသရွေ့တော့
မုသားပုခက်ထဲမှာ မင်းအသက်ပြန်ငယ်ပြီး
အိပ်စက်လိုက်ဦးပေါ့ ကလေးရယ်။
ခေါင်းခါခြင်းရဲ့ မာယာဝတ်ရုံကို. . . .
မင်းဘာဖြစ်လို့ လှစ်ခနဲ
စွန့်စားပြီး ဆွဲဖွင့်မကြည့်ရဲတာလဲ. . . ။

ထွေးရဲ့ခေါင်းခါခြင်းဟာ ထာဝရ ကြေကွဲမှုကြီး တစ်ခုလုံးကို ဖန်တီးပေးပြီး ကွေ့ကွင်းခြင်း မိုးကုပ်စက်ဝိုင်း အောက်မှာ ရှိနေလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး ပိုင်ရယ်။

ခေါင်းခါခြင်းရဲ့ မာယာဝတ်ရုံကို လှစ်မကြည့်ခဲ့တဲ့ ပိုင်ဟာလည်း ထွေးရင်တွင်းက မေတ္တာကို နားမလည်စွာနဲ့ လှည့်စားသေခြင်းဆိုပြီး မိန်းမသားတွေကို အထင်မကြီးမှုန်းတီးတဲ့စိတ်နဲ့ လှောင်ပြုံး၊ ပြုံးမနေပါနဲ့လားပိုင်. . . . ။

စကားပွင့်မဂ္ဂဇင်း
၁၉၈၈-ခု၊ ဖေဖော်ဝါရီ

www.burmeseclassic.com

# အနားမှာ နေပါကွယ်



www.burmeseclassic.com

www.burmeseclassic.com

## "အနားမှာနေပါတွယ်"

"ဟော့ ဘယ်သူမှမရှိကြဘူးလား. . . . "

တိတ်ဆိတ်လွန်းသောဒဏ်ကို ကြည်ရှည်စွာ မခံနိုင်သောကြောင့် အော်၍ မေးလိုက်မိသည်။ မည်သူမျှ တုံ့ပြန်မှုမပေးကြ။ ကြာရှည်စွာအိပ်ရသောကြောင့် ကျောအောက်မှာ ပူပြီးယားလာ၏။ စိတ်ရှိလက်ရှိ လူးလိမ့်ချင်သည်။

"ဟော့ ငါခေါ်နေတာ မကြားကြဘူးလား ကွ. . . ဟေ. . . "

ဒေါသသံနှင့် ထပ်မံ၍အော်မေးလိုက်သည့်တိုင် အံ့ပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။

ရင်ထဲမှာ ရယ်ချင်သလိုလို ငိုချင်သလိုလို ဖြစ်လာပြီး နံရံကို တဒုန်းဒုန်းနှင့် ထုရိုက်ကန်ကျောက်ပစ်ချင်လာသည်။ သို့သော် ညာဘက်တစ်ခြမ်းလုံး လှုပ်ရှားမရသည့် မိမိရောဂါဝေဒနာ ကြောင့် သက်ပြင်းရှည်ကြီးချလျက် အားလျှော့လိုက်ရလေသည်။

ထိုစဉ် နားထင်စပ်တစ်လျှောက်သို့ မျက်ရည်ပူများလိမ့်၍စီးဆင်းလာပြီး နားရွက်ပေါ်မှာ ဖြတ်သန်းသွားသည်။ ဘယ်ဘက်မျက်လုံးကသာ မျက်ရည်ကျပြီး ညာဘက်မျက်လုံးကမူ ခံစားမှုကင်းမဲ့နေ၏။ ညာဘက်ခန္ဓာကိုယ်တစ်ခြမ်းလုံး ခံစားမှုမရှိ။





"မမှားသောရှေ့နေ၊ မသေသောဆေးသမား"ဟူသော စကားသည် မိမိအတွက် အလွန်မှန်ကန်လွန်းလှ၏။ "မန်းနိုင်လေ နိုင်မာတုသဘာဝဆရာတင်"ဟု နာမည်ကြီးသော ဆရာကြီး အဖိုးလေဖြတ်သွားသည်ဆိုခြင်းမှာ လူရယ်စရာပင်ဖြစ်သည်။

လေဖြတ်သောလူနာပေါင်း များစွာတို့၏ ကယ်တင်ရှင်၊ အားကိုးအားထားပြုဖွယ်ရာဆရာတင်ကို သူနိုင်သော လေရောဂါ က အနိုင်ယူလိုက်သည်ဟု ပြောစမှတ်ဖြစ်နေကြ၏။

အအိပ်ကြီးလှသောကြောင့် အိပ်နေစဉ်ဖြစ်သည်မို့ ဘာမျှ မသိလိုက်။ သတိမထားလိုက်မိ

ထိုနေ့ တစ်နေ့လုံး ဆေးလျှောက်ကုသည်။ အိမ်ပြန် ရောက်သောအခါ နေပူပူချွေးသံရဲရဲမှာ ဖုံးပါးတာရ ရေချိုးလိုက်၏။ ထို့နောက် ညနေဘက်တွင် တပည့်များကို သိုင်းသင်ပေးပြီး၊ သိုင်းပွဲအပြီးမှောင်ရီသန်းချိန်အထိ တပည့်များနှင့်အတူ ဘောလုံးကန်လိုက်သေးသည်။ ပြီးတော့ ရေချိုးသည်။

"ရေမချိုးလို့သေတဲ့ လူရယ်လို့ မရှိဘူး၊ ရေချိုးမှားလို့ သေတဲ့မသာဘဲရှိတယ်". . . ဟု မကြာခဏပြောပြီး လူနာများကို ရေချိုးမမှားစေရန် ကောင်းကောင်းသြဝါဒချွေခဲ့ဘူး၏။

အိပ်ယာဝင်ခါနီး ကိုယ်လက်ကိုက်ချင်သလိုလိုဖြစ်သော်လည်း တပည့်များကို စာသင်ပေးပြီး ခေါင်းအုံးနှင့်ခေါင်း ထိမိသည်နှင့် အိပ်ပျော်သွားသည်။ ထိုနေ့မှစ၍ အိပ်ယာထဲမှ ထ၍မရ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။ အိပ်စက်ခြင်းကို နှစ်သက်တတ်သောသူအဖို့ အိပ်ယာနှင့် ရန်သူဖြစ်လာ၏။

အရပ်ခြောက်ပေနီးနီးမြင့်၍ ထွားကျိုင်းသန်မာပြီး သိုင်းရေးကျွမ်းသော စာအသင်အပြကောင်းသော ကျောင်းအုပ်ကြီး ဓာတုသဘာဝဆေးဆရာကြီးဆရာတင် လေဖြတ်၍ အိပ်ယာထဲလဲနေသည်ကို မယုံ၍ လာကြည့်ကြသည်။

လေကလည်း လေငိုမို့ အားငယ်ပြီး ခဏငိုတတ်၏။ အနားမှာ ဘယ်သူမှမရှိလျှင် အားငယ်ပြီး မျက်ရည်ကျ၏။ တပည့်များ မိတ်ဆွေများ သတင်းလာမေးလျှင်လည်း မျက်ရည်ကျ၏။ တစ်လကျော်ကျော် အိပ်ယာထဲလဲနေသဖြင့် ပြုစုသူမရှိသောအခါ၌လည်း မျက်ရည်ကျမိ၏။ မြန်မြန်ဝဋ်ကျွတ်ပါစေဟု ဆုတောင်းနေမိသည်။

"ဟော အဖေနိုးလာပြီလား....."

သမီးကြီး အိမ်ပေါ်တက်လာ၏။ ထမီအောက်ပိုင်းမှာ ရွှဲရွှဲစိုနေသည်။

"ဘယ်သွားနေတာလဲ..."

"ရေခပ်နေတာပါအဖေ- ဆေးသောက်ရအောင်...."

သမီးကြီးက နာရီကိုကြည့်ပြီး သူ့တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်လေပြီ

"ဘာဆေးသောက်ရမှာလဲ...."

"အဖေ့ဆရာ ဆရာစိန်ကြီးပေးသွားတဲ့ ဆေးလေ- အဖေပဲ သောက်မယ်ဆို"





"တော်စမ်း...မသောက်တော့ဘူး၊ အလကား ပျောက်သဲ မပျောက်ဘဲနဲ့........"

သမီးကြီးမျက်လုံးဝိုင်းသွား၏။ လက်ထဲတွင် ကိုင်ထားသော ဆေးပုလင်းကို ကြည့်ရင်း ဘာလုပ်ရမှန်း မသိဖြစ်သွားပုံ ရသည်။

"အဖေကလဲ အမျိုးမျိုးဘဲ ဒီဆေးပြောင်းသောက်တာဖြင့် နှစ်ရက်တောင်မရှိသေးဘူး၊ ဘာသိသာအုံးမှာလဲ အဖေ ရယ်.....ကဲ ဒါဆိုလဲ ဆရာခရဲ့ ဆေးဘဲသောက်တော့နော် ဒီဆေးနဲ့ဘဲ အဖေစကားပြောလို့ရတယ်မဟုတ်လား..."

"အင်...ကောင်းသားဘဲ"

သမီးကြီး သက်ပြင်းချလျှက် ဆေးဘန်းထဲမှ ဆေးများကို ရှာဖွေလိုက်သည်။ ပါးစပ်ကလည်း ပွစိပွစိလုပ်နေသည်။

"ဘယ်တောင် ရောက်နေလဲ မသိဘူး၊ အဖေက အမျိုးမျိုး ဘဲ ဆရာတစ်ယောက်ယောက်နဲ့ဘဲ စွဲစွဲမြဲမြဲ ကုတာမဟုတ်ဘူး၊ အခုဟာက ရောဂါစဖြစ်ထဲက ဆရာပြောင်းကုနေတာ ဆယ်ယောက် လောက်ရှိပြီး အဖေကိုယ်တိုင် ဆေးကုနေတုန်းကဆို ဖိနပ်များတဲ့ အိမ်ဆိုရင် မကုပေးဘူးဆို"

ဆရာတင်က သက်ပြင်းချလိုက်ပြီး ရင်ထဲမှာ ပြုံးလိုက်မိ သည်။ သူကိုယ်တိုင်ဆေးလိုက်ကုစဉ်က လူနာအိမ်ဝတွင် ဖိနပ်များ နေလျှင် ထိုအိမ်ထဲသို့ မဝင်ဘဲ ပြန်လှည့်ထွက်လာတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်များသည့်အိမ်ဆိုလျှင် ညှော်များမည်။ ဟိုလူက ဟိုဆေးကောင်းလျှင် ပျော့ကိန်းနိုးနှင့်စားလိုက်၊ ဒီလူက ဒီဆေး ဘယ်လိုကောင်းသည်ဟု ညွှန်လျှင် လိုက်ဝယ်စားလိုက်နှင့် လူများ လျှင် ဆေးများမည်။ ဆရာများမည်။ ထို့ကြောင့် မိမိကုလည်း အပိုဘဲဟု သတ်မှတ်ကာ ပြန်လှည့်လာတတ်၏။ လူနာရှင်က တောင်းတောင်းပန်ပန်နှင့် လိုက်ရှာလျှင် စားလက်စ၊ သောက် လက်စ ဆေးများကို အကုန်လွှင့်ခိုင်းပြီး မိမိတစ်ဦးတည်းသာ ယုံယုံကြည်ကြည် ကုပါမည်ဟူသော ကတိကိုတောင်း၏။ ပြီး လူနာကို စမ်းသပ်ပြီး (၃)လပျောက်မည်။ (၂)လပျောက်မည်ဟု အချိန်ကာလကို အာမခံပြီး ကုပေးတတ်သည်။

ယခု....မိမိကိုယ်တိုင်ဖြစ်သောအခါ ဆေးဆရာ သူငယ်ချင်းများ၊ ဆရာများက အချင်းချင်း စေတနာနှင့် လက်စွမ်း ပြကာ လာပြီးကုကြ၏။ ဆရာအလွန်များလွန်းလှသည်။ ကိုယ်တိုင် ကလည်း ကျောင်းဆရာမို့ ဘယ်သူ့ကိုမှ ဆရာအဲလုပ်ခေါ် ချင်.....

"အဖေ....ဆေးသောက်ရအောင်နော်"

သမီးကြီးက လေသံပျော့လေးနှင့် ချော့လာသောအခါ ရင်ထဲမှာ အလိုလို ငိုချင်သွား၏။ ဒီသမီးကြီးရှိနေပေလို့ပေါ့ဟု တွေးပြီး တစ်ဆက်တည်းမှာပင် သန်းတင်ကို ဒေါသဖြစ်သွား၏။

သားသမီး လေးယောက်ရသည့်တိုင်အောင် အူတူတူ အတတ်နှင့် ဘာကိုမျှ ရေရေရာရာ နားမလည်သေးပေ။ ထမင်း





ဟင်းကိုပင် ဖြောင့်အောင်မချက် တတ်သေး....ဒါကြောင့် သည်း အမေမသေခင်က တဖွဖွပြောခဲ့သည်။

"လှတာမက် ညစာခက်မတဲ့...နင်က မိန်းမယူတာမှ တောက်တာ ကလေးယူတာပဲ"...တဲ့

"နင့်အဲမေ...ဘယ်သွားလဲ..."

သမီးကြီးက ရုတ်တရက် အဖြေမပေးသေးဘဲ မိမိအား အသာထူမပေးပြီး ပါးစပ်ထဲသို့ ဆေးများကို အတင်းခွံ့လိုက်၏။

"ဈေးဘက်ကို သွားတယ် ထင်ပါရဲ့...."

ဤကဲ့သို့ပင် ဝေ့လယ်လယ်နှင့် မရေရာသောအဖြေ မျိုးသာ ရနေသည်မှာ ကြာလေပြီ ဈေးထဲမှာ အဒေါ်နှင့်သွားကူသ ည်လို....

"ရေနွေးသောက်လိုက်ပါအုံး အဖေ၊ ပြီးတော့ စောင်ခြုံပြီး ချွေးရအောင် ပြန်ကွေးနေလိုက်ပေါ့"

သန်းတင်ခြေလှမ်းတွေ ပျက်နေလေပြီ၊

"ဖရှူး"

"အို....အဖေကလဲ ရေနွေးပူပူကြီးကို အရမ်း သောက်တာကိုး..."

လျှာပူသွားသည်ကား ရင်ထဲက အပူကိုမှီအံ့မထင်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"မဖြစ်ပါဘူးငါ့သားရယ်. . . . ကလေးမလေးက ငယ်ငယ် ရုပ်ကလည်း လှနေတော့ ငါ့သား ဒုက္ခရောက် နေပါ့မယ်. . . သူ့ တာမက်ရင် ညစာခက်သတဲ့"

အမေက ကွမ်းတံထွေးကို ပျစ်ကနဲထွေးပြီး ချော့သလိုလို ချောက်သလိုလိုနှင့်ပြောလိုက်သည်။ အမေက သားယောကျ်ားလေး ငါးယောက်ထဲ၌ အငယ်ဆုံး သူ့အားပိုချစ်သည်။ ထို့ကြောင့် (၁၀)တန်း အောင်သည်နှင့် တက္ကသိုလ်သို့ပင်မပို့ဘဲ ကျောင်းဆရာလုပ်ခိုင်း၏။

အမေ ရည်မှန်းသည်က သူတို့ရွာမှ မူလတန်းကျောင်းသို့ ရောက်ပြီး ကျောင်းဆရာဖြစ်ရန်ပင်၊ သို့သော် ထိုခေတ်က ပညာ တတ်ရှားပါးသောကြောင့် တာဝရွာတွင် မူလတန်း ကျောင်းအုပ် တန်းဖြစ်၏။

တာဝရွာဆိုသည်က အမေတို့ရွာကဲ့သို့ ရွာသေးမဟုတ်၊ ရေတံခါးရှိပြီး ဈေးကြီးရှိသကဲ့သို့ ဂတ်တဲလည်းရှိသည်။ ပဲခူး-သနပ်ပင်ချောင်း အဝင်အထွက်ကို ရေတံခါးဖွင့်အပိတ် ပြုလုပ် ပေးရသည်။ အလွန်စည်ကားသောရွာကြီး ဖြစ်သည်။

တာဝနှင့်ကျောက်တန်းရွာမှာ ရထားလမ်းဘေးတွင် ရှိသော်လည်း တာဝရွာက ချောင်းကူးရသည်။ခရီးထောက်သဖြင့် လှည်းနှင့်သွားလျှင် နေ့ဝက်ကျိုး၏။

ကျောင်းအုပ်က ဂုဏ်ပိုမြင့်၍ အမေ့မှာဂုဏ်ယူနေမိ သည်။ ထိုစဉ်က ဆရာတင်အသက်မှာ ၁၇နှစ်ကျော်ရုံသာ ရှိသေး





သည်။ ရောက်ခါစက အမေနှင့်ခွဲနေရသဖြင့် မနေတတ်၊ ပဲခူးသို့ ကျောင်းသွားနေစဉ်က အမေနှင့်အစ်ကိုများ ရှိသည်။ အိမ် ထောင်ခွဲ အစ်ကိုထံတွင် နေသဖြင့် အဖေကလည်း ခဏခဏလာပြီး ဆွေမျိုးများလည်းရှိနေ၍ အားမငယ်ပေ။

ယခု သူများရပ်ရွာတွင် ကျောင်းအုပ်လုပ်နေရသဖြင့် ဆွေမျိုးမရှိသောကြောင့် အားငယ်မိသည်။ ကလေးငယ် တစ်ဦး ကဲ့သို့ အမေ့နောက် ပြေးလိုက်ချင်သည်။ အမေကလည်း ကလေး ကျောင်းအပ်သကဲ့သို့ ဆရာတင်နေသားကျသည်အထိ တာဝမှာ နေပေးသည်မှာ သုံးလေးလမျှပင် ကြာခဲ့၏။

တစ်နှစ်လောက်အထိ နေသားမကျသေးပေ၊ ကျောင်း ပိတ်သည်နှင့်အမေထံ ပြန်ပြေးရသည်။ ရွာသို့ပြန်ရောက်လျှင် တစ်ရွာလုံးက အုံးအုံးကျွတ်ကျွတ် ကြိုကြ၏။ မြို့ပိုင်မင်း တစ်ဦး ကဲ့သို့ အရေးပေးကြပြီး ထမင်းဖိတ်ကျွေးသည့်အိမ်ကား များလွန်း၍ အမေ့အိမ်၌ပင် စားရသည်ဟူ၍ မရှိလိုက်။

ယခု. . . တာဝတွင် သုံးနှစ်နေလာပြီးမှ ဆရာတင် မူပျက် လာ၏။ ရွာသို့ပြန်မလာချင်တော့. . . . . အကြောင်းအမျိုးမျိုး ပြပြီး တာဝတွင်အနေများနေသောကြောင့် သား၏ထူးခြားချက်ကို သိသောအမေက ခြေရာကောက်သောအခါ အကြောင်းသိလာ၏။

"တွေ့မှတွေ့တတ်ပလေ သားရယ်"

အုပ်လုံးသိမ်းစ နှာတံပေါ်ပေါ် မျက်ခုံးမျက်လုံး ကောင်း ကောင်း နှုတ်ခမ်းပါးပါးနှင့် သေးသေးသွယ်သွယ် အချိုးဖော်ဝင်စ



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုမှ သဘောကျနေသည်။ မျက်ခုံး နှစ်ခုကြားရှိ မှဲ့သီးလေးက ပို၍လှနေသည်။ ညီအစ်မများထဲတွင် အလှဆုံးရွာထဲတွင် အလှဆုံးဖြစ်သည်။ သို့သော်. . . . . ကျောင်းဈေးမှာ မုန့်ရောင်းနေရသည့် အခြေမလှသောဘဝဖြစ်သည်။

"အတွေ့တောင်နောက်ကျသေးတယ်"

ရင်ထဲမှာ တိုးတိုးလေးပြောကာ ပြုံးလိုက်မိသည်။ အအိပ်မက်လှသော ဆရာတင်သည် နံနက်ကျောင်းတက် ခေါင်းလောင်းထိုးမှ အိပ်ယာမှနိုးတတ်သည်။ ကျောင်းသားများဘုရားရှိခိုးပြီး မေတ္တာသုတ်နှင့် မင်္ဂလသုတ်ရွတ်ပြီးမှ စာသင်ခန်းထဲသို့ ဝင်လာခဲ့၏။ နေ့လည်ကျောင်းလွှတ်ပြီး ထမင်းစားချိန်တွင် တမှေးအိပ်လိုက်သေးသည်။ သို့ဖြစ်၍ ကျောင်းပတ်ဝန်းကျင်နှင့် မုန့်ဈေးတန်းကို မကြည့်မိသည်မှာ သုံးနှစ်ပင် ကြာမြင့်ခဲ့ပေသည်။

ဒီနှစ်ကျောင်းဖွင့်စတွင် သန်းတင်ကို စတွေ့၏။ မိုးဦးလေဦး၌ ရွာတွင် ဝမ်းရောဂါဖြစ်နေသောကြောင့် ဆရာတင်သည် ဝီရိယကြီးစွာဖြင့် အစားအသောက်များကို လိုက်၍ စီစစ်ရသည်။ ကျောင်းမှ အသုတ်ရောင်းသော ဆိုင်များကို ပိတ်ခိုင်းသောအခါ သန်းတင်က မျက်စောင်းကြီးထိုးကာ မကျေမနပ်နှင့်ပွစိပွစိ ပြောနေသဖြင့် ဆရာတင်က အခြားဒီပြင် မုန့်ရောင်းရန် အကြံပေးပြီး လိုအပ်သောငွေကိုပင်စိုက်ထုတ်ပေးသည်အထိ စေတနာ ရေအလျှင် တိုးလာလေသည်။

"ဟဲ့သားရဲ့ အမေမေးတာဖြေပါဦး"





"ဟင်. . . . ဘာလဲအမေ"

အမေက ဆေးလိပ်ရှည်ကိုဖွာရင်း သူ့ကို မျက်စောင်းခဲထ်သည်။

"သူကြီးသမီးအေးကျော့ကို ဘယ်သွားထားမလဲ"

အမေ့စကားကြောင့် ရင်ထဲ ထိတ်ကနဲဖြစ်သွား၏။ နောက် ခေါင်းကို ရမ်းရင်း. . . . "ဘာဆိုင်လို့လဲ အမေ ကျော့နဲ့ကျွန်တော်နဲ့က အရှင်းကြီးဘဲ"

"အမယ် ဟိုတုန်းကတော့ အေးကျော့ကို မရမက တော့- နင်တောင်ခိုင်းလို့ ငါကဘဲ အသက် ငယ်သေးတယ် တားထားရသေးတယ် မဟုတ်လား"

ဆရာတင်က ပြုံးဖြီးဖြီးနှင့် ခေါင်းကုတ်လိုက်၏။ သူ့လူပျိတ်ဘဝက မာနကြီးသောသူကြီးသမီးအေးကျော့ကို သူငယ်ချင်းနှင့် အပြိုင်ပိုးခဲ့သေးသည်။ ညစဉ်ညတိုင်း အေးကျော့တို့နား၌ လျှောက်ပြန်သံပေးလုပ်ခဲ့သည်။ ထိုစဉ်က ဥစ္စာပေါ ချောဂုဏ်ရှိသူမို့ မည်သူ့ကိုမျှ စောင်းငဲ့မကြည့်သော အေးကျော့ သည်။

သို့သော် ဆရာတင် ကျောင်းအုပ်ဖြစ်လာတော့ ရေများရာ လာဆိုသည့် လူ့သဘောသဘာဝအတိုင်း အေးကျော့ရော အေးကျော့မိဘများကပါ အလေးပေးလာ၏။ ထမင်းစားဖိတ် သည်။ မတော်တခါက် ဆေးကုတတ်စ ဆရာတင်ကိုပင့်၍



www.burmeseclassic.com

www.burmeseclassic.com



ရောဂါအမျိုးမျိုးပြကာ ဆေးကုခိုင်း၏။ အေးကျော့၏ ရှက်သလို
ရွံ့သလိုလိုအကြည့်နှင့် ခိုးကြည့်ခြင်းခံခဲ့ရ၏။

ထိုစဉ်ကလည်း ဆရာတင်ကိုယ်တိုင်က ရွာရောက်လျှ
အလည်အပတ်များနေပြီး သိုင်းကစားသည့်ဘက်ကို လှည့်နေ
သဖြင့် အေးကျော့၏ ညွတ်လာသောမေတ္တာပန်းလေးကို မ
သေးပေ။ အမေ ကိုယ်တိုင်ကလည်း အသက်အစိတ်ကျော်
ပေးစားမည်ဆိုသောကြောင့် ဆရာတင်မေတ္တာက အေးစက်
ခဲ့သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အမေသွားတောင်းပေး
ဘဲဟု ယုံကြည်ကာ အေးကျော့ကို ချစ်သလိုလို မချစ်သလိုလို
သာ နေခဲ့၏။

ယခုကဲ့သို့ အပြောင်းအလဲမြန်လိမ့်မည်ဟု အမေမထင်
သောကြောင့် အေးကျော့နှင့်အချိန်ဆွဲနေခဲ့မိသည်ကို နောင်တ
သွားသည်။

သန်းတင်ကား အေးကျော့နှင့်ယှဉ်ပါက ဥစ္စာပေါ
သူကြီးသမီးဂုဏ်ရှိ၏။ သန်းတင်ကားဂုဏ်မရှိရုံမက ဆင်းရဲသေ
သည်။ သို့သော် ဖူးပွင့်စ အလှဆုံးပန်းလေးမို့ အမေပင် နှစ်ခါပြ
ငေးကြည့်ရလောက် ပေသည်။

"သားရယ်. . . အေးကျော့ကို ယူရင် အမေနဲ့လဲ မခွဲရ
ပေါ့၊ ကိုယ့်ရွာကို ပြန်လာလို့ရတာဘဲ"

"ခုလဲနီးသားဘဲအမေရဲ့"





"အော်. . . . . သားကလဲ တစ်ရွာထဲသားဓာတ်သိခြင်း
ဆိုတော့ ပိုကောင်းတာပေါ့"

"ဟာ အမေကလဲဓာတ်သိခြင်းမို့ ကျွန်တော်မကြိုက်တာ
ပေါ့. . . . . ဘယ့်နဲ့ဗျာ မိန်းကလေးတန်မဲ့ ကြက်ကို ကိုယ်တိုင်
ရိုက်ချက်ရတယ်လို့"

အမေမျက်မှောင်တွန့်သွားသည်။ ကုန်းသတ္တဝါပင်
စားသော အမေ့ရင်ကို တုန်လှုပ်စေသည်။

"ဟ, မင်း ဘယ်တုန်းကမြင်လို့လဲ"

"ခဏခဏတွေ့တယ်. . . . ဒါကြောင့် သားအတင်း
ရှုဆာတော့တာပေါ့. . . လူနွဲ့သလောက် ရက်စက်တယ်ဗျာ"

"ဒါပေမယ့် သားရယ် အမေတို့ရွာမှာ အပျိုတွေ ပေါသား
ဘဲ"

"ဟာ အမေကလဲ ပေါမှန်း လှမှန်းသိတာပေါ့၊ သားမှ
မကြိုက်တာ၊ ဘာလဲ အမေက ဈေးသည်မို့ သဘောမတူတာလား၊
ဒါနဲ့များ အမေက လူတိုင်းလူတိုင်း အတူတူဘဲ၊ အပုပ်ကောင်တွေ
ချည်းဘဲဆို၊ ဆင်းရဲ ချမ်းသာမရွေး အဆင့်မခွဲတတ်ဘူးဆို. . . .

"ကဲ. . . တော်. . . . တော်. . . "

"ခုဘဲပြန်ပေးပါအမေရယ်"

တဖွတ်ထိုးသားစိတ်ကိုသိသည်မို့ အမေက မငြင်းသာ
တော့ပေ။ ဆရာတင်လို လူမျိုးကိုတော့ ဘယ်ရွာကမှ ငြင်းမည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ကျောင်းဆရာ၊ ဆေးဆရာ၊ သိုင်းဆရာကြီးမှ အလွန်အမှီ တန်လှ၏။ တစ်ရွာလုံး၏ လေးစား အားကိုးခြင်းကို ခံနေရသည်။ ထို့ကြောင့် သန်းတင်ကို ဆရာကြီးကတော်ဟု ဆိုကာ ဝိုင်းမြှောက်စား ထားသောကြောင့် သန်းတင်က ထမင်းမချက်ရ၊ ရေမခပ်ရ၊ ကလေး မွေးလာလျှင်လည်း ရွာကပင်တာဝန်ယူ၍ ဝိုင်းထိန်း ပေး၏။ ထို့ကြောင့် သန်းတင်သည် ကလေးမွေးနိုင်သော်လည်း ကလေးပင် မချီတတ်ခဲ့။ အချိန်တန်လို့ ကလေးနို့တိုက်ချိန်၌သာ ကလေးကို သူ့ရင်ခွင်ထဲလာထည့်ပေးသည်အထိ ကုသိုလ်ထူးလှသည်။

သန်းတင်ကား ပီတိ ကလေးစိတ်ဖြစ်၏။ ဆရာကတော် ဟူသော ဂုဏ်ကိုလည်း မသိ၊ အချစ်ဟူသည်ကိုလည်း နားမ လည်. . . . သူသိသည်ကား ဆရာကြီးကိုယူလိုက်ရ၍ မုန့် မရောင်းရ၊ ကောက်မစိုက်ရတော့ အေးချမ်းစွာ နေရသည်ပင် သိသည်။ ထို့ကြောင့် တားနေရက်ကပင် လစ်သည်နှင့် တပည့်များ နှင့် ကစားရင်း ငြင်းခုံရင်းရန်ဖြစ်သဖြင့် တပည့်များကို ရိုက်ဆုံးမ သကဲ့သို့ သန်းတင်ကိုလည်း ရိုက်၍ဆုံးမရသည်။

မည်သို့ဖြစ်စေ သန်းတင်ကိုယူမိသည့်အတွက် နောင်တ မရခဲ့။ အဘယ့်ကြောင့်ဆိုသော်. . . . သန်းတင်ကို အလွန်ချစ် သောကြောင့်ပင်ဖြစ်သည်။





(၃)

အခုတော့ ဆရာတင် နောင်တရချင်လာပြီ။ ပဲခူးမြို့ ကျောင်းသို့ ပြောင်းလာပြီး (၅)နှစ်အကြာတွင် ဆရာတင် လေဖြတ် ရခြင်း ဖြစ်သည်။ သန်းတင်ကား ကံကောင်းနေဆဲ ဖြစ်သည်။ (၁၅)နှစ်အရွယ် သမီးကြီးက ချက်တတ်ပြုတ်တတ်သောကြောင့် မီးဖိုချောင် မဝင်ရသေးပေ။

ခါတိုင်းတွင် ဆေးကုခြင်း၊ စာသင်ခြင်း၊ အလုပ်များနှင့် နစ်နေ၍ သန်းတင် ဘယ်လိုနေသည်ကို မသိပါ။ တစ်ခါတစ်ရံ သူအိမ်ပြန်မအိပ်သည့်အခါလည်းရှိသည်။ သို့သော် သန်းတင် သည် သူ့အလုပ်ကိစ္စနှင့်ပတ်သက်၍ ဘာမျှ မမေးခဲ့၊ သူကိုယ်တိုင် ကလည်း မသိပါ။ သမီးကြီးကသာ သူနှင့်အနေနီးပြီး ဆန်ဆီကိစ္စ ပူပန်ရသည်။ ငွေလိုလျှင် သူ ထံတောင်းတတ်သည်။ ဤသမီးကသာ အိမ်ထောင်ကို ဦးစီးနေကြောင်း သူသတိမထားမိပေ။

ယခု အိပ်ယာထဲရောက်မှ သူအားလုံးကို အကဲခတ် မိလာသည်။ သန်းတင်သည် သူ့အနားမှာလည်း ကြာကြာမနေ ချင်ပေ။ မနက်မိုးလင်းသည်နှင့် ဖီးလိမ်းပြီး ထွက်သွားရာ ညနေ မိုးချုပ်မှ ပေါ်လာ၏။ မိတ်ဆွေများက လူနာသတင်း လာမေးရင် ဆရာကတော် မမြင်ပါလားဟု မေးသောအခါ မိမိမဖြေတတ်ပေ။ ကြာတော့ ဘယ်သူမှ မမေးတော့။ သန်းတင် ဘာလုပ်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့သိကြပေလိမ့်မည်။ အိပ်ယာထဲမှာ မနေနေရသော လူမမာ သာလျှင်မသိ ဖြစ်ပေလိမ့်မည်။

ကိုယ်ချစ်ရှာမိသော သူ့အပြစ်သာဖြစ်သည်။

"အဖေ. . . . . အိပ်နေလားဟင်. . . . ဆေးသောက် ရအောင်နော်. . ."

နောက်တစ်ကြိမ် ဆေးလာတိုက်သည်ကို သတိထားမိ၏။ သမီးကြီးမျက်နှာကို မကြည့်ရက်ပါ။ ကလေးများ မျက်နှာငယ်မည့် အလုပ်ကို သန်းတင်လုပ်နေလားဟု တွေးကာငိုချင်လာသည်။

ဆရာတင်ထံမှ အဖြေမရသောအခါ သမီးကြီး ပြန်ထွက် သွားသည်။ ရင်ထဲမှာ တင်းကြပ်လွန်း၍ အော်ဟစ် မငိုမိစေရန် စိတ်ထိန်းထားရသည်။ နောက်ဆုံး လူ့လောကကြီးထဲမှ အမြန်ဆုံး ထွက်သွားရန် ဆုံးဖြတ်ချက်ချလိုက်၏။ အရှက်တကွဲ အကျိုးနဲ့ ဖြစ်ရသည်ထက် သေရသည်က ကောင်းသေးသည်ဟု ယူဆမိ သည်။ လောကကြီးကို ခင်တွယ်သော်လည်း မဆင်မခြင် မိန်းမိုက် အတွက် ဤနည်းသာလျှင် အကောင်းဆုံးဖြစ်လေသည်ဟု ယူဆ မိသည်။

(၄)

"ဘာရောဂါမှ မဝင်ပါဘူး သမီးရယ် ကောင်းသား ပဲ. . . အစား မဝင်ဘဲ အားနည်းနေတာပါ။ လှုပ်ရှားမှုမရှိတော့





နှင်ပြည့်ရင်ကယ်ဖြစ်မှာပေါ့"

ဆရာခက နေ့စဉ် ကိုယ်တိုင်ကိုယ်ကျလာကုကာ ဂရုစိုက် သည်။ လမ်းမလျှောက်နိုင်သော်လည်း အနည်းငယ် လှုပ်ရှားနိုင်၍ ဆေးများကို မသောက်ဘဲ ထွေးထုတ်ပစ်သည်။ အစားကို တတ် နိုင်သမျှ လျှော့စားသည်။ ဤကဲ့သို့ အခြေအနေကို သမီးနှင့် ဆရာခသာ ရိပ်မိသည်။

"ဟေ. . . မောင်တင် မင်းဘာလို့ ဒီလိုလုပ်နေတာလဲကွ"

အခါခါမေးလွန်းမကမေးမှ "သေချင်လို့ ဆရာရေ. . . ဒုက္ခတဘဝနဲ့ မနေချင်လို့"ဟု ပွင့်လင်းစွာ ပြောလိုက်မှပင် ဆရာခ က ရယ်မော၍. . . . .

"နေဦး. . . . . ငါ့ကိုလည်း အမှုမပတ်ရအောင် မင်း ကိုယ်မင်းလည်း အဖန်ဝါးရာမခံရအောင် ငါတစ်နည်း ကြံပေး ပါမယ့်ကွာ" ဟု၍ပင် ရယ်မောနောက်ပြောင်ခဲ့သည်။ မရယ်မော နိုင်သူမှာ သမီးကြီးသာဖြစ်သည်။

"အဖေကလည်း ဖြည်းဖြည်းတော့ ပျောက်မှာပေါ့"

"ပျောက်တာကနောက် သေချင်တာက ခုချက်ခြင်းဘဲ"

"မင်းမိန်းမနောက်မီးလင်းနေမှ သေရတာကွ"

ဆရာခက နောက်သလိုလိုပြောင်သလိုလိုနှင့် ပြောလိုက် သော စကားသည် မိမိနှလုံးသားကို တည့်မတ်စွာ ထိမှန်လာသည်။ ဆရာခပင်လျှင် သိနေသည့်ကိစ္စမို့ သန်းတင်အားလုံးဝ မကြည့်ချင် လောက်အောင် ဒေါသဖြစ်သွား မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပစေအုံး . . . လာမှာ နှင်ချလိုက်မယ်"

ကလေးများ မျက်နှာကိုငဲ့ကာ မိမိမသေဘဲ အမြန်ဆုံး ကျန်းမာအောင် ကြိုးစားပြီးမှ သန်းတင်အား နှင်ထုတ်ကာ ကလေးများကိုသာ မိမိတာဝန်ယူကျွေးမွေးလျှင် တမလွန်ရောက်နေသော အမေသည် လှောင်ပြောင်ရယ်မောနေပေဦးမည်။

"ဆရာကြီး"

ရုတ်တရက်မို့ ရင်ထဲအေးသွားသည်။ သန်းတင်အသံကြားရလျှင်ကို ရင်ထဲအေးသွားသည်မှာ အခုမှမဟုတ်။ ဒီအသံနှင့် ဒီမျက်လုံးကား မိမိဘဝကို များစွာတုပ်နှောင်ခဲ့သည်။

"ကျွန်မ ပူတင်းဝယ်လာတယ် စားလိုက်ဦး . . . သမီးကြီး နှင့်အဖေကို ကျွေးလိုက်အုံး"

ထုံးစံအတိုင်း ကိုယ်စားလှယ်လွှဲလိုက်သည်။ ရင်ထဲမှာ နာကျင်စွာခံစားလိုက်ရပြီး တအုံနွေးနွေးဖြစ်နေသော စိတ်တို့ ရုတ်တရက် ပွင့်ထွက်သွားသည်။

"မစားဘူး မစားဘူး သွားကြ၊ ငါ့အနားမှာ တစ်ယောက်မှ မနေကြနဲ့ပ သွား"

မိမိအသံကြောင့် သားသမီးများလန့်ဖြန့်ကာ အပြင်သို့ ထွက်သွားကြတော့သည်။ ခါတိုင်းလည်း သန်းတင်ကို ဒေါသဖြစ်မိသည်။ သို့သော် သန်းတင်ပြန်ရောက်လာလျှင် ဆရာကြီးလို့ ခေါ်လိုက်လျှင် ဒေါသလွင့်ပြယ်သွား၏။ ဒီတခါတော့ မလွင့်ပြယ်တော့ပေ။ ပွင့်ပွင့်လင်းလင်း မေးမည်ဟု အားခဲထားလျက်-





"ဆရာကြီး . . . . နေမကောင်းဘူးလား"

နဖူးပေါ်လက်တင်၍ လာစမ်းသည်။ ရင်ထဲမှာ သိမ့်ကနဲဖြစ်သွားပြီး ငိုချင်သွား၏။

"နှင်ထွက်သွားမှာဖြင့် မြန်မြန်ထွက်သွားသန်းတင်။ ငါ့ကို ဟန်လုပ်ပြမနေနဲ့ ဒါမှမဟုတ် ငါသေပေးပါ့မယ်"

ငိုသံနဲ့နဲပါသွားသည်ဟု ထင်လိုက်မိသည်။ သန်းတင်က အံ့အားသင့်သောလေသံဖြင့် . . . .

"ကျွန်မက ဘယ်သွားရမှာလဲ . . ဆရာကြီးကရော ဘာလို့သေမှာလဲ"

"ငါသေရင် နင်နောက်ယောကျ်ားယူမှာ မဟုတ်လား"

မမျှော်လင့်သော စကားကြောင့် ဆရာတင်ကို အလန့်တကြားကြည့်လိုက်ရင်း . . .

"ကျွန်မကို ဒီလိုမပြောနဲ့၊ ဆရာကြီးသေရင် ကျွန်မလဲ လိုက်သေမှာဘဲ"

ရုတ်တရက် အံ့သြသွားသည်။ သန်းတင်ကို လှမ်းကြည့်၏။

လှပသော မျက်လုံးဝိုင်းကြီး များက ပကတိသန့်စင်နေ၏။ သန်းတင်သည် ဘယ်သောအခါမှ မညာတတ်ပေ။ တီတီတာတာလည်း မချွဲတတ်၊ စကားကို တုံးတိတိနှင့် တိုတိုပြတ်ပြတ် ပြောတတ်၏။ သို့သော် ဒီတစ်ခါတော့ ဟန်ဆောင် ဖုံးကွယ်တန်ကောင်း ဖုံးကွယ်ပေလိမ့်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့ကိုမချစ်ဘဲယူလိုက်ရတာမဟုတ်လား။ ငါသေရင် နင်ဝမ်းသာမှာပေါ့။ နင်လုပ်ချင်ရာလုပ်၊ သွားချင်ရာ သွားနိုင်ပြီပေါ့"

သန်းတင်က ဒေါသဖြစ်သွားဟန်နှင့် အောက်နှုတ်ခမ်းကို ကိုက်ရင်း မျက်ရည်များတသွင်သွင် စီးကျ လာလေသည်။

"ဆရာကြီးနော်. . . . ကျွန်မကို ဒီလိုမစွပ်စွဲနဲ့၊ ကျွန်မ ဘယ်သူနဲ့မှ မဖောက်ပြန်ဘူး။ ဆရာကြီးသာ ကျောက်တန်းသွားပြီး အဆက်ဟောင်းမအေးကျော့ဆီကို သွားသွားနေတာ ကျွန်မ မသိဘူးမှတ်လို့လား။"

"ဆရာကြီးသာ သစ္စာမရှိတာ"

"အလို. . . နင်က ငါ့ကို ပြန်စွပ်စွဲနေတယ်ပေါ့"

အသက်တွေကြီးလာကာမှ အနှစ်နှစ်အလလက မြုံသိပ်ကာ ထားခဲ့သော ငယ်ကျိုးငယ်နာများကို ထုတ်ဖော် ဖွင့်အံကျလာပြီး မကြေမလည်ဖြစ်ခဲ့သော အကြောင်းအရာတို့ ပွင့်ထွက်ကုန်ကြ၏။

"စွပ်စွဲနေတာမဟုတ်ဘူး၊ အသေအချာပြောနေတာဘဲ၊ နေ့တိုင်းအပြင်ထွက်နေတာဘဲ အိမ်မှာ ဘယ်တုန်းကများ ကြာကြာ ခြေချဘူးလို့လဲ၊ တစ်ခါတစ်လေ ညတောင် ပြန်မအိပ်ဘူး မဟုတ်လား။ ကျွန်မကို ရှိတယ်လို့ မှတ်သေးရဲ့လား၊ လူလိုလဲသဘော မထားဘူး၊ အရုပ်လို သဘောထားတယ်၊ တပည့်တစ်ယောက်လို သဘောထားတယ်၊ ပြီးတော့ ကျွန်မကို ပြန်စွပ်စွဲတယ်"





တစ်ခါမှ ပြန်မပြောဘူးသော သန်းတင်သည်- ကလေး တစ်ယောက်လို ငိုရှိုက်ကာ ရန်တွေ့နေလေ၏။ ဆရာတင် ဘာမှ ပြန်မပြောနိုင်သေးပေ။ မိမိအလုပ်များနေသည်ကို မအေးကျော့ထံ သွားနေသည်ဟု ထင်နေသည်မှာ ယခုမှပင်သိရတော့သည်။

"ငါနဲ့မအေးကျော့နဲ့ ဘာမှမဖြစ်ပါဘူးသန်းတင်ရာ၊ နင်က သာ အိမ်မှာမနေဘဲဘယ်တွေသွားနေသလဲ၊ အခု ငါမမာတာတောင် နင်က အနားမှာရှိလို့လား"

သန်းတင်က မျက်ရည်များကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း သုတ်လိုက်ရင်း- ရွှန်းစိုနေသော မျက်လုံးများနှင့် စိုက်ကြည့်ကာ-

"ဆရာကြီး မမာတာ နှစ်လကျော်နေပြီ၊ အလုပ်တလည်း ထွက်ရခါနီးနေပြီ၊ ကဲ-ကျွန်မတို့သားအမိတွေ ဘာနဲ့သွားစားရ မလဲ. . . ဆရာကြီးအတွက် ဆေးဘိုးဝါးခရော၊ မာတ်စာဘိုးရော လိုလာပြီဘဲ၊ ကျွန်မအလုပ်မလုပ်လို့ ဘယ်ဖြစ်တော့မလဲ"

"ဒါ. . . ဒါဆို. . . နင်ဘာလုပ်နေသလဲသန်းတင်"

"ကျွန်မက ဆရာကြီးသိရင် စိတ်မကောင်းမှာစိုးလို့ အားလုံးကို မပြောဘဲ ပိတ်ထားတာ"

သန်းတင်သည် တစ်ချက်ရှိုက်လိုက်ပြီး နားလိုက်ချိန်တွင် အသက်ရှူရန်ပင် မေ့သွားမိသည်။

"ဆရာကြီးမိတ်ဆွေ ကိုတင်အောင်ရဲ့ ဆေးလိပ်ခုံမှာ ဆေးလိပ်ဝင်လိပ်နေတာ။ အကြီးမကလွဲလို့ ကျွန်မတို့ သားအမိ တတွေ အဲဒီမှာရှိနေတယ်"ဟု ပြောသောအခါ မှင်သက်ငေးမော



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ သန်းတင်အား ဘယ်အရွယ်ရောက်ရောက် ကလေးလို သဘောထားခဲ့မိသည်။ သို့သော် သန်းတင်သည် သူနေလို့ရသည့် အချိန်အတွင်းမှာသာ အပူအပင်ကင်းမဲ့စွာဖြင့် ကလေးလိုနေခဲ့သော်လည်း အရေးကြုံလျှင် အားကိုးရသော ဇနီးကောင်း တစ်ယောက် ပီသပါပေသည်။ ထို့အပြင် ချစ်တတ်သောစိတ်၊ သဝန်တိုတတ်သောစိတ်လည်း ရှိပါလားဟု တွေးရင်း ဆရာတင်မှာ တဖြည်းဖြည်း ပြုံးလာမိသည်။

"ဆရာကြီး နေမကောင်းတာကိုဘဲ ကျွန်မက ဝမ်းသာရ မလိုဖြစ်နေပြီ၊ ဒါမှအိမ်မြဲမှာ ဒီတစ်ခါ ကျွန်မကတလှည့် ပြန်လုပ်ကျွေးခွင့်ရလို့ ကျေနပ်ဝမ်းသာလှပါပြီရှင်"

သန်းတင်၏ စကားတွင် ပါဝင်သော မေတ္တာအရိပ်အငွေ့များက ဆရာတင့်ရင်ထဲစိမ့်ဝင်လာသည်။ သူမသေချင်တော့ပေ၊ ရှင်သေမင်းလာလျှင်ပင် ဘွာခတ်၍ တားထားရပေဦးတော့မည်။

"ဒါပေမယ့်ဟာ. . . ငါ့အနားမှာဘဲ နေပါကွယ်"

သန်းတင်က မျက်စောင်းကို စူးကနဲထိုးလိုက် သည်. . . .

"ကဲ ကိုယ်ချင်းစာပြီမဟုတ်လား၊ ဆရာကြီးတုန်းက ကျွန်မကို ထားသွားခဲ့တာ အနှစ်နှစ်ဆယ်နီးပါးဘဲ"

သန်းတင်က ပြောပြောဆိုဆိုနှင့် ဆရာတင်အား ငုံ့ထူလိုက်ပြီး စောစောက သမီးကြီးချထားခဲ့သော ပူတင်းပန်းကန်ကို ကောက်ကိုင်လိုက်သည်။





ကလေးများက အိပ်ခန်းဝမှနေ၍ ပြူတစ်ပြူတစ်ချောင်းကြည့်ရင်းက- ပြုံးစိစိဖြစ်နေကြသည်။

"နင် ဆေးလိပ်ကို အိမ်ယူလိပ်ပေါ့ဟာ ၊ငါ တင်အောင့်ကို ပြောပေးပါမယ်ဟာ"

"တော်ပါ. . . . ခုမှ ပိုမနေနဲ့၊ သူ့အလှည့်ကျတော့ သိတတ်လိုက်တာ။"

ဆရာကြီးသာ နေကောင်းအောင်နေပါ"

"နင် အနားမှာရှိရင် နေကောင်းလာမှာပေါ့ဟ"

လေသံကိုနှိမ့်၍ ချွဲလိုက်သည်။ ဆရာတင်သည် သူပြောသကဲ့သို့ပင် ဆရာခလည်း နေ့တိုင်းလာစရာ မလိုတော့ပေ။ သန်းတင်လက်နှင့်တိုက်သောဆေး သန်းတင်ကျွေးသော အစာများနှင့် တဖြည်းဖြည်း အားအင်ပြည့်လာသည်။ ထို့ျမက အနားတွင် ဆေးလိပ်ထိုင်လိပ်နေသည်ပင်လျှင် အားအင်တိုးနေ ပေ၏။

လူနာအတွက် ဆေးဆရာကြီးများ ဖော်ဆောင်ပေးသော ဆေးထက်ပင် အစွမ်းထက်သော မေတ္တာဆေး တစ်ခွက်ရှိကြောင်း ဆေးဆရာကြီးများ နားလည်ပေလိမ့်မည်။

ဥသာမဃွဇင်း
၁၉၉၃-ခုနှစ်၊



www.burmeseclassic.com

www.burmeseclassic.com

ပန်းကြွေမလေး



www.burmeseclassic.com

www.burmeseclassic.com

## ပန်းတွေမလေး အမုန်း

မှိတ်ထားသော မျက်ခွံလွှာကြားမှနေ အရိပ်တစ်ခု စိုးမိုးလာသည်ကို သတိထားလိုက်မိ၏။

ထိုအရိပ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားသော စိတ်အတွေးများကို အမိအရလိုက်ဖမ်းရင်းက ဘယ်ညာ လူးလှိမ့်လျက် အိပ်မပျော်နိုင်။

"ဆွေ"

ချစ်သူငယ်ချင်း ဆွေအကြောင်းကို ညအိပ်ရာဝင်တိုင်း တွေးနေမိပြီး ရင်ထဲတွင် တစ်ခုခု လွတ်ဟာနေသလို ခံစားနေရ၏။

"နင်နဲ့ ဘာဆိုင်လို့လဲ၊ နင့်အပူပါလို့လား"

နောက်သလိုလို ပြောင့်သလိုလိုနှင့် ရယ်မော၍ စကားဆိုခဲ့သော်လည်း အစိမ်းရောင်တောက်နေသော ဆွေမျက်လုံးများက သူငယ်ချင်းအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ငုံ အလိုလိုသိလိုက်သည်။

"အရွယ်ရောက်လာတဲ့ မိန်းကလေးပဲ၊ ကိုယ့်ဖာသာကိုယ် ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လေ၊ ဆွေ့အကြောင်းလဲ သိသားပဲ၊ ကိုယ်လုပ်ချင်ပြီဖော့ဆိုရင် မိဘတောင်တားလို့ရလား။"

သူငယ်ချင်းကို ချစ်တတ်လွန်းသော တွယ်တာလွန်းသော ငုံသာလျှင် အရာရာကို အလျှော့ပေးနေရ၏။





"မုန်းလိုက်တာ. ."

နှုတ်ဖျားမှ တီးတိုးရေရွတ်လိုက်ပြီး ဘေးစောင်းအိပ်နေရာမှ လူးလွန့် လှုပ်ရှား၍ မှောက်အိပ်လိုက်သည်။

ခေါင်းအုံးနှင့် မျက်နှာ ဖိကပ်ထားရင်းက အမှောင်တိုက်ကြားမှ ဆွေချစ်သူကိုတင်ထွန်း၏ မျက်နှာကို မြင်ယောင်လာသောအခါ ရင်ထဲတွင် တင်းကျပ်မောဟိုက်လာ သည်အထိ ဒေါသဖြစ်လာမိ၏။

အစစအရာရာ အကြိုက်ချင်းတူသော ဆွေနှင့် ငုံသည် သခုအခါ၌ အကြိုက်ချင်းမတူသော တစ်ခုတည်းသောအရာ ကြောင့်ခွဲခွာမှုကို အစပြုလေပြီ ဆွေချစ်သော ကိုတင်ထွန်းကို ငုံကြည့်ရခဲ့ပေ။

သို့ဖြစ်၍ ဆွေနှင့် ကိုတင်ထွန်းကြားတွင် ဝင်ဖျက် နေသောငုံကို ဆွေညာတာမှုမရှိဘဲ ပွင့်လင်းစွာ ပြောခဲ့၏။

"ဆွေ့ အိမ်ထောင်ဘက်ကို ဆွေဖာသာ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ဆွေနဲ့ပဲ ပေါင်းရမှာမို့ ဆွေချစ်တဲ့သူပဲ ဖြစ်ရမှာပေါ့၊ ငုံဘာမှ ဝင်ဖျက်နေစရာ မလိုဘူး ငုံ ဒီလိုဝင်ဖျက်နေလို့ ကိုတင်ထွန်းကို အမြန် အဖြေပေးဖြစ်တာပေါ့၊ သူများကမလုပ်နဲ့လို့ တားလေ ဆွေကသိပ်လုပ်ချင်တာပဲ"

"ဟင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ငံ့ကို တမင်ရွဲ့ချင်၍ ကိုတင်ထွန်းကို အဖြေပေးသလို… နှင့် ပြောခဲ့သော ဆွေ့စကားက နားထဲတွင် ပဲ့တင်ထပ်ပြန်လည်… ကြားနေရ၏။

ရုတ်တရက် အိပ်ရာမှ ထထိုင်လိုက်ရာ ခေါင်းတစ်… ချာချာလည်သွားသဖြင့် ခန္ဓာကိုယ်မှနေ ဦးခေါင်းကြီး မခွဲ… သွားစေရန် လက်နှင့်ဖိထိမ်းလိုက်ရ၏။

အိပ်မပျော်သော ညများကို မရေတွက်မိတော့ပေ။

ဖိနိုနှင့် ဗီလုံဖိုက် အကူအညီနှင့်ပင် အိပ်မပျော်နိုင်တော့…

မျက်လုံးထဲတွင် အရောင်မျိုးစုံလွင့်မျောနေပြီး တဖြည်း… အဖြူရောင် ပြန်မြင်လာသောအခါ ပွင့်နေသော ပြတင်းပေါက်… တစ်ဆင့် ကြယ်တာရာအပေါင်းတို့၏ ကြားမှ တစ်ခြမ်းပဲ့လလေး… ဝေဝါးစွာ တွေ့လိုက်ရ၏။

ညလေအေးကို ရှူရှိုက်လိုက်ရသည့်တိုင်အောင် ရင်တွင်း… တင်းကျပ်မောဟိုက်နေဆဲ။

သူငယ်ချင်း တစ်ယောက်၏ ဆုံးရှုံးစွန့်ခွာသွားမှုကြောင့် ဝမ်းနည်းပြီး အိပ်မပျော်သော ငံ့အား တစ်ဝက်တစ်ပျက်လခြမ်း လေးက ရယ်မောဥပေက္ခာပြုရင်း တိမ်မည်းညိုကြားထဲ… ဝင်ရောက် ပုံးကွယ်ရန် ကြိုးစားနေလေပြီ။

ထိုအခါတွင် အားကိုးရာမဲ့စွာ သက်ပြင်းသဲ့သဲ့ချလိုက်… တင်းကျပ်ဆို့နစ်နေသော စိတ်ကို လျော့ချလိုက်သောအခါ ပါးပြ… နှစ်ဘက်စလုံး ပူနွေးသွား၏။





ကြယ်တာရာလေးများက မျက်နှာလွှဲလိုက်ရင်း တီးတိုး ရေရွတ်သွားကြသည်။

"ငိုပြန်ပြီလား. . ."

(၂)

"ဘာလို့ငိုရတာလဲ ငံ့ရယ်၊ လုံးဝအဓိပ္ပာယ်မရှိဘူး၊ ခင်မာ သူ့အတွဲနဲ့ သူ့ဖာသာသူ တွဲသွားပြီး ရုပ်ရှင်သွားကြည့်တာ နင်နဲ့ ဘာဆိုင်လို့ ငိုနေရတာလဲ"

ခင်မင်သော သူငယ်ချင်းတစ်ယောက်ဖြစ်သော ခင်မာမာ တွင် ချစ်သူရှိနေပြီဟု ကြားလိုက်ရစဉ်က ဝမ်းနည်းစွာ ငိုကြွေးနေ သော ငံ့အား ဆွေ့က ကရုဏာဒေါသကလေးနှင့် ဆူလိုက်သည်။

"ယောကျ်ားတွေက သစ္စာရှိလို့လားဆွေ့ရဲ့"

ကိုတင်ထွန်းကို မချစ်မီက ဆွေ့ထောက်ခံခဲ့သည်။

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ ဒါပေမယ့် တချို့ပါ"

"မတစ်ချို့ပါဘူး၊ အများအားဖြင့်ပါ၊ ခင်မာ့ အမျိုးသားက ခင်မာ့အပြင် အတွဲတွေ ရှိသေးတာကို ငံ့သိသားပဲ၊ ဒါကို ငံ့က သနားလို့၊ တစ်နေ့ကျရင် ခင်မာပဲ ရင်ကွဲရမှာ"

"နမိတ်မရှိမပြောစမ်းနဲ့ ငံ့ရာ၊ အဲဒါအရင်ကပဲ ဒါတွေကို ခင်မာ့ သွားပြောမနေနဲ့နော်၊ ခင်မာက အူတိုတတ်တာနဲ့ [illegible] စကားများနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆွေက ကြိုတင် တားမြစ်သော်လည်း ပြောဖြစ်အောင် ပြောလိုက်မိသော ငှုံ့ကြောင့် ခင်မာတို့ နှစ်ဦးစကားများခဲ့ကြသည်။

ဤသည်ကို ဝမ်းနည်းသလိုလို၊ ဝမ်းသာသလိုလိုနှင့် ငှုံ့စိတ်လှုပ်ရှားခဲ့ရ၏။

သို့သော်. . . ခင်မာတို့ ချစ်သူနှစ်ဦး ပြန်ပြေလည်သွားသောအခါ ငှုံ့အား ခင်မာသည် သူငယ်ချင်းအဖြစ်မှ စွန့်လွှတ်သွားခဲ့သည်ကို ငှုံ ဝမ်းနည်း၍မဆုံး။

ယခု ချစ်သူငယ်ချင်း ဆွေ။

ဆွေကတော့- ခင်မာ့လို ယုံလွယ်သူမဟုတ်၍ ခင်မာ့လို ချစ်သူကို အထင်မလွဲ၊ ငှုံက အကြောင်းအမျိုးမျိုးနှင့် ဖျက်နေသည့်ကြားက ချစ် အဖြေပေးခဲ့သည်။

ချစ်သူကိုတော့ မစွန့်ခွာနိုင်၊ မလိုလားသူရှိလျှင် ဘယ်သူ့ကို မဆို ဘယ်သူငယ်ချင်းကိုမဆို စွန့်ခွာဖို့ ဝန်မလေး။

သို့ဖြစ်၍ ငှုံ့အား သိသိသာသာ လက်တွဲဖြုတ်ခဲ့၏။

သူငယ်ချင်းကို ချစ်တတ်သော ငှုံ့ နှလုံးသားက ဆွေ၏ စိမ်းကားမှုအတွက် ယူကျုံးမရဖြစ်ကာ ဘာလို့ ပြောခဲ့မိပါလိမ့်ဟု တွေးရင်း ကိုယ်ကိုယ်ကို ဒေါသဖြစ်မိ၏။

"ဒေါက်"

ကျယ်လောင်စွာ မြည်ဟီးသွားသော အသံကြောင့် ရုတ်တရက် လန့်သွားသည်။





အသံလာရာကို နားစွင့်လိုက်သောအခါ တိုးညင်းသော ခုံရွှေ့သံနှင့်အတူ လှုပ်ရှားသံလေးတစ်ခုကို ကြားလိုက်ရ၍ တစ်ဘက်ခန်းမှ ညီမလေးနုနုငယ် စာကျက်နေစဉ် ခဲတံလိုလို အရာဝတ္ထု တစ်ခုခု ကြမ်းပြင်ပေါ်သို့ လွတ်ကျတာ ဖြစ်နိုင်သည်။

သက်ပြင်း သဲ့သဲ့ ချလိုက်ပြီး မျက်ရည်များကို ကုန်စင်အောင် သုတ်လိုက်၏။

စကားကြွယ်သော၊ ကလေးဆန်ဆန် နေတတ်သော၊ ရယ်မော ပျော်ရွှင်တတ်သော၊ ငှုံတွယ်တာရသော ချစ်စဖွယ် ညီမလေး နုငယ်နှင့်အတူ ခဏလောက် စကားပြောလိုက်ရလျှင် စိတ်သက်သာရာ ရနိုင်၏။

စက်မှုကျောင်းသူလေး နုနုငယ်သည် စာနှင့်မခွာနိုင်အောင် ကြိုးစားရရှာ၏။

နံရံတစ်ချပ်သာ ခြားသော ညီမလေး အခန်းအတွင်းသို့ ခြေသံလေးအုပ်ပြီး ဝင်လာသည်ကို နုငယ်မသိ တံခါးဝကို ကျောပေးထိုင်ပြီး ပြတင်းပေါက်ကို မျက်နှာမူလျက် တစ်စုံတစ်ခုကို စဉ်းစားနေဟန် တူသည်။

အခုတလော နုငယ် သတ္တိကောင်းလာ၏။ ခါတိုင်းည ဆိုလျှင် ပြတင်းပေါက်ကို မဖွင့်ရဲပေ၊ လိုက်ကာများကို အပြည့်ချပြီးမှ စာကျက်၏။

ခုတော့ ပြတင်းပေါက်မှနေ ညအမှောင်ကို ငေးလိုက်၊ တွေးလိုက်၊ ရေးလိုက်နှင့် တစ်ယောက်တည်းအလုပ်ရှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနှစ်ကမှ ကျောင်းပြီးသွားသော ငုံအတွက် အေးအေးဆေးဆေး အနားယူနိုင်ပြီး စာကျက်ခြင်းအလုပ်ကို တမင်မေ့ထားလိုက်၏။

ဤကဲ့သို့ ပင်ပင်ပန်းပန်း စာကျက်နေရသော ညီမလေးနုငယ်ကို ချစ်ခင်သနား ကြင်နာမှုများစွာနှင့် ငေးကြည့်နေမိသည်။

ဘာသာတွေလျှင် ကူ၍ ကျက်ပေးချင်ပါရဲ့၊ ဒါမှမဟုတ် အိပ်မပျော်တဲ့ အတူတူ ညီမလေး မျက်လုံးကျယ်ပြီး စာကျက်ရပျော်လာအောင် တစ်ခုခု လုပ်ကျွေးလျှင် ကောင်းမှာပဲဟု စဉ်းစားမိပြီး နောက်နားတိုးကပ်လာ၏။

"ညတိုင်း အိပ်မရဘူး ကိုကိုရယ်၊ နုငယ်လေ ကိုကို့ကို သိပ်လွမ်းတာပဲ၊ ခွဲရမှ ပိုချစ်လာတယ်သိလား"

"ဟင်း. . . . နုနု"

သတိလက်လွတ် အော်လိုက်၍ နုနုမှာ တအားလန့်သွားပြီး ထထိုင်လိုက်၏။

ညီအစ်မနှစ်ယောက် မျက်နှာချင်းဆိုင်ပြီး အတန်ကြာအောင် ငေးကြည့်နေကြသည်။

(၃)

"နု. . . နုငယ်. . . . နင်. . . နင် ရည်းစား ထားနေသလားဟင်"

"ရှူး - တိုးတိုးပြောပါ မငုံရဲ့၊ မေမေတို့ နိုးကုန်ပါ့မယ်"





နုငယ်က နှုတ်ခမ်းပေါ် လက်ညှိုးလေးအုပ်ပြီး လေသံတိုးနှင့် သတိပေးလိုက်သည့်တိုင်အောင် ငုံသတိမထားမိ၊ ငိုရှင်ထဲတွင် ဆူစေနေလေပြီ။

"နင်. . . ကလေးပဲရှိသေးတာပဲ၊ ဘာလို့ ရည်းစားထားရတာလဲ၊ မထားနဲ့ ဖြတ်ပစ်စမ်း၊ နုငယ်၊ နင်-အမေ့ နို့နံ့တောင် ခြောက်သေးဘူး ပေးစမ်းစာရွက်"

ပါးစပ်မှ သတိလက်လွတ် ပြောလိုက်ရင်း စာရွက်ကို အတင်းဆွဲလုလိုက်၏။ နုနုကလည်း လွှတ်မပေးဘဲ ကွယ်ဝှက်ထားလိုက်ရင်း. . .

"မငုံနော်၊ မေမေတို့နိုးကုန်မယ်၊ မငုံလိုက်မချုပ်ချယ်နဲ့နော်၊ နုငယ်အရွယ်ရောက်ပြီပဲ၊ နုငယ်ဟာသာဆုံးဖြတ်ပိုင်ခွင့်ရှိပြီပဲ"

"တော်စမ်း မိနု၊ နင်ယောကျာ်းတွေအကြောင်း ဘာသိလို့လဲ - ပေးစမ်း အဲဒီစာ"

"မငုံနော် အကြီးဆိုပြီး အနိုင်မကျင့်နဲ့"

နှစ်ယောက်သား စာရွက်လုရင်း ရုန်းရင်းဆန်ခတ်ဖြစ်သွား၏။

"မငုံနဲ့မဆိုင်ဘူး၊ မငုံဝင်မရှုပ်နဲ့"

"ဘာမဆိုင်ရမှာလဲ၊ နင်ဟာ ငါ့ညီမ ငါပြောပိုင်ခွင့်ရှိတယ်၊ နင့်ငါ့ကို အသိပေးဖို့ ကောင်းတယ်၊ ပေးစမ်းပါ၊ နင်ထင်ရာမလုပ်နဲ့"

ငုံက အတင်းလိုက်ဆွဲသည့်တိုင်အောင် နုငယ်က အလျှော့မပေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟွဲ-ဟွဲ ဒီညီအစ်မနှစ်နယောက် ဘာဖြစ်နေကြတာလဲ၊ ညကြီးမင်းကြီးကွယ်"

မိခင်က နိုးလာဟန်နှင့်အလန့်တကြားဝင်လာသည်။

ညီအစ်မ နှစ်ယောက်သည် စကားများ စိတ်ကောက်ဖူးသော်လည်း၊ ဤကဲ့သို့ ကြမ်းတမ်းစွာ တစ်ခါမှ မဖြစ်ဘူး၍ စိတ်ပူသွား၏။

နုငယ်က မိခင်ကို ရှိန်သွား၍ အလျော့ပေးလိုက်သော်လည်း ငုံက စာကို မရမကဆွဲလုလိုက်ရင်း. . . .

"ဒီမှာမေမေ. . . မိနု ရည်းစားစာရေးနေတာ ငုံမိသွားတယ်"

ငုံ့ကို လှမ်းကြည့်လိုက်တော့ နုငယ် မျက်လုံးများက အနီရောင်တောက်နေသည်။

နှုတ်ခမ်းကို တင်းတင်းစေ့ကာ မိခင်နှင့် အစ်မကို ရဲရဲဝန့်ဝန့် ရင်ဆိုင်လိုက်၏။ အချစ်သည် ရဲဆေးတစ်ခွက်ပင် ဖြစ်သည်။

"နုငယ်အသက် ၂၀ကျော်ပြီပဲ၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ရည်းစားထားလို့လည်းရပြီ အချိန်တောင်နောက်ကျနေသေးတယ်၊ မငုံတို့က ၁၇-နှစ်နဲ့ ရည်းစားထားတာ၊ တက္ကသိုလ်ကိုတောင် ရောက်ခါစရှိသေးတယ်၊ အခု နုနုက စတုတ္ထနှစ်ရှိပြီး၊ ပြီးတော့ နုနုချစ်သူက ကလေကချေထဲက မဟုတ်ဘူး၊ ဘာမှ ကန့်ကွက်စရာမရှိဘူး"





"အို-မထားရဘူး၊ မထားရဘူး သစ္စာမဲ့တဲ့ ယောကျ်ားတွေအကြောင်း နင်ဘယ်လောက်သိလို့လဲ"

"သွားစမ်းပါ၊ မငုံချစ်သူက မငုံကို ခါသွားတိုင်း သူများချစ်ခြင်းတွေကို လိုက်ဖျက်ဆီးနေတာ"

နုငယ်စကားကြောင့် ခေါင်းတစ်ခုလုံး အစိတ်စိတ် အမြွာမြွာကွဲကြေသွား၏။

စာရွက် ပန်းရောင်လေးကို တင်းတင်းဆုပ်ကိုင်ထားပြီး ဘာပြောရမှန်းမသိအောင် ငေးကြောင်သွားမိသည်။

မိခင်က ကျောက်ဆစ်ရုပ် ဖြစ်သွားသော သမီးကြီး ငုံတို့တစ်လှည့်၊ ကျားသစ်မလေးကဲ့သို့ အမကိုပြန်မပြောစဘူး ပြောနေသော ချစ်စိတ်တက်နေသည့် သမီးငယ် နုနုကို တစ်လှည့် ကြည့်နေရင်းက ဘာပြောရမှန်း မသိအောင် ယောင်ချာချာဖြစ်နေ၏။

"နုငယ်ရည်းစားထားတာ ကျောင်းစာကို မထိခိုက်ဘူး၊ ဘာတွေကိုလည်း မထိခိုက်ဘူး၊ မငုံတို့ တုံးကဆိုလည်း တစ်နေ့တွေ့ရ မနေနိုင်အောင် အဖြစ်သည်းနေကြတာ မဟုတ်ဘူး၊ နုကို မဖြတ်ခိုင်းနဲ့ သေတောင်မဖြတ်ဘူးသိလား၊ မငုံသာ သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်အတွက်နဲ့ အားလုံးကို တစ်မျိုးတည်း မြင်ပြီး သိမ်းကြုံးရမ်းနေတာ"

စူးရှသော စကားလုံးများချက်က နှလုံးသားကို တည့်တည့်



www.burmeseclassic.com

www.burmeseclassic.com



စူးဝင်လာလေပြီ၊ ငုံ့ရပ်တည်နေသော ကမ္ဘာမြေပြင်ကြီး မှုးဝေအောင် လည်သွား၏။

မလှူးသာ မလှုပ်သာဘဲ ညီမအား ကျောက်ရုပ် သဖွယ်ရပ်ရပ်၍ ငေးကြည့်နေသည်။

"တော်စမ်း-မိနု- နင်အကြီးကို ဘာမှပြန်မပြောနဲ့. . ."

အဆက်မပြတ်ပြောနေသော အငယ်မကို ဝင်ဟန့်လိုက်၏။

ထို့နောက် သမီးနှစ်ယောက်ကြားတွင် မည်ကဲ့သို့ ဖြေရှင်းရမည် မသိဖြစ်သွားသည်။

နုနုငယ်ကို အပြစ်တင်လျှင် ငယ်စိတ်နှင့်ထင်ရာလျှောက်လုပ်ပြီး အရွဲ့တိုက်မှာ စိုးရ၏။

"မေမေ စဉ်းစားကြည့်လေ၊ မငုံဖြစ်ခဲ့တာ"

"နုနု-တော်တော့လို့ဆိုတာ၊ ညည်းအိပ်တော့၊ မနက်တွေ့မှပြောမယ်၊ တော်ကြာ ညည်းတို့ အဖေနိုးသွားရင် အားလုံးပြဿနာ ဖြစ်သွားနိုင်တယ်၊ ဘာမှတ်လို့လဲ သမီးကြီးငုံ သွားအိပ်တော့နော်၊ သမီးကြီးက ခုမှ နေကောင်းကာစရှိသေးတာ၊ အအိပ်ပျက်မနေနဲ့ဦး"

မိခင်က ငေးငိုင်ပြီး ချွေးများပျံထွက်နေသော သမီးကြီးအား ကြင်နာယုယစွာ တွဲခေါ်ပြီး သွေးဆေးအေးလေးတစ်ခွက်တိုက်၍ အိပ်ရာထဲအရောက် ပို့ပေးလိုက်၏။





ထို့နောက် သမီးကြီးကို နှစ်သိမ့်လိုက်သည်။

"ဒီလိုအကြမ်းပြောလို့ မရဘူး သမီးရဲ့၊ မေမေဖြည်းဖြည်းပြောပါမယ်၊ သမီးဖာသာ အိပ်ပျော်အောင်အိပ်နော်"

ထို့နောက် အငယ်မ အခန်းသို့ ပြန်ကူးလာပြီး မတော့မနှစ်ဖြစ်နေသော သမီးအား. . .

"သူများ အားနည်းချက်ကို ဖိနှိပ်ပြီး ပြောတာ သူတော်ကောင်းတွေရဲ့ အမူအကျင့်မဟုတ်ဘူးသမီး၊ ကိုယ့်အစ်မ ရောဂါကိုလည်း သိရက်နဲ့ ပြီးခဲ့တာတွေကို သတိရအောင် အစမဖော်ပေးပါနဲ့သမီးရယ်၊ ကိုယ်အစ်မကို ကိုယ်မှ နားမလည်ရင် ဘယ်သူနားလည်မှာလဲ. . ."

အချစ်ကား မုန်တိုင်းအသွင်ဖြင့် ညီအစ်မနှစ်ယောက်ကြား ဝင်မွှေသွားလေပြီ။

* * * * *

(၄)

နုငယ်က ထိုစကားကိုပဲ အထပ်ထပ်အခါခါနှင့် အနှောင့်အယှက်လာရပ်ပြောနေဆဲ နုငယ်သာမက ဆွေနှင့်ခင်မာကပါ ဝိုင်းပြောနေကြ၏။

ငုံသည် သူများချစ်ခြင်းကို ကွေကင်းအောင် [illegible]နေသော ဂုံးမအို တစ်ယောက်ဟု အားလုံးတထင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း-ဟင့်အင်း"

ဦးခေါင်းကို ခါယမ်း၍ ငြင်းလိုက်သည့်တိုင်အောင် ဆူဝေသော အသံများက ပျောက်ကွယ်မသွားခဲ့။

အမှောင်ရိပ်ထဲမှနေ လင်းလဲ့နေသော ကြယ်ကလေးများနှင့် လတစ်ခြမ်းကို ငေးငိုင်ကြည့်ရင်းက 'မောင်'လို့ အထပ်ထပ် ရေရွတ်လိုက်သောအခါ- ပြုံးရွှင်ရယ်မောနေသော'မောင်'အပြုံး ချိုသာချွန်နွဲ့သော မောင့်စကားသံလေးများက ပတ်ဝန်းကျင်ကို ပြန်လည်စိုးမိုးလာလေပြီ။ အကြိမ်ကြိမ်နှင်ထုတ်ခဲ့သောမောင်။ ငုံ့အနားမှာရှိနေဆဲ။

လမ်းဆုံမှာ ခဏတွေ့လိုက်ရပြီး၊ မျက်လုံးချင်းဆုံလို့ အချစ်ဆိုတာ ရင်ခုန်မိလာကြတဲ့အခါ ဘဝအဖော်အဖြစ်နဲ့ တစ်သက်လုံး လက်တွဲသွားမယ်လို့ ရည်ရွယ်ပြီးကာမှ အချစ်ဝင်္ကဘာကြီး ထဲမှာ တစ်ဝဲလည်လည်ဖြစ်အောင် ထားသွားခဲ့သူ။

သံယောဇဉ်နှောင်ကြိုးများကို ဖြတ်တောက်ခဲ့သူ။

ငါးနှစ်ဆိုတဲ့ ချစ်သက်တမ်းအိုကိုတောင် မငဲ့ညှာသူ ချစ်လွယ်မုန်းလွယ် မုန်းလွယ်တဲ့ မောင်ဟာ ငုံ့နှလုံးသားမှာ ထင်ဟပ်နေဆဲ။

မိန်းမသားများ ချစ်လာမိပြီဆိုလျှင် ချစ်သူကို ဥပေက္ခာ တစ်ဝက်နဲ့ မျက်လုံးမှိတ်ပြီး ဖွတ်ယုံကြည်မိသည်။ ချစ်၍ ယုံကြည်ရပါသော မောင်သည် ငုံ့အား စွန့်ခွာသွားလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့။

**နော်ရင်မွေးစာဝေ**



"မောင် သိပ်ရက်စက်တယ်"

နှလုံးသားမှ တီးတိုးရေရွတ်လိုက်ပြီး အိပ်ခန်းထောင့်ဆီသို့ လျှောက်လာခဲ့၏။

တံခါးရွက်ကြားမှ ထင်းရှူးသေတ္တာကို မြင်သာအောင် ဆွဲကြည့်လိုက်သည်။

ထင်းရှူးသေတ္တာ၏ လှောင်ပြုံးကို ငုံ့မခံစားရဲ။

မောင်နှင့်အတူတူ နေရန်အတွက် အိမ်ထောင်ပစ္စည်းများကို ကြိုစုထားခဲ့သည်။ အိုးခွက်ပန်းကန်များ အပြင် လက်သုတ်ပုဝါ၊ စားပွဲခင်း၊ အိပ်ရာခင်း၊ စောင်ကအစ ဘာမှ လိုလေသေးမရှိ မောင်ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်သော တူပါမကျန်စေရ။

ထိုပစ္စည်းများသည် တစ်နှစ်နီးပါး သေတ္တာထဲတွင် ပုံးအောင်းနေရရှာသည်။ ခါတိုင်း မောင်နှင့်အတူ လျှောက်လည်ပြီး ပြန်လာတိုင်း သေတ္တာကို ဖွင့်ကြည့်လိုက်၊ ဝယ်လာသော ပစ္စည်းလေးများကို ထည့်လိုက်နှင့် စိတ်ကူးနှင့်ပျော်မြူးခဲ့ရ၏။

မောင့်ကို တစ်သက်လုံး ချစ်သွားမည်ဟူသော ယုံကြည်ခြင်းများစွာနှင့် ချစ်အရိပ်ထဲ ခိုဝင်လာမိသော ငုံ့ဘဝ၏ ချစ်ပန်းလေးသည် မောင့်မေတ္တာနေခြည်နှင့်ချစ်မိုးများအောက်မှာ လှပစွာ ပွင့်လန်းလာခဲ့၏။

ငုံ့နှလုံးသားကို ကြည်နူးပြုံးရွှင်စေခဲ့သည်။

ငုံ့ဘဝလည်း နွေးထွေး လုံခြုံခဲ့သည်။

**နော်ရင်မွေးစာဝေ**

www.burmeseclassic.com

www.burmeseclassic.com



ငှံ့ကို သိပ်ချစ်တတ်လွန်းသည်။

အစဉ်အမြဲ တွဲသွားလျှင် ငှံ့လက်ဖဝါးကို မလွှတ်တမ်း ဆုပ်ကိုင်ထားသူ၊ အချစ်ခြင်းပြိုင်းလို့ သူ့က ပိုထယ်ဟု အနိုင်ယူ ပြောပြီး ပိုချစ်ပြတတ်သူ၊ မျက်စိအောက်က အပျောက်မခံနိုင် အောင် အချစ်သည်းသူသ၊ တစ်နေ့မတွေ့ရမနေနိုင်အောင် အချစ် ကဲသူ၊ ငှံ့ အချစ်ဦး မောင်သည်-

အချစ်ရဲသလို-

အချစ်သဲသလို၊ အပြစ်လည်း ရဲသည်။

နှာခေါင်း မပါခဲ့သော မိန်းမသားငုံက မောင့်ရဲ့ အချစ် သည်းမှုအောက်တွင် မူးမူးမေ့မေ့ သာယာခဲ့၏။ ငှံ့လို မိန်းကလေးမျိုး ဘယ်သူမှ မခံစားချင်။

ငှံ့ချစ်သော ငုံခင်သော ဆွေတို့ခင်မာတို့ နုငယ်တို့လို မိန်းမသားများကို ငုံရင်ခွဲပြချင်သည်။ ချစ်သူရဲ့ အစွန့်ပစ်ခံ မိန်းကလေးရဲ့ အသည်းတွေကြေမွပျက်စီးရကြောင်း ပြချင်သည်။

ယောကျ်ားလေးများ စိမ်းကားလာပြီဆိုလျှင် ဘာကိုမှ ထောက်ထားငဲ့ညှာမှု မရှိတော့ပေ။ ငှံ့နှလုံးသားကို တောင်ထွဋ်ထိပ် အတင်းတွန်းပို့လိုက်ပြီး၊ ပူလောင်လွန်းတဲ့ဝေဒနာ သစ်ကိုင်း ခြောက်မှာ တွဲခိုခိုင်းပြီး၊ အထီးကျန်ထားခဲ့တာပဲ။

"ကျွိ-"

ကိုယ့်ဖာသာကိုယ် တုန်လှုပ်သွား၏။





သေတ္တာကို ဖွင့်လိုက်သော အသံကားတိတ်ဆိတ်သော အမှောင်ထုကို တုန်လှုပ်စေသည်။

ထို့နောက် အဖြေပုဆိုးပိုင်းအစုတ်လေးနှင့် ဖုံးထားသည်ကို ဆွဲလှန်လိုက်ပြီး အထဲမှ ပစ္စည်းများကို အမှောင်ထုထဲမှာပင် စူးစူး စိုက်စိုက် ကြည့်နေမိသည်။

ပလတ်စတစ်ဇကာအဝါလေးကို ထင်ရှားစွာ မြင်လိုက် ရပြီး ဖြူဖွေးသော ကြွေပန်းအိုးလေးက သေတ္တာထောင့်နားမှာ ခိုကပ်နေ၏။

"အိမ်ရှေ့စားပွဲမှာ အလှပန်းလေးထိုးရအောင် ဒီပန်းအိုးဖြူ လေး ဝယ်လိုက်လေ ရောင်စုံပန်းလေးတွေနဲ့ဆို သိပ်လှမှာပဲ နော်ငုံ"

ဈေးဆိုင်ရှေ့ ပန်းအိုးများကို ရွေးနေစဉ် ဘုရားစင်အတွက် ပန်းအိုးများအပြင် အလှပန်းအိုးထိုးရန်အတွက်ပါ မောင်က ဝယ်ခိုင်း၍ ပန်းအိုးအဖြူလေးကို ဝယ်ဖြစ်လိုက်သည်။

"ဟင်း-"

မောဟိုက်စွာ ရယ်မောလိုက်ရင်း ပန်းအိုးအဖြူလေးကို မ,ယူကြည့်လိုက်၏။

လောကမှာ အလှအပ မက်မောပြီး ပျော်ပျော်နေချင် တတ်တဲ့ မောင်က အချစ်ကို တစ်ဦးတည်းအတွက် ပေးထားပြီး မောင့် စိတ်ကို ပျော်စေဖို့ တီတီတာတာ ရယ်စရာ မပြောတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားပြော မကောင်းတဲ့ မိန်းကလေးကို ငြီးငွေ့နေပြီဖြစ်ကြောင်း မျက်ကန်းမလေးက သတိမထားမိ၊ အချစ်တစ်ခုတည်းသာ ငုံသိသည်။

စကားပြောအလွန်ကောင်းပြီး၊ ပေါ့ပျက်ပျက်နဲ့ ရယ်စရာစကားကို ရှာဖွေပြောတတ်တဲ့ ချွဲနွဲ့တတ်တဲ့ မိန်းကလေး တစ်ယောက်ဟာ မောင့်စိတ်ကို ပျော်အောင်လပိုင်းလေးနဲ့ ဆွဲဆောင်သွားနိုင်တာကို ငုံအံ့သြမိ၏။

မောင့်ကို အရူးအမူးချစ်ပြီး မောင့်ကို အလိုလိုက်ခဲ့တဲ့ငုံက-

ချစ်ခြင်းမေတ္တာကို ရက်စက်စွာ နင်းခြေသွားတဲ့ မောင့်ကို မုန်းလိုက်ရမှာလား။

မောင်ခူးခြွေချလို့ ကြွေနေတဲ့ ပန်းလေးကလောကမှာ မျက်နှာငယ်စွာနဲ့ မြေပြင်ပေါ်ကနေ မုန်းတယ်လို့ ခွန်အားမဲ့စွာ ကြွေးကြော်လိုက်တဲ့ အမုန်းက မောင့်ကို ထိခိုက်စေသလား။

ပျော်ရွှင်ကြည်နူးနေတဲ့ မောင်က ပန်းကြွေမလေးရဲ့ အမုန်းအတွက် ခံစားမှုမဲ့စွာ ရယ်မောနေမှာနော်။

"မေ့လိုက်စမ်းပါ-"

တစ်စုံတစ်ယောက် နားနားကပ်ပြီးလာပြောလိုက်၍ အံကိုခဲပြီး လဲကျသွားတဲ့မာနတိုင်ကြီးကို အတင်းဆွဲယူကာ ခေါင်းမော်လိုက်သော်လည်း နှလုံးသားက မွမွကျေနေပြီလေ။

မောင်စွန့်ခွာသွားစဉ်က စားမဝင်အိပ်မပျော်၍ နှလုံးရောဂါစွဲခဲ့သည့် အချစ်ရူးမတစ်ယောက်ကို ဘယ်သူသနားမှာလဲ။





တစ်ခါမြှားမှန်ဖူးတဲ့ ငှက်ကလေးလို လေတိုက်သံကို လေးညိုသံထင်ပြီး စိုးကြောက်နေတဲ့ ငုံက မိန်းကလေးတိုင်းအတွက် စိုးရိမ်မိတာ အပြစ်လားဟင်။

ယုံကြည်ရာမဲ့တဲ့ သံသယမျက်ဝန်းနဲ့ လောကကြီးကို ရင်ဆိုင်ထိုင်ကြည့်နေသော မိန်းမသားငုံကတော့ သစ္စာမဲ့သူကို မုန်းတယ်လို့ ကြွေးကြော်ရုံနဲ့ သစ္စာမဲ့သူက တုန်လှုပ်သွားမှာလား။

ဘာပဲဖြစ်ဖြစ် မုန်းလိုက်။

"မုန်းလိုက်စမ်း မုန်းလိုက်-"

"မုန်းတယ်-"

"ခွမ်း-"

နှုတ်မှ အော်ဟစ်ပြီး လက်ထဲမှ ပန်းအိုးကိုကြမ်းပြင်ပေါ်သို့ ပေါက်ခွဲလိုက်၏။

ထို့နောက် ကိုင်မိသမျှ ပစ္စည်းများကို သေတ္တာထဲမှ ယူပြီး တစ်ခုစီလွှင့်ပစ်လိုက်သည်။

အမှောင်ထဲတွင် ဆူညံစွာ ဝဲပျံနေကြသော ပစ္စည်းများကို ကြည့်ရင်း ရင်ထဲတွင် ပျော်ရွှင်စွာ ခံစားမိ၏။

ငုံ ဘာမှသတိမထားမိတော့ပေ။


စကားပွင့်မဂ္ဂဇင်း

၁၉၈၈-ခုဇန်နဝါရီလ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အနီးလွှမ်း

ဘဝတစ်သက်တာ၏ အပျော်ဆုံးနေ့ဟူသည်မှာ ဒါပါလားဟု တွေးမိရင်း၊က တစ်ခါမျှ မဝတ်ဖူးသော တိုက်ပုံကြောင့် စိတ်ကျဉ်း ကျပ်ရှိသော၊ ရင်ခုန်သံများကတော့ အဆက်မပြတ် ဆူညံလျက်။

ရှက်သွေးဖြာကာ မကြာခဏ မျက်လုံးလေး ဝေ့ကြည့် နေသော သတို့သမီးလှလေးကြောင့် ရင်ထဲမှာ လှိုက်ဖိုလျက်။ သုံးနှစ်သုံးမိုးမက မျှော်လင့်နေရသော လပြည့်ဝန်းလေးကိုတော့ ဒီနေ့မှာ ပိုင်ဆိုင်ရတော့မှာပါလား။

“ဟာ အစ်ကိုတို့ပါလား၊ လာပါ၊ လာ”

“ဘယ်သူမှ မရောက်ကြသေးပါလား”

“မရောက်သေးပါဘူး၊ စောသေးတာပဲ”

မနေတတ် မထိုင်တတ်နှင့် သူ၏ သွားဖြူဖြူကိုသာ အစွမ်းကုန်ဖြဲပြကာ တဟဲဟဲနှင့်မင်္ဂလာခန်းမပေါက်ဝမှာ ရပ်လျက် ဧည့်ကြိုနေ၏။ ဖြူဖြူဖွံ့ဖွံ့ သတို့သမီးနှင့် လိုက်ဖက်ညီစေရန် သူတစ်ကိုယ်လုံး၌ အဖြူဆုံးဖြစ်သော သွားကိုဖွင့်ဟကာ၊ မကြာမကြာ ရယ်ပြ၊ ဖြီးပြရသဖြင့် ပါးများပင် ညောင်းနေလေပြီ။

“လူတွေမလာကြသေးပါလား”

“လာမှာပါ၊ ရန်ကုန်မြို့ရှုံးများရဲ့ စံတော်ချိန်က ဒီလိုပဲ နောက်ကျတတ်သလို၊ ဒီမင်္ဂလာပွဲကလည်း ရှုံးစံတော်ချိန်နဲ့ ကိုက်ထားလို့ပါ ဟဲ ဟဲ ဟဲ”

**နော်ရင်မွေးစာပေ**



သတိုးသမီး အဘွားက စိတ်ပူစွာ ပြောလိုက်သည်ကို သူက လူတတ်လုပ်ကာ ရှူးသလိုလို ပေါသလိုလိုနှင့် တဟဲဟဲ ရယ်ရင်း ပြောလိုက်၏။

စုံပဝါ ဘယ်ညာချထားသည့် သတိုသမီး၏ မျက်စောင်း လှလေးက သူ့အပေါ်ဆောင့်၍ ထိုးချလိုက်သောအခါ ရင်ထဲ မွေးခနဲဖြစ်လျက်။

“ဆယ့်တစ်နာရီတောင် ထိုးတော့မှာပဲ”

ယခုမှပင် သတို့သမီးဘက်မှ ဝမ်းကွဲအစ်ကိုသုံးယောက် သာ ရောက်သေးသည်။ ကျန်လူများက နှစ်ဖက်မိဘနှင့် အိမ်သားများသာ။

“ဖိတ်စာဝေတာ နောက်ကျသွားတာကိုး”

သတို့သမီးအမေက ပုဝါကြီးတယမ်းယမ်းနှင့် လည်ပင်း ရှည်လျက် ရေရွတ်နေသည်။ သတို့သမီးကတော့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ဟိုကြည့်ဒီကြည့်။ တစ်နေ့ကမှ ရသည့် ဖိတ်စာကို အသည်းအသန် လိုက်ဝေ ရသည်။ မင်္ဂလာချိန်ရောက် ခါနီးထိ သတို့သမီးမောင်ဝမ်းကွဲက လိုက်ဝေနေရဆဲ။

ဒါပေမဲ့ သူမစိုးရိမ်ပါ။ သူတို့ဖြစ်စေချင်သော မင်္ဂလာပွဲကို ဖြစ်အောင်လုပ်ပေးပြီးပြီ။ ဧည့်သည်လာလာ၊ မလာလာ အခုကေ တော့ ဒီလပြည့်ဝန်းလေးကို ယနေ့မှစ၍ သူပိုင်ဆိုင်ရပြီပဲ။

* * * * * *

**နော်ရင်မွေးစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ချစ်နေကြသည်မှာ သုံးနှစ်သုံးမိုးမကတော့။ မဆလာသယ်သူနှင့် သံလက်ကိုင်တို့ နီးစပ်သွားသည်မှာ ဘာမှ မထူးဆန်း။ သူကလေးက သူ့နားမှာ အုတ်နီခဲများကို ယူပေးရင်း၊ သူက သံလက်နှင့်အုတ်စီရင်း စကား တပြောပြောနှင့် ချစ်သွား ကြသည်။ ခုတော့ သူကလေးကို သူအလုပ်မလုပ်ခိုင်းတော့။ "ပန်းရုံလက်ဝက်မြီး"ဟူသော စကားကို သူကြောက်သည်။

ထို့ကြောင့် ချစ်သူဝိုင်းဝိုင်းလည်လျက်ရှိသော နေထိုင်ရာအရပ်နှင့် မလိုက်ဖက်အောင် ဖြူဖြူကစ်ကစ်နှင့် ချစ်စရာရုပ်ရည်ရှိသော သူကလေးနားတွင် လိုချင်သူ ပေါ်နေသဖြင့် စိတ်မချစွာဖြင့် အိမ်ပေါ် တက်နေလိုက်သည်။

အများအမြင်မှာတော့ မိမိကို အကြံအဖန်သမားဟု ထင်ကောင်းထင်ပေလိမ့်မည်။ သို့ရာတွင် မိမိဖြစ်အင်ကို အမှန်တကယ် သိပါလျှင် နွားကျူလွန်းသည်ဟု ပြောကာ လှောင်ပြောင်ကြတော့မည်။

ငယ်ငယ်က ဖတ်ဖူးသော အိုင်ချင်းထဲက အတိုင်းပင် အိမ်လေးထောင့်မှာ ဆူးတွေချလျက်၊ ဖျက်နည်းငယ်မှ စေ့ရုံ လှေကားခုံမှာ ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်၊ လှေကားဦးမှာ ဘီလူးမောင့်ကြောင့်စောင့်တော့တယ်၊ အိမ်တိုင်တိုင်းမှာ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်၊ ထရံကြားမှာ ဓားသွားမောင့်ကြောင့် ထိုးတော့တယ် ဆိုသလိုပါပဲ။ မောင့်မျက်နှာ ငွေလဝန်းကို တမေ့တမောပင် ထိုင်ကြည့်ခွင့်မရ။ တစ်မိုး





အောက်မှာ အတူနေသော်လည်း တစ်ကမ္ဘာစီ ဝေးနေသလိုလို။

တောင်ဒဂုံအရပ်တွင် ပေ၂၀ပိုင်သော (ကျူးကျော်တဲဖျက်မြေ)၌ ၁၀ပေ၊ ၁၅ပေ အိမ်ဆောက်ထားပြီး၊ ၈ပေတစ်ခန်းဖွဲ့ထားသည်။ ထိုအခန်းထဲတွင် သူကလေးနှင့်အဘွား အိပ်ပြီး အခန်းဝ၌ ချွေးမများနှင့်မတည့်၍ ညီမအိမ်မှာ လာနေသော မုဆိုးမအဒေါ်ကြီးက ကန့်လန့်ဖြတ်အိပ်လျက်၊ ဧည့်ခန်းမှာတော့ သူကလေးအဖေနှင့်အမေ၊ ပြီးတော့ ဘုရားစင်ရှေ့မှာ သူကလေး အစ်ကို။ အဲဒီဘေး အိမ်ရှေ့မျက်နှာစာနှင့်ကပ်လျက်မှာ မိမိက ကပ်ကပ်သပ်သပ် အိပ်ရသည်။ အပေါ့အပါးသွားရန်၊ အိမ်နောက်ဝင်ရန် အခွင့်မသာ၍ အိမ်ရှေ့မှ ဆင်း၍သွားရသည်။

အလုပ်က မနက် ၆ နာရီမှာ ထ သွားရသည်။ ည ၇နာရီ ကျော်မှ အိမ်ပြန်ရောက်လာခဲ့၏။ မနက်စောစော၌ သူကလေး အမေနှင့်အဒေါ်က ထမင်းထချက်ကာ ချိုင့်ထည့်ပေးသည်။ ည ပြန်လာလျှင် သူကလေးအမေနှင့် အဘွားက ထမင်းဝိုင်း ပြင်ပေး၏။ သူကလေးနှင့်အဒေါ်ကတော့ ဆီးထုပ်နံပါတ်တံဆိပ် တပ်၏။ တစ်နေ့လေးငါးဆယ် ဝင်သတဲ့။ဒါပေမဲ့ သူ့အလုပ်က ပြန်လာလျှင်တော့ ၂၅၀ ကို ယောက္ခမလောင်းကြီး လက်ထဲသို့ အပ်ရသည်။ ၅၀၀ စား သံလက်ကိုင်မှန်းသိထား၍ ပုံမှန်ပေးနေရသည်။ သူက ထမင်းစားပြီး အလုပ်ပင်ပန်း၍ တျောင်းရန် ဟာစုနေသော်လည်း ဆီးထုပ်တံဆိပ် ကပ်သည်က မသိမ်းသေး



www.burmeseclassic.com

www.burmeseclassic.com



သူကလေးနှင့် စကားပြောခွင့်မရ။ မီးတိုင်အောက်မှာ ဝင်းပ၀ မျှတ်နှာလေးကိုသာ အမှောင်ရိပ်ထဲမှာ ခိုးကြည့်နေရင်း ကျေနပ်နေရသည်။

သူ့အတွက် ကျောခင်းရုံသာ။

သူပြန်လာလျှင်တော့ သူကလေးအဘွားအတွက် ဆေးနှင့် အချိုမုန့်လေးတစ်မျိုးမျိုး၊ သူကလေးအမေအတွက် လက်ဖက်ရည်၊ သူကလေးကြီးဒေါ်အတွက် ဆေးလိပ်။ နောက် သူ ပြန်အလာကို စောင့်နေသော၊ အလုပ် ရလိုက်၊ ပြုတ်လိုက်နှင့် ဝင်ငွေမမှန်သော သူကလေးအဖေနှင့် အစ်ကိုအတွက် တစ်ပိုင်းဖိုးစီ ပေးရသေးသည်။

တစ်နေ့ ၁၀၀ပင် အနိုင်နိုင် စုနေရ၏။ အဝင်ကျတော့ နည်းနည်းနှင့်နှေးနှေး ရက်ကြာကြာ ဝင်သည်။ ထွက်သွားတော့ ပြုန်းခနဲနှင့် လုံးခနဲ၊ ခဲခနဲ။

တစ်နေ့ သူ အလုပ်ပြန်လာတော့ ထမင်းစားစရာ မရှိ။ တစ်အိမ်လုံးအိုးမှောက် မီးခိုးတိတ်။ အကြောင်းကတော့ သူကလေး အစ်ကို စပယ်ယာလုပ်ရင်း လူရိုက်လို့ ရုံးရောက်၊ ဂါတ်ရောက်သည်။ စားစရာထက် လျော်စရာက အရေးကြီးနေ၍ ငွေ ဘစ်ထောင်ကျော်ကုန်ကာ အိမ်မှာ ချက်စရာပင်မရှိ။ သူလာမှ ဆန်ပြေးဝယ် ၊ မီးသွေးပြေးဝယ်နှင့်။ သူကလည်း ဂါတ်လိုက် ရသည်။ အာမခံရအောင် ငွေတစ်ထောင် ထုတ်ရ၏။ ဒါတင်မက သေး။ စပယ်ယာလိုင်စင် သိမ်းသွားတော့ လိုင်စင်ရွေးဖို့ ငွေ၂၀၀၀ ထုတ်ပေးလိုက်ရပြန်သည်။ လိုင်စင်ရပြန်တော့ အုံနာမရှိလို့ အလုပ်က မရှိ။

ဒီနှစ် ဝါမဝင်ခင် လက်ထပ်ဖို့ မမြင်တော့ပေ။ ပုံမှန် ဝင်ငွေရှိသော မိမိအပေါ် ၌သာ စာရင်းများ စုပြုံတင်လာ၏။

သူကလေးအိမ်ကို မိုးမကျမီ ခေါ်မိုးရန်၊ အိမ်သာဖော်ပေးရန်။

သူကလေးအဘွား အမောဖောက်၍ ဆေးရုံတင်ရန်။

သူကလေးအမေ သွေးဆုံးကိုင်၍ ဆေးဖိုးဝါးခနှင့် လေးဖက်နာအတွက် ဆေးများ၊ ဟင်း. . . သူကလေး အတွက် ရှုန်းလိုက်စမ်းကွာ။

"တို့မှာက ဒီသမီးလေးတစ်ယောက်တည်းရှိလို့ တင့်တင့် တယ်တယ် ဖြစ်စေချင်တာ။ မင်းမှာကလည်း ငွေမရှိသေး၊ အဘွားနဲ့ အမေကလည်း မမာသေးတော့ နောင်နှစ်မှ မင်္ဂလာဆောင် ပါကွယ်"

"ဟုတ်ကဲ့"

ပထမတစ်နှစ်တော့ ဝေးရပြန်သည်။ မိုးကုန်လို့ ပန်းရံ အလုပ်နားတော့ ဆိုက်ကားကို စပေါ်ငွေ တစ်သောင်းတင်ပြီး နင်းလိုက်တော့ လက်ထဲမှာ ဘာမှမရှိတော့။ အကြွေး နှစ်ထောင် ကျော် တင်သည်။ ဆိုက်ကားနင်းရရင်း ငွေထပ်စုရပြန်တော့ မိုးထဲလေထဲမှာ ဖျား၍ ဆေးဖိုးဝါးခနှင့်ပင် ဘာမှ မညီမညီရရ







www.burmeseclassic.com

www.burmeseclassic.com



မစုမိလိုက်ပေ။ ဆီးထုပ် အလုပ်ကလည်း မရှိ၍ သူ့တစ်ယောက်တည်း ဝင်ငွေနှင့် စားအိုးကြီးထဲမှာ ခေါင်းလေးပြူရုံသာ နစ်နေရသည်။

* * * * *

တစ်ဝါကုန်လို့ မိုးလွတ်လေလွတ် သီတင်းကျွတ်ကတည်းက သံလက်စ ကိုင်ပြီး ခါးချိအောင် နေ့နေ့ညည အလုပ်ဆင်းရပြန်သည်။ တစ်ပတ်မှာ ၃ရက် ညဆိုင်းဆင်းပြီး ဝါမဝင်မီ လက်ထပ်နိုင်ဖို့အရေး ကြိုးစားရပြန်သည်။

“မိန်းကလေးဆိုတာ တစ်မင်္ဂလာပဲ ရှိတာပဲအေ၊ တင့်တင့်တယ်တယ်လေးတော့ ဖြစ်စေချင်ပါတယ်”

“မင်္ဂလာဆောင်ရင် အိပ်ရာအခမ်းအနား ပြုရတယ်အေ့”

အဘွားနှင့်အမေတို့က တိုင်ပင်နှီးနှောကြသည်။ အဘွားက ရှေးရိုးနည်းအတိုင်း အိပ်ရာ အခမ်းအနား စကားပြောတော့ သူ ကြက်သီးထသွားမိသည်။ အဲဒါကို ထည့်မတွက်မိ။

“အိုအေ အိပ်ရာအခမ်းအနားက ငှားရင်ရပါတယ်”

“ဟင့်အင်း အငှားတော့ မလိုချင်ပါဘူး၊ ပွဲပြီးရင် ပြန်သိမ်းရမှာ ရှက်စရာကြီး”

သူကလေးက “ဟင့်”ဆိုတာနှင့် သူ ဖျာသွားသည်။ ထို့ကြောင့် သူတို့ ကန်ထရိုက်သမီး မင်္ဂလာအိပ်ရာ အခမ်းအနား ဝယ်တော့ သူပါ လိုက်ဝယ်သည်။ သူက နားမလည်သဖြင့် ကန်ထရိုက်ပြောသလို လိုက်ဝယ်ရသည်။





“မွေ့ရာက ထူထူဝယ်ရတယ်၊ မွှိဆိုတာက နှစ်ကြာလေ သိပ်လေပဲ၊ ကြာရင် ပြားကပ်ကပ် ဖြစ်သွားရော”

သွားပြီ။ ငွေတစ်သောင်း၊ နှစ်လက်မ အထူရှိသော မွေ့ရာနှင့်ခြင်ထောင်သာ ပါသည်။ ဘာမှမရခင် နှမမျက်နှာ ဝင်းပပမို့ သူ ဝယ်ရကျိုးနပ်ပြီး မင်္ဂလာရက်ကို ရွှေ့လိုက်ရ၏။ ဝါမဝင်မီ မဟုတ်တော့ဘဲ သီတင်းကျွတ်မှာ. . .။

ခက်တာက စုလေ ပွန်းပဲ့လေ ဖြစ်တဲ့ ဒီငွေကို သူဆက်မစုချင်တော့။ မစုလျှင်လည်း မဖြစ်။

သူကလေးက မိုးမှာ လေးဖက်နာလိုလို ဖြစ်ပြန်ရော။ အမေဆီက ကူးတာတဲ့။ ကဲ. . . . ကုကွာ။

ဖြစ်လိုက်တဲ့ရောဂါ၊ တစ်ယောက်ပြီးတစ်ယောက်။ ကုလိုက်ရတဲ့ဆေး၊ ဆရာဝန်နဲ့ကို မပြတ်ရဘူး။

မွေ့ရာနှင့်ခြင်ထောင်က သူကလေး၏အိပ်ခန်းထောင့်မှာ တပုံပုံနှင့်တစ်နှစ်နီးပါး တုံးတုံးလုံးနေရရှာသည်။

ဒီကြားထဲ ဘယ်အချိန်က ပေါင်ထားတဲ့ အိမ်လည်းမသိ။ ကြွေးရှင်က အတိုးရော အရင်းပါ ၆လစာ တိုးရင်းပေါင်း အိမ်ကို ၆သောင်းနဲ့ တန်ဖိုးဖြတ်ပြီး သိမ်းမလို့ ရပ်ကွက်လူကြီးတွေပါ ဝိုင်းလာလေသည်။ ဘယ်လိုဖြစ် တာလဲ၊ ဘာလို့ ပေါင်ရတာလဲ စုံစမ်းတော့. . .

မိုးတွင်းတုန်းက သူ့အဖေ ညစောင့်လုပ်တာ အိမ်ပျော်သွားလို့ ပစ္စည်းပျောက်သွားရာ၊ သုံးသောင်းကျော်ဖိုး လျော်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသတဲ့။ ဘုရားရေ. . . . . သူ လာနေနေတဲ့ သုံးနှစ်နီးပါး ကာလအတွင်းမှာ အဘိုးကြီး ညစောင့်ဝင်လုပ်တာ ၁၀ရက် ကျော်ကျော် တည်းပဲလေ။

ဒါနဲ့ အိမ်အမှုဖြစ်၍ သူပါ လိုက်ရသည်။ နောက်ဆုံး အမှု ရှုံးကာ ခုနစ်သောင်းနဲ့ ဈေးတည့်သွားပြီး အိမ်ပေါ်က ဆင်းလိုက် ရ၏။ ဒီတော့ အိမ်ရှာငှားရသည်။ အိမ်ရောင်းရငွေမှာ အကြွေး အသိမ်းခံရလို့ ဘာမှ မကျန်တော့။ တစ်သောင်း ကျော်ကျော်သာ ရှိတော့သည်။

သူ့အဖို့ အမှုကိစ္စ လိုက်ရ၊ အိမ်ရှာငှားရနှင့် ဘဲလနီးနီး အလုပ်ပျက်ရသည်။

စပေါ်ငွေ တစ်သောင်း၊ အိမ်လခတစ်ထောင်နှင့် တောင်ဒဂုံ ထဲမှာ အိမ်တစ်လုံး ငှားလိုက်ရ၏။ ပထမအိမ် ထက်ပိုစုတ်ပြီး အခန်းက ပိုကျဉ်းနေ၏။

သွားပြန်ပေါ့ ဒီတစ်နှစ်။

* * * * * *

"အိမ်က ဒီလောက်စုတ်နေတာ၊ ဘယ်လိုလုပ် မထွာပ်ထိုးမလဲ၊ လူတက်တာနဲ့ အိမ်က ပြိုကျတော့မယ်။ ပြီးတော့ ခုံတွေငှား၊ ဘာတွေငှားနဲ့ ခန်းမဈေးနဲ့အတူတူပဲတဲ့"

ဝါမဝင်ခင် အရပ်ထဲက လူတွေနဲ့တိုင်ပင်ဆွေးနွေးနေတာ သုံးလေးလ၊ ဝါက ဝင်တော့မယ်။ သူက ဘုန်းကြီးသုံးပါးပင့်ပြီး ဟင်လာဆွမ်းကျွေး၊ အိမ်နီးချင်းနဲ့ ဆွေမျိုးရင်းလောက်ပဲ ဖိတ်လျှင်





ပြီးရော။ သူ့လက်ရှိ ငွေတစ်သောင်းနီးပါးနှင့် အလုပ်ဖြစ်နိုင်မည်။ ခုတော့ တောင်ဒဂုံ ခန်းမတစ်ခုမှာ မင်္ဂလာဆောင်မည်။ ဈေးချော ပေါက် လာပြီး လက်ဖွဲ့မည့် ဆွေမျိုးစာရင်းတွေတွက်လို့. . . .။

"အင်း ,အရင်းတောင် ကျေနိုင်တယ်"

"ဆက်စုနေရင် အကြောင်းအမျိုးမျိုးနဲ့ ပြန်ကုန်ဦးမှာပဲ၊ ဒီတော့ မြန်မြန်လက်ထပ်ကြတာပဲ ကောင်းပါတယ်"

သူကလေးအား သူက လော့ဆော်လိုက်ရသည်။ သူကလေးက အရုပ်ကလေးလို မလှုပ်မယှက်နှင့်၊ သူကလေး အမေနှင့် အဘွား သဘော ခေါင်းလေးသာ ညိတ်နေ၏။ ဘာမှ မပြောပေ၊ အဲ တစ်ခုပဲ ပြောသည်။

"မီး လက်ထပ်ရင် အလှပြင်ဆရာမခေါ်ပြင်မယ်နော်၊ ဆံထုံးလေးထုံးမယ်၊ ပန်းလေး ပန်မယ်"တဲ့။

* * * * * *

တဲ အခုတော့ ဆံထုံးလည်း ထုံးရပြီ။ ပန်းလည်း ပန်ရပြီ။ လက်ထဲမှာ ငွေသုံးထောင်သာ ကျန်တော့သည်။ ဖိတ်စာက တကျိုးဖိုးသာ ကုန်၏။ ရိုက်ခမကုန်ပေ။ အသိစက်က ကူညီပေး သည်။

အလကားပဲတင်းမို့ မီးမလာလို့ နေ့ရွှေ့ ညရွှေ့နှင့် စနေနေ့လက်ထပ်မှာကို ကြာသပတေးနေ့ညမှ ဖိတ်စာရသည်။ အပြေးအလွှားလိုက်ဝေရ၏။ ဖိတ်စာ ၁၅၀ တည်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ခန်းမငှားခကို စရန်ငွေ တစ်ထောင်သာ ပေးရသေးသည်။ ခန်းမငှားခက ၃၀၀၀၊ ရေခဲမုန့်နှင့်ကိတ်မုန့်က ၈၀၀၀။

အိပ်ရာအခမ်း အနားကို ပြရန် စောင်၊ မွေ့ရာခင်း ခေါင်းအုံးတို့ကို ဝယ်ရသည်။ ခုတင် မပါ။ ဂျပန်ရိုးရာ ဆန်ဆန် ကြမ်းပြင်မှာခင်းလို့။ ကြမ်းခင်းကျဲကျဲမှာ မွေ့ရာနှင့်မို့ ဆောင်းမှာတော့ အအေးသက်သာနိုင်မည်။

"ခန်းမငှားခ ကျန်ငွေ နှစ်ထောင်နဲ့ ရေခဲမုန့်ဖိုး ရှစ်ထောင်ကို လက်ဖွဲ့ထဲက ပေးလိုက်တာပေါ့၊ ပစ္စည်းက အသားတင်ပဲ"

သူကလေးအမေနှင့်အဘွားက စိတ်ကူးနှင့် ဖဲရိုက်သလို၊ သူကလည်းမကြုံစဖူး၍ တပြုံးပြုံးနှင့် မျှော်လင့်နေမိသည်။

သူကအမျိုးတစ်ယောက်ဆီက ငှားထားသော မင်္ဂလာဝတ်စုံနှင့် သူကလေးကလည်း ထို့နည်းတူ ဝတ်စုံကိုတော့ ငှားဝတ်သည်မို့ အနည်းငယ်သက်သာ၏။ အလှပြင်ဆရာမက ဆွေမျိုးထဲကပဲ ပြင်ပေးသည်။ သူကလေးအကြိုက် သစ်ခွပန်းလေးကို ဆံထုံးမှာ ပန်လို့။

အခုတော့ သူကလေး၏ ပန်းအလှတို့က နွမ်းစ ပြုလာသလို၊ သူကလေး အပြုံးကလည်း ပျက်ပြယ်လျက် ငိုမဲ့မဲ့လေး ဖြစ်နေလေပြီ။

အခမ်းအနားစမည့် ၁၁ နာရီကျော်လို့ ၁၂ နာရီ ထိုးလုနေပြီ။ လူမဝင်သေး ဆွေမျိုးသုံးလေးဦးသာ ရောက်နေ...။ လက်ဖွဲ့ လက်ခံမည့် စားပွဲမှာ လူမရှိ ချောက်တီးချောက် ချက်နှင့်။

နော်ရင်မွေးစာပေ



စုံပဝါချလျက်ရှိသော သူကလေးအဘွားနှင့်အမေက သို့ပြေး ဒီပြေးနှင့် လည်တဆန့်ဆန့်မျှော်လို့။

"ဟဲ့ အစ်မကြီးတို့ မလာကြဘူးလား"

"ဘယ်လာမလဲ၊ ဖိတ်စာက ဒီမနက်မှ ရောက်လို့ လက်ဖွဲ့ငွေပဲ ပေးလိုက်တယ်"

"အင်း"

လက်ဖွဲ့ငွေပါလာသည်ဆိုတော့ ဟင်းချလိုက်သည်။ သူ့သူငယ်ချင်းသုံးလေးဦးတော့ ငွေသုံးလေးဆယ်စီနှင့် ရောက်လာသည်။ လမ်းထဲက စုံတွဲနှစ်တွဲနှင့် ဆွေမျိုးအရင်းအချာ လေးငါးဦးလောက်သာ။ ဒါပါပဲ။

နေ့လယ် ၁ နာရီကျော်တော့ သူကလေး မျက်ရည်ကျလာတော့သည်။ အားလုံး လာလိုက်၊ ပြန်လိုက်နှင့် လက်ချိုးရေကြည့်မှ ၁၅ယောက်ပင် မပြည့်ချင်။ ဓာတ်ပုံဆရာက ဖလင်တစ်လိပ်သာကုန်လျှင် သူ့ဖလင်ဖိုးသာဆုံးမည်ကို သိ၍လား၊ အမှန်တကယ် ကင်မရာပျက်၍လားမသိ။ လေးငါးပုံသာရိုက်ပြီး လစ်ထွက်သွားလေ၏။

၁နာရီခွဲတွင် ပွဲပြီးတော့ ငွေနှစ်ထောင်ကျော်သာ ရသည်။ လက်ဖွဲ့ထုပ်သေးသေးလေး သုံးလေးထုပ်နှင့် ဓာတ်ဘူးကြီး တစ်ဘူး။

"ခန်းမဖိုးတော့ ကျေပြီ၊ ရေခဲမုန့်ဖိုး . . ရေခဲမုန့်ဖိုး"

ရေခဲမုန့်နှစ်စည် မှာထားသည်။ တစ်စည်သာဖောက်ထား၍ တော်သေးရဲ့။ သုံးလက်စ စည်နှင့် ကိတ်မုန့်ဖိုး ပေးရမည်။

နော်ရင်မွေးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှစ်ထောင့်ငါးရာကျတာ၊ ငါးထောင်ပဲ ယူတော့မယ်"

ညာဏာစွာ ပြောလိုက်သည့်တိုင်အောင် သူလည်ပင်း ညှစ်သလိုပင်။ သူလက်ထဲမှာရှိတဲ့ ငွေတစ်ထောင်ကျော်နဲ့ လက်ကျန် ဆွေမျိုးထဲက ငွေလိုက်စုမှ ငွေနှစ်ထောင်ကျော်သာ ရသည်။ ညနေ လာပေးပါ့မယ်ဟု မနည်းတောင်းပန် လွှတ်ရသည်။

သူကလေး ကြီးဒေါ်က ရေခဲမုန့်တွေကို ကျွတ်ကျွတ် အိတ်နှင့် ရှသလောက် သယ်သေးသည်။ ဘယ်သူမှ မစားနိုင်။

သူကလေးက တရှုံ့ရှုံ့ငိုနေဆဲ။ အဘွားနှင့်အမေတ မျက်ရည်ဝဲနေ၏။ အစ်ကိုနှင့်အဖေကတော့ အိမ်ပြန် မလာတော့။

အိမ်ရောက်လို့ ပြန်တွက်ကြည့်တော့ ငါးထောင်ကျော် အကြွေးတင်နေသည်။ ကဲ တစ်မိုးတွင်းလုံး ဆိုက်ကားနင်း ဆပ်ဦး ဟဲ့။ ဆပ်ပျော်သည်။ ငွေလမင်းကို ပိုင်ဆိုင်ရဖို့က အဓိကပဲလေ။

"ဟော့ ရဲကျော်၊ လာဦး"

သူကလေးအဘွားက လေသံမာနှင့် ခေါ်လိုက်သဖြင့် မျက်နှာပိုးသတ်ကာ အနားသွားလိုက်သည်။

"မင်း ပြောတော့ မင်္ဂလာပွဲအတွက် အဆင်ပြေရပါစေ့မယ်ဆို"

"အခုတော့ အရှက်တကွဲအကျိုးနည်းဖြစ်ရပြီပေါ့"

အမေနှင့် အဘွားက ရန်တွေ့သည်။ သူဘာမျှ မပြောသာ။ သူကလေးကငေ ၃ ငိုကောင်းဆဲ။





"ကျွန်တော့်စွမ်းအားနဲ့ တတ်နိုင်သလောက် လုပ်ပေးတာပဲ၊ အကျယ်ချဲ့လို့ ဖြစ်သွားတဲ့ ကိစ္စမို့ ကျွန်တော်လည်း မတတ်နိုင်တော့ဘူး"

"ဘာ့ သူများသားသမီးကို လိုချင်ရင် တင့်တင့်တယ်တယ် လက်ထပ်ယူရမယ်ဆိုတာ မင်းမသိဘူးလား။ ငါ့သမီးကို ဖြစ်သလို သူလို့ ရမလား၊ အခုတော့ မင်္ဂလာဦးကြွေးတင်နေပြီ"

"မင်္ဂလာဦး ကြွေးတင်တာ ငါတော့ မကြိုက်ဘူး"

အဘွား တစ်စခန်းထပြီး ကြီးဒေါ်က ရေခဲမုန့်ပျော်ပျော်ကို ရှိုန်းနှင့် ခပ်စားရင်းက-

"မင်္ဂလာဦးကြွေးက နိမိတ်မကောင်းဘူး"

အဆင်းတွန်းပေးနေသေး၏။ အဘွားက ဆေးလိပ်မွှာ လျှက်။

"ဟုတ်တယ်၊ မင်္ဂလာဆောင်ပြီးပေမယ့် အခန်းအပ်ဖြီး အတူအိပ်မှ လင်မယားအရာမြောက်တာပဲ။ ဒီတော့ မင်္ဂလာကြွေး ကျေမှပဲ အုန်းလဲပြီး အခန်းအပ်တော့မယ်။ အခုတော့ အရင် အတိုင်းပဲ အိပ်ကြတော့ လာခဲ့"

"ဟာ"

အဘွားက သူ့မြေးကို ခေါ်ကာ အိပ်ခန်းထဲ ဝင်သွားသည်။ ကြီးဒေါ်က နောက်မှ လိုက်ကာ မင်္ဂလာမွေ့ရာကို ခေါက်သိမ်းပြီး အရင်ကလို အခန်းထောင့်မှာ ကပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တို့နောက် ကြီးဒေါ်က သွားဖွာလိပ်ကို အခန်းဝမှာ ကန့်လန့်ခင်းကာ အရင်ကလိုပင် ခြင်ထောင် ထောင်လိုက်တော့သည်။

ကဲ. . . . မင်္ဂလာကြွေး ကျေမှတဲ့လေ။ နောက် သုံးရက်ဆိုရင် ဝါဝင်ပြီပေါ့. . . . . ။

[ကလျာ၊ စက်တင်ဘာ၊၁၉၉၈]



[illegible]

# [illegible]

## မြသန္တာ

နော်ရင်မွေးစာပေမှ

မကြာမီ

ထွက်တော့မည်

www.burmeseclassic.com